ဗုဒ္ဓသာသနာဝင်သူတော်စင်တို့

ဖတ်စရာ မှတ်စရာ

ကျင့်စရာ

တွေကို ဖော်ပြသော

ဓမ္မသာရဒီပကကျမ်း

အမှတ် (၂)

ပခုက္ကူအရှင်ကောသရ

ပြုစုရေးသားသည်

ဗုဒ္ဓဘာသာဝင် သူတော်စင်တို့

'သိမှတ်ဖွယ်'ရာ

ဓမ္မသာရဒီပကကျမ်း

အမှတ် (၂)

ပခုက္ကူ–အရှင်ကေသရ

မြသိန်းတန် ဂဏဝါစက အရှင်မြတ်

စီစဉ်ရေးသားသည်။

ဘာသာရေးဆိုင်ရာ ခွင့်ပြုချက်အမှတ် (၁၁၁၈)
မျက်နှာဖုံး ခွင့်ပြုချက်အမှတ် (၄၇၅)

ရန်ကုန်မြို့ လမ်း၅၀၊ အမှတ်၈၄-၈၆
သန်းထိုက်ရတနာပုံနှိပ်တိုက်
ဒေါ်ခင်သိန်း မှတ်ပုံတင်အမှတ် (၀၄၁၄မြဲ)က ရိုက်နှိပ်၍
ဒေါ်ထွားရီ အောင်တံခွန်စာပေ (၀၁၁၀၃)
အမှတ် ၂၉၊ တိုက်-၃၊လမ်း၅၀ ရန်ကုန်က ထုတ်ဝေသည်။
၁၉၈၀-ခု ဇူလိုင်လ ပထမအကြိမ် အုပ်ရေ ၂၀၀၀။
တန်ဖိုး ၅-ကျပ်။

ဖြန့်ချိရေး။ ။ရွှေလဝင်းစာပေ
အမှတ် ၁၄၄၊ လမ်း ၅၀ ရန်ကုန်မြို့။

ခေတ်မီ ဆုပေးရေစက်ချ တရားဟော

မဥ္စကူ - အရှင်ကောသလ ၏

ဝရဒါနံဘိ ဒီပကကျမ်း

ပဥ္စမနှိပ်ခြင်း

စာအုပ်ဖြေ - ကျပ်နှုန်း၊ ကိုယ်စားလှယ် အထူးနှုန်းထားဖြင့် ရနိုင်ပါသေးသည်။

မှာကြားရန်....ရွှေလဝင်းစာပေ။

အမှတ် ၁၄၄၊ လမ်း ၅၀၊ ရန်ကုန်။

ပခုက္ကူ-အရှင်ကောရ
ပြုစုသော ကျမ်းစာများ

၁။ ဝရဒါနဝါဒီဒီပကကျမ်း

၂။ ဓမ္မသာရဒီပကကျမ်း အမှတ်(၁)

၃။ အန္တရာယ်ကင်းဂါထာ မြန်မာပြန်များ

၄။ မင်္ဂလာယတ္တ ဝိဘာဝနီကျမ်း

၅။ ပါဠိပါရဂူ ဒီပကကျမ်း

၆။ ဒိဋ္ဌပတ္တာဒိ ပကာသနီကျမ်း

၇။ ဓမ္မသာရဒီပကကျမ်း အမှတ်(၂)

၈။ ဗုဒ္ဓဂုဏာဒိ ဒီပကကျမ်း

၉။ ဓမ္မသာရဒီပကကျမ်း အမှတ်(၃)

၁၀။ ဓမ္မသာရဒီပကကျမ်း အမှတ်(၄)

မာတိကာ

စာမျက်နှာ

၁။	ပဏာမဂါထာ	
၂။	ပုဇွန်တောင် အ၊ထ၊က–၁ ဓမ္မဒေသနာ	၁
၃။	ပုဂံပြည့် စောလုံမိဖုရားဝတ္ထု	၃
၄။	စဏ္ဍာလီဝတ္ထု	၉
၅။	ဝေသာမိတ္တာ မိဖုရားဝတ္ထု	၁၁
၆။	လူ့ယဉ်ကျေးကလေးတွေ ဖြစ်ဖို့	၁၄
၇။	ကျေးညီနောင်ဝတ္ထု	၁၅
၈။	ဗိုလ်တထောင် အ၊ထ၊က–၁၊ မှန့်ဖိုးအကျိုးပြော	၁၈
၉။	ကံ၏သဘာဝကိုသိဖို့	၂၅
၁၀။	ကံနှင့် ကံ၏အကျိုး	၂၇
၁၁။	အစွမ်းထက်သော အကုသိုလ်ကံ	၃၀
၁၂။	ကံအကျိုးပြော အံ့လောက်စရာ	၃၄
၁၃။	သုတ္တန်နည်းလာ ကံ ၁၁-ဖြာ	၃၇
၁၄။	အခါးမျိုးစေ့၊ အချိုမျိုးစေ့	၄၆
၁၅။	ဘုရားတရား အထူးလေးစား	၅၀
၁၆။	ပညာထူးခြား ထေရ်၆–ပါး	၅၅
၁၇။	သမဏ ဗြာဟ္မဏဆိုသည်မှာ	၆၀
၁၈။	သိနိုင်ခဲ့စွာ အရိယာ	၆၃

မာတိကာ

၁၉။ ဖလသမာပတ်ချမ်းသာ
၂၀။ ချုပ်ငြိမ်းခြင်းသုံးပါး
၂၁။ သာသနာရေး ပြုပြင်ပေးဖို့
၂၂။ သာသနာရေး ရင်လေးရုံနဲ့မပြီး
၂၃။ နိဗ္ဗာန်အမြန်ရောက်ဖို့
၂၄။ မရောင့်ရဲနိုင်ရာတရား
၂၅။ ဤတရားဆိုး၃-ပါး
၂၆။ ထွေးအန်ဖတ်စသည် မဖြစ်အောင်
၂၇။ နေ့တိုင်းအိုနေသော ဇရာ
၂၈။ တွေနှင့်လာအာနှင့်ပြေ
၂၉။ ပတ္တမြားသာမှန်ပါစေ
၃၀။ ဒေဝဒတ်နှင့်စပ်၍ သိမှတ်ဖွယ်ရာ
၃၁။ မောနေယျအကြောင်း
၃၂။ လောကစောင့်တရားလေးပါး
၃၃။ ဗိလုံးငှက်နှင့် သိန်းငှက်
၃၄။ ချိုဖြောင့်ပုဂ္ဂိုလ်ဖြစ်ဖို့
၃၅။ သုံးပွင့်ဆိုင် ကာမအမှား
၃၆။ ခိုင်ရွှေဝါဖူး လတန်ခူး
၃၇ ကဆုန်လ သိမှတ်ဖွယ်
၃၈။ နယုန်မှာစပယ်မွှေး

မာတိကာ

၃၉။ ဝါဆိုအကြောင်း
၄၀။ ဝါဆိုသင်္ကန်း
၄၁။ ဝါခေါင်သိစရာ
၄၂။ ယင်းမာသင်း တော်သလင်း
၄၃။ သီတင်းကျွတ်ပန်းချီ
၄၄။ တန်ဆောင်မုန်း စာပန်းချီ
၄၅။ ကထိန်နှင့်စပ် သိမှတ်ဖွယ်ရာ
၄၆။ နတ်တော်သဘင် ရှုခင်းပြင်
၄၇။ ပြာသိုမှတ်ဖွယ်
၄၈။ တပို့တွဲပေါက်လဲငုံစိ
၄၉။ ရာသီခါကောင်း လတပေါင်း
၅၀။ နိဂုံးဂါထာ

၁။ ပဏာမဂါထာ

ဗုဒ္ဓံ သမ္မသံဃဉ္စ၊
အာစေရံ ဓမ္မသာရဒံ။
ဝန္ဒိတွာန ကရိဿာမိ၊
ဓမ္မသာရံစ ဒီပကံ။ ။

အဟံ၊ ရုပ်နာမ်နှစ်ရပ်ပေါင်းကာစပ်၍ သတ်မှတ်သမုတ်အကျွန်ုပ်သည်။ ဓမ္မသာရဒံ၊ တရားအဆီအနှစ်ကို ပေးတော်မူတတ်သော။ သဓမ္မသံဃံ၊ ဗုဒ္ဓမြတ်စွာ ဟောကြားထားသောတရားတော်၊ ထိုတရားကိုကျင့်သော သံဃာတော်နှင့်တကွဖြစ်သော။ ဗုဒ္ဓံစ၊ သစ္စာလေးပါး တရားသိမြင်ဘုရားရှင်ကိုလည်းကောင်း။ အာစေရံစ၊ တလုံးတပါဒအစပြုကာ တ,နပဲ့ပြင် သွန်သင်ပေးတတ် ဆရာမြတ်ကိုလည်းကောင်း။ ဝန္ဒိတွာန–ဝန္ဒာမိ၊ နဖူးပြင်၌ ဦးတင်ခိုက်၍ တိုက်ရိုက်ရိုကျိုး လက်စုံမိုးကာ ရှိခိုးကန်တော့လိုက်ပါ၏။ ဝန္ဒိတွာန၊ လက်စုံမိုးကာ ရှိခိုးကန်တော့ပြီး၍။ ဓမ္မသာရံဒီပကံ၊ ကျမ်းစာရှင်၏ အသက်ငါးဆယ်ပြည့် အထိမ်းအမှတ်ဖြင့် ထုတ်ဝေအပ်သော ဓမ္မသာရဒီပကအမှတ်(၂)ကျမ်းကို။ ကရိဿာမိ၊ ရေးသားပြုပြင် စီရင်ပါအံ့။

မိတ်ဆက်နိဒါန်း

ဗုဒ္ဓသာသနာဝင် မြန်မာလူမျိုး များသည် ကံကောင်း သူများ ဖြစ်ကြသည်။ ကံကောင်းသူများဖြစ်ကြ၍ ဇမ္ဗူဒီပါလက်ျာတောင်ကျွန်းမှာလာပြီး လူသားများဖြစ်ကြရသည်။ ဇမ္ဗူဒီပါလက်ျာတောင်ကျွန်း မှာလည်း ရတနာမြတ်သုံးပါး ထင်ရှားတည်ရှိသော မြန်မာနိုင်ငံ၌ လာပြီးဖြစ်ကြရသည်။ မြန်မာနိုင်ငံသည်လည်း ရှေးက ကမ္ဘာကျော်နိုင်ငံ မဟုတ်ခဲ့သော်လည်း သာသနာနှစ်ထောင့်ငါးရာ ဝန်းကျင်ခေတ်က ဆဋ္ဌသံဂါယနာတင်ပြီးချိန်မှ အစပြု၍ ဤမှာဘက်မှာ မြန်မာနိုင်ငံရဲ့ သတင်းဟာ ဟိုးလေးတကျော်ကျော် ဖြစ်ပြီး ကမ္ဘာကျော် နိုင်ငံတခုအဖြစ် အသိအမှတ်ပြုလာကြရသည်။

မြန်မာနိုင်ငံရဲ့ သာသနာပြုစုပုံကို တကမ္ဘာလုံးကလေးစားလာကြရသည်။ အာရုံစူးစိုက် လာကြရသည်။ မြန်မာနိုင်ငံရဲ့ ပရိယတ္တိသာသနာ, ပဋိပတ္တိသာသနာရေးနှင့်ပတ်သက်၍ ဆရာဒကာ တိုင်ပင်ပြီး အားပေးအားထုတ် ပြုကြသည်ကို နိုင်ငံခြားသားများ လက်တွေ့လေ့လာ စူးစမ်းခံရသည့်အဆင့်သို့ ရောက်ရှိလာသည်။ ပရိယတ္တိသာသနာနှင့် ရဟန်းသံဃာများ၏ အကျင့်စာရိတ္တဘက်က အမရပူရ မဟာဂန္ဓာရုံကျောင်းတိုက် အဂ္ဂမဟာပဏ္ဍိတ အရှင်ဇနကာဘိဝံသ ဆရာတော်နှင့် ပရိယတ္တိ, ပဋိပတ္တိစွယ်စုံအဖြစ် ရန်ကုန် မဟာစည်သာသနာ့ရိပ်သာ အဂ္ဂမဟာပဏ္ဍိတ အရှင်သောဘနဆရာတော်များသည် မြန်မာနိုင်ငံ ဗုဒ္ဓသာသနာမှာ စံပြပုဂ္ဂိုလ်ကြီးများ ဖြစ်ကြသည်။

ဤကဲ့သို့ ဆရာတော်ကြီး နှစ်ပါးနှင့်တကွ မြန်မာနိုင်ငံရှိ ဆရာတော်များသည် ဗုဒ္ဓသာသနာတော်ကိုတတ်နိုင်သည့်ဘက်မှ လုပ်ကိုင်အားထုတ်လျက်ရှိကြသည်။ ဤဆရာတော်ကြီး များ၏ ဗုဒ္ဓသာသနာနှင့်ပတ်သက်၍ လုပ်ဆောင်ချက်များကို ပြည်တွင်း ပြည်ပ အထက်တန်းကျသော လေ့လာစူးစမ်းရေး ပုဂ္ဂိုလ်ကြီး များက စံပြပုဂ္ဂိုလ်ကြီးများအဖြစ် အသိအမှတ်ပြုကြသည်။ ဤကဲ့သို့ ထိပ်ခေါင်တင် ဗုဒ္ဓသာသနာ့ခေါင်းဆောင် ပုဂ္ဂိုလ်ကြီး များအဖြစ် အသိအမှတ်ပြုခံရသောအခါ များစွာနှစ်ထောင်း အားရ ရှိကြသည်။ သာသနာနှင့်ပတ်သက်၍ အားရကျေနပ်မှု ရှိခဲ့သည်။ ဤသည်ပင်လျှင် လက်ရှိဗုဒ္ဓသာသနာအတွက် ဤ စာပြုစုသူ၏ ထင်မြင်ချက်ဖြစ်သည်။

ဤကဲ့သို့ ဆရာတော်ကြီးများ ရှေ့ဆောင်ဦးစီးမှုဖြင့် မြန်မာ နိုင်ငံ သာသနာဟာဖြင့် အလွန်ကြီး စိတ်ပျက် လောက်အောင် ကျဆင်းမသွားပဲ တည်တံ့နေသည်ဟု ထင်မြင်ယူဆမိသည်။ ရဟန်းသံဃာတော်များတာ, နည်းတာ လိုရင်းမဟုတ်။ ရဟန်းကျင့်ဝတ်စာရိတ္တ ဘုရားဥပဒေတော်များကို လေးစားပြီး ကောင်းမွန်စွာ ပရိယတ်,ပဋိပတ်အလုပ်ကို ကြိုးစားအားထုတ် နေကြလျှင် မြန်မာနိုင်ငံ ဗုဒ္ဓသာသနာဟာ အခြေအနေ အရသင့်တော်သေးသည်ဟူ၍သာ မှတ်ချက်ချမိသည်။

ဆရာတော်ကြီးများ ရှေ့ဆောင်သော ရဟန်းသံဃာများ သည် လူသားများထက် အဆပေါင်းအမြောက်အမြား စာပေ ပရိယတ်ကို ကြိုးစားအားထုတ်ခွင့် ရရှိကြသည်။ အားထုတ်၍ အရည်အသွေး ပြည့်ဝလာသောအခါ ကျေးဇူးရှင် ဒါယကာ,

ဒါယိကာမတို့အား ပစ္စည်းလေးပါးလှူဒါန်းပူဇော်သည်ကို အတုံ့ပြန်သောအားဖြင့် သင့်တော်သော တရားဓမ္မများဖြင့် ယဉ်ကျေးသည်ထက် ယဉ်ကျေးအောင် သွန်သင်ဆုံးမ နည်းလမ်းပြသင့်ကြသည်။ စာပေကျမ်းဂန် ရေးသား၍ဖြစ်စေ၊ ဓမ္မဆောင်းပါး ရေးသား၍ဖြစ်စေ အကြောင်းကိစ္စတိုက်ဆိုင်သော အခါ ပြောဟော၍ဖြစ်စေ ကျေးဇူးတုံ့ပြန်သင့်ကြသည်။

ဤစာပြုစုသူအနေဖြင့် စာပေပရိယတ်ကို မကြည့်ရှုနိုင်သော လူသားများကို သနားသမှုစိတ်ထားပြု၍ ဤမည်သောလူသားတို့ သိစရာ ကျင့်စရာ အဖြာဖြာသော စာပေကျမ်းဂန်လာ တရား အဆီအနှစ်တို့ကို စုစည်းပြီး မေတ္တာရှေ့ထား ရေးသားတင်ဆက် လိုက်ရသည်။ လူသားများသည် စားရေး, နေရေး ဝတ်ရေးအတွက် ပင်ပင်ပန်းပန်း ရှာဖွေနေကြရသည်။ ဤသို့ရှာဖွေနေစဉ်အတွင်း အလှည့်မသင့်၍ ရုပ်နှင့်နာမ်အိုးစားကွဲသွားပါလျှင် အတော်ရင်နာဖွယ်ရာ ကောင်းလှသည်။ ဗုဒ္ဓသာသနာနှင့် တွေ့ကြုံပါလျက် လူသားဖြစ်ရကျိုး သာသနာနှင့် တွေ့ကြုံရကျိုး ဆုံးရှုံးသွားရတော့သည်။ စားရေး, နေရေး, ဝတ်ရေး အဆင်ပြေသောအခါ စာပေကို အထိုက်အလျောက် လိုက်စားမည်၊ လက်တွေ့ လိုက်နာကျင့်သုံးမည်၊ တရားအားထုတ်မည်ဟု နှလုံးသွင်းရှိသူများ ရှိကြသည်။ သို့ပါသော်လည်း ရည်ရွယ်ချက်အကောင်အထည်မပေါ်ခင် ခန္ဓာကိုယ်ကြီးကိုစွန့်လိုက်ရပါလျှင် မိမိတို့ရရှိထားသော လူသားဘဝ အမြတ်မရလိုက်ကြပဲ အရှုံးအဖတ်တင်ဖြစ်သွားတတ်ကြသည်။

ဗုဒ္ဓသာသနာဝင် လူသားများအနေဖြင့် အချိန်ရှိခိုက်လုံ့လ စိုက်ကာ ကြံစည်ထားသော အကြံအစည်ကို လက်တွေ့အ ကောင်အထည် အမြန်ဆုံးဖော်သင့်ကြသည်။ ဗုဒ္ဓမြတ်စွာ အလို တော်ကျ နေနည်း၊ထိုင်နည်း၊တရားအားထုတ်နည်းတို့ကို လေ့ လာ ဆည်းပူးသင့်ကြသည်။ ဤကိစ္စနှင့်ပတ်သက်၍ ဤဓမ္မသာ ရ ဒီပကကျမ်း အမှတ်(၂)ကလည်း လိုအပ်သော အကူအညီကို တင်းပြည့် ကျပ်ပြည့် မဟုတ်သော်ငြားလည်း ဗုဒ္ဓသာသနာနှင့် ပတ်သက်၍ လူ့အဆင့်အတန်း မီနိုင်သည်အထိ ပို့ဆောင်ပေး နိုင်မည် ဖြစ်ကြောင်း စာရှုသူများနှင့် မိတ်ဆက် ပေးလိုက်ရ သည်။

ဦးကောဃရ–ဗဥုက္က။

မြသိန်းတန်ကျောင်းတိုက်

အရှေ့ပိုင်း၊ ရန်ကုန်မြို့။

၁၃၃၈–ခု၊ တပေါင်းလဆုတ်(၄)ရက်။

(၇၊၃၊၇၇)

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၂။ ပုဇ္ဇန်တောင် အ-ထ-က-၁ ဓမ္မဒေသနာ

၁၃၂၉–ခုနှစ် ဝါဆိုလပြည့်နေ့မှစ၍ ရန်ကုန်မြို့ အရှေ့ပိုင်း၊ ပုဇွန်တောင် အစိုးရအထက်တန်းကျောင်း အမှတ်(၁)၌ ဓမ္မစကြာ ရွတ်ဖတ်ပူဇော်သံ တရားဒေသနာသံတို့ဖြင့် ဝါတွင်း ဥပုသ်နေ့တို့၌ မြို့ငိဆိုင်လျက် နဝင်္ဂဥပုသ် သီလဆောက်တည်ခြင်း၊ လှူဒါန်းဖွယ်ရာတို့ဖြင့် အလှည့်ကျ ကြွရောက်လာသော သံဃာတော်များအား လှူဒါန်းခြင်းတို့ကို အထူး ပြုလုပ်ကြသည်။

ဗုဒ္ဓမြတ်စွာ၏ သားတော်များ ဖြစ်၍ ဗုဒ္ဓ၏ ယဉ်ကျေးမှု ရှေ့ဆောင် လမ်းပြသဖွယ် ဖြစ်သော ရဟန်းတော်များနှင့် ကျောင်းသူ, ကျောင်းသားများကို တွေ့ဆုံစေ၍ ကျောင်းသူ ကျောင်းသားများကို ဗုဒ္ဓမြတ်စွာ ဒေသနာနည်းဖြင့် လိမ်မာ ယဉ်ကျေးမှုရှိအောင် ရဟန်းသံဃာတော်များက ဟောပြော ပြသဆုံးမပြီး၊ အခြေခံ ဗုဒ္ဓမြတ်စွာ၏ ယဉ်ကျေးမှု ထွန်းကားရေးကို အားပေးကာ ပေါင်းကူးတံတား ခင်းပေးသူများမှာ ကျောင်းအုပ်ဆရာမကြီး ဒေါ်လှသန်းနှင့် ဆရာ,ဆရာမများ ဖြစ်ကြသည်။

အရိပ်အာဝါသ (၅)မျိုး

ပဇ္ဇန်တောင် အ–ထ–က (၁)နှင့် နီးစပ်ရာ ပတ်ဝန်းကျင် ဘုန်းကြီးကျောင်းများမှ အလှည့်ကျ တပတ်လျှင် (၅) ပါး ပင့်၍ မုန့်ဟင်းခါးဆွမ်း ဆက်ကပ် လှူဒါန်းကြသည်။ ပြီးလျှင် ကျောင်းသူ ကျောင်းသားများသည် ရတနာသုံးပါးနှင့် စပ်သော ဗဟုသုတ မှတ်သားစရာ တရားဒေသနာတို့ကို နာယူကြသည်။ ဤစာရေးသူအရှင်သည် မိမိတာဝန်ကျရောက်သော ဝါခေါင်လကွယ်နေ့၌ အောက်ပါတရားကို ဟောကြားခဲ့သည်။

၁။ သစ်ပင်၏အရိပ်။ ၂။ ဆွေမျိုးမိဘတို့၏အရိပ်။ ၃။ ဆရာသမားတို့၏ အရိပ်။ ၄။ တိုင်းပြည်အုပ်ချုပ်သော အစိုးရမင်း၏အရိပ်။ ၅။ ဗုဒ္ဓမြတ်စွာတို့၏အရိပ်အားဖြင့် (၅) မျိုး ရှိသည်။ ဤအရိပ်(၅)မျိုးတို့တွင် သစ်ပင်၏ အရိပ်အာဝါသသည် အလွန်အေးမြသည်။ ထိုထက် ဆွေမျိုးမိဘတို့၏အရိပ်က သာလွန်အေးမြသည်။ ထိုထက် ဆရာသမားတို့၏အရိပ်က သာလွန် အေးမြပြန်သည်။ ထိုထက် ပြည်သူပြည်သားတို့၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးသော အစိုးရမင်းတို့၏ အရိပ်က အလွန်အထူးအေးမြသည်။ ထိုထက်ဝင် ဗုဒ္ဓမြတ်စွာ အရှင်တို့၏ အရိပ်အာဝါသသည် အလွန့်အလွန် အထူး အေးမြချမ်းသာသည်။ ခိုလှုံပြေးဝင်လာသူတို့မှာ လက်တွေ့ ချမ်းသာသုခရကြသည်သာ ဖြစ်သည်။

◆◆◆◆

၃။ ပုဂံပြည် စောလုံမိဖုရားဝတ္ထု

သက္ကရာဇ် (၆၀၂) ခုနှစ်၌ ပုဂံပြည်မှာ တရုပ်ပြေးမင်း တိုင်းပြည် အုပ်ချုပ်သည်။ သူ၏ခမည်းတော် ဥဇနာမင်းကြီး ချစ်စနိုးခေါ်သောအမည်မှာ မင်းခွေးချေး ဖြစ်သည်။အဆိုပါ မင်းကြီး၌ စောလုံအမည်ရှိသော မိဖုရားတယောက် ရှိသည်။ ရုပ်ရေ ချောမောလှပ၍ မင်းကြီး အလွန် ချစ်မြတ်နိုးသော မိဖုရား ဖြစ်သည်။

တနေ့သ၌ အလွန်ပူပြင်းသော နွေရာသီအချိန်မှာ တရုပ်ပြေးမင်းကြီးသည် ရောဝတီမြစ်ကမ်းနှင့် မိမိနန်းတော်အကြား အမိုးနှင့်တကွ မင်းလမ်းမ ဆောက်စေပြီးလျှင် မြစ်ကမ်း၌ ယာယီတဲနန်းဆောက်ပြီး၊ ရေဖျန်းသဘင် ဆင်ယင် ကျင်းပသည်။ မင်းကြီးသည် မိမိချစ်မြတ်နိုးသော မိဖုရား စောလုံကို ကျီစယ်လိုသောကြောင့် မောင်းမငယ်တယောက်အား "သင်သည် ရေသဘင်ပွဲ၌ မိဖုရားစောလုံကို မျက်စိမျက်နှာ မဖွင့်နိုင်အောင် ဦးခေါင်းကဖြို၍ တကိုယ်လုံး ရွှဲရွှဲစိုသည် တိုင်အောင် ရေလောင်းရမည်"ဟု အတွင်းစကား ကြိုတင် မှာကြားထားသည်။

ရေသဘင်ပွဲ၌ မင်းကြီးမှာထားသော မောင်းမငယ်သည် မှာထားသည့်အတိုင်း ပရိသတ်အလယ်၌ စောလုံမိဖုရားကို တကိုယ်လုံးဖြို၍ မျက်စိမျက်နှာ ဖွင့်မရအောင် ရေဖြင့် သွန်းလောင်းရာ မင်းကြီးလည်း အားရရွှင်ပြုံး နှလုံးကြည်လင် လှသဖြင့် အလွန်ပဲ နှစ်သိမ့်၍ တစိမ့်စိမ့် ဝမ်းသာတော်မူသည်။

မိဖုရား စောလုံသည်ကား အရှက်ကြီးရှက်ပြီးလျှင် ပရိသတ် အလယ်၌ ငါ့ကို အရှက်ခွဲရက်တယ်ဟု ဒေါသအလျောက် မင်းကြီးကို ရန်ငြိုးဖွဲ့ထားသည်။

တနေ့သောအခါ ပွဲတော်ဆက်သရန်အလှည့် စောလုံ တာဝန်ကျရောက်ရာ "ငါ့အကြံအောင်ပြီ" ဆိုသော အနေဖြင့် ပွဲတော်ထဲ အဆိပ်ခပ်ပြီးလျှင် မိမိမှာ ဖျားနာဟန်ဆောင်၍ မိဖုရား စောမောက်အား အဆက်သခိုင်းလိုက်သည်။ မင်းကြီးလည်း စားတော်ခေါ်မည့်ဆဲဆဲ အောက်တည့်တည့်က "ခွေးချေ"သံ ကြား၍ ထိုစားတော်ကို ခွေးအား ကျွေးလိုက်ရာ ခွေးသည် တခဏချင်း အဆိပ်မိ၍သေသွားသည်။ စောမောက်ကို အကျိုးအကြောင်းမေးသောအခါ မိဖုရား စောလုံအလှည့်ဖြစ်ကြောင်းကို နားတော်လျှောက်သည်။ စောလုံကို ခေါ်၍ မေးမြန်းရာ မကွယ်မထောက်"ဘုရား ကျွန်မကို အရှက်ခွဲသောကြောင့် အဆိပ်ခပ်၍ သေကြောင်းကြံပါ၏"ဟု လျှောက်ထားသည်။

မင်းကြီးလည်း အမျက်တော်ထွက်ပြီးလျှင် "ငါက ချစ်မြတ်နိုး၍ ကျီစယ်သည်ကိုပင် သေကြောင်းကြံရာသလော" ဟု ပန်းပဲသမားများကို ခေါ်စေ၍ "သံကျပ်စင် ပြုလုပ်ပြီး၊ မီးတိုက်သတ်စေ"ဟု ပြင်းပြင်းထန်ထန် အမိန့်ချမှတ်လိုက်သည်။ တချက်လွှတ်သတ်ဖြတ်ရန် အမိန့်ချမှတ်ပြီးသောအခါ စောလုံမိဖုရားသည် အာဏာသားတို့အား တံစိုး လက်ဆောင်ပေး၍ "သံကျပ်စင်"ကို ခုနစ်ရက်ပတ်လုံး လုပ်ကိုင်စေပြီး၍ (၇)ရက်အတွင်း၌ "ငါတော့ ကေန်သေရတော့မယ်၊ ရတနာသုံးပါးမှ

တပါး ကိုးကွယ်ရာမရှိပြီ"ဟု ဆုံးဖြတ်ပြီးလျှင် သရဏဂုံသုံးပါးနှင့် (၈)ပါးသီလတို့ကို ဆောက်တည်ပြီး၊ ဘုရား,တရား, သံဃာ ရတနာသုံးပါး တို့ကို အထပ်ထပ် ဆင်ခြင်ပွားများခြင်းဖြင့် အချိန်ကုန်လွန်စေသည်။

(၇) ရက်မြောက်သောအခါ အာဏာသားတို့ အစီအစဉ်အတိုင်း မီးအလျှံတို့ဖြင့် လောင်ကျွမ်းနေသော "သံကျပ်စင်" ပေါ်သို့ မိမိ၏သီလဂုဏ်နှင့် ရတနာသုံးပါး၏ ဂုဏ်တို့ကို ဆင်ခြင် ပွားများယင်း၊ တက်လိုက်ရာရေစင်ဖြင့် သွန်းလောင်းသကဲ့သို့ အကုန်လုံး မီးငြိမ်းသွားရာ မွေးညင်းတပင်ကိုမျှ မီးမစွဲနိုင်ပဲ ရှိလေသည်။ ထိုမှ နောက်၌ စောလုံမိဖုရားက "ငါသည် နောင်ဘ၀ကဝိပါက်မကင်းပါလျှင် တခဏချင်းလောင်ကျွမ်းပါစေသတည်း"ဟု အဓိဋ္ဌာန်ပြုလိုက်သောခဏ၌ တကိုယ်လုံး မီးအလျှံစွဲကာ လောင်ကျွမ်းသေဆုံးရရှာသည်။

ဤ၀တ္ထု၌ စောလုံမိဖုရားသည် ရတနာသုံးပါး ဂုဏ်ကျေးဇူးကြောင့် သံကျပ်စင်ပေါ်တင်၍ မီးရှို့သတ်သော်လည်း မလောင်ကျွမ်းပဲရှိရသည်။ သင် ကျောင်းသူ,ကျောင်းသားတို့ အနေဖြင့် တကယ်စွဲမြဲ ယုံကြည်သောစိတ်ထားဖြင့် ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်ကြပါလျှင် ဘေးရန်အန္တရာယ်ကင်းရှင်း၍ မပြောပလောက်သော ရန်သူအနှိပ်စက် ခံရခြင်း၊ မလိုသောသူတို့ မကောင်းကြံခံရခြင်း၊ တစ္ဆေသရဲ ခြောက်လှန့်ခံရခြင်း အစရှိသော အန္တရာယ်တို့မှ ကေန် လွတ်မြောက်နိုင်ကြောင်းကို ယုံကြည်ကြစေလိုသည်။

ဤ၀တ္ထုကား ဗုဒ္ဓမြတ်စွာတို့၏ အရိပ်အာ၀ါသ အေးမြပုံကို ထုတ်ပြသောသာဓက ဖြစ်သည်။

အဆုံးအမပြ၀ါဒ

သင်ကျောင်းသူ ကျောင်းသားတို့သည် လက်မှုအတတ်ပညာကိုလည်းကောင်း၊ နှုတ်မှုအတတ်ပညာကိုလည်းကောင်း၊ သေးငယ်၍ ဟူ၍ မအောက်မေ့ကြကုန်လင့်၊ ကုန်စင်အောင်တတ်မြောက်ထားပါမူကား တခုသော အတတ်ပညာပင် ဖြစ်စေကာမူ အသက်မွေး၀မ်းကျောင်း ဖြစ်နိုင်သည်။

လောက၌ ပျင်းရိသောသူအား အတတ်ပညာကို အဘယ်မှာရနိုင်ပါအံ့နည်း။ အတတ်ပညာမရှိသောသူအား ဥစ္စာကို အဘယ်မှာရနိုင်ပါအံ့နည်း။ ဥစ္စာမရှိသောသူအား မိတ်ဆွေကို အဘယ်မှာရနိုင်ပါအံ့နည်း။ မိတ်ဆွေမရှိသောသူအား ချမ်းသာကို အဘယ်မှာရနိုင်ပါအံ့နည်း။ ချမ်းသာမရှိသောသူအား ကောင်းမှုကို အဘယ်မှာရနိုင်ပါအံ့နည်း။ ကောင်းမှုမရှိသော သူအား နိဗ္ဗာန်ကို အဘယ်မှာရနိုင်ပါအံ့နည်း။

ချစ်သား ချစ်သမီး ကျောင်းသူ ကျောင်းသားတို့.... အတတ်ပညာကို သင်ကြားကြပါကုန်လော့။ အဘယ်ကြောင့် ပျင်းရိချင်ကြပါကုန်သနည်း။ အတတ်ပညာ မရှိသောသူသည် သူတပါး၏၀န်ထမ်း အစေအပါး ကျေးကျွန်ဖြစ်တတ်သည်။ အတတ်ပညာရှိသောသူကို လူအပေါင်းတို့ ပူဇော်အပ်သည်။ ကျောင်းသူ ကျောင်းသားအပေါင်းတို့.... သို့အတွက်ကြောင့်

နေ့စဉ်နေ့တိုင်း အချိန်မှန်မှန် ကျောင်းတက်၍ အတတ်ပညာကို သင်ကြားကြပါကုန်လော့။

ဤသို့ အဆုံးအမ ဩဝါဒပေး၍ ယနေ့ ဆောက်တည်ရသော နဝင်္ဂသီလကုသိုလ်, လှူဒါန်းရသော ဒါနကုသိုလ်, ပွားများရသော ဘာဝနာကုသိုလ်တို့ကြောင့် ချမ်းသာတကာတို့တွင် အမြတ်ဆုံးနိဗ္ဗာန်ချမ်းသာကို "ငါတို့ ဆရာ,ဆရာမ ကျောင်းသူ, ကျောင်းသားတစုတို့ ရလိုကြပါကုန်၏"ဟု ဆုတောင်းရေစက်ချပေးလိုက်သည်။ ကြေးစည်တီးကာ အမျှဝေ၍ သာဓုခေါ်ကြသည်။

တော်သလင်းလဆန်း (၈) ရက်

အဆိုပါနေ့၌ စဏ္ဍာလီ ဒါယိကာမကြီးဝတ္ထုကို ဟောကြားခဲ့သည်။ ဗုဒ္ဓမြတ်စွာကို ကြည်ညိုသောစိတ်ဖြင့် အကြိမ်ကြိမ်ရှိခိုးသောသူတို့မှာ အကျိုးအာနိသင် များပြားလှသည်။ လက်ထက်တော်အခါက ဗုဒ္ဓမြတ်စွာကို ရှိခိုးပူဇော်မှုနှင့် ယခုလူ့ရှင်ရဟန်းတို့ ကိုးကွယ်သော ရုပ်တုတော် ရုပ်ပွားစေတီတော်တို့ကို ရှိခိုးပူဇော်ခြင်းသည် စေတနာဖြူစင်မှု တူညီသော် အကျိုးအာနိသင် တူညီစွာ ဖြစ်နိုင်သည်။ တကြိမ်တခါ ရှိခိုးရုံမျှဖြင့် နတ်ပြည်ရောက်ရှိသွားသော စဏ္ဍာလီ ဒါယိကာမကြီးဝတ္ထုသွားကို ဟောကြားပါမယ်။

၄။ စဏ္ဍာလီဝတ္ထု

ဗုဒ္ဓမြတ်စွာ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ နေတော်မူသောအခါ နံနက်စောစော လင်းအားကြီးအချိန်ဝယ် မဟာကရုဏာတော်ဖြင့် သမာပတ်ဝင်စား၍ သဗ္ဗညုတဉာဏ်တည်းဟူသော မှန်ပြောင်းတော်ဖြင့် သတ္တဝါအပေါင်းကို ကြည့်ရှုဆင်ခြင်လတ်သော် ထိုမြို့၌ပင်နေသော စဏ္ဍာလီ ဒါယိကာမကြီး အသက်ကုန်၍ အပါယ်ငရဲ၌ ဖြစ်မည်ကို မြင်တော်မူ၍ "နတ်ပြည်၌ ဖြစ်စေအံ့"ဟု ကြံစည်၍ ရဟန်းအပေါင်း ခြံရံလျက် ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံဝင်တော်မူသည်။

ထိုအချိန်မှာပဲ စဏ္ဍာလီ ဒါယိကာမကြီးသည် တောင်ဝှေးကိုထောက်၍ တုံချည့်တုံချည့်ဖြင့် မြို့မှ ထွက်လာသော် ဗုဒ္ဓမြတ်စွာ ကြွလာသည်ကိုမြင်၍ ရပ်တည်နေသည်။ ဗုဒ္ဓမြတ်စွာသည်လည်း သွားခွင့်မပေးသကဲ့သို့ ရှေ့တည့်တည့်မှ ရပ်တော်မူလိုက်သည်။

အလိုတော်ကိုသိသော အရှင်မောဂ္ဂလာန်

အရှင်မောဂ္ဂလာန်သည် ဗုဒ္ဓမြတ်စွာ၏ အလိုတော်ကိုသိ၍ အသက်သေခါနီးသော စဏ္ဍာလီအား ရှိခိုးဦးချမှုကို တိုက်တွန်းလို၍ "စဏ္ဍာလီ ဒါယိကာမကြီး....သင့်ရှေ့မှာ ငါတို့ဆရာ မြတ်စွာဘုရား ရပ်နေပါတယ်။ ငါတို့ဆရာ မြတ်စွာဘုရား၌ ကြည်ညိုလိုက်စမ်းပါ။ လက်အုပ်ချီမိုး ရှိခိုးလိုက်စမ်းပါ၊ သင်ရဲ့ အသက်လည်း မကြာခင်ကုန်တော့မယ်"ဟု ပြောဆို၍ အတင်း ရှိခိုးခိုင်းသည်။

စဏ္ဍာလီ ဒါယိကာမကြီးသည် ထိတ်လန့်၍ ကြည်ညိုသော စိတ်ထားဖြင့် ဗုဒ္ဓမြတ်စွာအား ငါးပါးသော အင်္ဂါတို့၏မြေ၌ တည်ခြင်းဖြင့် ရိုသေစွာ ရှိခိုးပြီးလျှင် ဗုဒ္ဓမြတ်စွာကိုအာရုံပြု၍ ပီတိဖြစ်နေသည်။ ဗုဒ္ဓမြတ်စွာသည်လည်း ထောက်တည်ရာ ရနိုင်လောက်သည်ကို သိတော်မူ၍ မြို့တွင်းသို့ ဆက်လက် ကြွတော်မူသည်။

မကြာမီပင် နွားငယ်တကောင်သည် ဗုဒ္ဓမြတ်စွာကို ရှိခိုး ပူဇော်ရ၍ ပီတိဖြစ်နေသော စဏ္ဍာလီဒါယိကာမကြီးကို ဦးချိုဖြင့်ဝှေ့၍ အသေသတ်လိုက်သည်။ သေလျှင် သေခြင်း တာဝတိံသာ နတ်ပြည်၌ နတ်သမီးပေါင်း အမြောက်အမြား ခြံရံ၍၊ စဏ္ဍာလီ ဗိမာန်ပိုင်ရှင် နတ်သမီးဖြစ်၍ အရှင်မောဂ္ဂလာန် ကို လာရောက်ဦးချကန်တော့သည်။

ဤဝတ္ထု၌ ယခင်အချိန်က စဏ္ဍာလီသည် ကုသိုလ်ကောင်း မှုကို လုံးဝမပြုသော မိစ္ဆာမကြီးဖြစ်ပေမဲ့ တကြိမ်တခါ ကြည်ညိုစိတ်ဖြင့် ဗုဒ္ဓမြတ်စွာအား တကြိမ်တခါ ရှိခိုး ကန် တော့လိုက်ရသဖြင့် အပါယ်ရေမကျပဲ နတ်ပြည်၌ ဖြစ်သည်ကို အတုယူကာ ဗုဒ္ဓမြတ်စွာကို ရိုသေစွာ ရှိခိုးကန်တော့သင့်ကြ သည်။

အဆုံးအမသြဝါဒ

ကျောင်းသူ ကျောင်းသားတို့သည် အတတ်ပညာကို မထေ မဲ့မြင် မအောက်မေ့ကြကုန်လင့်။ အတတ်ပညာ ဗဟုသုတကို စိတ်၌ သိမ်းသိမ်းဆည်းထားရာ၏။ ဥပမာအားဖြင့် တောင်ပို့

ကိုပြုလုပ်သော ခြကောင်ကလေးများသည် သေးငယ်သော သဲမှုန့်များကို တကောင်တကောင်လျှင် တမှုန့်တမှုန့်ချီ၍ အမြဲမပြတ် ပြုလုပ်ကြ၏။ ကြာတော့ တောင်ပို့ကြီးဖြစ်လာသည်။ တစက်တစက်ကျသော ရေပေါက်သည် ကြာရှည်လေသော အခါ ကြီးစွာသောအိုး ပြည့်ရလေတော့သည်။ ဤဥပမာအတူ အတတ်ပညာ သည် လည်း သိမှီးသိမ်းဆည်းမှု များလျှင် တဖြေးဖြေး များပြားတိုးပွားလာရာ၏။

စာအုပ်တို့၌ရှိသော အတတ်ပညာသည် ကိစ္စအကြောင်းတိုက်ဆိုင် လာခဲ့သော် မိမိ၏ကိုယ်ပိုင် အတတ်ပညာမဖြစ်နိုင်၊ သူတပါးလက်တို့၌ရှိသော ဥစ္စာသည်လည်း အကြောင်းကိစ္စဖြစ်ပေါ် လာခဲ့သော် မိမိကိုယ်ပိုင်ဥစ္စာမဖြစ်နိုင်၊ သို့အတွက် ဆရာ,ဆရာမများ သင်ကြားပေးသော အတတ်ပညာကို စိတ်မှာစွဲသွားအောင် မှတ်သားထားရသည်။

ဤလောကတခွင်၌ အတတ်ပညာနှင့်တူသော ဥစ္စာ မည်သည် မရှိချေ။ အတတ်ပညာကို ခိုးသူတို့သည် မခိုးယူနိုင်ကုန်၊ အတတ်ပညာသည် ဤပစ္စုပ္ပန်မျက်မှောက်လောက၌ မိတ်ဆွေအစစ် မည်၏။ တမလွန်နောင်ဘဝ၌ ချမ်းသာကို ရွက်ဆောင်နိုင်၏။ ထို့နောက် ရေစက်ချ အမျှပေးဝေ၍ တရားပွဲရုပ်သိမ်းလိုက်သည်။

တော်သလင်းလပြည့်နေ့

အဆိုပါ တော်သလင်းလပြည့်နေ့၌ကား ဥပုသ်နေ့ ဖြစ်သော်လည်း ကျောင်းပိတ်ခြင်းမရှိပဲ ငါးပါးသီလ ယူ၍

လှူဒါန်းဖွယ်ရာများကို လှူဒါန်းပြီးလျှင် အခက်အခဲကြားမှ တရားကိုနာယူကြသည်။ ဟောခဲ့သောတရားကား သရဏဂုံ၏ အကျိုးကိုပြသော ဝေသာမိတ္တာမိဖုရားကြီးဝတ္ထု ဖြစ်သည်။

၅။ ဝေသာမိတ္တာမိဖုရားဝတ္ထု

ဗုဒ္ဓမြတ်စွာ လက်ထက်တော်အခါ၌ကောသမ္ဗီတိုင်းပြည်မှာ ကောသမ္ဗီမင်းကြီးတိုင်းပြည်ကို အုပ်ချုပ်၍နေရာ မိဖုရားကြီးသည် ဝေသာမိတ္တာမည်လေ၏။ တနေ့သောအခါ၌ ပစ္စန္တရာဇ်မင်းတပါးသည် ကောသမ္ဗီတိုင်းပြည်ကို သိမ်းယူရန် ချီတက်လာ၍ ကောသမ္ဗီမြို့အနီးမှာ သစ်ခက်တဲနန်းထိုး၍ "တိုင်းပြည်ကိုပင် အပ်နှင်းမှာလား၊ စစ်ကိုပင်တိုက်မှာလား"ဟု ကောသမ္ဗီဘုရင်ထံ စာတမန်စေလွှတ်လိုက်သည်။

စစ်ခင်းမည်ဖြစ်ကြောင်းကို စာတမန်ပြန်ပြီးလျှင် စစ်ထွက်ခါနီး၌ မိဖုရားကြီးကို "စစ်တိုက်တယ်ဆိုတာ ရှုံးချင်ရှုံးမယ်၊ အကယ်၍ အခြေအနေမလှခဲ့လျှင် နီမြန်းသော အလံတံခွန်ကို ထောင်ပြလိုက်မယ်၊ လွတ်ရာကိုပြေးပေတော့" ဟု မှာခဲ့၍ စစ်တိုက်ထွက်ခဲ့သည်။

စစ်တိုက်ကြသောအခါ ကောသမ္ဗီမင်းကြီးစစ်ရှုံး၍ အလံနီတံခွန်ကို မြင်လိုက်ရသောအချိန်၌ ဝေသာမိတ္တာ မိဖုရားကြီးသည် မထင်ရှားသောအသွင်ဖြင့် နန်းတော်မှ ဆင်းသက်၍

ထွက်ပြေးယင်း ပစ္စန္တရာဇ် စစ်တပ်နှင့်တွေ့၍ မိဖုရားကြီးမှန်း သိကြသဖြင့် သူတို့ဘုရင် ပစ္စန္တရာဇ်မင်းထံ ပို့လိုက်ကြသည်။ ပစ္စန္တရာဇ် ဘုရင်မင်းက "နှမတော်မိဖုရားကြီး....သင်၏ အရှင် ဘုရင်မင်းမြတ် နတ်ရွာစံသော်လည်း စိုးရိမ်ဖွယ်မရှိပါ။ နှမ၏ အရှင်ကောသမ္ဗီဘုရင်ကဲ့သို့ အဂ္ဂမဟေသီ မိဖုရားကြီးမြှောက်၍ အဘိသိက်သွန်းခြင်းကို ပြုပါမယ်"ဟု ချစ်ရေးဆိုသည်။

ဝေသာမိတ္တာမိဖုရားကြီးက "အရှင်မင်းကြီး....ယနေ့ပင် ဘုရားကျွန်မ၏ချစ်လင်မင်းကြီးသည် အရှင်မင်းမြတ်၏ လက်ချက်ဖြင့် နတ်ရွာစံခဲ့ပါတယ်။ ထိုကိစ္စအတွက် စိုးရိမ်သောက အင်မတန် ရောက်နေတဲ့ အချိန်အခါဖြစ်ပါတယ်။ အရှင်မင်းကြီး၏ မိဖုရားမြှောက်မှုကို လက်မခံနိုင်ပါ"ဟု နင့်နင့်သီးသီး ငြင်းပယ်လိုက်သည်။ ပစ္စန္တရာဇ် မင်းကြီးသည် မြှောက်ချီတခါ ခြောက်ချီတလှည့်ဖြင့် မိဖုရားကြီးအဖြစ် လက်ခံဖို့ပြောဆိုသည်။ ပြောမရသည့်အဆုံး၌ ရာဇမာန်ရှကာ ဒေါသဖြစ်ပြီး မီးပုံကြီး ပြုလုပ်စေ၍ ဝေသာမိတ္တာ မိဖုရားကြီးကို မီးပုံထဲ ထည့်သတ်ဖို့ စီစဉ်သည်။

မိဖုရားကြီးသည် "ငါ့ကို ဧကန်မီးပုံထဲထည့်၍ သတ်တော့မယ်၊ ရတနာသုံးပါးသာ အားထားရာရှိတော့တယ်"ဟု နှလုံးသွင်းပြီး သရဏဂုံသုံးပါးကို ဆောက်တည်ကာ၊ နှုတ်က တတွတ်တွတ်ရွတ်ဆို သရဏျာယ်နေသည်။ အာဏာသားတို့က ဘုရင့် အမိန့်အတိုင်း မိဖုရားကြီးကို လက်နှစ်ဖက်ဆွဲ၍ မီးပုံထဲသို့ထည့် လိုက်ကြသည်။ အံ့ဩဖွယ်ကောင်းပါဘိ။ မိဖုရားကြီးကို လုံးဝ မီးမလောင်ပဲ ဖြစ်နေသည်။ အကုန်လုံး အံ့ဩချီးမွမ်းကုန်ကြ

သည်။ မီးမလောင်ခြင်းအကြောင်းကို မင်းကြီးက မေးသည်ဖြစ်၍ ဤသို့ မိဖုရားကြီးက ပြောကြားသည်။

"အရှင်မင်းကြီး.... ဆေးဝါး မန္တရားတန်ခိုးကြောင့် မီးမလောင်ကျွမ်းတာ မဟုတ်ရပါ။ သရဏဂုံ ဆောက်တည် ထားသောကြောင့် မီးမလောင်ကျွမ်းခြင်း ဖြစ်ပါတယ်။ အရှင်မင်းကြီးလည်း သရဏဂုံကို ဆောက်တည်ပါ"ဟု မိဖုရားကြီးက တိုက်တွန်းသည်။ မင်းကြီးလည်း သဘောကျ၍ သရဏဂုံကို ဆောက်တည်ပြီး၊ ဝေသာမိတ္တာ မိဖုရားကြီးကိုလည်း အမိအရာ၌ထား၍ ချမ်းသာစွာ နေစေသည်။ ဤကား သရဏဂုံကြောင့် ဒိဋ္ဌအကျိုးရပုံ ဖြစ်သည်။

အဆုံးအမဩဝါဒ

သားနှင့် သမီးတို့ကို ပညာသင်မပေးသော မိဘသည် ရန်သူမည်၏။ ရွှေဟင်္သာတို့၏အလယ်၌ ဗျိုင်းသည် မတင့်တယ်သကဲ့သို့ ပညာမရှိသော သားသမီးတို့သည် သဘင်အလယ်၌ မတင့်တယ်နိုင်ကုန်။

ဆူးတို့သဘောသည် အလိုလိုချွန်၏။ သမင်တို့ မျက်စိသည် အလိုလိုကြည်လင်၏။ ရှုံ့ညှန်၌ ကြာသည် အလိုလိုမွှေး၏။ ကျောင်းသူ, ကျောင်းသားတို့သည် မည်သူ၏ နှိုးဆော် တိုက်တွန်းမှုကိုမျှမခံပဲ မိမိတို့အသိဉာဏ်ဖြင့် ပညာကို လိုလားသင့်ကြ၏။

ထုံးမပါသော ကွမ်းသည် အရသာမရှိ၊ ဥစ္စာမရှိသော သူ၏ တန်ဆာ ဆင်ခြင်းသည်အရသာ မရှိ။ ဆားမပါသော

ဟင်းသည် အရသာ မရှိ၊ အတတ်ပညာမရှိသော သူ၏ပျို့ ကဗျာဖွဲ့ခြင်းသည် အရသာမရှိ။

ထို့ကြောင့် သင်ကျောင်းသူ ကျောင်းသားတို့သည် အတတ်ပညာကို ကြိုးစားသင်ယူကြကုန်လော့ ဟု တိုက်တွန်း စကားပြောကြားခဲ့ပါသတည်း။

၆။ လူယဉ်ကျေးကလေး တွေဖြစ်ဖို့

ရန်ကုန်မြို့၊ ပုဇွန်တောင်၊ အ–ထ–က(၁)၌ ၁၃၃၀–ပြည့် ဝါဆိုလဆန်း (၁၄)ရက်နေ့က သံဃာ(၅)ပါး ပင့်ပြီးလျှင် ဝါဆိုသင်္ကန်း လှူဒါန်းကြသည်။ ဝါဆိုသင်္ကန်းအကြောင်းကို အနည်းငယ်ပြောကြားခဲ့သည်။ ဝါဆိုလပြည့်ကျော် (၈) ရက် နေ့၌ကား ကျောင်းအုပ်ဆရာမကြီး ဦးစီးပြီး၊ (၅) တန်း၊ က–ခ–ဂ ကျောင်းသူ ကျောင်းသားများစုပေါင်း၍ ရှစ်ပါး သီလကို ဆောက်တည်ပြီး၊ လှူဖွယ်ဝတ္ထုများကို လှူဒါန်းပြီး တရားဒေသနာကို နာကြား၍ ရေစက်ချ အမျှပေးဝေကြသည်။

၇။ ကျေးညီနောင်ဝတ္ထု

ယဉ်ကျေးမှုသည် အရေးကြီးသည်၊ ငယ်ရွယ်ချိန်အခါ အချိုးကျမှသာလျှင် ကြီးသောအခါ၌လည်း အချိုးကျသည်။ ယဉ်ကျေးရန်, အချိုးကျရန်မှာ ပတ်ဝန်းကျင် မိတ်ဆွေကောင်းလိုသည်။ ငယ်ရွယ်သူများသည် အပေါင်းအသင်း အားလျော်စွာ ကောင်းချင်လည်း ကောင်းတတ်သည်။ ပျက်စီးချင်လည်း ပျက်စီးတတ်သည်။

ရှေးရှေးတုန်းက ဥတ္တရပဉ္စာလမင်းကြီးတိုင်းပြည် အုပ်ချုပ်မင်းလုပ်၍နေရာ ဘုရားအလောင်းတော်သည် တခုသောလက်ပံတော၌ ကျေးသားငယ် ဘဝ ဖြစ်ရရှာသည်။ ဘုရားအလောင်းတော်၏ ညီငယ် ကျေးသားနှင့်အမိအဖများပါ အတူနေကြသည်။

လက်ပံတော၏ အောက်အကြေ၌ ရသေ့သူတော်သူမြတ်တို့နေထိုင်၍ အထက်အညာ၌ ခိုးသူတို့ရွာ တည်ရှိသည်။ တနေ့သောအခါ၌ လေမုန်တိုင်းတိုက်ခတ်ရာ အမွေး အတောင်စုံလင်ကာစ ကျေးညီနောင်တို့သည် လွင့်စင်၍ တကောင်က ခိုးသူတို့လက်နက်ပုံပေါ်ကျပြီး၊ တကောင်က ရသေ့သူတော်မြတ်တို့အနီး ပန်းပင်များအလယ်၌ ကျသည်။

သတ္တိဂုမ္ဗ၊ ပုပ္ဖက

ခိုးသူတို့ရွာအနီး လက်နက်အစုအပုံ၌ ကျလာသော ကျေးသားကို "သတ္တိဂုမ္ဗ"လို့ ခေါ်ကြ၍ ရသေ့ သူတော်မြတ်တို့

အနီး ပန်းပင်များအလယ်၌ ကျလာသော ကျေးသားကို "ပုပ္ဖက"ဟု ခေါ်ကြသည်။ သတ္တဝါဂုဏ္ဍသည် ကြမ်းတမ်းသည်။ ရိုင်းစိုင်းသည်၊ ယဉ်ကျေးမှုမရှိ၊ သူ့ပတ်ဝန်းကျင် အပေါင်း အသင်းကား ခိုးသူတွေသာ ဖြစ်သည်။ ပုပ္ဖကသည် နူတ်ချို သည်၊ လိမ်မာသည်၊ ယဉ်ကျေးမှုရှိသည်။ သူ့အပေါင်း အသင်းကား သူတော်ကောင်းတွေသာ ဖြစ်သည်။

ပဉ္စာလမင်းနှင့်တွေ့ခြင်း

တနေ့သ၌ မင်းကြီးသည် သမင်လိုက်ယင်း တောကစား ထွက်ရာ မိမိတာဘက်မှ သမင်ထွက်ပြေး၍ သမင်နောက်သို့ ရထားဖြင့် လိုက်သွားသော်လည်း မမီလိုက်၍ မွန်းတည့်ချိန်၌ မောပန်းလွန်းသဖြင့် သစ်ပင်၏အောက်၌ အမောပြေ အိပ် စက်နေသည်။ သတ္တဂုဏ္ဍ ကျေးသားသည် မင်းကြီးကိုမြင်၍ "ရိုက်နှက်ကြလော့၊ ထိုးခုတ်ကြလော့၊ လုယူကြလော့"စသည် ဖြင့် ကြမ်းတမ်းသောစကားကို ပြောကြားသည်။ မင်းကြီး သည် မင်္ဂလာမရှိသောစကားသံကို ကြား၍ စိတ်မချမ်းသာပဲ ရထားစီးပြီး ဆက်လက်သွားရာ ရသေ့ သူတော်ကောင်းများ နေသောစခန်းသို့ ရောက်၍ ဝင်နားပြန်သည်။ ပုပ္ဖက ကျေး သားသည် "အရှင်မင်းကြီး....ဤနေရာကြွပါ။ ဤသောက်ရေ ကို သုံးဆောင်ပါ။ ဤသစ်သီးကိုမှီဝဲပါ" စသည်ဖြင့် သာယာ စွာ ပြောကြားသည်။

မင်းကြီးက "အသင်ကျေးသားကတော့ ယဉ်ကျေးပါရဲ့၊ ဟိုအထက်နား တွေ့ခဲ့တဲ့ကျေးသားကတော့ သိပ်ရိုင်းတာပဲ"

ဟု ပြောကြားသည်။ ကျေးသားက ပြန်ပြောသည်မှာ "အရှင်မင်းကြီး....ဟိုကျေးသားလည်း ကျွန်ုပ်၏ညီပါပဲ၊ အပေါင်းအသင်း ပတ်ဝန်းကျင်ကြောင့် ရိုင်းစိုင်းနေတာပါ။ အရှင်မင်းကြီး....လောကဌ် ပုပ်စော်နံသောငါးကို သမန်းမြက်ဖြင့် ထုပ်အံ့။ သမန်းမြက်လည်း ပုပ်စော်နံတာပဲ၊ အရှင်မင်းကြီး.... မွှေးကြိုင်သော တောင်ဇလပ်ပန်းကို ပေါက်ဖက်ဖြင့် ထုပ်အံ့။ ပေါက်ဖက်လည်း မွှေးကြိုင်တာပဲ၊ သူတော်ကောင်းကို ဆည်းကပ်သူဟာ ယဉ်ကျေးတာပါပဲ"

ဤသို့ကျေးသားက ပြောပြသောအခါ မင်းကြီးက သဘောကျ၍၊ ကျေးသား အပေါင်းတို့အား ဘေးမဲ့ပေးလိုက်သည်။ သတ္တိဂုမ္ဗသည် ဒေဝဒတ်အလောင်းဖြစ်၍၊ ပုပ္ဖကသည် ဘုရားအလောင်းတော် ဖြစ်သည်။

ဤဝတ္ထု လာသည့်အတိုင်း သင်ကျောင်းသူ ကျောင်းသားတို့သည် သတ္တိဂုမ္ဗ ကျေးသားလို မရိုင်းစိုင်းကြပဲ ပုပ္ဖက ကျေးသားလို လိမ်မာယဉ်ကျေးအောင် နေသင့်ကြသည်။ သူတော်ကောင်းကို မှီဝဲဆည်းကပ်၍ လူယဉ်ကျေးကလေးတွေ ဖြစ်ဖို့ ကြိုးစားအားထုတ်ကြစေလိုသည်ဟု ဟောကြားခဲ့ပါသည်။

၈။ ဗိုလ်တထောင် အ-ထ-က(၁)
မုန့်ဖိုးအကျိုးဖြာ

၁၃၃၀–ပြည့်နှစ် ဝါဆိုလဆုတ် (၁၄)ရက်နေ့ အဖိတ်မှစ၍ လပြည့်လကွယ် အဖိတ်နေ့တိုင်း ဝါတွင်းသုံးလပတ်လုံး ရန်ကုန် ဗိုလ်တထောင် အမှတ် (၁) အစိုးရ အထက်တန်းကျောင်း၌ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ, ဆရာမများ၏ စီစဉ်ပေးချက်အရ ကျောင်းသား,ကျောင်းသူ (၇၀၀)ကျော်တို့၏ မုန့်ဖိုးဖြင့် လှူဖွယ်ဝတ္ထုစီမံ၍ သီလဆောက်တည်ကြပြီးလျှင် တရားဒေသနာများကို အလှည့်ကျ အတန်းလိုက် နာယူကြကာ ဒါန, သီလ, ဘာဝနာ သုံးကိစ္စလုံးကို အားထုတ်ကြသည်။

ကျောင်းသူ,ကျောင်းသား တယောက်လျှင် မုန့်ဖိုးမှ ၁၀–ပြားစီစုလျှင် ကျောင်းသား, ကျောင်းသူ (၁၀၀)ဆိုပါက ငွေ(၁၀)ဖိုး ဒါနကိစ္စ ပြီးစီးနိုင်သည်။ ငါးပါးသီလဆောက်တည်လိုက်ရသဖြင့် သီလကိစ္စလည်း ပြီးစီးနိုင်သည်။ တရားတော်ကို မှတ်သား နာယူလိုက်ရသဖြင့် ဘာဝနာကိစ္စလည်း ပြီးစီးနိုင်လေသည်။

သူတော်ကောင်းကလေးတွေဖြစ်ဖို့

ကျောင်းသား, ကျောင်းသူတို့ဘဝသည် လူမမယ်အရွယ်ကလေးတွေဖြစ်၍ ဗုဒ္ဓသာသနာ အခြေခံ သဘောတရားရေး

များကို တဖြည်းဖြည်း နားသွင်းပေးသင့်သည်သာမက လူတော် လူကောင်းကလေးတွေ ဖြစ်အောင် လက်ဦးဆရာ ဖြစ်သော အမိ အဘနှင့် ပညာသင်ပေးသော ဆရာ ,ဆရာမများက အထူး ဂရုစိုက်၍ စောင့်ရှောက် ပြုပြင်ပေးသင့်သည်။

လောကီပညာရေး ကိုလည်း လိုလေသေးမရှိ စနစ်တကျ စေတနာကောင်းဖြင့် သင်ကြားပေးသကဲ့သို့ သံသရာ၌ ဝန် လေးသော အကုသိုလ်အပြစ်များကို မလွန်ကျူးဖို့ အမြဲ မပြတ် အဆုံးအမပေးသင့်သည်။ အကျင့်စာရိတ္တ ကောင်းမွန် အောင် နေထိုင်ရေးကိုလည်း နေ့စဉ် ဆုံးမသွန်သင်ပေးသင့် သည်။ ရဟန်းသံဃာတော်များနှင့် ဆက်ဆံနည်း၊ အရိုအသေ ပြုနည်း၊ လူကြီးသူမတို့နှင့် ဆက်ဆံနည်း၊ အရိုအသေပြုနည်း၊ ဘုရားဝတ်ပြုနည်း၊ စိတ်ထားနည်း၊ ပြောနည်းဆိုနည်း အစရှိ သည်များကိုလည်း ပညာပေးသော အနေဖြင့် သင်ကြားပေး သင့်သည်။

လူငယ်များနှင့် ရဟန်းသံဃာ

လူငယ်များဘဝသည် မကောင်းရာဘက်သို့ ဆွဲဆောင်သူ ရှိလျှင် လိုက်ပါသွားနိုင်သကဲ့သို့ ကောင်းရာဘက်သို့ ဆွဲဆောင် သူရှိလျှင်လည်း လိုက်ပါသွားမည်မှာ ယုံမှားဖွယ်ရာ မရှိချေ။ အဇာတသတ် မင်းသားငယ်ကိုကြည့်ပါ။ အကယ်၍ ကောင်း ရာဘက်သို့ ဆွဲဆောင်မည့်မိတ်ဆွေကောင်း မိတ်ဆွေစစ်ကို ရရှိ သွားပါလျှင် ခမည်းတော်ကို အချုပ်ထောင်ပို့ခြင်း၊ ခြေ ထောက်ကို ဓားဖြင့်ခွဲ၍ ဆားသိပ် မီးကင်ခြင်း ဟူသော အ လွန်ဝန်လေးသော ပိတုဃာတကကံကြီးကို မပြုတန်ရာ၊ ယခု

တော့ ဒေဝဒတ် ဟူသော မိတ်ဆွေယုတ်နှင့် ပေါင်းသင်း ဆက်ဆံမိ၍ အလွန်ဝန်လေးသော ဂရုကံကြီးကို ပြုမိရက်သား ဖြစ်သွားရှာသည်။ ဝမ်းနည်းဖွယ်ကောင်းပေစွ။

ယခုခေတ် လူငယ်များသည်လည်း ချွတ်ချော် လွဲမှားတတ် သူများဖြစ်ရာ မိတ်ဆွေကောင်း၊ မိတ်ဆွေစစ်တို့နှင့် တွေ့ကြုံဖို့ အရေး မိဘနှင့် ပညာသင်ပေးသော ဆရာ့ဆရာမများက အထူးသတိပြု၍ ပညာပေး ဩဝါဒများကို မကြာ မကြာ ပြောဆိုပေးသင့်သည်။ ယခုကဲ့သို့ သံဃာတော်များနှင့် ကျောင်း သား့ကျောင်းသူများကိုလည်း တွေ့ကြုံဖို့ ပေါင်းကူးတံတား ခင်းပေးသင့်သည်။

ဝါဆိုလကွယ် အဖိတ်နေ့

အဆိုပါ အဖိတ်နေ့၌ ဤအရှင်သည် ခုဒ္ဒကနိကာယ်၊ ဇာတက အဋ္ဌကထာ၊ ဝရုဏဝဂ်၊ ဝရုဏဇာတ်မှ ရှေးဦးစွာ ပြုလုပ်ရမည့်တာဝန်ကို နောက်မှ ပြုလုပ်မိ၍ မျက်စိလည်းပျက် အခြားသူတို့၏ အမှုလုပ်ငန်း ဆုံးရှုံးခြင်းကိုလည်း ဖြစ်စေ သော ပျင်းရိသော လူငယ်တယောက်၏ အကြောင်းကို ကျောင်းသူ့ ကျောင်းသားတို့အား မိနစ်(၃၀)ခန့် ဟော ပြော၍ တရားစကားကို မိန့်ကြားပြီးလျှင် ဩဝါဒကိုလည်း ပေးခဲ့သည်။

အကြွင်းသူသည် ရှေး၌ ပြုအပ်သော အမှုတို့ကို နောက်မှ ပြုခြင်းငှာ အလိုရှိ၏။ ထိုသူသည် ရေခံတက် ထင်းကိုချိုးသော လုလင်ကဲ့သို့ နောက်၌ စိုးရိမ်သောက ရောက်ရ၏။ ဝီရိယကင်း၊

ပျင်းရိခြင်း၊ ခပင်းသူငါ ကျိုးပျက်ရာဟု ဥပဒေသပြုထား သည်။

ဝါခေါင်လပြည့် အဖိတ်နေ့

ဤအဖိတ်နေ့၌ ရတနာသုံးပါးကို ယုံကြည်ကိုးကွယ်မှုနှင့် စပ်သော ပုဂံပြည် တရုပ်ပြေးမင်း၏ မိဖုရား စောလုံ၀တ္ထုကို သာဓကပြ၍ စောလုံ၏ အမှားနှင့် တရုပ်ပြေးမင်း၏ အမှား များကို ထောက်ပြကာ လူသူလေးပါးရှေ့၌ သူတပါးကို အရှက်တကွဲ ဖြစ်အောင် မကျိစယ်ဖို့ အလုပ်တခု ပြုလုပ်ရာ၌ အလျင်အမြန် ဒေါသအလျောက် မပြုလုပ်ပဲ နှိုင်းနှိုင်းချိန်ချိန် စဉ်းစဉ်းစားစား သတိထားပြုလုပ်ဖို့ ယုံကြည် လေးစားစွာ ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်ဖို့ကို ဟောကြားခဲ့သည်။

ဝါခေါင်လကွယ် အဖိတ်နေ့

ဤအဖိတ်နေ့၌ ဗုဒ္ဓမြတ်စွာကို တကြိမ်တခါမျှ ယုံကြည် လေးစားစွာ ရှိခိုးဦးချလိုက်ရသဖြင့် အပါယ်ငရဲမကျရောက်ပဲ နတ်သမီး အခြံအရံ အမြောက်အမြားဖြင့် ဗိမာန်ရှင် နတ်သမီး ဖြစ်သွားရသော ခုဒ္ဒကနိကာယ်၊ ဝိမာန၀တ္ထု အဋ္ဌကထာလာ စဏ္ဍာလီ ဒါယိကာမကြီး၏၀တ္ထုကို သာဓကထုတ်၍ လက် ထက်တော်က ဗုဒ္ဓမြတ်စွာ အစစ်ကို ရှိခိုးပူဇော်ရခြင်းနှင့် ယခု ဗုဒ္ဓသာသနာ၀င်တို့ ကိုးကွယ်နေသော ရုပ်ပွားတော်၊ စေတီ တော်များကို ရှိခိုးပူဇော်ရခြင်းသည် စိတ်စေတနာ တူမျှလျှင် တူမျှသော အကျိုးရှိကြောင်းကိုလည်းကောင်း၊ ဗုဒ္ဓသာသနာ

ဝင်တိုင်း အိမ်မှ ထွက်လာလျှင် အိမ်၌ ကိုးကွယ်ထားသော ဗုဒ္ဓမြတ်စွာကို ရှိခိုးဦးချခဲ့ဖို့၊ အိမ်ပြန်ရောက်လျှင် "တပည့်တော်၊ တပည့်တော်မတို့ ပြန်ရောက်ကြပါပြီ"ဟု လျှောက်ထားသည့် အနေဖြင့် ရှိခိုးဦးချဖို့ အကြောင်းကိုလည်းကောင်း ဟော ကြားခဲ့သည်။

တော်သလင်းလပြည့် အဖိတ်နေ့

ဤအဖိတ်နေ့၌ ကံနှင့် ကံ၏အကျိုး မှချရှိကြောင်းကို ယုံ ကြည်လောက်အောင် ဓမ္မပဒ အဋ္ဌကထာလာ၊ ပူတိဂတ္တတိဿ မထေရ်၏ဝတ္ထုကို ဟောခဲ့သည်။ ပူတိဂတ္တထေရ် အလောင်း သည် ကဿပဘုရား လက်ထက်တော်အခါ၌ သားငှက်တို့ကို သတ်သော မုဆိုး ဖြစ်ခဲ့သည်။ သားငှက်တို့ကို ရိုက်နှက်ပုတ်ခတ် ညှင်းဆဲခဲ့သည်။ ဂေါတမ ဗုဒ္ဓမြတ်စွာ လက်ထက် ရဟန္တာ ဖြစ်မည့်ဘဝ၌ တကိုယ်လုံး အနာကြီးငယ်တွေပေါက်၍ ဒုက္ခ ကြုံရသည်။ မုဆိုးဘဝ၌ ရဟန္တာတပါးကို ဆွမ်းဟင်းလျာတို့ ဖြင့် လောင်းလှူ၍ "အရှင်မြတ်တို့ သိမြင်သော တရားထူး တရားမြတ်ကို သိမြင်ရပါလို၏"ဟု ဆုတောင်းခဲ့သဖြင့် ရဟန္တာ ဖြစ်ရသည်။

ဤဝတ္ထု၌ မထေရ်၏ အလောင်းလျာသည် မုဆိုးဘဝ၌ များစွာသော အကုသိုလ်ကံတို့ကို ပြုခဲ့သည်။ ရဟန္တာ ဖြစ်မည့် ဘဝ၌ အနာကြီးငယ် များစွာ ပေါက်ခြင်းအကျိုးကို ခံစား ရသည်။ အကုသိုလ်ကံနှင့် အကုသိုလ်ကံ၏အကျိုး ဖြစ်သည်။ မထေရ်၏ အလောင်းလျာသည် ရဟန္တာတပါးအား ဆွမ်း

ဟင်းလျာတို့ဖြင့် လောင်းလှူခြင်းကုသိုလ်ကို ပြုခဲ့သည်။ တရားတော်ကိုနာရ၍ ရဟန္တာဖြစ်ရသည်။ ကုသိုလ်ကံနှင့် ကုသိုလ်ကံ၏အကျိုး ဖြစ်သည်။ မကောင်းကျိုးကို ဖြစ်စေနိုင်သော အကုသိုလ်အမှုမျိုးကို မပြုဖို့၊ ကောင်းကျိုးကို ဖြစ်စေနိုင်သော ကုသိုလ်အမှုမျိုးကို ပြုကြဖို့၊ သတ္တဝါအများကို သနားဖို့၊ ဆရာ ဆရာမ အမိအဘတို့စကားကို နားထောင်ဖို့ ဟောကြားခဲ့သည်။

တော်သလင်းလကွယ် အဖိတ်နေ့

အဆိုပါအဖိတ်နေ့၌ တရားကို ရိုသေ လေးစားစွာနာဖို့အကြောင်း မလ္လိကာ မိဖုရားနှင့် ဝါသဘ ခတ္တိယာ မိဖုရား ဝတ္ထုကို ဟောကြားခဲ့သည်။ ကောသလတိုင်းကို အစိုးရသော ပသေနဒီကောသလမင်းကြီးက ဗုဒ္ဓမြတ်စွာထံ လျှောက်ထား၍ ရဟန်းတပါးကို နန်းတွင်းသူတို့အား တရားဟောစေသည်။ အရှင်အာနန္ဒာ တာဝန်ကျသည် အားလျော်စွာ နန်းတွင်းသို့ ကြွရောက်၍ တရားဟောသောအခါ မလ္လိကာသည် တရားကို ရိုသေစွာ နာသော်လည်း ဝါသဘ ခတ္တိယာသည် ရိုသေစွာ မနာသည်သာ ဖြစ်သည်။

ထို ကိစ္စနှင့်ပတ်သက်၍ ဗုဒ္ဓမြတ်စွာက အဆင်းသာ လှပ၍ အနံ့မကောင်းသောပန်းနှင့်တူစွာ ရိုသေစွာ တရားမနာကြားသောသူအား အကျိုးမဖြစ်ထွန်းကြောင်း၊ အဆင်းလည်း လှပ အနံ့လည်းမွှေးကြိုင်သောပန်းနှင့်တူစွာ ရိုသေစွာ တရားကို နာကြားသောသူအား အကျိုးဖြစ်ထွန်းကြောင်းကို ဟောကြားသည်။

ဤဝတ္တု လာရှိသည့်အတိုင်း အဆင်းလည်းလှပ အနံ့လည်း သင်းကြိုင်သော ပန်းပွင့်နှင့်တူစွာ တရားကို ရိုသေစွာ နာကြားဖို့အကြောင်း၊ ဆရာ, ဆရာမတွေ ပညာသင်ကြားပေးခြင်း၊ ကျောင်းသား, ကျောင်းသူတွေ ပညာသင်ကြားခြင်းသည် ပစ္စက္ခတဘဝအတွက် အသက်မွေးမှုသာဖြစ်၍ သံသရာအတွက်ပါ ယခုလို ဒါနပြုခြင်း၊ သီလဆောက်တည်ခြင်း၊ ဘာဝနာ ပွားခြင်းတို့ကိုပါ အချိန်ရှိခိုက် ပြုလုပ်သင့်ကြောင်းကို ဟောကြားခဲ့သည်။

အမိအဘ၊ မိဘများသည် ဗြဟ္မာမည်သော နတ်ဖြစ်ခြင်း၊ ရှေးဦးနတ်ဖြစ်ခြင်း၊ ရှေးဦးဆရာဖြစ်ခြင်း၊ သားသမီးတို့ အဝေးမှ ဆောင်ယူလာသောအလှူကို ခံထိုက်ခြင်းဟူသော မိဘတို့ဂုဏ်ရည်လေးပါး ရှိသည်။ ဆရာသမား၊ မိဘများ၏ ကိုယ်စား ပညာသင်ပေးသောသူသည် ဆရာ,ဆရာမ မည်၏။ ဆရာ,ဆရာမတို့သည် အသိ,အလိမ်မာ, ပညာဂုဏ်နှင့် နှိုင်းချိန် ဝေဖန်တတ်သော ဥာဏ်ရည် ဥာဏ်သွား အပြည့်အဝရှိကြသူများ ဖြစ်ကြသည်။

ရတနာသုံးပါး၊ ဗုဒ္ဓသာသနာဝင်မှန်သမျှ ကိုးကွယ် ဆည်းကပ်ရာ ဘုရား,တရား,သံဃာ ရတနာသုံးပါး ရှိသည်။ ထိုရတနာ သုံးပါးသည် သတ္တဝါအားလုံးတို့၏ အားထား မှီခိုရာ ဖြစ်သည်။ အဆိုပါ ရတနာသုံးပါးနှင့် အမိအဘ ဆရာသမားများကို လေးစားသော ကျောင်းသူ, ကျောင်းသားသည် ဘုန်းကြီး သက်ရှည်, ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံနိုင်သည်သာ

မဂ်ဂ ပစ္စက္ခ သံသရာ နှစ်ဖြာသောလောကဥ် ကောင်းစားနိုင်ကြောင်းကို ဟောကြားခဲ့သည်။

၉။ ကံ၏သဘာဝကိုသိဖို့

ကံသာလျှင် မိမိဥစ္စာရှိသည့်အဖြစ်ကို ယုံကြည် သိမှတ်တတ်သော ဉာဏ်သည် ကမ္မဿကတာဉာဏ် မည်၏။ ကမ္မဿကတာဉာဏ်၌ တည်၍ ဒါန,သီလကို ပြုမှသာ ချမ်းသာ အလုံးစုံကို အကုန်အစင် ရနိုင်သည်။ ကံသည် (၁) မိမိကိုယ်ပိုင် ဖြစ်သောကံ၊ (၂)မိမိကိုယ်ပိုင်မဟုတ်သော ကံဟူ၍ နှစ်မျိုးနှစ်စား ရှိရာတွင် ကိုယ်ဖြင့် ကောင်းသောအလုပ်ကို ပြုကျင့်မှုကုသိုလ်ကာယကံ(၃)ပါး။ နှုတ်ဖြင့် ကောင်းသောအလုပ်ကို ပြုကျင့်မှုကုသိုလ် ဝစီကံ(၄)ပါး။ စိတ်ဖြင့် ကောင်းသောအလုပ်ကို ပြုကျင့်မှုကုသိုလ် မနောကံ(၃)ပါး။ ဤ (၁၀)ပါးသော သုစရိုက်ကံသည် မိမိကိုယ်ပိုင်ဖြစ်သော ကံမည်၍ အကုသိုလ်ဘက်မှလည်း ကိုယ်ဖြင့် မကောင်းမှုကို ပြုကျင့်မှု အကုသိုလ်ကာယကံ(၃)ပါး။ နှုတ်ဖြင့် မကောင်းမှုကို ပြုကျင့်မှုအကုသိုလ်ဝစီကံ(၄)ပါး။ စိတ်ဖြင့် မကောင်းမှုကို ပြုကျင့်မှုအကုသိုလ်မနောကံ(၃)ပါး။ ဤ(၁၀)ပါးသော ဒုစရိုက်ကံသည် မိမိကိုယ်ပိုင်မဟုတ်သောကံ မည်လေသည်။

မိမိမှာဖြစ်စေ၊ သူတပါးမှာဖြစ်စေ ကုသိုလ်ကံ အလုံးစုံသည် အကျိုးမဲ့ကို ဖျက်ဆီးတတ်ခြင်း၊ အကျိုးစီးပွားကို ဖြစ်ထွန်းစေတတ်ခြင်းကြောင့် မိမိကိုယ်ပိုင်ဖြစ်သောကံ မည်လေသည်။ သူတပါးမှာဖြစ်စေ၊ မိမိမှာဖြစ်စေ၊ အကုသိုလ်ကံ

အလုံးစုံသည် အကျိုးစီးပွားကို ဖျက်ဆီးတတ်ခြင်း၊ အကျိုးမဲ့ကို ဖြစ်စေတတ်ခြင်းကြောင့် မိမိကိုယ်ပိုင်မဟုတ်သောကံ မည်လေသည်။

ဤသို့ ကံနှစ်ပါးကို ခွဲခြား၍ သိထားပြီးလျှင် ဗုဒ္ဓသာသနာ၀င် များစွာတို့သည် ကမ္မဿကတာ ဉာဏ်၌ တည်စေပြီး၍ ဒါန,သီလတို့ကို ပြုသင့်ကြသည်။ ထိုသို့ ကမ္မဿကတာ ဉာဏ်၌ တည်စေကုန်၍ အလှူဒါနကိုပြု၍ သီလဆောက်တည်၍ ဉပုသ်ကျင့်သုံး၍ ချမ်းသာ စည်းစိမ်တွေကို ခံစားကာ နိဗ္ဗာန်သို့ ၀င်ရောက်ကုန်သော ဗုဒ္ဓသာသနာ၀င်တို့၏ အရေအတွက်ကား မပိုင်းခြားနိုင်လောက်အောင် များပြားလေသည်။

လောကဥပမာ

ပစ္စည်းဉစ္စာ ချမ်းသာ ကြွယ်၀သော အမျိုးသားသည် လှည်းပေါင်း ငါးရာတို့၌ ဆန်,ရေ,ဆီ,ဆား အစရှိသော ရိက္ခာအပြည့်အစုံ တင်လျက် အစာရေအစရှိသည် ခက်ခဲသော ခရီးသို့ သွားခဲ့သော် တစုံတခုသော ဘေးရန်အကြောင်းကိစ္စ တွေ့ကြုံငြားသော်လည်း အလုံးစုံ စားသောက်စရာ ရိက္ခာတို့ကို ယူခဲ့ပြီးဖြစ်သည့်အတွက် ချမ်းသာစွာ လိုရာခရီးသို့ရောက်သွားရလေသည်။

ထို့အတူ ဗုဒ္ဓသာသနာ၀င် များစွာတို့သည် ကမ္မဿကတာ ဉာဏ်၌တည်၍ ဒါနရိက္ခာ, သီလရိက္ခာ ပြည့်စုံနေပါလျှင် ဘ၀နှာ့စခန်းကို လွယ်ကူစွာ တက်လှမ်းနိုင်၍ နိဗ္ဗာန်အရပ်သို့ ရောက်နိုင်ကုန်၏ဟု ယုံကြည်သင့်ကြသည်။

“ဤသို့သိခြင်းငှာ စွမ်းနိုင်သော ဤကမ္မဿကတာ ဉာဏ်၌

တည်၍ များစွာသောအလှူကို ပေးလှူ၍ သီလကိုဖြည့်ကျင့်၍ ဥပုသ်ကို ဆောက်တည်၍ ချမ်းသာတခုဖြင့် ချမ်းသာတခုကို စည်းစိမ်တခုဖြင့် စည်းစိမ်တခုကိုခံစား၍ နိဗ္ဗာန်သို့ ရောက်ကုန်သောသူတို့၏ ရေတွက်ခြင်း၊ ပိုင်းခြားခြင်း မည်သည် မရှိချေ။ အဘိ။ဋ္ဌ။(၂)၃၉၇။

၁၀။ ကံနှင့် ကံ၏အကျိုး

ကံနှင့် ကံ၏အကျိုးကို ယုံကြည်မှုသည် အရေးကြီး၏။ **ကံ**သည် ကုသိုလ်**ကံ**, အကုသိုလ်**ကံ** ဟူ၍ နှစ်မျိုး ရှိရာတွင် ကုသိုလ် ကောင်းမှုနှင့်စပ်၍ ပြုလုပ် ဆောင်ရွက်သောသူတို့၏ သန္တာန်၌ ဖြစ်သော ဝမ်းမြောက်မှုစိတ်၊ ထိုစိတ်နှင့်ယှဉ်သော စေတနာသည် ကုသိုလ်**ကံ**မည်၏။ အကုသိုလ် မကောင်းမှုနှင့် စပ်၍ ပြုလုပ် လွန်ကျူးသောသူတို့၏ သန္တာန်၌ဖြစ်သော ဝမ်းမြောက်မှုစိတ်၊ ထိုစိတ်နှင့်ယှဉ်သော အကြောင်းစေတနာသည် အကုသိုလ်**ကံ** မည်သည်။

ကုသိုလ်ကံနှင့် အကျိုး

လောက၌ ကုသိုလ်**ကံ**လည်း အမှန်ရှိ၏။ ကုသိုလ်**ကံ**၏ အကျိုးလည်း အမှန်ရှိ၏။ ကုသိုလ်**ကံ**နှင့် ကုသိုလ်**ကံ**အကျိုး ရှိပုံကို သာဓက ထုတ်ဆောင်ပြပေအံ့။ ရာဇဂြိုဟ်ပြည်၌ ပုဏ္ဏ အမည်ရှိသော သူဆင်းရဲတဦး ရှိ၏။ သုမန အမည်ရှိသော သဌေးကိုမှီ၍ အသက်မွေးရ၏။ တနေ့သောအခါ၌ နက္ခတ်ပွဲ သဘင်ရှိငြားသော်လည်း မောင်ပုဏ္ဏသည် ပွဲမသွားပဲ လယ်

ထွန် သွား၏။ အရှင်သာရိပုတ္တရာသည် နိရောဓ သမာပတ်မှ ထ၍ မောင်ပုဏ္ဏ လယ်ထွန်ရာအရပ်သို့ကြွရာ မောင်ပုဏ္ဏက တံပူနှင့် မျက်နှာသစ်ရေတို့ကို လှူသည်။

မောင်ပုဏ္ဏ၏ဇနီး ဘာရိတာသည် လယ်တောသို့ ထမင်းပို့အလာ အရှင်သာရိပုတ္တရာနှင့်တွေ့၍ ထမင်း အကုန်လှူဒါန်း၏။ မောင်ပုဏ္ဏ လယ်ထွန်ရာ၌ ထွန်ချေးခဲအားလုံး ရွှေတွေဖြစ်လာသည်။ မင်းအား အကျိုးအကြောင်း သံတော်ဦးတင်ရာ သဌေးရာထူးကို အပ်နှင်းခံရသည်။

ထိုပြင်၌ပင် ကာဠဝဠိယ မည်သော ဆင်းရဲသားတယောက်သည် ဇနီးသည်နှင့်အတူ သစ်ရွက်ချဉ်ယာဂုကို ကျိုချက်နေ၏။ နိရောဓ သမာပတ်မှ ထလာသော အရှင်မဟာကဿပ ကြွလာ၍ ယာဂုကို လှူဒါန်း၏။ ထန်းပင်တပင်၏အခြေမှ နဘ်သား တဦး၏ ညွန်ကြားချက်ဖြင့် ဥစ္စာအိုး(၇)ခုကို ရ၏။ (၇)ရက် မြောက်သောနေ့၌ သဌေးရာထူးကို ရသည်။ ဥပရိ။၄။၅။

ဤဝတ္ထုများ၌ မောင်ပုဏ္ဏနှင့် ကာဠဝဠိယ သူဆင်းရဲတို့၏ ရဟန္တာ နှစ်ပါးအား လှူဒါန်းခြင်းသည် ကုသိုလ်ကံ မည်၍ သဌေးရာထူးကို ရခြင်းသည် ကုသိုလ်ကံ၏ အကျိုးတရားပင်ဖြစ်သည်။

အကုသိုလ်ကံနှင့် အကျိုး

လောက၌ အကုသိုလ်ကံနှင့် အကုသိုလ်ကံ၏ အကျိုးတရားလည်း ထင်ရှားရှိသည်သာ ဖြစ်သည်။ ထင်ရှားရှိကြောင်းကို ဖေါ်ပြပါ သာဓကဖြင့် ယုံကြည်ထိုက်သည်။ နန္ဒ အမည်

ရှိသော လုလင်သည် လူဖြစ်စဉ်က ချစ်ကြိုက်ခဲ့ဘူးသော ဥပ္ပလဝဏ်ထေရီမကို မေထုန်မှီဝဲပြစ်မှားသည်။ ကိစ္စပြီးစီး၍ ဥဿောင်စောင်းမှ ထွက်ခွာစဉ် မြေမျို၍ အဝီစိ မဟာငရဲသို့ ကျရောက်သည်။

နန္ဒမည်သော နွားသတ်သမားသည် အနှစ်(၅၀)ပတ်လုံး နွားတို့ကိုသတ်၍ အသက်မွေးသည်။ တနေ့သောအခါ၌ ထမင်းစားရာ အသားမရသဖြင့် အသက်ရှင်သော နွားတကောင်၏ လျှာကို အရင်းမှဖြတ်၍ မီးကင်ပြီးစားရာ လျှာရင်းမှ ပြတ်၍ ထမင်းခွက်၌ ကျလာသည်။ "ပူတယ် ပူတယ်"ဟု မြည်တမ်း လျက် သေ၍ ငရဲ၌ ကျရောက်သည်။

နန္ဒဘီလူးသည် အဖော်ဘီလူးနှင့်အတူ ကောင်းကင်၌ သွားလတ်သော် ဦးခေါင်းရိတ်ပြီးစ အရှင်သာရိပုတ္တရာ၏ ဦးခေါင်း ကို အဖော်ဘီလူးက တားပါလျက် ပုတ်ခတ်၏။ "ပူတယ် ပူတယ်"ဟု မြည်တမ်းလျက် မြေမျိုပြီး ငရဲ၌ ဖြစ်ရသည်။ ။ ဥပရိ။ ၄။ ၆။

အကုသိုလ်ရှောင် ကုသိုလ်ပြု

အဆိုပါဝတ္ထုများ၌ နန္ဒ လုလင်၏ ဥပ္ပလဝဏ်ထေရီမကို မေထုန်မှီဝဲခြင်း၊ နန္ဒနွားသတ်သမား၏ နွား၏လျှာကို အရင်းမှ ဖြတ်ခြင်း၊ နန္ဒဘီလူး၏ အရှင်သာရိပုတ္တရာ ဦးခေါင်းကို ပုတ်ခတ်ခြင်းသည် အကုသိုလ်**ကံ**များဖြစ်၍ ငရဲကျခြင်း၊ မြေမျိုခြင်းများသည် အကုသိုလ်**ကံ**၏ အကျိုးတရားများ ဖြစ်သည်။

"ကုသိုလ်ကောင်းမှု**ကံ**သည် ချမ်းသာအမျိုးမျိုးကို ဖြစ်စေ

နိုင်၏။ အကုသိုလ်ကံသည် ဆင်းရဲခြင်းအမျိုးမျိုးကို ဖြစ်စေနိုင်၏။ ထို့ကြောင့် ကုသိုလ်ကံကိုသာ ပြုအပ်၏။ အကုသိုလ်ကံကို မပြုအပ်၊ ကျေးဇူးရှိသော ကုသိုလ်ကံတရား၊ ကျေးဇူးမရှိသော အကုသိုလ်ကံတရားတို့သည် တူမျှသော အကျိုးကို မဖြစ်စေနိုင်ကုန်။ ကျေးဇူးမရှိသော အကုသိုလ်ကံတရားသည် အပါယ်ငရဲသို့ ပို့ဆောင်၏။ ကျေးဇူးရှိသော ကုသိုလ်ကံတရားသည် ကောင်းမြတ်သော သုဂတိဘဝသို့ ဆောင်ပို့၏။

ဤသို့ ကျမ်းဂန်လာသည် အားလျော်စွာ အကုသိုလ်ကံတရားကို ရှောင်ကြဉ် စွန့်ပယ်၍ ကုသိုလ်ကံတရားကို များများကြီး ပြုလုပ် ဆည်းပူးနိုင်ကြစေရန် သတိပေး ရေးသားလိုက်ရသည်။

၁၁။ အစွမ်းထက်သော အကုသိုလ်ကံ

ဤလောက၌ ပကတိသော မီးသည် အလွန်ပူ၏။ ပကတိမီးထက်ပင် ငရဲမီးက ပူပြင်း၏။ အိမ်အထွတ် ပမာဏရှိသော ကျောက်ဖျာကြီးကို ငရဲမီး၌ချလိုက်သည်ရှိသော် တခဏချင်း လောင်ကျွမ်း၍ ကြေမွသွားနိုင်၏။ ထိုသို့ ကျောက်ဖျာကြီးကို လောင်ကျွမ်း ကြေမွသွားစေနိုင်သော ငရဲမီးသည် ငရဲသား၏ ခန္ဓာကိုယ်ကိုကား ကြေမွခြင်းသို့ မရောက်စေနိုင်ဟု ကျမ်းဂန်တို့၌ အဆိုရှိသည်။

ငရဲသား သတ္တဝါတို့အား အကြင်မျှလောက် မကောင်းမှုကံသည် ကုန်ဆုံးခြင်းသို့ မရောက်သေး၊ ထိုမျှလောက် ထိုငရဲ

သား သတ္တဝါသည် မသေနိုင်၊ အချို့သော သတ္တဝါတို့သည် ရှေး၌ ပြုအပ်သော အကုသိုလ်ကံ၏အကျိုးဖြင့် သေကြရ ကုန်၏။ ကံသည် ဆန်းကြယ်၏၊ အစွမ်းရှိ၏။ ငရဲသားများ သည် အကုသိုလ်ကံကို ပြုခဲ့ကြ၏။ သူတို့ပြုခဲ့ကြသော အကုသိုလ် ကံသည် အရိပ်ပမာ သူတို့နောက်သို့လိုက်၍ သူ့တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်၏။ သူတို့ပြုထားသော မကောင်းမှုကံ မကုန်သမျှ ကာလပတ်လုံး ထိုငရဲသား မသေနိုင်၊ ငရဲသား ပြုထားသော အကုသိုလ်ကံ၏ အစွမ်းသည် ငရဲမီးကိုတောင် မလောင်ကျွမ်းနိုင်အောင် ဒုက္ခပေးဘိသည်။

ဆိုလိုသည်မှာ ငရဲသား ပြုထားသော အကုသိုလ်ကံသည် များ၏။ မသေမချင်းခံနေရ၏။ အတော် ကြာရှည်စွာ ခံပြီး နောက် အကုသိုလ်ကံ ကုန်ဆုံးသောအခါ၌ လောင်ကျွမ်း သေ ဆုံးရမည် ဖြစ်၏။အကြင်မျှလောက် မိမိပြုထားသော အကုသိုလ် ကံ မကုန်သေး၊ ထိုမျှလောက် မသေနိုင်သေးသည်သာ ဖြစ် သည်။ ဤမျှလောက် ကြောက်မက်ဖွယ်, ကြက်သီးမွေးညှင်း ထဖွယ်, စိတ်ပျက်ဖွယ် ဒုက္ခမျိုးစုံကို ခံရမည်ဖြစ်သော သူ့ အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးခြင်း အစရှိသော အကုသိုလ်ကံ တရားများကို သတိတရားလက်ကိုင်ထားကာ ရှောင်ရှား စွန့် ပယ်သင့်ကြသည်။ အဟောသိကံဖြစ်သော အကုသိုလ်သည် နည်းပါးလှ၏။ များသောအားဖြင့် အတုံ့အပြန်သဘောမျိုး ဖြင့် ကိုယ့်အလှည့်ကျရောက်ခါ ခံရမည်သာ ဖြစ်သည်။

အင်္ဂုလိမာလနှင့် အကုသိုလ်ကံ

အင်္ဂုလိမာလသည် သူ့နာမည် အဓိပ္ပါယ်ကိုက အကုသိုလ်နှင့် စပ်သွယ်နေ၏။ မူလငယ်နာမည်မှာ အများသတ္တဝါတွေကို မညှဉ်းဆဲရန်ဆိုပြီး အဟိံသကဟု ခေါ်ဝေါ်ခဲ့ကြ၏။ လူသားပေါင်း တထောင်ကျော်ကို သတ်ဖြတ်ခဲ့၏။ ထိုလူပေါင်း တထောင်ကျော်၏ လက်ချောင်းများကို နွယ်ကြိုးဖြင့် မပျောက်မပျက်ရအောင် သီကုံးပြီးလျှင် ပန်းကုံးပြု၍ ဆွဲထား၏။ ထိုအချိန်မှစ၍ လက်ညှိုးများကို ပန်းကုံးကဲ့သို့ သီကုံးသော အင်္ဂုလိမာလအဖြစ် သူ့နာမည် ထင်ရှားလာရသည်။

အဆိုပါ အင်္ဂုလိမာလသည် လူသတ်ခြင်း အကုသိုလ်ကံကို များစွာ ပြုခဲ့၏။ သူ၏အကုသိုလ်ကံများသည် အကျိုးပေးခွင့် နည်းပါးလှ၏။ ပစ္ဆိမဘဝိက နောက်ဆုံးဘဝ ခန္ဓာဖြစ်သည်အားလျော်စွာ နောက်ဘဝ မဖြစ်တော့၍သာ အကျိုးကြီးကျယ်စွာ မပေးခြင်း ဖြစ်သည်။ သို့ပါသော်လည်း ဆန်းကြယ်လှဘိ၏။ သူ၏အကုသိုလ်ကံအားလျော်စွာ ရဟန်းဖြစ်၍ ဆွမ်းခံသောအခါ၌ သူ့အား ဆွမ်းမလောင်းကြချေ။ ငါ့အမေသတ်လို့၊ ငါ့အဖေသတ်လို့၊ ငါ့ဆွေမျိုးသတ်လို့ အစရှိသည်ဖြင့် သူ့အကုသိုလ်ကံအား အကျိုးပေးချေသေးသည်။ ဤမျှမက ကလေးတွေဆော့ပြီး ပစ်သော တုတ်၊ ခဲ အစရှိသော အဝိညာဏကများကတောင် သူ၏ခေါင်းကို မှန်ခြင်း အစရှိသော အကုသိုလ်ကံ၏ဒဏ်ကို ခံရသေး၏။ အကုသိုလ်ကံတရားသည် ရဟန္တာကြီးကိုတောင်မညှာပဲ အကျိုးပေးခြင်း၊ အစွမ်းပြခြင်း ဖြစ်သည်။

ကံကြောင့် သေရပုံ

အချို့သော သတ္တဝါသည် အသက်အရွယ်ငယ်ငယ် ဖြင့် သေရ၏။ အကုသိုလ်ကံ၏အစွမ်းပင်ဖြစ်၏။ သူတပါးအသက်ကို သတ်ခဲ့ဘူးသော သတ္တဝါများသည် အသက်တို၏ဟု ဆိုသော စကားသည် အလွန်မှန်၏။ (၁) အသက်ကုန်၍ သေခြင်း၊ (၂) ကံကုန်၍ သေခြင်း၊ (၃) အသက်,ကံ နှစ်မျိုး ကုန်၍ သေခြင်း၊ (၄) ကပ်၍ဖြတ်တတ်သော အကုသိုလ်ကံကြောင့် သေခြင်းဟူ၍ သေခြင်းတရားလေးမျိုးရှိရာ အသက်တမ်းလည်း ရှိ, ကုသိုလ်ကံလည်း ရှိပါလျက် ကြားဝင်လာသော ကပ်၍ ဖြတ်တတ်သော အကုသိုလ်ကံကြောင့် သေရခြင်းသည် နစ်နာလှသည်။

ဤမျှလောက် အစွမ်းထက်၍ နှိပ်စက်ဖျက်ဆီးတတ်သော ဆိုးဝါးလှသော အကုသိုလ်အလုပ်များကို "ဤယနေ့မှ အစ ပြု၍ မပြုတော့ပါ"ဟု သန္နိဋ္ဌာန်ချ ဆုံးဖြတ်ကာ ရှောင်ကြဉ် သင့်ကြောင်းကို ရေးသားလိုက်ရသည်။

၁၂။ ကံအကျိုးပြ ဒွ်ေလောက်စရာ

"သုဘလုလင်....သတ္တဝါတို့သည် ကံသာလျှင် မိမိဥစ္စာ ဖြစ်ကုန်၏။ ကံ၏အမွေခံသာ ဖြစ်ကုန်၏။ ကံသာလျှင် အမျိုး ဖြစ်ကုန်၏။ ကံသာလျှင် အဆွေဖြစ်ကုန်၏။ ကံသာလျှင် ကိုး ကွယ်ရာဖြစ်ကုန်၏။ ယုတ်သည်၏အဖြစ်, မြတ်သည်၏အဖြစ်ဖြင့် အကြောင်းကံသည် ရှိ၏။ ထိုကံသည် သတ္တဝါတို့ကို ဝေဖန်၏"

ဤသတ္တလောက၌ တည်ရှိကြသော သတ္တဝါအပေါင်း သည် တဦးနှင့်တဦး အသက်တို,ရှည်၊ အဆင်းလှ,မလှ၊ ရော ဂါကင်း,မကင်း အစရှိသောအားဖြင့် ထူးထွေ ကွဲပြား ခြား နားသည်သာ ဖြစ်သည်။ ကာယကံရှင် မိမိတို့က အဆင့်အ တန်း တူချင်သော်လည်း အဘယ်နည်းနှင့်မျှ မတူနိုင်သည်သာ ဖြစ်သည်။ သတ္တဝါတို့ကို အနိမ့်,အမြင့် ဝေဖန်ပေးတတ်သော ကံတရားကြောင့်သာ မတူကြခြင်း ဖြစ်သည်။

သစ်ပင်ဥပမာ

အချို့သော သစ်ပင်သည် ချဉ်သော သဘောရှိသည်။ အ ချို့ငန်သည်၊ အချို့ခါးသည်၊ အချို့စပ်သည်၊ အချို့ဖန် သည်၊ အချို့ချိုသည်။ ဤကဲ့သို့ ကွဲပြားခြင်းသည် မျိုးစေ့ ကွဲပြားခြင်းကြောင့် ဖြစ်သည်။ မျိုးစေ့နှင့်ကံ တူ၍ သစ်ပင် များနှင့် သတ္တဝါအများ တူကြသည်။ ကံ၏အစွမ်းကြောင့် သတ္တဝါအများ တဦးနှင့်တဦး ကွဲပြားနေခြင်း ဖြစ်သည်။ မိလိန္ဒ။ပါ။၆၇။

ကံ၏အစွမ်း

၁။ ကံတရား ပိတ်ပင်သောကြောင့်လည်းကောင်း၊ (၂) ကိလေသာပိတ်ပင်သောကြောင့်လည်းကောင်း၊ (၃) တရားကို မယုံကြည်သောကြောင့်လည်းကောင်း၊ ဤ (၃)ပါးသော အကြောင်းတို့ကြောင့် ပရိတ်တော်သည် အန္တရာယ် ဟူသမျှကို အကာအကွယ်မပေးနိုင်တော့သည်သာ ဖြစ်သည်။ သားသည် မိခင်ဥပမာ၊ မိမိသားငယ်ကို မိခင်သည် မစင်အညစ်အကြေး အစရှိသည်ကိုပယ်၍ သုတ်သင်ကျွေးမွေးလာခဲ့သည်။ အရွယ်ရောက်သောအခါ အခြားသော သူငယ်တို့နှင့် သူငယ်တို့ဘာဝ ကစားကြရာ အခြားသောသူငယ်တို့ကို ရိုက်နှက် ပုတ်ခတ်၏။ အပြစ်ကို လွန်ကျူး၏။ အပြစ်ရှိ၍ ရွာသူကြီးအိမ်သို့ ပို့ရာ ရွာသူကြီးက ထိုသူငယ်ကို အပြစ်အလျောက် ရိုက်နှက်, ပုတ်ခတ် အပြစ်ဒဏ်ပေး၏။ ထိုသူငယ်၏ မိခင်သည် မိမိသားကို သူကြီးထံ မပို့ရန်လည်းကောင်း၊ မရိုက်နှက်, မပုတ်ခတ်ရန် လည်းကောင်း မတားမြစ်နိုင်သည်သာ ဖြစ်သည်။

အပြစ်လွန်ကျူးသော သူငယ်နှင့် ကံ–တူ၍၊ မိခင်နှင့် ပရိတ်တော် တူကြသည်။ ပရိတ်တရားတော်၏ ဘေးအန္တရာယ်ကို ကာကွယ်နိုင်ခြင်းကိုပင် ကံတရားက ပိတ်ပင် တားဆီးထားနိုင်သည်။ ကံ၏အစွမ်းကြောင့် ပရိတ်တရားတော်သည် အန္တရာယ် အကာအကွယ်မပေးနိုင်ခြင်းဖြစ်သည်။ မိလိန္ဒ။ပါ။၁၄၅။

ကံ နှင့် တန်ခိုး

ဗုဒ္ဓမြတ်စွာ ကိုယ်တော်မြတ်၏ လက်ဝဲတော်ရံ အရှင်မောဂ္ဂလာန်သည် တန်ခိုးကြီး၏။ ဗုဒ္ဓမြတ်စွာက တန်ခိုးအရာ

မှာ ငါ့သားတော် မောဂ္ဂလာန် အသာဆုံးဟု တေဒဂ် ထား တော်မူသည်။ သို့သော်လည်း ခိုးသားတို့၏ လက်ချက်ဖြင့်ကွဲ သော ဦးခေါင်းရှိသည် ဖြစ်၍ မှုန့်မှုန့်ညက်ညက် အရိုး, အ သား,အကြော အပိုင်းအပိုင်းပြတ်သော ကိုယ်ရှိသည်ဖြစ်၍ ပရိ နိဗ္ဗာန်ပြုရ၏။ အရှင် မောဂ္ဂလာန်၏ တန်ခိုးကြီးခြင်း သည် ကုသိုလ်ကံ၏ အကျိုးဖြစ်၍ ခိုးသားတို့၏ လက်ချက်ဖြင့် ဦး ခေါင်းကွဲခြင်း၊ အရိုး, အသား, အကြော အပိုင်းအပိုင်းပြတ် သော ကိုယ်ရှိခြင်းသည် အကုသိုလ်ကံ၏ အကျိုးဖြစ်သည်။ တန် ခိုးအစွမ်းနှင့် ကံအစွမ်းပြိုင်ကြရာ ကံအစွမ်းက နိုင်သွားခြင်း ဖြစ်သည်။

တောမီးဥပမာ

မြေကြီးထက်၌ တောမီး အကြီးအကျယ်လောင်လတ်သော် အရာ,အထောင်မျှသော အိုးတို့ဖြင့် ခပ်ယူအပ်သော ရေဖြင့် ငြိမ်းစေခြင်းငှာ မတတ်နိုင်သည်သာ ဖြစ်သည်။ အဘယ် ကြောင့်နည်း ဟူမူ၊ လောင်သော တောမီး၏ ကြီးကျယ်သော ကြောင့် ဖြစ်ပေသည်။ အိုးတို့ဖြင့် ခပ်ယူအပ်သော ရေနှင့် တန်ခိုးသည် တူ၍ အကြီးအကျယ်လောင်သော တောမီးနှင့် ကံတူကြသည်။ တန်ခိုးတည်းဟူသော အစိန္တေယျကံကို ကမ္မဝိပါ က တည်းဟူသော အစိန္တေယျကံက နိုင်သွားခြင်း ဖြစ်သည်။ မိလိန္ဒ။ပါ။၁၈၇။၁၈၈။ ။

ဤမျှလောက် ကံအကျိုးပြ‌ော အံ့လောက်စရာ အစွမ်းထက် သော ကံ၏အစွမ်းကို သိရှိကြပြီးလျှင် အကုသိုလ်ကံကို ရှောင်

နိုင်အောင် မဖြစ်မနေကြိုးစား၍ ကုသိုလ်ကံကို နေ့စဉ်နေ့စဉ် ဆည်းပူး အားထုတ်သင့်ကြောင်းကို ရေးသားလိုက်ရသည်။

၁၃။ သုတ္တန်နည်းလာ ကံဆယ့် တစ်ဖြာ

သတ္တဝါတိုင်းကို ကံသည် ချယ်လှယ်လျက်ရှိသည်။ ကံခြယ်လှယ်ရာကို အားလုံးသော သတ္တဝါများ ခံနေကြရသည်။ ကံသည် အရေးပါအရာရောက်သည်။ ကောင်းဖို့ဆိုးဖို့ကို ကံသည် စီမံဖန်တီးပေးသည်။ အခြေခံလိုရင်းအဖြစ် ရပ်တည်နေသော တရားဖြစ်သည်။ သို့အတွက် "ကံသာမူလ သမ္ဘဒ္ဓတို့ ဟောပြသည်မှာ အရင်းသာတည်း"ဟု မန်လည် ဆရာတော်ဘုရားကြီး မိန့်ဆို ရေးသားခဲ့ခြင်း ဖြစ်သည်။

ဒိဋ္ဌဓမ္မဝေဒနီယကံ (၁)

မျက်မှောက်ဘဝ၌ အကျိုးပေးသော တခုသော ဝီထိ၌ ဇော(၇)ကြိမ်တို့တွင် ကုသိုလ်, အကုသိုလ်ဖြစ်သော ပထမဇော စေတနာသည် ဒိဋ္ဌဓမ္မဝေဒနီယကံ မည်သည်၊ ကုသိုလ် အနေအားဖြင့် ကာကဝဠိယသဌေး, ပုဏ္ဏသဌေး၊ အကုသိုလ် အနေအားဖြင့် နန္ဒဘီလူး, နန္ဒလုလင်, နန္ဒနွားသတ်သမား, ကောကာလိက, သုပ္ပဗုဒ္ဓ, ဒေဝဒတ်, စိဉ္စမာဏဝိကာတို့သည် မျက်မှောက်ဘဝ အကျိုးပေးရာ၌ သက်သေသာကေတို့ ဖြစ်ကုန်၏။

ထိုကံသည် မျက်မှောက်ဘဝ၌ အကျိုးပေးခွင့်မကြုံလျှင် အဟောသိကံ ဖြစ်လေတော့သည်။ အကျိုးပေးခြင်းသဘော မရှိသောကံ ဖြစ်ရသည်။ ထိုကံကို မုဆိုးဥပမာဖြင့် ထုတ်ပြသင့်သည်။ ထင်ရှားစေဦးမည်၊ သားမုဆိုးသည် သမင်ကိုမြင်၍ လေးကိုဆွဲငင်ပြီး ပစ်အပ်သော မြားသည် အကယ်၍ မချွတ်ချော်သည်ဖြစ်အံ့၊ ထိုသမင်ကို ထိုပစ်လိုက်ရာ အရပ်၌သာလျှင် လဲကျစေရာ၏။ ထိုသို့ သမင်လဲကျရာအခါ၌ မုဆိုးသည် ထိုသမင်ကို အရေမရှိသည်ကိုပြု၍ အပိုင်းအပိုင်းဖြတ်ပြီး အသားကိုယူ၍ သားမယားကို နှစ်သိမ့်စေလျက် သွားလိုရာ အရပ်သို့ သွားသည်။ အကယ်၍ ချွတ်ချော်သဖြင့် သမင်ကို မထိမှန်သည်ဖြစ်အံ့၊ သမင်သည် ထွက်ပြေး၍ တဖန် ထိုအရပ်ကို လုံးဝ လာတော့မည်မဟုတ်ချေ။

မြား၏ မချွတ်ယွင်းပဲ သမင်ကို ထိမှန်ခြင်းကဲ့သို့ ဒိဋ္ဌဓမ္မဝေဒနီယကံ၏ အကျိုးပေးခြင်းအလှည့် အကြိမ် အခွင့်ရခြင်းကို မှတ်သားသင့်သည်။ သမင်ကို မထိမှန်ခြင်းကဲ့သို့ အကျိုးမပေးသော အဟောသိကံဖြစ်ရသည်ကို မှတ်သားသင့်သည်။

ဥပပဇ္ဇ ဝေဒနီယကံ (၂)

အကျိုးကို ပြီးစေတတ်သော(၇)ကြိမ်မြောက် သတ္တမဇောစေတနာသည် ဥပပဇ္ဇဝေဒနီယကံ မည်သည်၊ ထိုကံသည် ဒုတိယမြောက်ဘဝ၌ အကျိုးပေးခြင်းသဘောရှိသည်။ ကုသိုလ်အဖို့၌ ရှစ်ပါးသော သမာပတ်၏အစွမ်းဖြင့် အကုသိုလ်အဖို့၌ ပဉ္စာနန္တရိယကံ၏အစွမ်းဖြင့် သိအပ်, သိသင့်, သိထိုက်သည်၊ ကုသိုလ်,အကုသိုလ်နှစ်ပါးတို့တွင် သမာပတ်ရှစ်ပါးကို ရသော

သူသည် တခုသော သမာပတ်ဖြင့် ဗြဟ္မာဘုံ၌ ဖြစ်နိုင်သည်။ ကံကြီးငါးပါးကို လွန်ကျူးသောသူသည် တခုသော ကံကြီးဖြင့် ငရဲဘုံ၌ ဖြစ်နိုင်သည်။

ကြွင်းကျန်သော သမာပတ်တို့သည်လည်းကောင်း၊ ကြွင်းကျန်သော ကံတို့သည်လည်းကောင်း၊ အဟောသိကံ၏ အဖြစ်သို့ ရောက်ကြလေကုန်သည်။ အကျိုးပေးခြင်းသဘောမရှိ ဖြစ်ကုန်သည်။ ထိုသို့ဖြစ်သော ကံကိုလည်း ယခင်ကံမှာ ပြခဲ့သော ဥပမာအတိုင်းပင် မှတ်သားသင်သည်။

"အပရာပရိယ ဝေဒနီယကံ" (၃)

ဒိဋ္ဌဓမ္မဝေဒနီယကံ အကျိုးပေးသော ပထမဇော စေတနာ ဥပပဇ္ဇဝေဒနီယ ကံ အကျိုးပေးသော သတ္တမဇော စေတနာ တို့၏ အလယ်၌တည်သော ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပဉ္စမ၊ ဆဋ္ဌမဇော စေတနာ(၅)ချက်သည် အပရာပရိယ ဝေဒနီယကံ မည်သည်။ ထိုကံသည် တတိယဘဝမှစ၍ နိဗ္ဗာန်ရသည့် ဘဝ တိုင်အောင် အခွင့်ရသောအခါ၌ အကျိုးပေးသည်။ သံသရာ ဖြစ်မှုရှိနေပါလျှင် အဟောသိကံ မဖြစ်ပေ။ သံသရာပြတ်သွားသော် အဟောသိကံ ဖြစ်နိုင်သည်။

ထိုကံကို ခွေးမုဆိုးဝတ္ထုဖြင့် ပြသင့်သည်။ ခွေးမုဆိုးသည် သမင်ကို မြင်လတ်သော်၊ ခွေးကို ရှူးတိုက်လျက် သမင်နောက်သို့ အစဉ်လိုက်၍ အကြင်အရပ်၌ ခွေးသည် သမင်ကိုမှီ၏။ ထိုမီရာ၌သာလျှင် ကိုက်၏ ဤဥပမာ အတူ ဤကံသည် အကြင်

ဘဝ၌ အကျိုးပေးခွင့်ကိုရ၏။ ထိုဘဝ၌သာလျှင် အကျိုးပေး၏။ ထိုကံမှလွတ်သော သဘာ၀ မည်သည် မရှိချေ။

ယဂ္ဂရုက ကံ (၄)

ကုသိုလ်, အကုသိုလ် ဖြစ်ကုန်သော လေးသောကံ၊ ပေါ့သောကံတို့တွင် အကြင်ကံသည် လေး၏။ ထိုကံသည် ယဂ္ဂရုက ကံ မည်သည်။ ထိုကံသည် ကုသိုလ်အဖို့၌ မဟဂ္ဂုတ် ကံ၊ အကုသိုလ်အဖို့၌ ပဉ္စာနန္တရိယကံပင် ဖြစ်သည်။ ထိုကံရှိခဲ့သော် အခြားသော ကုသိုလ်,အကုသိုလ်ကံတို့ အကျိုးပေးခွင့်မရချေ။ ထိုကံသည်သာလျှင် နှစ်ပါးသော ပဋိသန္ဓေကျိုးကို ပေးသည်။ ဥပမာအားဖြင့် မုန်ညင်းစေ့ပမာဏရှိသော ကျောက်ခဲ,သံခဲကို ရေအိုင်၌ ချလိုက်သော်၊ ပေါလောပေါ်ခြင်းငှာ မစွမ်းနိုင်၊ အောက်သို့သာ ဝင်သကဲ့သို့ ဖြစ်ချေသည်။

ယဗ္ဗဟုလ ကံ (၅)

ကုသိုလ်, အကုသိုလ် နှစ်ပါးတို့တွင် အကြင်ကံသည် များပြား၏။ ထိုများပြားသော ကံသည် ယဗ္ဗဟုလကံမည်သည်။ ထိုကံကို ရှည်မြင့်စွာသော နေ့ညဉ့်ပတ်လုံး ရအပ်သော အာသေဝနပစ္စည်း အထောက်အပံ့၏အစွမ်းဖြင့် သိအပ်,သိသင့်,သိထိုက်သည်။ အားရှိသောကုသိုလ်တို့၌ ဝမ်းမြောက်ခြင်းကို ပြုဘတ်သော ကံသည် လည်းကောင်း၊ အကုသိုလ်တို့၌ ပူပန်ခြင်း ကို ပြုတတ်သော ကံသည်လည်းကောင်း ယဗ္ဗဟုလကံမည်သည်။

ဥပမာအားဖြင့် နှစ်ယောက်သော လက်ဝှေ့သည် တို့သည်။ လက်ဝှေ့ထိုးရာသို့ ရောက်ကြကုန်သော် အားကောင်းသော သူ

သည် အားမကောင်းသောသူကို လဲကျစေ၍ အနိုင်ယူသည်။ ဤဥပမာအတူ အဖန်ဖန်မှီဝဲသည်၏အစွမ်းဖြင့် အားရှိသော ကံသည်လည်းကောင်း၊ နီးသည်၏အစွမ်းဖြင့် အားရှိသောကံသည်လည်းကောင်း၊ အခြားသော အားနည်းသောကံကို လွှမ်းမိုး၍ အကျိုးကို ပေးနိုင်သည်။ ဒုဋ္ဌဂါမဏိ မင်းကြီးသည် ကုသိုလ်ကောင်းမှု များစွာတို့ကို ပြုသည်။ စစ်တိုက်သွားရာ အရပ်ပင်ဖြစ်သော်လည်း အလှူဒါနကို ရှေးဦးစွာ လှူပြီးမှသာ စားလေ့ရှိသည်။ သာသနာကိုလေးစားသော မင်းတပါးပင် ဖြစ်သည်။ မဟာစေတီကြီးကို ပြုပြင်စဉ် မပြီးဆုံးမီသေဖို့ နတ်ရွာစံဖို့ အချိန်ရောက်လာသည်။ ရဟန်းသံဃာများက စုပေါင်း၍ နိကာယ် ငါးရပ်ကို ရွတ်ဖတ် သရဇ္ဈာယ်ကြသည်။ နတ်ပြည် ခြောက်ထပ်မှ နတ်ရထား၆–စင်း ရောက်လာသည်။

မင်းကြီးသည် ကုသိုလ်ကောင်းမှု စာရင်းကို စာဖတ်သူတယောက်အား ဖတ်စေ၍ နားထောင်နေသည်။ ထိုသို့ဖတ်ရာ၌ မည်သည့် ကုသိုလ်ကံမျှ မင်းကြီး၏စိတ်ကို မနှစ်သက်စေနိုင်။ တခုသောစစ်ပွဲ၌ စစ်တိုက်ရာရှုံးသဖြင့် တောအုပ်တခုသို့ ဝင်၍နေစဉ် တခုသောခွက်၌ ထည့်အပ်သောဆွမ်းကို လေးစုပုံစေ၍ ဗောဓိမာတု မဟာတိဿထေရ်အား လှူအပ်ဘူးသည်ကို ဖတ်ပြလိုက်သော် နှစ်သက်၍ "တန်တော့"ဟုပြောဆိုပြီး၍ "အဘယ်နတ်ပြည်သည် မွေ့လျော်ဖွယ်ရှိပါသနည်း"ဟု သံဃာကိုမေး၍ "တုသိတာနတ်ပြည်"ဟု ဖြေပြီးသောခဏ၌သေလွန်၍ တုသိတာနတ်ပြည်သို့ နတ်ရထားစီး၍ ကြွတော်မူသည်။ဤကား ယဗ္ဗဟုလကံက အခြားသောကံကိုလွှမ်းမိုး၍ အကျိုးပေးခြင်း ဖြစ်သည်။

ယဒါသန္တကံ (၆)

ကုသိုလ်ကံ, အကုသိုလ်ကံတို့တွင် သေခါနီးသော အခါ၌ အောက်မေ့ခြင်းငှာ စွမ်းနိုင်သော ကံသည် ယဒါသန္နကံ မည်သည်။ ဥပမာအားဖြင့် နွားအပေါင်းရှိသော နွားခြံကိုဖွင့်လိုက်သော် နောက်အဖို့ ဆုံးမထိုက်သောနွားသိုး၊ အားရှိသောနွားတို့ ရှိငြားသော်လည်း ခြံတံခါးအနီး၌ရှိသောနွားသည်သာ အယုတ်ဆုံး နွားအိုကြီးပင် ဖြစ်သော်လည်း ရှေးဦးစွာ ထွက်သွားနိုင်သည်။ ဤဥပမာအတူ အခြားသော ကုသိုလ်, အကုသိုလ်ကံတို့ ရှိငြားသော်လည်း သေရာကာလ၏ နီးသည်၏အဖြစ်ကြောင့် ယဒါသန္နကံသည်သာလျှင် အကျိုးပေးသည်။

တံငါသည်တဦးသည် အနှစ်၅၀-တိုင်ပတ်လုံး ပါဏာတိပါတကံကိုပြု၍ အသက်မွေးသည်။ သေခါနီး၌ စူဠပိဏ္ဍပါတိကတိဿ ထေရ်၏အစီအစဉ်ဖြင့် သရဏဂုံနှင့်ငါးပါးသီလကို ဆောက်တည်ရာ ငါးပါးသီလကို ဆိုနေစဉ် သေလွန်၍ စတုမဟာရာဇ် နတ်ပြည်သို့ ရောက်သည်။

ဥပါသကာတဦးသည် အနှစ်၃၀-တိုင်ပတ်လုံး သောတာပတ္တိမဂ်ရဖို့အတွက် ဒွတ္တိံသာကာရကမ္မဋ္ဌာန်းကို ကြိုးစားအားထုတ်သော်လည်း အရိပ်အရောင်မျှ မဖြစ်၍ အယူဖောက်ပြန်ခြင်း ဒိဋ္ဌိဝိပလ္လာသသို့ရောက်၍ သေလွန်သောအခါ ဂင်္ဂါမြစ်၌ (၉) ဥသဘရှိသော မိကျောင်းပြိတ္တာ ဖြစ်၏။ ဤကား ကုသိုလ်ယဒါသန္နကံနှင့် အကုသိုလ်ယဒါသန္နကံ အကျိုးပေးပုံဖြစ်သည်။

ကဋတ္တာကံ (၇)

ယဂ္ဂရုကကံ၊ ယဗ္ဗဟုလကံ၊ ယဒါသန္နကံ ဤကံ ၃–ပါးတို့မှ လွတ်သော ဥာဏ်ကင်းခြင်း၊မသိခြင်း၏အစွမ်းဖြင့် ပြုအပ်သော ကံသည် ကဋတ္တာကံမည်သည်။ ကံဟု ဆိုရရုံမျှ ရှိ၍ ကံအမည် ခေါ်ရုံမျှ သဘောရှိသည်။ ဥပမာအားဖြင့် ရူးသောသူသည် ပစ်အပ်သောတုတ်ချောင်းသည်၊ ရောက်ချင်ရာရောက် ကျချင်ရာ ကျ၏။ဤသဘောအတိုင်းပင် ထိုကံ ၃–ပါးတို့မရှိသော်သာလျှင် အမှတ်မထင် တစုံတခုသောအကျိုးကို ပေးနိုင်သည်။

ဇနကကံ (၈)

ပဋိသန္ဓေအကျိုးကိုသာ ဖြစ်စေတတ်သောကံသည် ဇနကကံ မည်သည်။ ကံတပါး၏အကျိုးကို မဖြတ်မူ၍သာလျှင် အကျိုးကို ဖြစ်စေခြင်းသဘောရှိသည်။ ပဝတ္တိအခါ၌ အခြားသော ကံသည် အကျိုးကိုဖြစ်စေ၏။ ဤလောက၌ အမိသည် သားသမီးကို ဖြစ်စေတတ်သည်။ အထိန်းသည် သည်ကား စောင့်ရှောက် ပြုစုလုပ်ကျွေးရုံသာဖြစ်သည်။ လောက၌ အမေကဲ့သို့ ပဋိသန္ဓေကို ဖြစ်စေတတ်သော ဇနကကံကို မှတ်သားသင့်သည်။ အထိန်းကဲ့သို့ ပဝတ္တိအခါ၌ ရောက်လာသော ကံကို မှတ်သားသင့်သည်။

တမျိုးဆိုသေး၏၊ဇနကကံသည် ကုသိုလ်ဇနကကံ၊အကုသိုလ်ဇနကကံဟု နှစ်မျိုးရှိသည်။ ထိုကံနှစ်မျိုးသည် ပဋိသန္ဓေအခါ၌လည်းကောင်း၊ ပဝတ္တိအခါ၌လည်းကောင်း ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ်တို့ကို ဖြစ်စေတတ်သည်။

ဥပတ္ထမ္ဘကကံ (၉)

ကိုယ်တိုင်အကျိုးကိုမဖြစ်စေမူ၍ တပါးသောကံသည်ဖြစ်စေအပ်သော ဖြစ်လတံ့သော သုခအကျိုး ဒုက္ခအကျိုးကို အားရှိအောင် ထောက်ပံ့ပေးတတ်သော ကံသည် ဥပတ္ထမ္ဘကကံ မည်သည်။ ကုသိုလ်, အကုသိုလ် နှစ်မျိုးလုံး၌ ထောက်ပံ့ပေးတတ်သည်။ ထင်ရှားစေဦးအံ့၊ အချို့သောသူသည် ကုသိုလ်ကောင်းမှုကိုပြု၍ သုဂတိဘဝ၌ ဖြစ်၏။ ထိုသူသည် ကောင်းမြတ်သောထိုဘုံဘဝ၌တည်လျက် အဖန်တလဲလဲ ကုသိုလ်ကိုပြု၍ ထိုကံကိုထောက်ပံ့နိုင်စေ၍ များစွာသော နှစ်တို့ပတ်လုံး သုဂတိဘဝ၌သာလျှင် ကျင်လည်ရသည်။ အချို့သောသူသည် အကုသိုလ်ကံကိုပြု၍ ဆင်းရဲသောဒုဂ္ဂတိဘဝ၌ ဖြစ်၏၊ ထိုသူသည် ထိုဒုဂ္ဂတိဘဝ၌တည်လျက် အဖန်တလဲလဲ အကုသိုလ်ကိုပြု၍ ထိုကံကိုထောက်ပံ့နိုင်စေ၍ များစွာသော နှစ်တို့ပတ်လုံး ဆင်းရဲသောဒုဂ္ဂတိဘဝ၌သာလျှင် ကျင်လည်ရသည်။

ဥပပီဠကကံ (၁၀)

ကံတပါးသည် ဖြစ်စေအပ်သော အကျိုးကို ဖျားနာခြင်း၊ ဓာတ်လေးပါး ညီညွတ်ခြင်းအစရှိသော အကြောင်းကိုတားမြစ်ခြင်းဖြင့် ကြာမြင့်စွာဖြစ်ခြင်းကို တားမြစ်တတ်၊ ကပ်၍နှိပ်စက်တတ်သောကံသည် ဥပပီဠကကံ မည်သည်။ ထင်ရှားစေဦးအံ့၊ ကုသိုလ်အကျိုးဖြစ်လတ်သော် အကုသိုလ်ကံသည် ကပ်၍နှိပ်စက်တားမြစ်၍ ကုသိုလ်ကံအား အကျိုးပေးခွင့် မပေးတော့ချေ။ အကုသိုလ်အကျိုး ဖြစ်လတ်သော် ကုသိုလ်ကံသည် ကပ်၍နှိပ်စက်တားမြစ်၍ အကုသိုလ်ကံအား အကျိုးပေးခွင့် မပေး

တော့ချေ။ ဥပမာအားဖြင့် ကြီးစွာသော သစ်ပင်, ချုံနွယ်ကို တစုံတယောက်သောသူသည် ဒါးလက်နက်ဖြင့် ဖြတ်ရာ၏။ ထိုအခါ ထိုသစ်ပင်,ချုံနွယ်သည် ကြီးပွားခြင်း မဖြစ်တော့ချေ။

ရာဇဂြိုဟ်ပြည်၌ ဝါတကာဋက မည်သောသူသည် အနှစ် ၅၀–တို့ပတ်လုံး ခိုးသူသတ်ခြင်းအမှုကို ပြု၏။ အသက်အရွယ်အိုမင်းသောအခါ၌ ခိုးသူသတ်ရာကူးမှ ဖြုတ်ချခံရ၏။ တနေ့သောအခါ ကိစ္စတခုဖြင့် အခြားအရပ်မှ အိမ်သို့ ပြန်လာရာ အရှင်သာရိပုတ္တရာ ထေရ်ကို မြင်၍ "ငါသည် အရှင်မြတ်ကို ဖူးမြင်ရပြီ၊ ညစ်နွမ်းသောကံမှ ကင်းပေတော့မည်" ဟု ဤသို့ နှစ်သက်သောစိတ်ရှိသည်ဖြစ်၍ မထေရ်ကို အိမ်သို့ပင့်၍ ထောပတ်, သကြားတို့ဖြင့် ပြုပြင်အပ်သော နို့ဆွမ်းဖြင့် ဆက်ကပ်လုပ်ကျွေးသည်။ မထေရ်သည် တရားအနုမောဒနာပြု၍ ပြန်ကြွသည်။ ခိုးသူသတ်ယောကျ်ားသည် မထေရ်ကိုလိုက်ပို့၍ ပြန်လာရာ နွားမဝှေ့၍ သေလွန်ပြီးလျှင် တာဝတိံသာ နတ်ပြည်သို့ ရောက်သည်။ဤကား ကလျာဏမိတ္တပုဂ္ဂိုလ်ကိုအမှီရ၍ ဥပပီဠက ကုသိုလ်ကံ အကျိုးပေးပုံဖြစ်သည်။

ဥပဃာတကကံ (၁၁)

မိမိသည် ကုသိုလ်ဖြစ်သော်လည်းကောင်း၊ အကုသိုလ်ဖြစ်သော်လည်းကောင်း တပါးသော အားနည်းသောကံကို ညှဉ်းဆဲနှိပ်စက် ဖျက်ဆီး၍ ထိုအားနည်းသော ကံအကျိုးကိုတားမြစ်၍ မိမိ၏ အကျိုးပေးခွင့်ကို ပြုသောကံသည် ဥပဃာတကကံ မည်သည်။ ဥပစ္ဆေဒကကံဟူ၍လည်း ခေါ်ဝေါ်သင့်လေသည်။

ကုသိုလ်ကံ အကျိုးပေးရာအခါ၌ တခုသော အကုသိုလ်ကံသည် ထ၍ ထိုကံကိုဖြတ်၍ ကျစေတတ်သည်။ အကုသိုလ်ကံ အကျိုးပေးရာ အခါ၌လည်း တခုသော ကုသိုလ်ကံသည် ထ၍ ထိုကံကိုဖြတ်၍ ကျစေတတ်သည်၊ ဤကား ဥပစ္ဆေဒကသဘောကို ပြခြင်းဖြစ်သည်။ ထိုကံနှင့်ပတ်သက်၍ အဇာတသတ်မင်း၏ ကံသည် ကုသိုလ်ကံကိုဖြတ်ခြင်း ဖြစ်သည်။ အင်္ဂုလိမာလထေရ်၏ ကံသည် အကုသိုလ်ကံကို ဖြတ်ခြင်းဖြစ်သည်။ ။ဤကား သုတ္တန်နည်းလာကံ ၁၁–ပါးတို့ဖြစ်သည်။ (အံ ။၄။၂။၁၀၄ မှ ၁၁၀–အထိ)။

၁၃။ အခါးမျိုးစေ့, အချိုမျိုးစေ့

"ခါးစေတတ်သော ခွေးတောက်, တမာ, ကန့်ကလာ စသော မျိုးစေ့တို့ကို စိုက်ပျိုးသည်ဖြစ်အံ့၊ သူ့သဘောအတိုင်း ခါးသော အသီးသာလျှင် သီးလာပေလိမ့်မည်။ သရက် , ပိန္နဲ, မာလကာ, ဩဇာ, ဒူးရင်းစသော ချိုစေတတ်သောမျိုးစေ့ကို စိုက်ပျိုးသည်ဖြစ်အံ့။ သူ့သဘာဝ ဓမ္မတာအတိုင်း ချိုသော အသီးသာလျှင် သီးလာပေလိမ့်မည်

ဒုစရိုက်ဆယ်ပါးကို အပြုများသော သတ္တဝါသည် ကမ္မနိယာမ သဘောအားဖြင့် အပါယ်လေးဘုံသို့ ကပ်ရောက်ရပြီးလျှင် ဒုက္ခမျိုးစုံကို ခံစားရပေလိမ့်မည်။ သုစရိုက်ဆယ်ပါး ကုသိုလ်တရားကို အပြုများသောသတ္တဝါသည် လူ့ဘုံ, နတ်ဘုံ, ဗြဟ္မာဘုံသို့ ကပ်ရောက်ရပြီးလျှင် ချမ်းသာစည်းစိမ်ကို ခံစားရပေလိမ့်မည်"

အထက်ပါစကားသည် ဗုဒ္ဓမြတ်စွာ၏စကားတော်ဖြစ်သည်။ အခါးမျိုးစေ့ကိုစိုက်လျှင် အခါးပင်ပေါက်၍ အခါးသီး သီးသကဲ့သို့ အကုသိုလ်ကံကို ပြုလုပ်လျှင် အကုသိုလ်၏ အကျိုး အပါယ်လေးဘုံမှာ ခံရလိမ့်မည်။ အချိုမျိုးစေ့ကို စိုက်လျှင် အချိုပင်ပေါက်၍ အချိုသီး သီးသကဲ့သို့ ကုသိုလ်ပုညကြိယာကို ပြုလုပ်လျှင် ကုသိုလ်၏အကျိုးပေးရာ ကာမသုဂတိ ၇–ဘုံ၊ ဗြဟ္မာဘုံ၂၀–တို့မှာ ကောင်းကျိုးကို ခံစားရပေလိမ့်မည်။

ဥပမာ ဥပမေယျ နှိုးနှော

သစ်စေ့ကိုစိုက်သောအခါ ပထမအပင်ကလေးပေါက်လာမှု အကျိုးတချက်၊ အတန်ကြာ အသီးသီးလာမှု အကျိုးတချက်၊ ဤကဲ့သို့ အကျိုးနှစ်ချက်ရှိသကဲ့သို့ ကံ၏အကျိုးသည်လည်းပထမ ပဋိသန္ဓေနေခြင်းဖြင့် လူနတ်စသည်ဖြစ်လာခြင်း အကျိုးတချက်၊ မွေးဖွားပြီးနောက် အထူးထူးသော ကာမဂုဏ်ဣဋ္ဌာရုံ၊ အနိဋ္ဌာရုံတို့ကို ခံစားရခြင်း ပဝတ္တိကျိုးတချက်၊ ဤသို့ ပဋိသန္ဓေကျိုး ပဝတ္တိကျိုး နှစ်ချက်ရကြောင်းကို ကျမ်းဂန်တို့၌လာရှိသည်။

ကုသိုလ်ကံ လေးမျိုး

တိဟိတ်ဥက္ကဋ္ဌကုသိုလ်ကံ၊ တိဟိတ်ဩမကကုသိုလ်ကံ၊ ဒွိဟိတ် ဥက္ကဋ္ဌ ကုသိုလ်ကံ၊ ဒွိဟိတ်ဩမက ကုသိုလ်ကံ ဟူ၍ ကံ၄–မျိုး ရှိသည်။ ထိုကံ ၄–မျိုးတွင် အမှန်တကယ် အဟုတ် အဟုတ် တော်ဘူမက ခေါ်ဆိုရသော ၃၁–ဘုံကို ဒုက္ခသစ္စာတရားကြီး အနေဖြင့်ထင်၍ သံသရာမှ မြန်မြန်ကြီး ထွက်မြောက်လိုသော စိတ်ဖြင့် လှူမှု၊သီလစောင့်မှုစသော ကုသိုလ်ကံသည် ဉာဏ်နှင့်

ယှဉ်သော တိဟိတ်ကံဖြစ်၍ မလှူမီရှေ့အဖို့၊ လှူပြီး နောက် အဖို့ ကုသိုလ်တွေခြံရံနေပါလျှင် ဥက္ကဋ္ဌဖြစ်ပြီး ဤနှစ်ပါးပြည့်စုံသော် သော တိဟိတ်ဥက္ကဋ္ဌကုသိုလ်ကံ ဖြစ်နိုင်သည်။ တိဟိတ်သာ ဖြစ်၍ ရှေ့နောက်နှစ်တန် အကုသိုလ် ခြံရံနေပါလျှင် တိဟိတ် ဩမက ကုသိုလ်ကံဖြစ်ရသည်။ ဉာဏ်မယှဉ်ပဲ လှူမှုအတွက် ဒွိဟိတ်ဖြစ်၍ ရှေ့နောက် နှစ်တန် ကုသိုလ်ခြံရံနေမှု ဒွိဟိတ် ဥက္ကဋ္ဌ ကုသိုလ်ကံဖြစ်ရသည်။ ဉာဏ်ယှဉ်မှုလည်းမရှိ ရှေ့နောက် လည်း အကုသိုလ်ခြံရံမှု နှစ်ဖက်ညှိ ဒွိဟိတ်ဩမက ကုသိုလ်ကံ ဖြစ်ရသည်။

ကုသိုလ်ခြံရံပုံ

"အိုခြင်း,နာခြင်း,သေခြင်း ဒုက္ခတွေဟာ တယ်ပြီးကြောက်စရာ ကောင်းပါလား။ မအိုမီ,မနာမီ,မသေမီ တတ်အားသမျှ လှူဒါန်းတော့မယ်။ ဘုရားရှင်သာသနာမှာ လူလာ၍ဖြစ်ခိုက် ငါတို့မေ့လျော့နေ၍ မတော်ဘူး။ ကြိုးစားပြီးလှူဒါန်းမယ်။ ပစ္စည်းလည်းသခ်ါရတရား၊ငါ၏ခန္ဓာကိုယ်လည်း သခ်ါရတရား ဖြစ်၍ နှမြောစုံမက်နေ၍ မသင့်တော်ဘူး၊ ရှိခိုက်လှူမှပဲ"။

"ငါ ကြံစည်၍ထားသော အလှူကြီးသည် ဒီဘခါဖြင့် အောင်မြင်ပေပေါ့၊ လှူရခဲ့သော အလှူကြီးကို လှူလိုက်ရပေပေါ့၊ငါ၏အလှူကို ခံယူသည့်နေ့မှအစပြု၍ ချမ်းသာကြပါစေ၊ ငါ၏ကုသိုလ်အဖို့ကို အားလုံး အမျှယူနိုင်ကြပါစေ။ ဤကား ရှေ့နောက် ကုသိုလ်ခြံရံပုံဖြစ်သည်။

အကုသိုလ်ခြံရပုံ

"ဒီကိုယ်တော်မျိုးတော့ ငါမလှူဘူး၊ ခွေးကျွေးပစ်မယ်၊ ငါ့အလှူ အရက်သမားလာလျှင် ပါးရိုက်ထုတ်မယ်၊ ငါ့အလှူကို အဝတ်အစားညစ်ထေးထေးနှင့်လာလျှင် ထမင်းမကျွေးဘူး၊ ဘန်ကောက်,ပိုးလုံချည်ဝတ်လာသူကို ဝက်သား, ကြက်သားနှင့်ကျွေး၍ ချည်လုံချည်အနွမ်း ဝတ်လာသူကို သရက်ချဉ်နှင့်သာ ကျွေးမယ်"

"ဒီ ဒုဿီလ ကိုယ်တော်တွေကို လှူမိတာ မှားသွားပြီ၊ သားကလေး ရှင်ပြုမိလို့ ပိုက်ဆံကြေးငွေတွေ ကုန်ရတယ်။ လှူလို့ကုန်သွားသော ငွေတစ်ထောင်ဖြင့် ခြံမြေဝယ်လိုက်ရ အကောင်းသား"ဤကား ရှေ့နောက် အကုသိုလ်ခြံရပုံ ဖြစ်သည်။

၁၅။ ဘုရားတရား အထူးလေးစား

ဗုဒ္ဓမြတ်စွာ တို့ဆရာသည် အခါတပါး၌ ဝေသာလီပြည် ဂေါတမက မည်သော နတ်ဘီလူး၏ ဗိမာန်မှာ သီတင်းသုံး တော်မူသည်။ ထိုသို့နေတော်မူသောအခါ၌ ဤသို့သောတရား ကို ဟောကြားတော်မူသည်။

ဂေါတမကစေတီယသုတ်

ချစ်သား ရဟန်းတို့....ငါဘုရားသည် ဤကား ခန္ဓာ ငါး ပါး၊ ဤကား အာယတန တဆယ့်နှစ်ပါး၊ ဤကား ဓာတ် တဆယ့်ရှစ်ပါး၊ ဤသို့စသည်တို့ကို ထူးသောဉာဏ်ဖြင့် သိ၍ တရားကို ဟောကြား၏။ ထူးသောဉာဏ်ဖြင့် မသိပဲ ဟော ကြားသည်မဟုတ်။

အကြောင်းရှိသောတရားကို ဟောကြား၏။ အကြောင်း မရှိသောတရားကို ဟောကြားသည်မဟုတ်၊ ဆန့်ကျင်ဘက်ကို ပယ်နိုင်သော ပြာဋိဟာရှိသောတရားကို ဟောကြား၏။ ပြာဋိ ဟာ မရှိသောတရားကို ဟောကြားသည်မဟုတ်၊ အထူး သိ၍ တရားကို ဟောကြားသော ငါဘုရားသည် သင်တို့အား သွန် သင်ဆုံးမ၏။ အထူးမသိပဲမဟောသော ငါဘုရားသည် သင်တို့ အား သွန်သင်ဆုံးမ၏။အကြောင်းရှိသောတရားကို ဟောသော ငါဘုရားသည် သင်တို့အား သွန်သင်ဆုံးမ၏။ အကြောင်းမရှိ သော တရားကို မဟောသော ငါဘုရားသည် သင်တို့အား သွန်သင်ဆုံးမ၏။

ရာဂ စသော ဆန့်ကျင်ဘက် ကိလေသာအပေါင်းကို ပယ်သတ်နိုင်သော ပြာဋိဟာ ရှိသောတရားကို ဟောသော ငါဘုရားသည် သင်တို့အား သွန်သင်ဆုံးမ၏။ ပယ်သတ်နိုင်သော ပြာဋိဟာ မရှိသောတရားကို မဟောသော ငါဘုရားသည် သင်တို့အား သွန်သင်ဆုံးမ၏။

ဗုဒ္ဓမြတ်စွာသည် ခပ်သိမ်းသော တရားတို့ကို သိပါပေ၏။ တရားကို ကောင်းစွာ ဟောပါပေ၏။ သံဃာသည် ကောင်းသောအကျင့်ရှိပါပေ၏ဟု သင်တို့အား နှစ်သက်ထိုက်, ဝမ်းမြောက်ထိုက်, ရွှင်လန်းထိုက်ပေ၏။ (တိက အင်္ဂုတ္တိုရ်၊ ဂေါတမက စေတိယသုတ်) ဤသုတ်ကို ဟောသောအခါ၌ မြေကြီးတုန် လှုပ်သည်။

ဂေါတမက စေတီ

ဂေါတမက အမည်ရှိသော နတ်ဘီလူး၏ ဗိမာန်ကို ဂေါတမကစေတီဟု ခေါ်ဝေါ်သုံးစွဲကြသည်။ ဗုဒ္ဓမြတ်စွာသည် ပထမဗောဓိ၌ ဝါတော် (၂၀)ရသည့်ကာလတိုင်အောင် တရံတခါ စာပါလစေတီ၌ နေတော်မူသည်။ တခါတရံ၌သာ ရန္ဒဒစေတီ၌ သီတင်းသုံးတော်မူသည်။ တခါတလေ ဗဟုပုတ္တစေတီ၌ နေထိုင်တော်မူသည်။ တခါတလေ၌ ဂေါတမက စေတီ၌ သီတင်းသုံးတော်မူသည်။ ဤဂေါတမက စေတိယသုတ်ကို ဟောတော်မူချိန်၌ကား ဂေါတမက ဘီလူး၏ ဗိမာန် ဂေါတမကစေတီ၌ နေတော်မူသည်။

ဤသုတ်ကို ဘာကြောင့်ဟော

အခါတပါး၌ ပုဏ္ဏားမျိုးမှ ရဟန်းပြုသော ရဟန်း များ စွာတို့သည် ကိုယ်တိုင်သင်ယူအပ်သော ဗုဒ္ဓမြတ်စွာ၏စကားကို မှီ၍ ငါသာသိ၏ဟု မာန်မူခြင်းကို ဖြစ်စေ၍ "ဘုရားမြတ်စွာ သည် တရားဟောခဲ့သော်၊ ငါတို့သိနေသည်ကိုသာ ဟော လိမ့်မည်။ ငါတို့မသိသည်ကို ဟောနိုင်မည်မဟုတ်"ဟု နှလုံး သွင်းပြီးလျှင် တရားနာရာအရပ်သို့ မသွားပဲနေကြသည်။

ဤအကြောင်းကို ဘုရားမြတ်စွာ သိတော်မူ၍ ထိုရဟန်း တို့ကို ခေါ်စေပြီးလျှင် နှုတ်ပဋိညာဉ်ကိုယူ၍ မူလပရိယာယ သုတ်ကို ဟောတော်မူသည်။ ထိုရဟန်းတို့သည် တရားနာရာ အရပ်သို့ မသွားမလာပဲသာ နေကြကုန်သည်။ ဘုရားမြတ်စွာ သည် ငါ၏စကားသည် ထွက်၏ဟု နှုတ်တက်သည်ကိုသာ ဟော၏ဟု ကြံစည်ကြကုန်သည်။ ဗုဒ္ဓမြတ်စွာသည် ထိုရဟန်း တို့၏စိတ်ကိုသိ၍ ဤဂေါတမက စေတိယသုတ္တန်ကို ဟောကြား တော်မူသည်။

မြေလှုပ်ရခြင်းသဘော

ဤသည့်ဂေါတမက စေတိယသုတ်ကို ဟောသော အခါ၌ မြေကြီးတုန်လှုပ်သည်ဟု ဆိုသည်။ ပါဠိတော်၊ အဋ္ဌကထာ နှစ်မျိုးလုံးတို့၌ လာသည်။ ဤသို့သဘောရှိသော မြေလှုပ်ခြင်း သည် သဗ္ဗညုတဉာဏ်၏ ကြည်လင်ရာ ဗောဓိမဏ္ဍိုင်၌လည်း ဖြစ်ဘူးသည်။ ဗုဒ္ဓမြတ်စွာအလောင်းတော်သည် တောင်အရပ် မျက်နှာအဖို့ဖြင့် ဗောဓိမဏ္ဍိုင်သို့ တက်တော်မူလတ်သော်၊ တောင်အရပ်မျက်နှာ အဖို့သည် အောက် အဝီစိငရဲသို့ ရောက်ရ

၁၆။ ပညာထူးခြား ထေရ်(၆)ပါး

ဗုဒ္ဓမြတ်စွာ ဤသာသနာ၌ ပညာအရာ၌ ထူးခြားသော မထေရ်ကြီး(၆)ပါး ရှိသည်။ ထိုမထေရ်ကြီး (၆)ပါးသည် အမေးပုစ္ဆာကိုလည်း ထုတ်နိုင်,ဖြေလည်းဖြေနိုင်သည်။ အချို့သောသူသည် အမေးပုစ္ဆာကို ထုတ်နိုင်၍ ပြဿနာကိုမဖြေရှင်းနိုင်ပေ။ အချို့သော သူသည် ပြဿနာကို ဖြေရှင်းနိုင်စွမ်းရှိသော်လည်း အမေးပုစ္ဆာကိုကား မထုတ်နိုင်ပေ။အချို့သောသူသည် အမေးပုစ္ဆာကိုလည်း မထုတ်တတ်၊ အဖြေ ဝိဿဇ္ဇနာကိုလည်း ရှင်လင်း မပြောတတ်ပေ။ အချို့သော သူသည် မေးခြင်း,ဖြေခြင်း နှစ်ကိစ္စလုံးကို ဆောင်နိုင်စွမ်းရှိသည်။

(၁) အရှင်သာရိပုတ္တရာ

မပြောလောက်ဖွယ် အနည်းငယ်သောပညာနှင့်ပြည့်စုံသော ရဟန်းသည် သာဝကပါရမီဉာဏ်၏ အထွတ်အထိပ်သို့ ရောက်ခြင်းငှာ မစွမ်းနိုင်ပေ။ ကြီးကျယ်သော ပညာရှိသော ရဟန်းသာ သာဝကပါရမီဉာဏ်၏ အထွတ်အထိပ်သို့ ရောက်နိုင်စွမ်းရှိသည်။ ကြီးကျယ်သော ပညာရှိသောကြောင့် အရှင်သာရိပုတ္တရာသည် ထိုသာဝက ပါရမီဉာဏ်အရာကို ရရှိခြင်းဖြစ်သည်။ ထိုစကား မှန်လှသည်။ ပညာအရာ၌ အရှင်သာရိပုတ္တရာနှင့်တူသူ မရှိချေ။ သို့အတွက် ဗုဒ္ဓမြတ်စွာက "ငါ့တပည့် အပေါင်း အမြောက်အမြားအနက် သာရိပုတ္တရာသည် ပညာအရာ အသာလွန်ဆုံးပဲ"ဟု အမွန်းတင်ခဲ့ခြင်း ဖြစ်သည်။

(၂) အရှင်မဟာကစ္စာန

မပြောစလောက် မပေါက်ရောက် ပညာနဲ့သော ရဟန်းသည် ဗုဒ္ဓမြတ်စွာ အကျဉ်းဟောထားသည်ကို သဗ္ဗညုတဉာဏ်နှင့် နှီးနှောပေါင်းဆုံ၍ အကျယ်အနက်ကို မည်သည့်နည်းနှင့်မျှ ဝေဖန်ပိုင်းခြားနိုင်စွမ်း မရှိပါချေ။ ပညာအရာ သာလွန်သော ရဟန်းသည်သာ ဝေဖန်ပိုင်းခြားနိုင်စွမ်း ရှိပေလိမ့်မည်။ ပညာအရာ သာလွန်သော အစွမ်းရှိသောကြောင့် အရှင်မဟာကစ္စာနသည် အကျယ်အနက်ကို ဝေဖန်ပိုင်းခြားနိုင်စွမ်း ရှိသည်။ ဤသို့ ဝေဖန်ပိုင်းခြားနိုင်စွမ်း ရှိသောကြောင့် ဗုဒ္ဓမြတ်စွာက "ငါ၏တပည့်သား အမြောက်အမြားတွင် အကျဉ်းကို အကျယ်ဝေဖန်ရာ၌ မဟာကစ္စာနသည် အထူးချွန်ဆုံးရဟန်း" ဟု မော်ကွန်းတင်ခဲ့ခြင်း ဖြစ်သည်။

(၃) အရှင်ပုဏ္ဏ

ပညာ အစွမ်းအစမရှိသော ရဟန်းသည် နက်နဲလှစွာ တရားဒေသနာကို နည်းအဖြာဖြာဖြင့် မဟောကြားနိုင်ရာ၊ ပညာအစွမ်းအစရှိသော ရဟန်းသည်သာ ကထာဝတ္ထု ဆယ်ဖြာကိုဆောင်၍ ဝိသုဒ္ဓိ(၇)ဖြာတို့ကို ဝေဖန်ပိုင်းခြားကာ ဟောကြားနိုင်သည်။ ထိုကဲ့သို့ ပညာအစွမ်းရှိသောကြောင့် အရှင်ပုဏ္ဏသည် ပရိသတ် လေးပါးအလယ်၌ တန်ဆာဆင်အပ်သော တရားဟောပလ္လင်မှာ ဆန်းကြယ်သော ယပ်တောင်ကို ဆွဲကိုင်၍ နေထိုင်ပြီးလျှင် တင့်တယ် စံပယ်သော လပြည့်ဝန်းကြီးကဲ့သို့ တရားစကား မြွက်ကြားသည်။ ဤကဲ့သို့ နက်နဲလှစွာ တရားဒေသနာမိုးကို ရွာဖြိုးစေတတ်သောကြောင့် ဗုဒ္ဓမြတ်စွာက

"သာသနာတခွင် ငါ့တပည့်အပေါင်းတွင် နက်နဲလှစွာ တရားဟောကြားရာ၌ မန္တာနီပုဏ္ဏေးမ၏သား ပုဏ္ဏသည် အတော်ဆုံးပဲ"ဟု မြွက်ကြားတော်မူခြင်း ဖြစ်သည်။

(၄) အရှင်ကုမာရကဿပ

မပြောစလောက် ပညာအရောင်မတောက်ပသော ရဟန်းသည် တရားဟောခဲ့သော်၊ တောင်ဝှေးစွန်းကို ဆွဲကိုင်၍ သွားရသော သူကန်းကဲ့သို့လည်းကောင်း၊ တဖဝါးသာ ချလောက်သော သေးငယ်သော တံတားပေါ်သို့ တက်သောသူကဲ့သို့လည်းကောင်း၊ ကျယ်ကျယ်ပြန့်ပြန့် ဟောပြောနိုင်စွမ်း မရှိသည်သာ ဖြစ်သည်။ ပညာအရောင် တောက်ပြောင်သော ရဟန်းသည်ကား လေးပါဒရှိသော ဂါထာကို မူတည်၍ ဥပမာအမျိုးမျိုး အကြောင်းအမျိုးမျိုးဆောင်၍ ပိဋကတ်သုံးပုံ မြတ်စွာဘုရားစကားကိုယူ၍ အောက်အထက်ပို့၍ ဟောပြောနိုင်စွမ်းရှိသည်။

ပညာအရောင် တောက်ပြောင်သောကြောင့် အရှင်ကုမာရကဿပသည် တဂါထာကို ချဲ့ထွင်၍ ဥပမာအကြောင်းအမျိုးမျိုးဆောင်၍ တဂါထာနှင့် ဥပမာအကြောင်း ယှဉ်တွဲပြီးလျှင် အလိုလိုဖြစ်သော ဇာတဿရအိုင်၌ ကြာမျိုးငါးပါးတို့ကို ပွင့်စေဘိသကဲ့သို့ လည်းကောင်း၊ မြင့်မိုရ်တောင်ထိပ်၌ ဆီမီးတထောင်ကို ညှိထွန်းသကဲ့သို့လည်းကောင်း၊ ဗုဒ္ဓမြတ်စွာ ဟောကြားရာမှယူ၍ ဟောပြောနိုင်စွမ်းရှိသည်။ ဤကဲ့သို့ ဟောပြောနိုင်စွမ်းရှိသောကြောင့် ဗုဒ္ဓမြတ်စွာက "ငါ၏တပည့်သားအမြောက်အမြားတွင် ဆန်းကြယ်လှစွာ တရားစကား ဟော

ပြောရာ၌ ကုမာရကဿပသည် အမှန်အမြတ်ဆုံးတပည့်ပဲ''ဟု ချီးမြှောက်တော်မူခြင်း ဖြစ်သည်။

(၅) အရှင်အာနန္ဒာ

ပညာမဲ့ငြား မထင်ရှားသော ရဟန်းတပါးသည် တဂါထာကို လေးလတို့ဖြင့် သင်ယူသော်လည်း သင်ယူခြင်းငှာ မစွမ်းနိုင်ရာ၊ ပညာရှင်ဖြစ်သောသူသည်ကား တခုသော ခြေချရာ၌ ရပ်၍ ပုဒ်ပေါင်း အရာ့အထောင်ကို သင်ယူနိုင်စွမ်း ရှိသည်။ ပညာရှင်ဖြစ်သောကြောင့် အရှင်အာနန္ဒာသည် တခုသော ခြေလှမ်းအကြိမ်၌ရပ်၍ တကြိမ်ကြားနာ၍ တဖန်မမေးပဲ ပုဒ်ပေါင်း ခြောက်သောင်း, ဂါထာပေါင်း တစ်သောင်း ငါးထောင်တို့ကို နွယ်ကြိုးဖြင့် ပန်းပွင့်တို့ကို သီကုံးသကဲ့သို့ တပြိုင်နက်တည်း သင်ယူနိုင်စွမ်းရှိသည်။ သင်ယူအပ်ပြီးသည်တို့ကို ကျောက်စာပေါ်၌ စာထွင်းထားသကဲ့သို့လည်းကောင်း၊ ရွှေအိုး၌ ခြင်္သေ့ဆီထည့်သွင်းထားသကဲ့သို့လည်းကောင်း၊ သင်ယူထားသည့်အတိုင်း မမေ့မပျောက် မှတ်သားနိုင်စွမ်းရှိသည်။

ဤသည်ကိုရည်၍ ဘထွေးတော် အမိတ္တောဒန၏ သားညီဝမ်းကွဲ အာနန္ဒာကို ဗုဒ္ဓမြတ်စွာက "ငါ၏သာသနာတခွင် တပည့်သားအပေါင်းတွင် လုံ့လရှိသောအရာ၊ သတိရှိသောအရာ၊ တည်ကြည်မှုရှိသောအရာ၊ ဗဟုသုတရှိသောအရာ၊ အလုပ်အကျွေး အရာငါးမျိုးစလုံး၌ အာနန္ဒာကို မှီသူမရှိ''ဟု အတိအလင်း ကြေငြာချက်ထုတ်ခဲ့သည်။

(၆) အရှင်မဟာ ကောဋ္ဌိက

ပညာစွယ်စုံမပေါက်ရောက်သော ရဟန်းသည် လေးပါးသော ပဋိသမ္ဘိဒါအပြားကို အဆုံးသို့ ရောက်စေခြင်းငှာ မစွမ်းနိုင်သည်သာ ဖြစ်သည်။ ပညာစွယ်စုံ ပေါက်ရောက်သော သူသည်သာ လေးပါးသော ပဋိသမ္ဘိဒါအပြားကို အဆုံးသို့ ရောက်စေခြင်းငှာ စွမ်းနိုင်သည်။ ပညာစွယ်စုံ ပေါက်ရောက်သောကြောင့် အရှင်မဟာ ကောဋ္ဌိကသည် အဓိဂမ၊ ပရိယတ္တိ၊ သဝန၊ ပုဗ္ဗယောဂတို့၏ အစွမ်းဖြင့် အပိုင်းအခြားမရှိသော နည်းများစွာရှိသော ပဋိသမ္ဘိဒါ အပြားသို့ ရောက်တော်မူပြီး ဖြစ်သည်။ ဤသို့ ပဋိသမ္ဘိဒါသို့ ရောက်သည်ကို အစွဲပြု၍ ဗုဒ္ဓမြတ်စွာက "ငါ၏တပည့်သား မြောက်မြားလှစွာတွင် ပဋိသမ္ဘိဒါသို့ ရောက်သော မဟာကောဋ္ဌိကသည် ထူးကဲလှသော ဂုဏ်ဆောင် ရဟန်းဟု မိန့်ခွန်းတော် ခြွေခဲ့ပြီးဖြစ်သည်။

သင်စာရှုသူ ဓမ္မမိတ်ဆွေအပေါင်းတို့မှာလည်း ပညာထူးခြား ထေရ်(၄)ပါးတို့လို ဖြစ်ချင်ကြပါလျှင် ဓမ္မသာ ပူဇော် မဟာတေဇဝန္တော–ဒေသနာရှိသည့်အတိုင်း တရားဓမ္မကို ကြိုးစား၍ ပူဇော်သင့်ကြောင်းကို ညွှန်ကြားလိုက်ရသည်။

၁၇။ သမဏဗြာဟ္မဏဆိုသည်မှာ

လူသုံးပါးတို့၏အားထားရာ ဗုဒ္ဓမြတ်စွာသည် အခါတပါး၌ အင်္ဂတိုင်း အဿပုရအမည်ရှိသော နိဂုံးကို ဆွမ်းခံရွာပြု၍ သီတင်းသုံးနေထိုင်တော်မူစဉ် အောက်ပါစကားကို မိန့်ကြားတော်မူသည်။

"ချစ်သားရဟန်းတို့....လူအပေါင်းက သင်တို့ကို "ရဟန်း ရဟန်း"ဟူ၍ ကောင်းစွာသိ၏။ သင်တို့ကလည်း၊ သင်တို့သည် အဘယ်သူတို့နည်းဟု မေးသော်၊ "ငါတို့သည် ရဟန်းများ ဖြစ်ကုန်၏"ဟု ဝန်ခံကုန်၏။ ချစ်သားရဟန်းတို့....ဤသို့ အသမုတ်ခံရသော ဤသို့ဝန်ခံသော သင်တို့သည် သမဏ ဖြစ်ကြောင်း၊ ဗြာဟ္မဏဖြစ်ကြောင်း တရားတို့ကို ဆောက်တည်၍ ကျင့်ကုန်သော်၊ ငါတို့၏ ဤအသမုတ်ခံခြင်းနှင့် ဝန်ခံခြင်းသည်လည်း အမှန်အတိုင်း ဖြစ်လတံ့၊ ငါတို့သည် အကြင်သူတို့၏ သင်္ကန်း၊ အိပ်ရာနေရာ၊ သူနာ၏ အထောက်အပံ့ဆေး၊ အဆောက်အဦကို သုံးဆောင်ကုန်၏။ ထိုသူတို့၏ ငါတို့အပေါ်၌ ထိုပြုလုပ်ခြင်းတို့သည် များသောအကျိုး၊ များသောအာနိသင်ရှိသည်ဖြစ်ကုန်လတံ့၊ ငါတို့၏ ဤရဟန်းအဖြစ်သည်လည်း မမြုံ အကျိုးများ၍ တိုးပွားခြင်းရှိသည် ဖြစ်လတံ့"ဟု ဤသို့လျှင် ကျင့်ကြံအားထုတ်ရမည်။

ဗုဒ္ဓမြတ်စွာသည် မည်သည့်အကြောင်းကြောင့် ဤစကားကို မိန့်ကြားတော်မူသနည်း ဟူမူ၊ ထိုအဿပုရနိဂုံး၌ လူတို့သည် ကံ,ကံ၏အကျိုးကို ယုံကြည်ကုန်၏။ ရတနာသုံးပါးကို

ကြည်ညိုကုန်၏။ ဘုရား၊ တရား၊ သံဃာကို အမြတ်တနိုး ထား ကုန်၏။ ယနေ့ပြုသစ်စသော သာမဏေကလေးကိုလည်း ဝါ တော်တရာရှိပြီးသော မထေရ်ကြီးကဲ့သို့ပြု၍ ချီးမွမ်းကုန်၏။ နံနက်ဆွမ်းခံကြွလာသော ရဟန်းသံဃာကို မြင်သည်ရှိသော်၊ မျိုးစေ့၊ ထွန်၊ ထယ် အစရှိသည်တို့ကိုယူ၍ လယ်တောသို့လည်း ကောင်း၊ ပုဆိန် အစရှိသည်ကို ယူ၍ တောသို့လည်းကောင်း၊ သွားကုန်သော်လည်း ထိုမျိုးစေ့၊ ထွန်၊ ထယ်၊ ပုဆိန် အစရှိ သော အဆောက်အဦတို့ကို ခေတ္တချထား၍ ရဟန်းသံဃာ နေ ထိုင်ရာဖြစ်သော ဆွမ်းစားဇရပ်ကို လည်းကောင်း၊ မဏ္ဍပ်ကို လည်းကောင်း၊ သစ်ပင်ရင်းကိုလည်းကောင်း၊ တံမြက်လှည်း၍ နေရာတို့ကိုခင်း၍ မြူမှုန်မပါသော သောက်ရေတို့ကိုလည်း တည်ထား၍ ရဟန်းသံဃာကို ထိုင်နေစေသည်။

ထို့နောက် ယာဂုခဲဖွယ်တို့ကို ဆက်ကပ်သည်။ ဆွမ်းလုပ် ကျွေးခြင်းကိစ္စ ပြီးစီးသောအခါ ရဟန်းသံဃာကို ရှိခိုးဦးချ၍ "ပြန်ကြွတော်မူကြပါကုန်ဘုရား" ဟု လျှောက်ထားကြကုန် သည်။ အားလုံးသော ဝေယျာဝစ္စတွေ ပြီးစီးသောအခါမှသာ ခေတ္တချထားသော မျိုးစေ့၊ ထွန်၊ ထယ်၊ ပုဆိန် အစရှိသည် တို့ကိုယူ၍ လယ်တောသို့လည်းကောင်း၊ တောအရပ်သို့လည်း ကောင်း သွား၍ မိမိတို့ကိစ္စကို ပြုကြကုန်သည်။

မိမိတို့ကိစ္စကို ပြုလုပ်ရာအရပ်၌လည်း ထိုအဿပုရနိဂုံးသူ၊ နိဂုံးသားတို့သည် အခြားသောစကားကို မပြောကြားကုန်၊ မင်္ဂလာ၌တည်သော ပုဂ္ဂိုလ်လေးယောက်၊ ဖိုလ်၌တည်သော ပုဂ္ဂိုလ် လေးယောက်၊ ဤရှစ်ယောက်သော ပုဂ္ဂိုလ်တို့သည် အရိယာ

သံသာ မည်ကုန်၏။ ထိုအရိယာ သံဃာတို့သည် "ဤသို့သော သီလနှင့် ဤသို့သော အလေ့နှင့်၊ ဤသို့သော ပဋိပတ် အကျင့်နှင့် ပြည့်စုံကုန်၏၊ မကောင်းမှုမှ ရှက်ခြင်းရှိကုန်၏။ သီလကို ချစ်မြတ်နိုးကုန်၏၊ မြတ်သောဂုဏ်ရှိကုန်၏" ဤသို့ ရဟန်းသံဃာ၏ဂုဏ်ကျေးဇူးကိုသာလျှင် စကားတခုပြု၍ ပြော ဆိုကြကုန်သည်၊ မိမိတို့ လုပ်ငန်းကိစ္စပြီး၍ အိမ်ပြန်ရောက်သော အခါ၌လည်း အိမ်တံခါး၌ နေစဉ်လည်း ရဟန်းသံဃာ တို့၏ ဂုဏ်ကျေးဇူးကိုပြော၍ အိမ်တွင်းသို့ဝင်၍ နေစဉ်လည်း ရဟန်း သံဃာတို့၏ ဂုဏ်အသွယ်သွယ်ကို ချီးဝှံ့ပြောဆိုကြကုန်သည်။

ဗုဒ္ဓမြတ်စွာသည် ထိုအသာပုရနိဂုံးသူ နိဂုံးသားတို့၏ ရိုသေ လေးစားသော အခြင်းအရာကို မြင်တော်မူ၍ ရဟန်းသံဃာ ကို ဆွမ်းကို အလေးအမြတ်ပြုခြင်း၌ တိုက်တွန်း၍ ဤစကား ကို မိန့်ကြားတော်မူခြင်း ဖြစ်သည်။

"ပူပန် ညစ်ညူးစေတတ်သော တဖန် ဘဝသစ်ဖြစ်ခြင်းကို ပြုတတ်သော ပူလောင်ခြင်းနှင့်တကွ ဆင်းရဲခြင်း အကျိုးရှိကုန် သော နောင်အခါ၌ ဖြစ်ပွားခြင်း၊ အိုခြင်း၊ သေခြင်းကို ဖြစ်စေတတ်ကုန်သော ယုတ်ညံ့သော အကုသိုလ်တရားတို့ကို ငြိမ်းစေပြီးသောသူသည် သမဏမည်၏။ ဆိုခဲ့ပြီးသော အ ကုသိုလ်တရားတို့ကို အပပြုပြီးသောသူသည် ဗြာဟ္မဏမည်၏။

ပဏ္ဏာသ ၁။ ပါ။ ၃၃၀၊ ၃၄၇၊ ၃၄၀။ ၄။ ၂၁၂။

◆◆◆◆

၁၈။ သိနိုင်ခဲစွာ အရိယာ

ကိလေသာတို့မှ ဝေးသည်၏ အဖြစ်ကြောင့်လည်းကောင်း၊ အစီးအပွားမဟုတ်သော အကျင့်၌ လူအပေါင်းကို မကျင့်စေတတ်သည်၏ အဖြစ်ကြောင့်လည်းကောင်း၊ အစီးအပွားဖြစ်သောအကျင့်၌ ဖြစ်စေတတ်, ကျင့်စေတတ်သည်၏ အဖြစ်ကြောင့်လည်းကောင်း၊ နတ်နှင့်တကွဖြစ်သော လူအပေါင်းသည် ဆည်းကပ်အပ်သောကြောင့်လည်းကောင်း၊ ဘုရား, ပစ္စေကဗုဒ္ဓါ, ဗုဒ္ဓသာဝကတို့ကို အရိယာဟူ၍ ခေါ်ဝေါ်ကြသည်။

အရိယာတို့ကို မမြင်သောသူတို့ကို "အရိယာနံအဒဿာဝီ" ဟု ဆိုသည်။ မမြင် ဟူရာ၌ (၁) ပကတိမံသစက္ခုဖြင့် မြင်ခြင်းအလေ့မရှိသောသူ (၂) ဉာဏ်ဖြင့် မြင်ခြင်းအလေ့မရှိသောသူ ဟူ၍ နှစ်မျိုးရှိသည်။ ဤ "အရိယာနံ အဒဿာဝီ" ပုဒ်၌ ဉာဏ်ဖြင့် မြင်ခြင်းအလေ့မရှိသောသူကိုသာ ယူရသည်။ မှန်လှ၏။ ပကတိမံသ စက္ခုဖြင့်လည်းကောင်း၊ ဒိဗ္ဗစက္ခုဖြင့်လည်းကောင်း၊ အရိယာတို့ကို မြင်ရငြားသော်လည်း မြင်သည် မမည်ကုန်၊ အကြောင်းပြရသော်၊ ထိုမံသစက္ခု, ဒိဗ္ဗစက္ခုတို့၏ အဆင်းမျှကို မြင်ခြင်းကြောင့်လည်းကောင်း၊ အရိယာ၏အဖြစ် ဟူသော မဂ်ဖိုလ်ကို အာရုံမပြုသည်၏ အဖြစ်ကြောင့် လည်းကောင်း မြင်သည်မမည်ကုန်၊ အိမ်ခွေး, မြေခွေး, နွားအစရှိသော တိရစ္ဆာန်တို့သည် မျက်စိဖြင့်အရိယာတို့ကို မြင်ကုန်၏။ ထိုအိမ်ခွေး, မြေခွေး, နွားစသည်တို့ကို အရိယာတို့ကို မြင်သောသူတို့ ဟူ၍

မဆိုနိုင်ကုန်၊ ဉာဏ်ဖြင့် မြင်သည်ဟူ၍ မဆိုနိုင်သည်၏အဖြစ်၌ သာဓက ထုတ်ပြလိုက်ရသည်။

သာဓကဝတ္ထု

စိတ္တလတာတောင်၌ နေလေ့ရှိသော ရဟန္တာမထေရ်၏ အလုပ်အကျွေးဖြစ်သော တောထွက်ရဟန်းကြီးသည် တနေ့သောအခါ၌ ရဟန္တာ မထေရ်နှင့်အတူ ဆွမ်းခံဝင်သည်။ မထေရ်၏သပိတ်သင်္ကန်းကိုယူ၍ နောက်မှလိုက်လျက် မထေရ်ကို မေးမြန်းလျှောက်ထားသည်။ "အရှင်ဘုရား.... အရိယာဆိုတာ ဘယ်လိုသဘောရှိပါသလဲဘုရား၊" "ငါ့ရှင်....ဤသာသနာ၌ အချို့သော အသက်အရွယ်ကြီးရင့်သောသူသည် အရိယာတို့၏ သပိတ်သင်္ကန်းကိုယူပြီး ဝတ်ကြီး ဝတ်ငယ်ပြုကာ အတူတကွနေရငြားသော်လည်း အရိယာတို့ကို မသိသည်သာဖြစ်၏။ ငါ့ရှင်....အရိယာဆိုသည်မှာ ဤမျှလောက်ပင် သိနိုင်ခဲ၏"ဟု မထေရ်က ပြောကြားသည်။

တောထွက်ရဟန်းကြီးသည် မိမိကို ရည်ရွယ်ပြောသည်ကို မရိပ်မိရှာပေ။ သို့အတွက် မျက်စိဖြင့်မြင်သော်လည်း မြင်သည်မမည်နိုင်ချေ။ ဉာဏ်ပညာဖြင့် မြင်ခြင်းသည်သာလျှင် မြင်ခြင်းမည်နိုင်သည်။ သို့ကလောက် သိနိုင်ခဲ မြင်နိုင်ခဲသော အရိယာတို့ကို စွပ်စွဲပြောဆိုမိသူတို့သည် အရိယူပဝါဒကံ (အရိယာတို့အား စွပ်စွဲခြင်းအမှု)ကို ထိုက်ကုန်ရာ၏ ဤယခုခေတ်၌ ထင်ရှားကျော်ကြားနေသော အရိယာပုဂ္ဂိုလ်တွေ ကေန္တမဟုတ်

ဟူ၍ မည်သူတဦးတယောက်မျှ မသိမမြင်နိုင်ပေ။ ထိုကျော်ကြားသောပုဂ္ဂိုလ်တို့၏ အပေါ်၌ ကာယကံ၊ ဝစီကံ၊ မနောကံ တို့ဖြင့် မပြစ်မှားမိဖို့ အရေးကြီးလှသည်။

မိမိပြစ်မှားမိသော ပုဂ္ဂိုလ်သည် အရိယာအဖြစ်သို့ ရောက်ရှိနေပါလျှင် အရိယူပဝါဒကံ ထိုက်တော့မည် ကေန်ဖြစ်ချေသည်။ သို့အတွက် ထင်ရှား ကျော်ကြားသော မြန်မာနိုင်ငံနှင့် အခြားနိုင်ငံရှိ ရဟန်းရှင်လူ ယောဂီပုဂ္ဂိုလ်များကို ကာယကံ၊ ဝစီကံ၊ မနောကံတို့ဖြင့် မပြစ်မှားမိစေရန် စေတနာကောင်းဖြင့် နှိုးဆော်လိုက်ရသည်။

၁၉။ ဖလသမာပတ် ချမ်းသာ

ယောဂါဝစရပုဂ္ဂိုလ်သည် မဂ်ဖြင့် ကိလေသာတို့ကို ကုန်စေ၍ အာသဝေါကင်းကွာ ရဟန္တာဖြစ်ပြီးလျှင် ငြိမ်းအေးခြင်းသဘောရှိ၍ သန္တိလက္ခဏာရှိသော နိရောဓသစ္စာတည်းဟူသော အိပ်ရာထက်၌ နိဗ္ဗာန်လျှင် အာရုံရှိသော ဖလသမာပတ်ကို ဝင်စား၍နေတော်မူသည်။

လောကအရာ ဥပမာ

ဤလောက၌ ခိုးသူနေသော မြို့တခု၊ ဘေးရန်ကင်းသော မြို့တခု ဟူ၍ မြို့နှစ်မြို့ရှိရာ တယောက်သော စစ်သူကြီးသည် "အကြင်မျှလောက် ဤသူခိုးနေသောမြို့သည်တည်ရှိ၏။ ထိုမျှလောက် ဘေးရန်ကင်းသည်ဆိုသော မြို့သည် ဘေးအပေါင်းမှ မလွတ်မြောက်နိုင်၊ ခိုးသူနေသောမြို့ကို မြို့မဟုတ်သည်ကို ပြုအံ့" ဟု ကြံစည်ပြီးလျှင် စစ်သည်တို့ အဆောင်အယောင်ချပ်မိန်သို့ကို ဝတ်ဆင်၍ သန်လျက်ကို လက်စွဲကာ ခိုးသူနေသောမြို့သို့ချဉ်းကပ်၍ မြို့တံခါး၌ စိုက်ထူအပ်သော တံခါးတိုင်တို့ကို သန်လျက်ဖြင့်ဖြတ်ပြီး တံခါးဘောင်နှင့်တကွသော တံခါးရွက်ကိုဖြတ်၍ တံခါးကျည်ကို မ,၍ တံခါးတိုင်ကို ဖျက်ဆီးလျက် ကျုံးကို ဖရိုဖရဲကြဲစေ၍ မြို့ကိုတင့်တယ်စေခြင်း အကျိုးငှာ စိုက်ထူအပ်သော အလံတံခွန်တို့ကို ဖြုတ်ချပြီးလျှင် မြို့ကိုမီးဖြင့်တိုက်၍ ဘေးရန်ကင်းသောမြို့သို့ဝင်၍ ပြာသာဒ်သို့တက်လျက် ဆွေမျိုးအပေါင်း ခြံရံပြီးလျှင် ကောင်းသော အရသာရှိသော ဘောဇဉ်ကို စားရာ၏။

ဥပမာနှင့် ဥပမေယျ

ဤခိုးသူနေသော မြို့ကဲ့သို့ သတ္တဝါတို့ သန္တာန်၌ရှိသော ခန္ဓာငါးပါးအပေါင်း သက္ကာယဒိဋ္ဌိစွဲကို မှတ်ရမည်။ ဘေးရန်ကင်းသော မြို့ကဲ့သို့ ဘုရား ပစ္စေက ဗုဒ္ဓါ၊ သာဝကတို့ ဝင်စံရာ နိဗ္ဗာန်ကို မှတ်ရမည်။ စစ်သည် သူရဲကြီးကဲ့သို့ ကမ္မဋ္ဌာန်းကို အားထုတ်သော ယောဂါဝစရပုဂ္ဂိုလ်ကို မှတ်ရမည်။

"အကြင်မျှလောက် သက္ကာယဟူသော ခန္ဓာငါးပါး ဝဋ္ဋဆင်းရဲသည် ဖြစ်၏။ ထိုမျှလောက် (၃၂)ပါးသော ကံကြမ္မာ (၉၈)ပါးသော ရောဂါ၊ (၂၅)ပါးသော ဘေးတို့မှ လွတ်မြောက်ခြင်းမရှိနိုင်"ဟု ထိုယောဂါဝစရ ပုဂ္ဂိုလ်အား အကြံအစည် ဖြစ်၏။

ထိုစစ်သည် သူရဲကြီးသည် ချပ်မိန်ညိုစစ်ဝတ်ကို ဝတ်ဆင်သကဲ့သို့ သီလ တည်းဟူသော ချပ်မိန်ညိုကိုဝတ်၍ ပညာတည်းဟူသော သံလျက်ကို ကိုင်၍ တံခါးတိုင်တို့ကို နုတ်သကဲ့သို့ အရဟတ္တမဂ်ဖြင့် တဏှာတည်းဟူသော အစေးကို နုတ်ပယ်၍ ထိုစစ်သည် သူရဲကြီးသည် တံခါးဘောင်နှင့်တကွသော မြို့အဝင် တံခါးရွက်ကို ခွာဖြုတ်သကဲ့သို့ အောက်ကာမဘုံ ဟူသော အဖို့ရှိသော သက္ကာယဒိဋ္ဌိ သီလဗ္ဗတ ပရာမာသ, ဝိစိကိစ္ဆာ, ကာမရာဂ, ပဋိဃသံယောဇဉ် ငါးပါးကို ခွာဖြုတ်ပြီးလျှင် ထိုစစ်သည် သူရဲကြီးသည် တံခါးကျည်ကို မ တင်သကဲ့သို့ အဝိဇ္ဇာတည်းဟူသော တံခါးကျည်ကို မြှောက်ချီ၍ ထိုစစ်သည် သူရဲကြီးသည် တံတိုင်းကို ဖျက်ဆီးလျက် ကျုံးကို ဖရိုဖရဲ ကြဲစေသကဲ့သို့ ကံတရား၏ ပြုပြင်စီ ရင်ခြင်းကို ဖျက်ဆီးလျက် ပဋိ

သန္တေ နေခြင်း တည်းဟူသော ခန္ဓာ, အာယတန, ဓာတ်တို့၏ မပြတ်ဖြစ်ရာ သံသရာကျင်းကို ဖရိုဖရဲ ကြဲစေသည်ကို မှတ်ရမည်။

ထိုစစ်သည် သူရဲကြီးသည် မြို့ကိုတင့်တယ်စေခြင်းငှာ စိုက်ထူအပ်သော အလံတံခွန်တို့ကို ဖြုတ်ချသကဲ့သို့ မာနတည်း ဟူသော တံခွန်ကို ချသည်ကိုမှတ်ရမည်။ ထိုစစ်သည် သူရဲကြီးသည် ခိုးသူမြို့ကို မီးတိုက်သကဲ့သို့ သက္ကာယ တည်းဟူသော အစွဲကို မီးတိုက် ဖျက်ဆီးသည်ကို မှတ်ရမည်။ ထိုစစ်သည် သူရဲကြီးသည် ဘေးရန်ကင်းသော မြို့ပြသာဒ်ထက်၌ ကောင်းသော အရသာရှိသော ဘောဇဉ်ကို သုံးဆောင်သကဲ့သို့ ကိလေသာငြိမ်းရာ နိဗ္ဗာန်မြို့သို့ဝင်၍ နိဗ္ဗာန်လျှင် အာရုံရှိသော ဖလသမာပတ် ချမ်းသာကို ခံစား၍နေသည်ကို မှတ်ရမည်။

ဤစစ်သည် သူရဲကြီး စည်းစိမ်ချမ်းသာကို ခံစားရသကဲ့သို့ ရဟန္တာအရှင်မြတ်တို့ ခံစားရသော နိဗ္ဗာန် မဂ်ဖိုလ်၏အရသာ မွန်မွန်မြတ်မြတ်ကို ခံစားလိုကြပါလျှင် သက္ကာယအစွဲကိုဖြုတ်၍ သီလအဝတ်ကို ဝတ်ဆင်ပြီး ပညာ သန်လျက်ကိုကိုင်၍ တဏှာ သံယောဇဉ်တို့ကို ခုတ်ဖြတ်လျက် အဝိဇ္ဇာကို ဖရိုဖရဲ ဖျက်ဆီးပြီးလျှင် မာနကို ပယ်ခွာ၍ ရဟန္တာဖြစ်သည် အထိ ကြိုးစားသင့်ကြသည်။ (ပဏ္ဍာသ။ ၄။ ၁။ ၂၂။ ၂၃။)။

၂၀။ ချုပ်ငြိမ်းခြင်းသုံးပါး

ချုပ်ငြိမ်းခြင်းသည် ကိလေသာ ချုပ်ငြိမ်းခြင်း၊ ခန္ဓာချုပ်ငြိမ်းခြင်း၊ ဓာတ်တော် ချုပ်ငြိမ်းခြင်း ဟူ၍ သုံးပါးရှိသည်။ သဗ္ဗညုတဉာဏ်၏ ကြည်လင်ရာ မဟာဗောဓိ မဏ္ဍိုင်၌ ဗုဒ္ဓမြတ်စွာ၏ ခန္ဓာတော်မှ တထောင့်ငါးရာ ကိလေသာတို့ ချုပ်ငြိမ်းကြကုန်သည်။ ကုသိနာရုံပြည်၌ ဗုဒ္ဓမြတ်စွာ၏ ခန္ဓာငါးပါးသည် နောင်တဖန် မဖြစ်သောအားဖြင့် ချုပ်ငြိမ်းသည်။ ဗုဒ္ဓမြတ်စွာ၏ ဓာတ်တော် မွေတော်တို့သည် နောင်သာသနာကုန်ဆုံးသော အခါ၀ယ် မဟာဗောဓိ မဏ္ဍိုင်၌ပင် ချုပ်ငြိမ်းကြပေလိမ့်မည်။

ဓာတ်တော်ချုပ်ငြိမ်းပုံ

ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန် မစံမီ....အမိန့်ခံတော်မူခဲ့သည် အားလျော်စွာ ဗုဒ္ဓမြတ်စွာ၏ ဓာတ်တော် မွေတော်တို့သည် ကြည်ညိုပူဇော်သူမရှိပါလျှင် ကြည်ညိုပူဇော်သောသူ ရှိရာအရပ်သို့ ပြောင်း၍ တည်နေရှိကြသည်။ သာသနာတော် ကုန်ဆုံးသောအချိန်၌ကား ဓာတ်တော် မွေတော်တို့သည် သီဟိုဠ်မဟာစေတီသို့ စုကြကုန်လိမ့်မည်။ ထိုသည့်နောက် နာဂဒီပကျွန်း၊ ရာဇာယတန လင်းလွန်းပင်စေတီသို့ စုကြကုန်လိမ့်မည်။ ထိုမှနောက်၌ မဟာဗောဓိမဏ္ဍိုင်သို့ စုကြကုန်လိမ့်မည်။ နဂါးပြည်,နတ်ပြည်, ဗြဟ္မာပြည်၌တည်ရှိသော ဓာတ်တော် မွေတော်တို့သည်လည်း မဟာဗောဓိမဏ္ဍိုင်သို့ပင်စုဝေးကြကုန်လိမ့်မည်။

စုဝေး ပြောင်းရွှေ့စဉ်အတွင်း မုန့်ညင်းခန့်မျှ ဓာတ်တော်မွေ တော်တို့ သည်သော်လည်း မပျောက်ပျက်နိုင်ကြကုန်သည်သာ ဖြစ်သည်။

ဤသို့ဆိုခဲ့ပြီးသောနည်းအတိုင်း အလုံးစုံသော ဓာတ်တော် မွေတော်တို့သည် မဟာဗောဓိမဏ္ဍိုင်၌ စုဝေးတည်နေ၍(၃၂) ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်ကြီး (၈၀) သော လက္ခဏာတော်ငယ်တလံမျှလောက်သော အရောင်တော် တို့ဖြင့်ပြိုးပြိုးပြက်ပြက်လက်လက်ညီးမျှ ဗုဒ္ဓမြတ်စွာ၏ ရူပကာယ အသွင်အပြင်တော်ကိုပြလိမ့်မည်။ဗုဒ္ဓမြတ်စွာ၏ ရူပကာယအသွင် အပြင်တော်ကို ပြပြီး၍ အံ့ဖွယ်သရဲရှိသော ရေမီးအစုံအစုံ ဖြစ် သော တန်ခိုးပြာဋိဟာကို ပြတော်မူလိမ့်မည်။ဤသည့်နောက် ၌ ခြောက်သွယ်သော ရောင်ခြည်တော်တို့ကို လွှတ်တော်မူလိမ့် မည်။ လွှတ်တော်မူသော ရောင်ခြည်တော် ခြောက်သွယ်တို့ သည် တသောင်းသော စကြဝဠာတိုင်အောင် ပြန့်နှံ့လိမ့်မည်။ ထိုအခါ၌ လူသား သတ္တဝါတို့သည် ပူဇော် ကြည်ညိုခွင့်မရနိုင် တော့သည်သာ ဖြစ်ကုန်သည်။

တသောင်းသော စကြဝဠာ၌နေသော နတ်ဗြဟ္မာတို့သည် စည်းဝေးကုန်၍ "အချင်းတို့....အား ဆယ်ပါးနှင့် ပြည့်စုံတော် မူသော ဗုဒ္ဓမြတ်စွာသည် ယနေ့ နောက်ဆုံးဓာတ်တော် ချုပ် ငြိမ်းခြင်း ဓာတု ပရိနိဗ္ဗာန် စံတော်မူချေပြီ၊ ယနေ့ ငါတို့ ဖူးမြင် ပူဇော်ရခြင်းသည်ကား အဆုံးစွန်သော ဖူးမြင် ပူဇော် ရခြင်း တည်း။ နက်ဖြန် ဖူးမြင် ပူဇော်ခွင့်မှုရနိုင်တော့ပြီ ၊ဤယ

နေ့မှစ၍ အမိုက်တိုက်အတိသာ ဖြစ်တော့လတံ့”ဟု၍သို့ နှလုံး သွင်း ဆင်ခြင်ကြကုန်၏။

ဗုဒ္ဓမြတ်စွာ၏ ခန္ဓာတော် ချုပ်ငြိမ်း ပရိနိဗ္ဗာန်ပြုသောနေ့ ထက်ပင် သနားဖွယ်ရာ အမူအရာကို ပြုကြလိမ့်မည်။ ထိုအခါ အနာဂါမ်,ရဟန္တာမှတပါးသော နတ်ဗြဟ္မာတို့သည် မိမိတို့၏ ကိုယ်ကို ဆောက်တည်အံ့သောငှာ မတတ်နိုင်ကုန်၍ သည်းထန် ဖြင်းပြစွာသော စိုးရိမ် ငိုကြွေးခြင်းတို့ဖြင့် ပင်ပန်းစွာ ငိုကြွေး ကြလိမ့်မည်။

နေ့ဆက်ဆုံး ပြာဋိဟာပွဲ

ဓာတ်တော် တည်းဟူသော ကိုယ်တော်မြတ်မှ မီးအလျှံ တို့သည် ထွက်လတ်၍ အထက်ဗြဟ္မာပြည်တိုင်အောင် တက်၍ တန်ခိုးပြာ ဋိဟာကို ပြတော်မူပြီးလျှင် တမှုန်ညင်းမျှ မကျန် ဓာတ်တော် တည်းဟူသော ကိုယ်တော်ကို အကုန်မီးလောင် ကျွမ်းလိမ့်မည်။

ထိုအခါ၌ စည်းဝေးသာကုန်သော နတ်ဗြဟ္မာအပေါင်း တို့သည် သဗ္ဗညာဏ ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန် ပြုတော်မူသော နေ့ကဲ့သို့ အတိုင်းမသိ များစွာသော ပူဇော်ခြင်းတို့ဖြင့် ပူ ဇော်ပြီးလျှင် လက်ယာရစ် သုံးပတ်လှည့်ကုန်၍“ဘုန်းတော်ကြီး သော မြတ်စွာဘုရား....အကျွန်ုပ်တို့သည် နောင်ဖြစ်လတံ့သော ဗုဒ္ဓမြတ်စွာတို့ကို ဖူးတွေ့ရပါစေသား”ဟု ပတ္ထနာပြု၍ ဓာတ် တော် ချုပ်ငြိမ်းပွဲကို ရုပ်သိမ်းကြလိမ့်မည်ဖြစ်ကြောင်းကို ကျမ်း ဂန်လာအတိုင်း ဖေါ်ပြလိုက်သည်။ (အံ။၄။၁။၇၀။၇၁)

၂၁။ သာသနာရေးပြုပြင်ပေးဖို့

ဗုဒ္ဓမြတ်စွာ၏ ဝိနည်းကျမ်းလာဒေသနာတရား၊ အဘိဓမ္မာကျမ်းလာ ဒေသနာတရား၊ သုတ္တန်ကျမ်းလာ ဒေသနာတရား အားလုံးသည် သာသနာမည်၏။ ထိုသာသနာသည် ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ၊ စာပေကျမ်းဂန် သင်ကြားပို့ချမှု၊ စာပေကျမ်းဂန်လာ အကျင့်ကို ကိုယ်တိုင်ကျင့်မှု သူတပါးကို အကျင့်နည်းလမ်းပေးမှု၊ စာပေကျမ်းဂန်လာ အကျင့်ကို ကျင့်သဖြင့် အမှန်အတိုင်း သစ္စာကိုသိမြင်၍ မဂ်ဖိုလ်ကိုရမှု ဟူ၍ သုံးမျိုးသုံးစားရှိရာ သာသနာ့ဝန်ဆောင် ရဟန်းသံဃာများအနေဖြင့် ပရိယတ္တိ စာပေသင်ကြားမှုကိုလည်းကောင်း၊ ပဋိပတ္တိ သမထ ဝိပဿနာ ကျင့်ကြံကြိုးကုတ် အားထုတ်မှုကိုလည်းကောင်း၊ အင်္ဂါ(၄)ပါးနှင့်ပြည့်စုံသော ဝီရိယဖြင့် ပြုလုပ်သင့်, ပြုလုပ်ထိုက်ပေသည်။

ရည်ရွယ်ရင်း နှလုံးသွင်း

ဥပဇ္ဈာယ်၏ခြေရင်း ရှင်သာမဏေပြုရာ အခါ၌ "သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ရာ နိဗ္ဗာန်ကို မျက်မှောက်ပြုပါရခြင်းအကျိုးငှာ ရှင်သာမဏေအဖြစ်ကို တောင်းပန်ပါ၏" ဟူ၍ ရှင်သာမဏေလောင်း သာသနာ့အညွန့် အညှောက်များက ဥပဇ္ဈာယ်ဆရာကို လျှောက်ထားခဲ့သည်။

ရဟန်းခံရာ သိမ်အတွင်း၌လည်း "ဘုရားတပည့်တော်သည် မြင့်မြတ်သော အထက်တန်း ရဟန်းအဖြစ်ကို တောင်းပန်ပါ

၏။ အစဉ်သနားသောအားဖြင့် သံသရာတည်းဟူသော ရေအယဉ်မှ ထုတ်နုတ်၍ နိဗ္ဗာန် တည်းဟူသော ကြည်းကုန်းထက်သို့ ကယ်တင်တော်မူပါဘုရား”ဟု ရဟန်းလောင်း သာသနာ့အညွန့်အညှောက် ပင်စည်ခက်မများက သံဃာကို လျှောက်ထားခဲ့သည်။

ဤကဲ့သို့သော ရှင်သာမဏေလောင်းဖြစ်စဉ်၊ ရည်ရွယ်နှလုံးသွင်း လျှောက်ထားချက်၊ ရဟန်းလောင်းဖြစ်စဉ် ရည်ရွယ်နှလုံးသွင်း လျှောက်ထားချက်များသည် နိဗ္ဗာန်မျက်မှောက်ပြုရေးချည်း ဖြစ်သည်။ အသီးအသီးသော သာသနာ့ဝန်ထမ်း ရဟန်းသာမဏေတို့သည် မိမိတို့၏ လျှောက်ထားချက်ကို အကောင်အထည်ဖေါ်သောအားဖြင့် ပရိယတ်၊ ပဋိပတ် သာသနာနှစ်ရပ်ကို ဝီရိယဇွဲ ထက်သန်စွာဖြင့် လုံ့လပြုသင့်ကြသည်။

ခုတ်ရာတခြား ရှရာတခြား

သာသနာ၏ရေသောက်မြစ်ကို ရေလောင်းပေးရမည့်အစား သာသနာ၏ ပင်ရင်းကိစ္စများကို စိတ်မဝင်စားပဲ အခြားသော ဘာသာခြားစာပေကို အလွန်အမင်း စိတ်ဝင်စားခြင်း၊ လေ့လာလိုခြင်း၊ လက်တွေ့လေ့လာခြင်း စသည်များသည်“ကျော်ချင်ပေါ်ပင်လိုက်” ဆိုသလို ပေါ်ပင် ကျော်ကြားလိုသူတို့၏ ခုတ်ရာတခြား ရှရာတလွဲ မူလ ရည်ရွယ်ချက် ကွဲလွဲသောအလုပ်ကိစ္စများသာ ဖြစ်ချေသည်။

ဤသို့ရေးသားရာ၌ ဘာသာခြားစာပေကို လုံးဝမလေ့လာစေလို၍ မဟုတ်ချေ။ လေ့လာစေလိုသောဆန္ဒ ပြင်းပြစွာ ရှိရုံမျှမက မိမိကိုယ်တိုင်လည်း အကြောင်း ညီညွတ်၍ အခွင့်ရလျှင် လေ့လာလိုက်စားဖို့ ရည်ရွယ်ချက်ထားသည်။ထိုသို့ ရည်ရွယ်ချက်ထားပါလျက် အကြောင်းမညီညွတ်၍ မလေ့လာ မလိုက်စားရခြင်းသော်လည်း ထိုဘာသာခြားစာပေမသင်ကြား မလေ့လာရသည့်အတွက် ဝမ်းနည်း သောကရောက်မှု မရှိရိုးအမှန် ဖြစ်သည်။ ဘာသာခြားစာပေကို သင်ကြားလေ့လာပြီးစီးသောအခါ၌ သာသနာ၏ ပင်ရင်း ပရိယတ်,ပဋိပတ် အလုပ်နှစ်ခုကို စိတ်ပါလက်ပါမရှိလှပဲ ဝတ်ကြေရုံမျှ ပို့ချအားထုတ်၍ အခြားကိစ္စများကိုသာ စိတ်ပါဝင်စား အချည်းနှီး အချိန်ဖြုန်းသူများအတွက် ကားအလွန်အမင်း ဝမ်းနည်းမှု သောကရောက်မှု, ရင်ထုမနာ ဖြစ်ရမှုများ ဖြစ်ရချေသည်။

ပြုပြင်ပေးကြဖို့

ပြုပြင်လျှင် ရနိုင်၏၊ အထိုင်မမှန်လျှင် ပြန်ထိုင်ရ၏။ အသွားမဟုတ်လျှင် ပြုပြင်သွားရ၏။ အစားကို သင့်တော်အောင် ကြည့်စားရ၏။ စကားကို သင့်လျော်အောင် ပြောရ၏။ သို့အတွက် သာသနာ့ဝန်ထမ်း ရှင်ရဟန်း အားလုံးသည် ပြုပြင်သင့်သည်ကို ပြုပြင်၍ ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်း ကိုယ်ပိုင်မှုတခုချမှတ်၍ ပရိယတ်, ပဋိပတ် သာသနာနှစ်ရပ်ကို ထိထိရောက်ရောက် ဖြစ်အောင် ရေသောက်မြစ်ကို ရေလောင်းသည့်အနေဖြင့် ကြိုးစားအားထုတ်ရန် အချိန်တန်ပြီဖြစ်ကြောင်းကို လေးစားစွာ တိုက်တွန်းရေးသားလိုက်ရသည်။

၂၂။ သာသနာရေး ရှင်လေးရှုံနဲ့ မပြီး

"သာသနာ့အရေး ရှင်လေးဖွယ်ကောင်းလိုက်တာ၊ သာသနာတော့ ရေစိမ် နစ်ရတော့မှာပဲ၊ သာသနာ တဝက်ကျိုး၍ နေစောင်းသွားပြီ၊ သာသနာတော့ မကြာခင် ကွယ်ပျောက်တော့မှာပဲ၊ တို့ဗုဒ္ဓသာသနာကြီးတော့ တံထွေးခွက် ပက်လက်မျောရတော့မှာပဲ" အစရှိသော စိတ်ဓာတ်ကျဆင်းစရာ စကားတွေကို ပြောကြားနေရုံမျှဖြင့် အကျိုးမပြီး၊ ထိုသို့ပြောကြားခြင်းဝေဖန်ခြင်း၊အလုပ်မလုပ်ပဲ စကားမရှိစကားရှာ၍ဆွေးနွေးခြင်းများသည် သာသနာအတွက်လုံးဝအကျိုးမထွန်းကားသည် သာမက လောကုတ္တရာ တရားအားလျော်သော အကျင့်ကို တမိနစ်ခန့် ကျင့်ကြံကြိုးကုတ် အားထုတ်လိုက်ခြင်းက အကျိုးဖြစ်ထွန်းဖွယ်ရာ ရှိသည်။

သာသနာတိုးတက်စေလိုလျှင်

ရဟန်းသံဃာများအနေဖြင့် ပရိယတ္တိစာပေကို ဗုဒ္ဓ၏ သာသနာ့အမွေကို ခံယူသောအားဖြင့် ပို့ချခြင်း, သင်ကြားခြင်း, ဒကာ,ဒကာမတို့အား ဟောပြော ပြသ,ဆုံးမခြင်း, တရားအားထုတ်ခြင်း, ကျင့်ဝတ်အားလုံးကို မပျက်မကွက် ဖြည့်ကျင့်ခြင်း,သီလစင်ကြယ်စွာ နေထိုင်ခြင်း အစရှိသော သာသနာ့အလုပ်ကို နေ့စဉ် မှန်မှန်ပြုလုပ်နေလျှင် သာသနာ ဆုတ်ယုတ်ကျဆင်းဖွယ်ရာအကြောင်းမရှိသည်သာ ဖြစ်သည်။

စစ်ကိုင်းခရိုင် မြောင်မြို့ ဆင်ရှင်ဆရာတော် ဦးပညာအရှင်ဘုရားကဲ့သို့ သာသနာအကျိုးရှိရာရှိကြောင်း ဟောပြောခြင်း၊ လှူဆော်ခြင်း၊ စာအုပ်စာတမ်းဝေငှ ဓမ္မဒါနပြုခြင်း၊ ယခုကျောင်းထိုင် အရည်အချင်းစစ်စာမေးပွဲကျင်းပပေးဖို့တောင်းဆို မေတ္တာရပ်ခံခြင်း၊ သာသနာနှင့် ပတ်သက်၍ အဘယ်ပုံဖန်တီးပြုလုပ်လျှင် ယခုအခြေအနေထက် သာသနာတိုးတက်ကောင်းမွန်လာမည်နည်းဟု အမြဲတမ်း စိတ်ကူးကြံစည်နေခြင်း၊ ထိုအကြံအစည်ကို အကောင်အထည် ဖေါ်ပေးနေခြင်းသည်လည်းကောင်း၊ ရန်ကုန်အရှေ့ပိုင်း ဘုရားဖြူ ကျောင်းတိုက် အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဦးပညာဝံသကဲ့သို့ ဝိနည်းသာသနာကို ကြည်ညိုလေးစား ဂါရဝ အထူးထား၍ ဝိနည်းစာပြန်ပွဲကို ကျင်းပခြင်းသည်လည်းကောင်း၊ အထူးသာသနာတိုးတက်စေသော နည်းလမ်းများ ဖြစ်သည်။

ပြည်ထောင်စု မြန်မာနိုင်ငံ အစိုးရ အနေဖြင့် တိပိဋကစာမေးပွဲ, ဓမ္မာစရိယ စာမေးပွဲ, ပါဠိပထမပြန်စာမေးပွဲ, ဋီကာကျော် ဝိသုဒ္ဓိမဂ် အဘိဓမ္မာ စာမေးပွဲများ ကျင်းပပေးခြင်းသည်လည်းကောင်း၊ ရန်ကုန်မြို့ စေတိယင်္ဂဏ ပရိယတ္တိဓမ္မာနုဂ္ဂဟအသင်း ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း, မန္တလေး သကျသီဟအသင်း, မော်လမြိုင် သုသမာစာရအသင်း, သထုံမြို့ သုဝဏ္ဏဘူမိ ပရိယတ္တိသာသနဟိတအသင်း, ညောင်တုန်းမြို့ သုဓမ္မာပရိယတ္တိ ပထမပြန်စာမေးပွဲအသင်း, မြင်းခြံမြို့ ပရိယတ္တိသဒ္ဓမ္မပါလအသင်း အစရှိသော အသင်းအဖွဲ့များမှ စာမေးပွဲ

ကျင်းပပေးခြင်းများသည်လည်းကောင်း၊ ပဲခူးမြို့ ရွှေကျင်ဂိုဏ်း ဂဏဟိတရေ ဩဝဒါစရိယအဖွဲ့၏ ဝိနယသာကစ္ဆာ ဟော ပြော ဆွေးနွေးပွဲကျင်းပခြင်းသည်လည်းကောင်း၊ သာသနာ တိုးတက်ထွန်းကားစေသော နည်းလမ်းများပင် ဖြစ်ချေသည်။

ကျရာတာဝန်ထမ်းကြ

သာသနာရေးနှင့်ပတ်သက်၍ ရင်လေးနေရုံမျှဖြင့် အကျိုး မပြီးစီးနိုင်ကြောင်းကို သိပြီးလျှင် ဖြစ်ပြီးသောကိစ္စ, ဖြစ်ဆဲ ကိစ္စအတွက် ပူပန်ခြင်း, ကြံစည်တွေးတောခြင်း စသည်ကို မပြုပဲ အသီးအသီး ကိုယ့်တာဝန်ကို မပျက်မကွက်အောင် ထမ်းဆောင်သွားလျှင် သာသနာအရေး တနေ့နေ့မှာ အား တက်ဖွယ်ရာ ဖြစ်ပေါ်လာနိုင်သည်။

ရဟန်းသံဃာများ အနေဖြင့် မိမိတို့၏ ပရိယတ္တိ, ပဋိပတ္တိ တာဝန် ဝတ္တရားများကို မပျက်မကွက် ထမ်းဆောင်၍ သီလ စင်ကြယ်အောင် နေထိုင်မှုလိုသည်။ အိမ်ရာတည်ထောင် လူ့ ဘောင်၌ နေထိုင်သော လူများအနေဖြင့်လည်း မိမိတတ်နိုင် သလောက် သာသနာတော်အား ထောက်ပံ့လှူဒါန်းဖို့လိုသည်။ ကုသိုလ်ကောင်းမှုကို ပြုသောအခါ၌လည်း ပကာသန အသိုင်း အဝိုင်း ကင်းနိုင်သမျှကင်းအောင် လုပ်ဆောင်ဖို့လိုသည်။သီလ ဆောက်တည်ခြင်း,တရားနာခြင်း, တရားအားထုတ်ခြင်း,တရား ဆွေးနွေးခြင်း အစရှိသည်တို့ကိုလည်း ပြုလုပ်ဖို့လိုသည်။ ဤသို့ ဗုဒ္ဓသာသနာဝင်တို့၏ တာဝန်ဝတ္တရားကို အသီးအသီး မပျက်

မကွက် ထမ်းဆောင်သွားကြပါလျှင် သာသနာတော်ကြီး မကွယ်ပနိုင်သေးကြောင်း, တည်တံ့နိုင်ကြောင်းကို ရေးသားလိုက်ရသည်။

၂၃။ နိဗ္ဗာန်အမြန်ရောက်ဖို့

လောကဓံရှစ်ပါးရှိရာတွင် မကောင်းသော ဒုက္ခလောကဓံနှင့် တွေ့ကြုံဆုံစီးမိရာ၌ အဖြစ်မှန်တရားသဘောကို နှလုံးမသွင်းနိုင်သည်က များသည်။ သုခလောကဓံနှင့် တွေ့ကြုံဆုံစီးမိသောအခါ၌ကား ရပ်တည်၍ မရနိုင်အောင် ဝမ်းအသာကြီး ဝမ်းအမြောက်ကြီးမြောက်ကာ သတိလက်လွှတ်ဖြစ်လျက် ဘဝင် မြင့်တတ်ကြသည်။ တစိတ်တဒေသ အတုယူနှလုံးသွင်းနိုင်ရန် ဒုက္ခလောကဓံနှင့် တွေ့ကြုံရာ၌ ကိုယ့်ပေါင်ကိုယ် ချိုး၍ တရားအားထုတ်ပြီးလျှင် နိဗ္ဗာန်ကို မျက်မှောက်ပြုသွားသော ကုဠမ္ဗိက တိဿမထေရ်၏အကြောင်းအရာကို သိသာရုံ အကျဉ်းချုပ် ဖေါ်ပြလိုက်ရသည်။

ကုဋုမ္ဗိက တိဿ

သာဝတ္ထိပြည်၌ ကုဋေ(၄၀)ကြွယ်ဝချမ်းသာသော တိဿမည်သော သူကြွယ်သားသည် မိမိပိုင်ပစ္စည်းဥစ္စာတို့ကို စွန့်လွှတ်၍ ရဟန်းပြုကာ တောရကျောင်းတခု၌ နေထိုင်သည်။ တိဿမထေရ်၏ ညီငယ်သည် အိမ်ရာတည်ထောင် လူ့ဘောင်၌

သားမယားနှင့်အတူ နေထိုင်လျက်ရှိသည်။ တနေ့သ၌ ညီငယ်၏ ဇနီးဖြစ်သူသည် "ဒီပစ္စည်းဥစ္စာတွေကို ငါတို့ အကုန်ပိုင်ဆိုင်အောင် တိဿမထေရ်ကို သတ်ပြစ်ရလျှင် ကောင်းမှာပဲ"ဟု ကြံစည်ကာ နောက်တနေ့၌ ငါးရာသော ခိုးသူတို့ကို ငွေများစွာပေးလိုက်၍ ခဲအိုတော်တိဿမထေရ်ကို အသတ်ခိုင်းသည်။

ကျောင်းကိုဝိုင်းကြရာ

ခိုးသူအပေါင်းတို့သည် တိဿမထေရ်၏ တောရကျောင်းကို ဝိုင်းကြသည်။ တိဿမထေရ်က "ဒကာတို့.... ဘာကိုအလိုရှိ၍ လာကြတာတုန်း"ဟု မေးသည်။ "တပည့်တော်များသည် အရှင်ဘုရားကိုသတ်ဖို့အတွက် လာကြခြင်းပါ"ဟု ခိုးသူတို့က ပြောကြားသည်။ "ယနေ့တညဥ့်မျှ ဆိုင်းငံ့ကြပါ....ဒကာတို့၊ မနက်ဖြန်မှ သတ်ပါ။ ဘယ်ကိုမျှမသွားဖို့ ခံဝန်ချုပ်ပေးပါမယ်" "အရှင်ဘုရားအား ဤအရပ်မှာ မည်သူက ခံဝန်ချုပ်ပေးနိုင်မှာလဲ" တိဿမထေရ်က ခိုးသူတို့စကားကို ကြား၍ ကျောက်ခဲတခုကိုယူကာ ပေါင်ကိုရိုက်ချိုးလိုက်ပြီးလျှင် "ဒါဟာ ငါ၏ခံဝန်ချုပ်ပဲ"ဟု ပြောဆိုသည်။ ခိုးသူတို့သည် တနေရာ ဖယ်သွားကြ၍ စင်္ကြံဦး၌ မီးမွေးကာ တညဥ့်လုံးစောင့်ဆိုင်းနေကြသည်။

တညဥ့်လုံးအားထုတ်ပြီ

ပြင်းထန်စွာ နာကျင်လှသည့် ပေါင်ကျိုး တည်းဟူသော ဒုက္ခဝေဒနာကို ပယ်ခွာ၍ သီလကို ဆင်ခြင်သော မထေရ်အား ထက်ဝန်းကျင် သန့်ရှင်းစင်ကြယ်သော သီလကိုမှီ၍ နှစ်သက်မှု

ပီတိ၊ ဝမ်းမြောက်မှု ပါမောဇ္ဇ ဖြစ်ပေါ်လာသည်။ ဤမှ နောက်၌ အစဉ်အတိုင်း အနိစ္စ,ဒုက္ခ,အနတ္တ ဟူသောလက္ခဏာ ယာဉ် သုံးပါးတင်၍ ဝိပဿနာကို ဆင်ခြင်ပွားများလျက် ညဥ့် သုံးယာမ်ပတ်လုံး ရဟန်းတရားကိုကြိုးစားအားထုတ်ရာ အရုဏ် တက်အချိန်၌ ကိလေသာကင်းကွာ ရဟန္တာအဖြစ်သို့ ဆိုက် ရောက်သဖြင့် အောက်ပါ ဥဒါန်းဂါထာတို့ကို မြွက်ဆိုသည်။

"ငါသည် ခြေနှစ်ဖက်တို့ကို ရိုက်ချိုးကာ သင်တို့အား သိ စေပါ၏။ ငါသည် ရာဂနှင့်တကွ သေခြင်းကိုစက်ဆုပ်ပါ၏။ ရှက်လှပါ၏။

ငါသည် ဤသို့ကြံစည်ပြီး၍ ဟုတ်မှန်သည့်အားလျော်စွာ ရှုမြင်ဆင်ခြင်ပြီး အရုဏ်တက်အချိန်၌ ရဟန္တာအဖြစ်သို့ ဆိုက် ရောက်ပါပြီ"

သုံးကျိပ်သော ရဟန်းများ

အခါတပါး၌ ရဟန်းတော် သုံးကျိပ်တို့သည် ဗုဒ္ဓမြတ်စွာ ထံ ကမ္မဋ္ဌာန်းတောင်း၍ တောကျောင်းတခုမှာ တရားအား ထုတ်နေကြသည်။ "တညဥ့်လုံး ရဟန်းတရားကိုသာ အား ထုတ်ကြရမယ်၊ တပါးသည် တပါး၏အထံသို့ မသွားမလာ ကြစတမ်း"ဟု ပြောဆိုပြီး တဝါဆိုကာ တရားကိုအားထုတ် ကြသည်။

ထိုရဟန်းသုံးကျိပ်တို့ တရားအားထုတ်၍ မိုးသောက်ထ အနည်းငယ် ငိုက်မြည်းယင်း မှေးနေစဉ် ရဟန်းတပါးကို ကျား ဆွဲသွားသည်။ တကျိပ်ငါးပါးတိတိ ကျားဆွဲခံရသည်။ ကျား ဆွဲခံရကြောင်းကို မည်သည့်ရဟန်းတပါးတလေမျှ မပြောမဆို

ကြမဆိုကြချေ။ ဥပုသ်နေ့ဥပုသ်ပြုသောအခါ“အခြား ရဟန်း တကျိပ်ငါးပါး ဘယ်သွားကြသလဲ”ဟု မထေရ်ကြီးက မေး သည်။ ကျားဆွဲခံရကြောင်းကို မည်သည့် ရဟန်းတပါးတလေ ကမျှ မပြောကြချေ။

ရဟန်းတပါးကျားဆွဲ

တကျိပ်ငါးပါးကို ခဲစားပြီးသော ကျားသည် (၁၆)ပါး မြောက်စားဖို့ ရဟန်းငယ်တပါးကို ဆွဲသွားသည်။ “ကျားဆွဲ ပါတယ်ဘုရား”ဟု ရဟန်းငယ်က ကျားပါးစပ်ထဲက အော် သည်။တောင်ဝှေး ကိုယ်စီဖြင့် ဝိုင်းပြီ း ရဟန်းတွေ လိုက်ကြ သည်။ ကျားသည် ရဟန်းငယ်ကို ကိုက်ချီ၍ ရဟန်းတွေမလိုက် နိုင်လောက်အောင် ကမ္ဘားယံအမြင့်သို့ တက်သွားသည်။

ခြေဖျားမှစပြီး ကျားစားသည်ကို ရဟန်းတွေ မြင်နေကြရ သည်။“သူတော်ကောင်း....ယခုငါတို့ပြုဖွယ် ကိစ္စ မရှိတော့ဘူး၊ တရားသဘောကိုသာ မြင်အောင်ရှုမှတ်ပြီး ကြိုးစားအားထုတ် ပါ”ဟု အခြားရဟန်းတွေက အားပေးသည်။ ထိုရဟန်းငယ် သည်ကျားပါးစပ်ထဲ၌ လျောင်းလျက်သာလျှင် ကျားကိုက်ခဲ၍ နာကျင်မှုဝေဒနာကိုပယ်ခွာ၍ ဝိပဿနာကို ကြိုးစားအားထုတ် ရာ ခြေဖမျက်တိုင်စားရာအချိန်၌ သောတာပန်၊ ပုဆစ်ဒူးတိုင် စားချိန်၌ သကဒါဂါမ်၊ ချက်တိုင်အောင် စားချိန်၌ အနာ ဂါမ်၊ ဟဒယဝတ္ထု နှစ်လုံးသားကို မခဲစားမီ ပဋိသမ္ဘိဒါနှင့် တကွ ရဟန္တာအဖြစ်သို့ ရောက်သည်။

ဥဒါန်းကျူးရင့်

သီလနှင့်လည်း ပြည့်စုံ၊ ဓုတင်အကျင့်နှင့်လည်း ပြည့်စုံ၊ ပညာလည်းရှိ၊ ကောင်းစွာလည်း တည်ကြည်၊ တခဏမျှ အိပ်မွေ့ဖြင့် မေ့လျော့ခြင်းကိုစွဲ၍ ကျားသည် ကပ်၍နှိပ်စက်အပ်သော စိတ်ရှိသော အကြင် ငါ့ကို ကိုယ်၌ဆွဲကိုင်ယူ၍ ကျောက်ဖျာ၏အနီး၌ ချထားအပ်ပြီ။

ထိုငါ့ကို အရိုးဖြင့်လည်းကောင်း၊ အကြောဖြင့်လည်းကောင်း၊ အလိုရှိသောကျားသည် အလိုရှိတိုင်း စားပါစေတော့၊ ငါသည် ကိလေသာတို့ကို အပြီးဘိုင် ကုန်ဆုံးစေတော့မည်။ အရဟတ္တဖိုလ်သို့ ရောက်စေပါတော့မည်။”
ဒီ-ဋ္ဌ–၂။၃၃၉။ ၃၄၀။

ကောက်ချက်ဥပဒေသ

ဤရဟန်း နှစ်ပါးတို့သည် အမှန်နိဗ္ဗာန်ကို လိုချင်၍ ရဟန်းတရားကို ကြိုးစားအားထုတ်ကြသည်။ ခန္ဓာကိုယ်ကို နာကျင်မှုကို ဥပေက္ခာထားပြီး ပယ်ခွာကာ မဖြစ်မနေကြိုးစားကြသည်။ အမှန်တရား အားထုတ်သူကို အမှန်အမြင်ရှိ တရားသဘောက မဂ်ဖိုလ်ရောက်သည်အထိ ပို့ဆောင်ပေးသည်။ တကယ်လိုချင်၍ တကယ်အားထုတ်ခြင်းဖြစ်ရာ တကယ်ပေါက်ရောက် သွားခြင်းဖြစ်ကြသည်။

လူသိမခံပဲ (ဝါ)ပြောမနေပဲ ကိုယ့်ဟာကို လိုချင်စိတ်နှင့် အားထုတ်သွားပါလျှင် နိဗ္ဗာန်အမြန်ရောက်ဖို့ အလှမ်း

မဝေးကွာလှကြောင်းကို အားထုတ်လိုသူများ, နိဗ္ဗာန်ရောက်ချင်သူများအတွက် ရေးသားလိုက်ရသည်။

၂၄။ မရောင့်ရဲနိုင်ရာတရား

ဟတ္ထကနတ်သား လျှောက်ထားချက်။ ။ "တပည့်တော်သည် ဗုဒ္ဓမြတ်စွာကို ဖူးမြင်ခြင်း၌မရောင့်ရဲနိုင်ပါ။ သံဃာတော်ကို ပစ္စည်းလေးပါးဖြင့် လုပ်ကျွေးခြင်း၌ ရောင့်ရဲသည်မရှိပါ။ တရားတော်ကို နာကြားခြင်း၌ ရောင့်ရဲသည် ဟူ၍ မရှိခဲ့ပါ။ ငါးပါးသီလစသော သီလကိုဖြည့်ကျင့်လျက် သူတော်ကောင်းတရားကိုနာကြားခြင်း၌ မွေ့လျော်ပြီးလျှင် သုံးပါးသောတရားတို့၌ မရောင့်ရဲသော တပည့်တော် ဟတ္ထက နတ်သားသည် အဝိဟာပြဟ္မာပြည်၌ ဖြစ်ရပါပြီ"

ဟတ္ထက နတ်သား

ဗုဒ္ဓမြတ်စွာ သာဝတ္ထိပြည်မှန် ဇေတဝန်ဝိဟာရ၌ ယာပထလေးဖြာ မျှတကာဖြင့် သီတင်းသုံးနေတော်မူသောအခိုက် ဟတ္ထကအမည်ရှိသော နတ်သားသည် ညဉ့်ဦးယာမ် လွန်ပြီးသော သန်းခေါင်ယာမ်အချိန်၌ နှစ်သက်ဖွယ်သော အဆင်းရှိသည်ဖြစ်၍ ဇေတဝန်တကျောင်းတိုက်လုံးကို အရောင်တို့ဖြင့်ထွန်းပြောင်စေလျက် ဗုဒ္ဓမြတ်စွာရှိရာသို့ ချဉ်းကပ်လာသည်။

ရပ်တည်မရ သူ့ဒုက္ခ

ဗုဒ္ဓမြတ်စွာ၏ ရှေ့တော်မှောက်၌ "ငါသည် ရပ်ပေအံ့"ဟု ရပ်လိုက်သော်၊ ကျွန်နစ်နေတော့၏။ မြုပ်နစ်နေတော့၏။ ရပ်တည်လို့ မရနိုင်ဖြစ်နေ၏။ ဥပမာအားဖြင့် ထောပတ်နှင့်ဆီကို နှုးညှံ့သောသဲ၌ သွန်းလောင်းအပ်သည်ရှိသော် နစ်မြုပ်နေပြီး လျှင် မတည်တံ့နိုင်တော့ပေ။ ဟတ္ထက နတ်သားမှာလည်း ကျွန်နစ်မြုပ်နစ် လျက်သာ မရပ်တည်နိုင် ဖြစ်နေရှာသည်။

ရုပ်ကြမ်းခန္ဓာ ဖန်ဆင်းလိုက်

"ဟတ္ထက နတ်သား.... ရုံ့ရင်းကြမ်းတမ်းသော ခန္ဓာကိုယ်ကို ဖန်ဆင်းလိုက်လော့"ဟု ဗုဒ္ဓမြတ်စွာ အမိန့်တော်အတိုင်း ရုပ်ကြမ်းခန္ဓာ ဖန်ဆင်းလိုက်သောအခါ၌သာ ဗုဒ္ဓမြတ်စွာကို ရှိခိုး ဦးချ၍ သင့်တော်သောနေရာ၌ ရပ်တည်နိုင်တော့သည်။

"ဟတ္ထကနတ်သား....သင် လူ့အဖြစ်က လေ့လာအပ်သော တရားတို့ကို ယခု နတ်သားဖြစ်ချိန်၌ လေ့လာနိုင်ရဲ့လား" "အရှင်ဘုရား....တပည့်တော်ဟာ လူ့အဖြစ်က လေ့လာပြီး တရားတို့ကိုလည်း လေ့လာ၍ မလေ့လာသေးသော တရားတို့ကိုလည်း လေ့လာနိုင်ပါ၏ဘုရား၊ အရှင်ဘုရား....အရှင်ဘုရားမှာ ယခုအခါ၌ ရဟန်းယောကျ်ား, ရဟန်းမိန်းမ, ဥပါသကာ, ဥပါသိကာမ, မင်း,မင်း၏အမတ်ကြီး, တိတ္ထိ,တိတ္ထိတို့၏တပည့်တို့ဖြင့် ရောပြွမ်းနေဘိသကဲ့သို့ တပည့်တော်မှာလည်း နတ်သားအများတို့ဖြင့် ရောပြွမ်းနေပါ၏။ "ဟတ္ထက နတ်သား၏ တရားကိုနာကုန်အံ့"ဟု အဝေးအရပ်မှလည်း နတ်သားတို့သည် လာပါကုန်၏။"

မရောင့်ရဲသော တရား (၃) ပါး

"အရှင်ဘုရား....သုံးပါးသော တရားတို့၌ မရောင့်ရဲပဲ မဆုတ်နစ်ပဲ တပည့်တော် ကွယ်လွန်ခဲ့ပါ၏။ (၁) ဗုဒ္ဓမြတ်စွာကို ဖူးမြင်ခြင်း၊ (၂) သူတော်ကောင်းတရားကို နာခြင်း၊ (၃) သံဃာတော်ကို ပစ္စည်းလေးပါးဖြင့် လုပ်ကျွေးခြင်းတို့ ဖြစ်ပါသည်ဘုရား"

ယခု ဗုဒ္ဓသာသနာဝင်များအနေဖြင့် ဟတ္ထကနတ်သားကဲ့သို့ မရောင့်ရဲနိုင်သော တရားသုံးပါးကို ပဓာနထား၍ ဗုဒ္ဓမြတ်စွာကို ကြည်ညိုသောစိတ်ဖြင့် ဖူးမြင်ကန်တော့ဝတ်ပြုခြင်း၊ မိမိထက်သာလွန်သော ဗဟုသုတရှိပြီး ရဟန်းရှင်လူတို့ထံမှ သူတော်ကောင်းတရားကို မှတ်သား နာယူလေ့လာ ပွားများအားထုတ်ခြင်း၊ သာသနာ့တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နေသော ရဟန်းသံဃာတော်များကို သာသနာကို ကြည်ညိုစိတ်ဖြင့် နေ့စဉ်နိစ္စဘတ်ဆွမ်းဟင်း လောင်းလှူမှုမှစပြီး အထက်တန်း လှူဖွယ်ပစ္စည်းမျိုးစုံကို လှူဒါန်း ပေးကမ်းခြင်း ဟူသော ဤတရားသုံးပါးကို လက်တွေ့အကောင်အထည်ဖေါ်၍ ပြုလုပ်ကြပါလျှင် ဤမျက်မှောက်ဘဝ၌ ဗုဒ္ဓသာသနာဝင် အစစ်တိတိပပဖြစ်ပြီး ချမ်းသာခြင်းအမျိုးမျိုးနှင့် ပြည့်စုံ၍ ဘဝသံသရာ၌လည်း အောက်တန်းမကျ အထက်တန်းကချည်းဖြစ်၍ ဗုဒ္ဓမြတ်စွာ အရှင်မြတ်တို့ဝင်စံရာ ငြိမ်းချမ်း သာယာသော နိဗ္ဗာန်မဂ်ဖိုလ်ကိုလည်း ရက်တိုတိုဖြင့် ရောက်နိုင်မည်ဖြစ်ကြောင်းကို ယုံကြည်သင့်ပေသည်။

စိတ်မပါလှပဲ အမှုမဲ့ အမှတ်မဲ့ ဘုရားကို ဖူးမြင်ခြင်း၊ လူကြားကောင်းရုံ မနာချင့်နာချင်ဖြင့် တရားနာခြင်း၊ သံဃာတော်ကို ကိုယ့်ကိစ္စပြီးစီးရုံမျှ သဘောထား၍ လှူဒါန်းခြင်း၊ ဤတရားသုံးမျိုးကို ဤကဲ့သို့ ပြုလုပ်ကြပါလျှင် အကျိုးမဖွံ့ဖြိုးနိုင်ကြောင်းကို စေတနာကောင်းဖြင့် ကျမ်းဂန်နှင့်အညီ ဖေါ်ပြ တိုက်တွန်းလိုက်ရသည်။ အံ။ပါ။၁။၂၈၂။၂၈၃။

၂၅။ ဤတရားဆိုးသုံးပါး

လိုချင်တတ်သော သဘောသည် လောဘမည်၏။ ထိုလောဘသည် အာရုံကိုစွဲလမ်း၍ ယူခြင်းလက္ခဏာ ရှိ၏။ အာရုံ၌ တပ်မက်ခြင်း ကိစ္စရှိ၏။ မစွန့်လွှတ်နိုင်ခြင်းလျှင် ဥာဏ်အား ရှေးရှုထင်၏။ သာယာခြင်းလျှင် နီးစွာသော အကြောင်းရှိ၏။ တပ်မက်သော တဏှာ လောဘဖြင့် သတ္တဝါတို့သည် အများအားဖြင့် ပြိတ္တာဘုံသို့ လားကြကုန်၏။

လောဘကြီးလျှင်

လောဘကြီးသောသူသည် အကျိုးကိုမသိ၊ အကြောင်းကို မမြင်၊ လောဘဟီလူး ပူးဝင်အပ်သော သဝတ္တါမှာ အမိုက်မှောင်ဖြစ်၏–ဟူ၍လည်းကောင်း၊ လောဘသည် အကျိုးမဲ့ကို ဖြစ်စေတတ်၏။ စိတ်ကို ဖျက်ဆီးတတ်၏။ လောဘကြောင့်

ဘေးဖြစ်တတ်သည်ကို သတ္တဝါများ မသိကြ- ဟူ၍လည်းကောင်း၊ ကျမ်းဂန်တို့၌ လာရှိသည်။

လောဘကြောင့် ပဋိသန္ဓေနေရခြင်း ဇာတိဒုက္ခ ဖြစ်ရ၏။ ချစ်ခင်နှစ်သက်အပ်သော သတ္တဝါသင်္ခါရတို့နှင့် ကွေကွင်းခြင်းကြောင့်ဖြစ်သော ဆင်းရဲဒုက္ခ ဖြစ်ရ၏။ ကာမဂုဏ်တို့၌ ဖြစ်သော ချမ်းသာကို ခံစားခြင်း ဟူသော အယုတ်တရားကို မှီဝဲတတ်၏။

လောဘကြီးသော ပုဂ္ဂိုလ်သည် မလျော်ကပ်သော ဘောဇဉ် ဥတုစသည်ကို မှီဝဲတတ်၏။ မိမိပစ္စည်းဥစ္စာကို သူတပါးအား မစွန့်နိုင်သောကြောင့် စီးပွားဥစ္စာကို မရနိုင်၊ လောဘကြီးလွန်းလျှင် လောက၌လည်းကောင်း၊ သံသရာ၌လည်းကောင်း၊ အကျိုးစီးပွား မဖြစ်ထွန်းနိုင်။

ထိပ်တန်းပါဝင်- လောဘပင်

လောဘသည် အထက်ဘဝဂ်၊ အောက်အဝီစိတိုင်အောင် ယိုစီးတတ်သော အာသဝတရားတွင် အကျုံးဝင်သည်။ သတ္တဝါများကို အောက် ကာမဘုံသို့ နစ်မြုပ်စေတတ်သော ဩဃ၊ ဘဝ တည်းဟူသော ယန္တရား၌ သတ္တဝါတို့ကို ကံအကျိုးနှင့် ယှဉ်စေတတ်သော ယောဂ၊ ပစ္စုပ္ပန်ကာယဖြင့် အနာဂတ်ကာယကို မြဲနိုင်ခဲစွာ ရစ်ပတ် ထုံးဖွဲ့တတ်သော ဂန္ထ၊ မြွေသည် ဖားကို မြဲမြံစွာ ဖမ်းယူသကဲ့သို့ မြဲမြံစွာ အာရုံကို ယူတတ် စွဲလမ်းတတ်သော ဥပါဒါန်၊ ဈာန် စသည်တို့၏ အစွမ်းဖြင့် ဖြစ်လတံ့သော ကုသိုလ်စိတ်ကို တားမြစ်တတ်သော

နီဝရဏ၊ သတ္တဝါတို့သန္တာန်၌ အဖန်ဖန်ကိန်းတတ်သော အနုသယ၊ သတ္တဝါတို့ကို ဝဋ်ဆင်းရဲဖြင့် ချုပ်နှောင်တတ်သော သံယောဇဉ်၊ စိတ်ကို ပူပန်စေတတ်, နှိပ်စက်တတ်သော ကိလေသာတရားတို့တွင် ထိပ်တန်းက ပါဝင်လျက် ရှိသည်။

သတ္တဝါများ ဘဝသစ်တခုသို့ ရောက်ခါစ၌ ဘဝကို သာယာနှစ်သက် တပ်မက်မှု ဘဝနိကန္တိဇော စော၏ဟု ဆိုသည်မှာလည်း ထိုလောဘပင် ဖြစ်သည်။ ဘုရားရှင် လက်ထက်တော်အခါက ဘိက္ခုနီမတယောက်သည် ယောကျ်ားပျိုဟန် ပန်းချီဆေးရေးရုပ်ကို တဏှာလောဘဖြင့် ကြည့်ရှုယင်း လောဘမီးလောင်မြိုက်ပြီးလျှင် အသက်ဆုံးရှုံးရရှာသည်။

ဒေါသ

အမျက်ထွက်တတ်သော သဘောသည် ဒေါသမည်၏။ ထိုဒေါသသည် ကြမ်းတမ်းခြင်းလက္ခဏာ ရှိ၏။ မိမိရာဟဒယ ဝတ္ထုရုပ်ကို လောင်ကျွမ်းစေတတ်သော ကိစ္စရှိ၏။ ပြစ်မှားခြင်းလျှင် ဉာဏ်အား ရှေးရှုထင်၏။ ရန်ငြိုးဖွဲ့ခြင်း၊ အာဃာတဝတ္ထုလျှင် နီးစွာသော အကြောင်းရှိ၏။ အမျက်ထွက်တတ်သော သဘောဖြင့် သတ္တဝါတို့သည် အများအားဖြင့် ဒေါသနှင့်တူသော ငရဲဘုံသို့ လားကြရကုန်၏။

အင်္ဂုတ္တိုရ်လာ စကား

စိတ်ဆိုးတတ်သောသူသည် အကျိုးကိုမသိတတ်၊ အကြောင်းကို မမြင်တတ်၊ ဒေါသဘီလူး ပူးဝင်အပ်သော သတ္တဝါမှာ အမိုက်တိုက် ဖြစ်၏–ဟူ၍လည်းကောင်း၊ ဒေါသသည် အကျိုးမဲ့ကို ဖြစ်စေတတ်၏၊ စိတ်ကို ဖျက်ဆီးတတ်၏။ အမျက်နှင့်

ယှဉ်သောစိတ်ကြောင့် ဘေးဖြစ်တတ်သည်ကို သတ္တဝါများ မသိကြ–ဟူ၍လည်းကောင်း၊ အင်္ဂုတ္တရနိကာယ်၌ ဗုဒ္ဓမြတ်စွာ ဟောထားသည်။

ဒေါသဖြစ်လျှင်

ဒေါသကြောင့် အိုမင်းရင့်ရော်ခြင်း ဖြစ်၏။ မချစ်ခင်အပ်သော သတ္တဝါသင်္ခါရတို့နှင့် ဆက်ဆံ ပေါင်းသင်းခြင်းကြောင့် ဖြစ်သော ဆင်းရဲဖြစ်ရ၏။ ကိုယ်ကိုပူပန်စေတတ်သော ပဥ္စာတပ အကျင့်ကို အားထုတ်ခြင်း ဟူသော အယုတ်တရားကို မှီဝဲတတ်၏။ ဒေါသကြီးသော ပုဂ္ဂိုလ်သည် ဒေါသမီးလောင်အပ်သည် ဖြစ်၍ ဆံဖြူခြင်း၊ အရေတွန့်ခြင်း စသည်ဖြစ်ပြီးလျှင် အိုလွယ်၏။ ဒေါသဖြင့် မိတ်ဆွေမရနိုင်သောကြောင့် မိတ်ဆွေကောင်းတို့နှင့် ကင်းကွာတတ်၏။ ဒေါသကြီးလွန်းလျှင် ပစ္စက္ခ၌လည်းကောင်း၊ သံသရာ၌လည်းကောင်း၊ အကျိုး မဖြစ်ထွန်းနိုင်။

ဒေါသသည် ဂန္ထ,နီဝရဏ,အနုသယ, သံယောဇဉ်,ကိလေသာတို့၌ အကျုံးဝင်၏။ မနောပဒေါသိက နတ်များသည် ထိုဒေါသဖြင့်သာလျှင် ကွယ်လွန် စုတေကြရ၏။ ဒေါသသည် ကြမ်းတမ်းသော သဘောရှိ၍ နတ်ခန္ဓာသည် အလွန်နူးညံ့လေရကား ဒေါသဖြင့် နတ်ခန္ဓာကိုယ် လောင်ကျွမ်းသွားရသည်။

မောဟ

တွေဝေ မိန်းမောတတ်သော သဘောသည် မောဟ မည်၏။ ထိုမောဟသည် တွေဝေခြင်းလက္ခဏာရှိ၏။ အမှန်သဘောကို ဖုံးလွှမ်းခြင်းကိစ္စရှိ၏။ အမိုက်မှောင်လျှင် ဥာဏ်အား ရှေး

ရှုထင်၏။ မသင့်သောအားဖြင့် နှလုံးသွင်းခြင်းလျှင် နီးစွာသောအကြောင်းရှိ၏၊ တွေဝေတတ်သော မောဟဖြင့် သတ္တဝါတို့သည် အများအားဖြင့် တိရစ္ဆာန်ဘုံသို့ လားကြရကုန်၏။ မောဟလွန်ကဲသော သတ္တဝါသည် ကုသိုလ်တရားတို့၌ အားထုတ်မှုကင်းတတ်၏။ ဘာဝနာမှု၌ လုံ့လမပြု၊ ဖေါက်ပြန်သောအယူကို ယူတတ်၏။

မောဟကြီးလွန်းလျှင်

မောဟကြီးလွန်းသော သတ္တဝါသည် မှန်သည်ကို မမှန်၊ မမှန်သည်ကို မှန်သည်ဟု ယူဆတတ်၏။ အလိုရှိအပ်သောအရာဝတ္ထုကို မရခြင်းကြောင့် ဖြစ်သော ဆင်းရဲဖြစ်တတ်၏။ တွေဝေ မိန်းမော၍ သေရတတ်၏။ မဇ္ဈိမ ပဋိပဒါ အလယ်အလတ်ဖြစ်သောအကျင့်ကို ချို့ယွင်းစေတတ်၏။ အသက်တိုတတ်၏။ မိမိ၏အကျိုးစီးပွားကို မပြည့်စုံစေတတ်၊ အရိယ ဝိဟာရခေါ် ဖလသမာပတ်၏ အထောက်အပံ့ကို မရစေနိုင်၊ အလုံးစုံ ကပ်ငြိဖွယ်တို့၌ ကပ်ငြိတတ်၏။ မောဟကြီးလွန်းလျှင် လောက၌လည်းကောင်း၊ သံသရာ၌လည်းကောင်း၊ အကျိုးစီးပွားမဖြစ်ထွန်းနိုင်သည်သာ ဖြစ်သည်။

မောဟသည် အာသဝတွင် အဝိဇ္ဇာသဝ အမည်ဖြင့်လည်းကောင်း၊ ဩဃတွင် အဝိဇ္ဇောဃ အမည်ဖြင့်လည်းကောင်း၊ ယောဂတွင် အဝိဇ္ဇာယောဂ အမည်ဖြင့်လည်းကောင်း၊ နီဝရဏတွင် အဝိဇ္ဇာ နီဝရဏ အမည်ဖြင့်လည်းကောင်း၊ အနုသယတွင် အဝိဇ္ဇာ နုသယ အမည်ဖြင့်လည်းကောင်း၊ သံယောဇဉ်တွင် အဝိဇ္ဇာ သံယောဇဉ်အမည်ဖြင့်လည်းကောင်း၊ ကိလေသာတွင်

သူ့အမည်ရင်းဖြင့်လည်းကောင်း၊ သူ့တာဝန်ကို ထမ်းဆောင်သည့်အနေဖြင့် ပါဝင်နေသည်။

မန်လည်အဆို

"ပါပကမ္မ အကုသလဥ္စ လောဘမူဟိတ် ဒါနပိတ်၍ ပြိတ္တာ, အသူရကာယ် ဘုံအပါယ်သို့ လားဖွယ်မှတ်ယူ ဒေါသမူကား ငြူစူပြစ်မှား အပြစ်များ၍ လား၏ငရဲ မလွဲအနေ တွေဝေမောဟ ဟိတ်မူလကြောင့် သုနခ, သုနခီ သုကရီ,သုကရ ခွေးဝက်စသား နိမ့်ကျယုတ်မာ မိုက်မဲစွာဖြင့် နာနာသဏ္ဌာန် တိရစ္ဆာန်ဘုံ ဖြစ်တုံမှတ်ဘိ ကြောင်းရင်းသိလော့ ထို့ပြီတခြား တစိတ်အားဖြင့် တပါးကျမ်းလာ ခွဲစိတ်ဖြာ၍ ကမ္မာနုရူပ ဂတိပြကား ကာမရာဂ ဗဟုလကြောင့် ဝနစရကာ ညစ်ညူးစွာဘိ ဟသ်ာ,ဝမ်းဘဲ ချိုးမွဲ့,ခို,ကြက် ကျေးဆက်ရက်နှင့် ကျက်ကျက်နေ့ည တရွရွနှင့် ရာဂကြီးမား တပ်မက်များသား မြည်း,လား,သိုး,ဆိတ် အဟိတ်ဇာတိ ဖြစ်ဘိတုံထ မောဟမိုက်ကံ ပြုစီမံသော် ပိုးနှံလောက်,ရှ တီ,မျှော့စသည် ဖြစ်ကြအထု အစုစုတည့် ကောဓုပနာ ပြင်းစွာ ငြိုးထား ဖွဲ့သောအားဖြင့် ကြီးမားမျက်သက် ကံပျက်ကျိုးပေး မြွေပွေး,မြွေဟောက် မထိစောက်အောင် ဆိပ်တောက်လွန်ဆိုး လူတိုင်းငြိုး၍ လိမ်ချိုးကြမ်းကြုတ် သတ်ုတ်ခံရ ဆင်းရဲကြ၏။"

ဤသို့ လောဘ, ဒေါသ,မောဟ ဤတရားဆိုး (၃)ပါး၏ အပြစ်ကို မဃဒေဝလင်္ကာ စာမျက်နှာ ၃၁၈၊ အပိုဒ်နံပါတ် ၄၅၀၌ ဆိုထားသည်။

သတ္တဝါများနှင့် မကင်းနိုင်

ဤလောဘ, ဒေါသ, မောဟ တရား(၃)ပါး၏ မိမိသန္တာန်မှာကပ်၍မနှိပ်စက်အောင် သတိထား၍ နေသင့်သည်။ ဤတရား(၃)ပါးသည် သတ္တဝါများနှင့် မကင်းနိုင်ပဲ ဘဝတိုင်းဘဝတိုင်းလိုက်၍ နှိပ်စက်နေသည်။ ပုထုဇဉ်များကို မဆိုထားဘိ အရိယာများကိုသော်မှ ကပ်၍ နှိပ်စက်ဘိသည်။ ဤတရား(၃)ပါးတွင် သောတာပန်, သကဒါဂါမ် ပုဂ္ဂိုလ်များသည် တပါးတလေမျှ မပယ်သတ်နိုင်သေးပဲ အနာဂါမ်ပုဂ္ဂိုလ်သည် လောဘ, ဒေါသနှစ်ပါးကို ပယ်သတ်၍ ရဟန္တာ အဖြစ်သို့ ရောက်သော်သာ မောဟကို ပယ်သတ်နိုင်သည်။

ပုထုဇဉ်နှင့် သောတာပန်များကို (၃)ပါးလုံးက နှိပ်စက်၏။ သကဒါဂါမ်ပုဂ္ဂိုလ်ကို အနုစားဒေါသနှင့် မောဟက နှိပ်စက်၏။ အနာဂါမ်ပုဂ္ဂိုလ်ကို မောဟကနှိပ်စက်၏။ ရဟန္တာ အဖြစ်သို့ ရောက်မှပဲ ဤတရားသုံးပါးလုံးနှင့် ကင်းနိုင်သည်။ ရဟန္တာဖြစ်အောင် အားမထုတ်နိုင်သေးစေကာမူ မီးနှင့်တူသော တရားဆိုး(၃)ပါး မိမိသန္တာန်မှာ အလွန်ကြီး မကပ်ရောက်နိုင်အောင် သတိတရား လက်ကိုင်ထားကာ ရှောင်ရှားသင့်ကြသည်။

လော, ဒေါ, မော, ရှောင်ကြဉ်သောသူမှာ၊ များလှကျိုးလှာ၊ သံသရာ– ဖန်ခါခါခွင့်ပေး၊ ဤသုံးဖြာ တရားဆိုးကို၊ ဖြတ်ချိုးစို့လေး၊

၂၆။ ထွေးအန်ဖတ်စသည် မဖြစ်အောင်

"စက္ခုဒွါရ သောတဒွါရ၌ မလုံခြုံသော တံခါးရှိသည် ဖြစ်၍ ဣန္ဒြေတို့၌ မစောင့်စည်းသောသူကို ရာဂကိုမှီ၍ ဖြစ်သော မှားယွင်းသော အကြံအစည် ဟူသော ယင်ကောင်တို့သည် ကျရောက်ကုန်လိမ့်မည်။

ထွေးအန်ဖတ်ကဲ့သို့ ပုပ်အပ်သောသူသည် ကိလေသာတည်း ဟူသော သားစိမ်းနံ့၌ စိုစွတ်သည်ဖြစ်၍ ကိလေသာ ယင်ကောင်တို့ဖြင့် ခြံရံလျက် လှည့်လည်ရ၏။

ပညာမဲ့သော လူမိုက်သည် ရွာ၌လည်းကောင်း၊ တော၌လည်းကောင်း၊ မိမိ၏စိတ် တည်ငြိမ်ခြင်းကို မရမူ၍ ကိလေသာယင်ကောင်တို့ဖြင့် ခြံရံလျက် လှည့်လည်ရ၏။

သီလနှင့်ပြည့်စုံ၍ ပညာဖြင့် ငြိမ်းအေးခြင်း၌ မွေ့လျော်သောသူတို့သည် ယင်ကောင်တို့ကို ဖျက်ဆီး၍ ငြိမ်းအေးကုန်လျက် ချမ်းသာစွာနေရကုန်၏" ဘုရားဟောသောစကားများ။

အချည်းနှီးနေသော ရဟန်း

ဗုဒ္ဓမြတ်စွာသည် ဗာရဏသီပြည် ရသေ့ရဟန်းတို့၏ ကျရောက်ရာ မိဂဒါဝုန်တောမြိုင်၌ သီတင်းသုံးတော်မူသည်၊ တခုသောနေ့၌ နံနက်အခါ ဗာရာဏသီမြို့တွင်းသို့ ဆွမ်းခံကြွဝင်တော်မူသည်။ ဗုဒ္ဓမြတ်စွာသည် နွားအရောင်းအဝယ်ပြုလုပ်ရာ ဈောင်ကြွတ်ပင်အနီး၌ ဆွမ်းခံလှည့်လည်တော်မူလတ်သော်၊

ရဟန်းတပါးကို မြင်သည်။ ထိုရဟန်းသည် စျာန်ချမ်းသာ မရှိခြင်းဖြင့် သာယာဖွယ် ဆိတ်သုဉ်း၏။ ကာမဂုဏ်ချမ်းသာ၏ အစွမ်းဖြင့် အပဖြစ်သောကာမဂုဏ်ကိုသာယာ၏။ ကင်းလွတ်သော သတိရှိ၏။ အဆင်ခြင်ဉာဏ် ပညာမရှိ၊ တည်ကြည်မှုမရှိ၊ လည်သောစိတ်ရှိ၏။ ပေါ့လွင်သော ဣန္ဒြေရှိ၏။

"ရဟန်း....သင့်အနေဖြင့် မိမိကိုယ်ကို ထွေးအန်ဖတ်လိုမပြုနဲ့၊ အမှန်ပြောရလျှင် မိမိကိုယ်ကို ထွေးအန်ဖတ်သဖွယ်ပြု၍ ကိလေသာ သားစိမ်းနံ့ဖြင့် စိုစွတ်သော သင့်ကို ကိလေသာ ယင်ကောင်တို့သည် အစဉ်လိုက်၍ နှိပ်စက်ကြကုန်လိမ့်မည်" ဟု ဗုဒ္ဓမြတ်စွာက မိန့်တော်မူလိုက်သည်။ ဤအဆုံးအမဖြင့်ပင် အဆိုပါ ရဟန်းသည် ထိတ်လန့်ခြင်းသို့ရောက်၍ တရားကို အားထုတ်ရာ သောတာပန် အရိယာတပည့်သား ဖြစ်သွားသည်။

ထွေးအန်ဖတ်၊ ယင်ကောင်၊ သားစိမ်း

ဗုဒ္ဓမြတ်စွာသည် ဆွမ်းခံပြန်လာ၍ ဆွမ်းဘုဉ်းပေးပြီးလတ်သော် အဆိုပါရဟန်း၏ဖြစ်ပုံ အကြောင်းစုံကို ရဟန်းတို့အား မိန့်ကြားတော်မူသည်။ ရဟန်းသံဃာ အများထဲမှ တပါးသော ရဟန်းက "အရှင်ဘုရား....ထွေးအန်ဖတ်ဆိုတာ ဘာကိုခေါ်၍ သားစိမ်းဆိုတာ ဘာကိုရည်ရွယ်သည်၊ ယင်ကောင်ဆိုတာ ဘာကို ဆိုလိုသည်ကို အမိန့်ရှိပါဘုရား" ဟု လျှောက်ထားသည်။

"ရဟန်း....ထွေးအန်ဖတ်ဆိုတာ သူတပါးစည်းစိမ်ကို ကြံစည်ခြင်း၊ အဘိဇ္ဈာကို ဆိုသည်။ သားစိမ်းဆိုတာ သူတပါး

စီးပွားချမ်းသာကို ဖျက်ဆီးခြင်း ဗျာပါဒကို ရည်ရွယ်သည်။ ယင်ကောင်ဆိုတာ ယုတ်မာဆိုးဝါးသော အကုသိုလ်နှင့် စပ်သော အကြံအစည်တို့ကို ဆိုလိုသည်”ဟု မိန့်တော်မူလိုက်သည်။

အဘိဇ္ဈာ အာဒိတိက

ထွေးအန်ဖတ်နှင့် တူသော သူတပါးစည်းစိမ်ကို မက်မောကြံစည်ခြင်း၊ အဘိဇ္ဈာတရား၊ သားစိမ်းနှင့် တူသော သူတပါးစီးပွားချမ်းသာကို ပျက်စီးစေလိုသော ဒေါသဖြင့် ပြစ်မှားတတ်သော ဗျာပါဒတရား၊ ယင်ကောင်နှင့် တူသော အကုသိုလ်နှင့် စပ်သော အကြံအစည် မိစ္ဆာဝိတက် တရားတို့ကို မိမိသန္တာန်၌ မကပ်ရောက်အောင် ထိန်းသိမ်းစောင့်ရှောက် ပြုပြင်နေထိုင်သင့်သည်။

အဆိုပါ အဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာဝိတက်တို့သည် မနောဒွါရ၌ဖြစ်သော မနောကံများဖြစ်၍ အလွန်ဆိုးဝါး ယုတ်မာကိလေသာ အပါအဝင် တရားများဖြစ်ရကား အလွန်အပြစ်များလှသည်။ဤသို့ အပြစ်များသော ကိလေသာဝင်အကုသိုလ်တရားတို့ကို မိမိတို့၏သန္တာန်မှာ မဖြစ်အောင် ကုသိုလ်တရားတော့သာ အဆင့်ဆင့်တိုးပွားပြီး ကျိုးများအောင် နေထိုင်နိုင်ကြ၍ သောတာပန် အရိယာ ဖြစ်များသော ရဟန်းကဲ့သို့ လိတ်လန့်၍ သံဝေဂရပြီးလျှင် တရား ားရားမှန်ကို ကြိုးစားအားထုတ်ကြပါဟု နှိုးဆော် တိုက်တွန်းလိုက်ရသည်။
(အံ၊ပါ။၁။၂၀၃။၂၀၄။)

၂၇။ နေ့တိုင်း အိုနေသော ဇရာ

"ရေစစ်၌ သွန်းလောင်းအပ်သော ရေသည် တဖြည်းဖြည်း ယုတ်လျော့၏၊ တိုးပွား၍မလာ။ မှန်လှ၏၊ လူ့ပြည်၌ သတ္တဝါတို့သည် အသက်ဖြင့်လည်းကောင်း၊ အဆင်းဖြင့်လည်းကောင်း၊ စက္ခုပသာဒ စသည်ဖြင့် လည်းကောင်း၊ နေ့တိုင်း နေ့တိုင်း ယုတ်လျော့နေ၏။ တိုးပွား၍ မလာတော့သည်သာ"။

ဤဒေသနာတော်လာ စကားအတိုင်းပင် ရေအိုး၏မျက်နှာ၌ ပဝါဖြင့် ရေစစ်သည်ရှိသော် ပဝါပေါ်၌ လောင်းသော ရေသည် ကြာရှည်မနေပဲ လျော့ပါးဆုတ်ယုတ်ကာ ကုန်သွားသကဲ့သို့ လူများစွာတို့၏အသက်သည် တရက်မျှမဆိုင်းနေ့တိုင်း ကြီးရင့်၍ ရှည်မြင့်မကြာ အင်္ဂါအဆင်း ပျက်စီးခြင်း၊ မျက်စိမှုန်ခြင်း၊ နားထိုင်းခြင်း၊ သွားကျိုးခြင်း၊ ဆံဖြူခြင်း စသည်ဖြင့် ယိုယွင်းဆုတ်ယုတ်လျက် ရှိချေသည်။

သံဝေဂယူစရာ

ကာသိကရာဇ်တိုင်း သုရုန္ဓနပြည်၌ ကာသိကရာဇ် မင်း၏ သမီးတော် ဥဒယဘဒ္ဒါ မင်းသမီးကို ရှေးဘဝက လင်သား ကြင်ရာတော်ဖြစ်ခဲ့ဘူးသော သိကြားမင်းသည် တရားသံဝေဂ ပေါက်၍ သံဝေဂ ရစေလိုသည့်အတွက် ကာလသား လူပျိုယောင်ဆောင်ကာ လက်ဆောင်ပဏ္ဏာဖြင့် ဆိုက်ရောက် လာသည်။။

ရှေးဦးစွာ ပထမရောက်လာသည့် ညဉ့်၌ ရွှေခွက်ကို လက်ဆောင်အဖြစ် ယူလာသည်။ ဒုတိယအကြိမ် လာရောက်သော

ည၌၌ ငွေခွက်ကို လက်ဆောင်အဖြစ် ယူလာသည်။ တတိယ အကြိမ်လာရောက်သော ည၌၌ကား ကြေးခွက်ကို လက်ဆောင် အဖြစ် ယူလာသည်။ လက်ဆောင်ပေးသူတို့၏ သဘောမှာ ပထမလက်ဆောင်ထက် ဒုတိယပေးသော လက်ဆောင်က သာ လွန်သောသဘော ရှိသည်။ ဒုတိယပေးသော လက်ဆောင်ထက် တတိယပေးသော လက်ဆောင်က သာလွန် မွန်မြတ်သော သ ဘောရှိသည်။

သုံးည၌မြောက်သောအခါ၌ ဥဒယဘဒ္ဒါ မင်းသမီးက သံသယမကင်းသဖြင့် ဤသို့မေးသည်။ "တိုင်းပြည်တပါးက ပျို့မောင်ရယ်....ကျွန်မကို အလိုရှိ၍ လက်ဆောင်ပစ္စည်းဖြင့် ဖြားယောင်းသော်၊ တည၌ထက်တည၌၊ တရက်ထက်တရက် တိုးတက်ကာ မြတ်သည်ထက် မြတ်သော လက်ဆောင်ပစ္စည်း ကို ယူခဲ့ရတယ် မဟုတ်ပါလား၊ တနေ့တခြား ညံ့သောအားဖြင့် လက်ဆောင်ပစ္စည်းများကို ဆုတ်ယုတ်၍ ယူခဲ့တာဟာ ထူး ခြားလှပါကလား၊ အကြောင်းကို ကျွန်မ သိပါရစေ"

ဥဒယ ဘဒ္ဒါ မင်းသမီးက ဤသို့မေးသောအခါ လူပျို ယောင်ဆောင်သော သိကြားမင်းက အကွက်ပေါ်လာပြီ ဖြစ်၍ တရားသဘော သက်ဝင်စေကာ ဤသို့ပြောကြားလိုက် သည်။

"အကို့နှမရယ်....အကိုသည် ကုန်ပစ္စည်း၏ တန်ဖိုးကို သိ သော ကုန်သည်ကဲ့သို့ ဖြစ်ပါတယ်။ ကုန်သည် လိမ်မာတို့၏ သဘောမှာ အဟောင်းနှင့်အသစ်ကို စိစစ်၍ အဖိုးဖြတ်လေ့ ရှိပါတယ်၊ အသစ်ဆိုလျှင် အသစ် အလျောက်, အဟောင်း

ကိုလည်း အဟောင်းအလျှောက် ချင့်ထောက်၍ အဖိုးပေးရစမြဲ ဖြစ်ပါတယ်၊ ထိုသဘောအတိုင်းပါပဲ အကို့နှမ၏ အဆင်း အင်္ဂါဟာ ရှေးဦးစွာ လာရောက်သော ညဉ့်ထက် အသက် ခန္ဓာ ယခုရင့်ရော်ခြင်း ဇရာတာသို့ ရောက်နေပါတယ်၊ ယ မန်နေ့ကထက် ယနေ့ရင့်ရော်၍ အရွယ်နှင့် သင့်တော်အောင် လက်ဆောင်ပစ္စည်းကို ဆုတ်ယုတ်၍ ယူခဲ့ခြင်း ဖြစ်ပါတယ်၊ အကို့နှမ သဘောပေါက်ပါ”

ဤစကားကို ကြားရ၍ ဥဒယဘဒ္ဒါ မင်းသမီးသည် သံဝေဂ အကြီးအကျယ် ဖြစ်ပေါ်လျက် ပရိဗိုဇ် ရဟန်းမဘောင်သို့ ဝင် ရောက် ရဟန်းပြုသည်။

ကောက်ချက်ဥပဒေသ

ဤအကြောင်းအရာကို ထောက်ထားသော်၊ ဤကမ္ဘာ လောက၌ တည်ရှိကြသော သတ္တဝါအနန္တတို့အဖြစ် တရား သဘောနှင့် စစ်လိုက်လျှင် မြစ်ရေအဟုန်သည် တသုံသုံစီးသွား ၍ မနားတမ်း ထုတ်ချောက် ခရီးရောက်သကဲ့သို့ ထိုနောက်တ ချက် ရောင်ခြည်တထောင် အလင်းဆောင်သော နေမင်းထွက် လာ၍ မကြာမတင် လျပ်စွာပင် ဝင်သွားသကဲ့သို့ ဤအတူသာ လျှင် အိပ်နေ၍ ရပ်သည်။ ရင့်ရော်ခြင်း ဇရာကား တနာရီမျှ မရပ်၊ ဒလစပ်သွားနေသည်။ ဒလစပ်ဖြစ်နေသည်။ ရှေ့သို့ ရောက်ပြီးလျှင် နောက်သို့ တဖန်ပြန်လာပြီး ပျိုနုလာသည် ဟူ၍ ဘယ်ခါမျှမရှိ၊ အိုခြင်းသို့သာ ရောက်ရသည်ကို သံဝေဂ ယူနိုင်ရန် သင့်လျော်ကြောင်းကို ကောက်ချက် ဥပဒေသ ချ၍

ရေးသားလိုက်ရသည်။ ဖြစ်ပြီးလျှင် ပျက်ရသည်၊ နာရီတိုင်း စက္ကန့်တိုင်း ရင့်ရော်နေသည်။

၂၇။ တေနှင့်လာ အာနှင့်ဖြေ။

ရှေးသူဟောင်းတို့သည် "တေနှင့်လာ အာနှင့်ဖြေ"ဟူသော စကားကို သုံးစွဲခဲ့ကြသည်။ တေ–ဟူသည်ကား ဘုတ်ကြီးလေးပါးတွင် ပါဝင်သော တေဇောပင် ဖြစ်သည်။ အာ–ဟူသည်ကား အာပေါပင် ဖြစ်သည်။ တေဇောသဒ္ဒါ ဤနေရာ၌ မီးဟောယူ၍၊ အာပေါ သဒ္ဒါရေဟောယူရသည်။

မီးသည် မိမိလောင်စရာဖြစ်သော မြက်သက်ရွက် စသော လောင်စာကို လောင်တတ်သော သဘောရှိသည်။ ဒေါသတရားသည်လည်း သတ္တဝါတို့သန္တာန်၌ဖြစ်သည် ရှိသော်၊ အဆင်းဖေါက်ပြန်ခြင်း၊ အရေတွန့်ခြင်း၊ ဆံဖြူခြင်း၊ သွားကျိုးခြင်း စသော အခြင်းအရာဖြင့် လောင်တတ်သည်။ ထို့ကြောင့် ဒေါသကို မီးနှင့်တူသည် ဖြစ်၍ မီးဟုခေါ်ဝေါ် ပညတ်သမုတ်အပ်သည်။

ရေသည် သောက်ချိုးသော သတ္တဝါတို့အား ချမ်းအေးခြင်းကို ဖြစ်စေတတ်၍ တောက်လောင်သော မီးကိုလည်း ငြိမ်းစေတတ်သည်။ မေတ္တာသည်လည်း သတ္တဝါတို့သန္တာန်၌

ဖြစ်သော ဒေါသ,ဗျာပါဒ စသော ပူပန်ခြင်းကို ပယ်သဖြင့် ငြိမ်းချမ်းခြင်းကို ဖြစ်စေတတ်သည်။ ထို့ကြောင့် မေတ္တာကို ရေနှင့်တူသည်ဖြစ်၍ ရေဟု ခေါ်ဝေါ်ပညတ် သမုတ်အပ်သည်။

မေတ္တာ၊ မေတ္တာသည် ကောဓာနလ ဇလာပေတော၊ အမျက်တည်းဟူသော ပြောင်ပြောင်တောက်သော မီးအလျှံကို ဖဲကွာ ကင်းငြိမ်းစေတတ်သော ရေသဖွယ် ဖြစ်ပေ၏။ သောကော ပါယာသနာသနံ၊ စိုးရိမ်ခြင်း၊ ရှိုက်ငင် ပင်ပန်းခြင်းကို ဖျက်ဆီးတတ်ပေ၏။ အာဃာတ သလ္လနိဒ္ဓါရိ၊ ရန်ငြိုး တည်းဟူသော ငြောင့်ကို ပယ်နုတ်တတ်ပေ၏။ ဥပနာဟ ဝိမောစနံ အဖန်တလဲလဲ ဖြစ်သော ရန်ငြိုးဖွဲ့ခြင်းကို ဖြေတတ်ပေ၏။

ယင်းသို့ဖြစ်၍ မီးနှင့်တူသော ဒေါသဖြင့် နှိပ်စက်သည် ဖြစ်၍ မိမိအထံသို့ အကျိုးမဲ့ကို ပြုခြင်းငှာလာသော ရန်သူကို ရန်တုံ့မမူပဲ ရေနှင့်တူသော မေတ္တာဖြင့်သာ သူတပါး၏ ဒေါသမီးကိုလည်းကောင်း၊ မိမိကိုယ်တွင်း၌ဖြစ်သော ဒေါသမီး ကိုလည်းကောင်း၊ ငြိမ်းအေး,စေရာ၏ဟု ဆိုလိုပေသည်။

တေနှင့်လာသောသူကို အာနှင့်မဖြေပဲ တေနှင့်ပဲ ဖြေကြမည်ဆိုလျှင် ထိုမီးငြိမ်းမသွားရုံမျှမက ပိုမိုတောက်လောင်လာဖွယ်ရှိချေသည်၊ မှန်လှပေ၏။ ဓမ္မပဒ၌ လာရှိသော အမျိုးသမီး နှစ်ဦးသည် တေနှင့် လာသည်ကို တေနှင့်ပဲ ပြန်၍ ရင်ဆိုင်ကြသဖြင့် မျက်မှောက်ဘဝ၌ပင် ဒုက္ခအမျိုးမျိုးနှင့် ရင်ဆိုင်ကြရလေသည်။ မျက်မှောက်ဘဝမက ကြက်မနှင့် ကြောင်မဘဝ၊ သမင်မနှင့် သစ်မဘဝ၊ လူမိန်းမနှင့် ဘီလူးမဘဝများ၌ အခဲ

မကြေ လက်စားချေကာ တယောက်တလှည့် နိုင်ရာစားသဘော ဖြင့် ရန်တုံ့ မူနေကြသဖြင့် ဗုဒ္ဓမြတ်စွာထံမှောက် ရောက်မှ နောက်ကြောင်း ပြန်လှန်ကာ ဟောတော်မူသောအခါ သတိ တရားရကြ၍ ဒေါသမီး ချုပ်ငြိမ်းသွားသည်ဟု အဆိုရှိသည်။ ဗုဒ္ဓမြတ်စွာနှင့်မတွေ့လျှင် ဆက်လက် တောက်လောင်ကြဦးမည် သာ ဖြစ်ချေသည်။

သို့အတွက် မီးနှင့်တူသော ဒေါသရှေ့ထား၍ လာသော အခါ ရေနှင့်တူသော မေတ္တာဖြင့် ငြိမ်းသတ် ချေဖျက်နိုင်မှုကို သာ ရှေးသူတော်ကောင်းများ ချီးကျူးကြသည်။ "ရန်စကို မရှည်စေရ၊ တိုစေရမည်" ဟူသော ထုံးကိုလည်း နှလုံးမူလျက် "တေနှင့် လာလျှင် အာနှင့်ဖြေရမည်" ဟု သန္နိဋ္ဌာန် ချမှတ် ကာ လက်တွေ့ကျင့်သုံးနိုင်စေရန် ဆုမွန်ကောင်းတောင်းလျက် တိုက်တွန်း ရေးသားလိုက်သည်။

၂၉။ ပတ္တမြားသာ မှန်ပါစေ

"ပတ္တမြားမှန်လျှင် ညွန်မှာ နှစ်သော်လည်း မညစ်" ဟူသော ရှေးအထက်က ဆင်းသက်လာသော စကားသည် အလွန်မှန်ကန်လှသည်။ လောက၌ ဂုဏ်ရှိသော ပုဂ္ဂိုလ်တယောက်သည် မိမိ၏နောက်ဘဝများက ပါလာသော ကံအကြောင်းအားလျော်စွာ အကျိုးပေးချိန်ကျ၍ ထိပ်တန်းရာထူးဌာနန္တရသို့ ကံကပို့ပေးသဖြင့် ဆိုက်ရောက်နေသည်။

ထိုပုဂ္ဂိုလ် အောက်တန်းကျရေး, လူစဉ်မမီရေးကို လိုလားသူများသည် မိမိတို့စွမ်းအားရှိသလောက် အထက်လမ်း ဂိုဏ်းနည်း, အောက်လမ်းဂိုဏ်းနည်း အမျိုးစုံတို့ဖြင့် ထိုပုဂ္ဂိုလ်၏ ဂုဏ်ကျေးဇူးကို ချေဖျက်ကြသည်။ ချေဖျက်ရန် နည်းလမ်းပေးကြသည်။ ထိုသို့ပင် ချေဖျက်ကြပါသော်လည်း ထိုပုဂ္ဂိုလ်မှာ ဂုဏ်မပျက်ရုံသာမက တိုး၍ တိုး၍ပင် ဂုဏ်ရှိလာချေသည်။ အကြောင်းရှာသော် ထိုပုဂ္ဂိုလ်၌ ဖြစ်ပေါ်နေသော ဂုဏ်သည် ချေဖျက်၍ မရနိုင်လောက်သော ဂုဏ်ဖြစ်သောကြောင့် ဟူ၍ ဆိုထိုက်လှသည်။

ချေဖျက်ရန် သင့်, မသင့်

တဦးတယောက်သော ပုဂ္ဂိုလ်၏ တရားသဖြင့် ဖြစ်ပေါ်နေသော ဂုဏ်ကို မချေဖျက်သင့်ပေ။ ချေဖျက်ခံရသော ပုဂ္ဂိုလ်၌ ဂုဏ်ပျက်,မပျက် မသေချာစေကာမူ ချေဖျက်သောပုဂ္ဂိုလ်၌ကား အသီးအသီး မနာလိုစိတ်ဖြစ်ပေါ်မှုအတွက် အကုသိုလ်အပြစ်လက်ငင်း ရရှိကြလေပြီ၊ ကြောက်စရာကောင်းလှသည် ဖြစ်၍

ရှောင်ကြဉ်သင့်ကြသည်။ "ပတ္တမြားမှန်လျှင် ညွန်မှာနှစ်သော်လည်း မညစ်" ဟူသော စကားကိုလည်း အကြွင်းမဲ့ ယုံကြည်သင့်ကြသည်။

ခြင်္သေ့နှင့် ဝက်များ

ဟို....ရှေးရှေးတုန်းက ဗာရာဏသီတိုင်းပြည်ကို ဗြဟ္မဒတ်မင်းကြီး အုပ်စိုးရှိနေသည်။ ဘုရားအလောင်းတော်သည် ပုဏ္ဏားမျိုး၌ ဖြစ်၍ ကာမတို့၌ အပြစ်ကိုမြင်သဖြင့် ဟိမဝန္တာတောအရပ်၌ ရသေ့ရဟန်း ပြုနေသည်။ ဘုရားအလောင်းတော်ရသေ့ကြီး၏နေထိုင်ရာ သင်္ခမ်းကျောင်းအနီးတွင် ပဒ္မာမြားလိုဏ်ဂူတခု ရှိသည်။ လိုဏ်ဂူအနီး၌ ဝက်သုံးကျိပ်တို့ နေထိုင်ကြကုန်၏။ ခြင်္သေ့တကောင်လည်း ထိုလိုဏ်ဂူအနီး၌ ကျက်စားသည်။ ခြင်္သေ့၏အရိပ်သည် ပတ္တမြား၌ ပေါ်လွင်လျက်ရှိရာ ဝက်တို့သည် ပဒ္မာမြား၌ ခြင်္သေ့၏အရိပ်ကို အမြဲမြင်နေရသဖြင့် ထိတ်လန့်ကြောက်ရွံ့ကာ ကြုံလှီပိန်ချုံးသောကိုယ် ရှိကုန်သည်ဖြစ်၍ အမြဲစိတ်ဆင်းရဲလျက် ရှိကြသည်။

"ဤပတ္တမြားသည် ကြည်လင်တောက်ပလျက် အရောင်ထွက်သည်။ ခြင်္သေ့၏အရိပ်သည် ဤပတ္တမြား၌ အမြဲပေါ်နေသည်။ ဤပတ္တမြား အဆင်းပျက်အောင် လုံ့လပြုကြရလျှင် ကောင်းမှာပဲ" ဤသို့ တိုင်ပင်ကြပြီးလျှင် ဝက်တို့သည် တခုသောရေအိုင်သို့ သွားကြကုန်၍ ရွှံ့ညွန်တွင်း၌ လူးကြသည်။ ရွှံ့ညွန်လူးသော ကိုယ်တို့ဖြင့် ပတ္တမြားရှိရာသို့ လာကြကုန်၍ ပွတ်တိုက်ကြသည်။ ဝက်တို့၏ ရွှံ့ညွန်ဖြင့် ပွတ်တိုက်ခြင်းကြောင့် ပတ္တမြားသည် ပိုလွန်၍ တောက်ပလာသည်။ အရောင်ထွက်

လှန်ကဲလာသည်။ အတိုင်းထက်အလွန် ကြည်လင်လာသည်။ သုံးကြိမ်တိုင်တိုင် ရှုံ့သည့်လူးသောကိုယ်ဖြင့် အရောင်ညစ်နွမ်းစေရန် အဆင်းပျက်စေရန် ပွတ်တိုက်ငြားသော်လည်း တိုး၍ တိုး၍ ပြောင်လာရာ ဝက်တို့သည် ဘုရားအလောင်းတော် ရသေ့ကြီးထံသို့ လာရောက်လျှောက်ထားကြသည်။

ဘုရားအလောင်းတော် ရသေ့ကြီးက "အမောင်ဝက်တို့.... ဤပတ္တမြားသည် ကျောက်မျက်ရှဲ့ အစစ်တည်း၊ ကြမ်းတမ်းမှု မရှိ၊ အညစ်အကြေးကင်း၏။ တင့်တယ်၏၊ ထိုပတ္တမြား၏ အသရေကို မဖျက်ဆီးကြနဲ့၊ တခြားအရပ်သွားကြကုန်လော့၊ သင်တို့မှာ အမောသာအဖတ်တင်လိမ့်မယ်"ဟု ပြောလိုက်ရာ ဝက်များ အလျော့ပေးကာ ပြန်သွားကြသည်။

ကောက်ချက်ဥပဒေသ

ဤဝတ္ထုသွား ထောက်ကာထား၍ ဂုဏ်များထင်ပေါ် ပုဂ္ဂိုလ်ကျော်၏ မလျော်အကြောင်း စုကာပေါင်း၍ ထုထောင်းဖျက်ချေ အမျက်တွေဖြင့် အသေအလဲ ထိုးလေမြဲလည်း ခံဆဲသူမှာ ပြစ်ဗလာဖြင့် ပြစ်ရှာသူတွေ မောဟိုက်နေလျက် ရွှေငွေဥစ္စာ ဆုံးရှုံးရသည်.... ရှောင်ခွာသင့်ကြသည်သာ တည်း။ ။

၃၀။ ဒေဝဒတ်နှင့်စပ် သိမှတ်စရာ

ဒေဝဒတ်သည် ဘဒ္ဒိယ, အနုရုဒ္ဓါ, အာနန္ဒာ, ဘဂု, ကိမိလ ဟူသော မင်းသား ငါးယောက်နှင့်အတူ ရဟန်းပြုလာသူ ဖြစ်သည်။ ဘဒ္ဒိယသည် ထိုဝါတွင်း၌ပင်လျှင် တေဝိဇ္ဇာ ရဟန္တာဖြစ်သည်၊ အနုရုဒ္ဓါသည် ဒိဗ္ဗစက္ခု အဘိညာဉ်ကို ရပြီး၍ နောက်အခါ မဟာပုရိသ ဝိတက္ကသုတ္တန်ကို နာရ၍ ရဟန္တာ ဖြစ်သည်။ အာနန္ဒာသည် သောတာပန် ဖြစ်သည်။ ဘဂုသည် လည်းကောင်း၊ ကိမိလသည် လည်းကောင်း၊ နောက်အဖို့၌ ဝိပဿနာကို အဆင့်ဆင့် ပွား၍ ရဟန္တာ ဖြစ်ကြကုန်သည်။ ဒေဝဒတ်မှာကား ပုထုဇဉ်အဖြစ်ဖြင့် သာလျှင် လောကီစျာန် အဘိညာဉ်တို့ကို ရရှိသည်။

မကောင်းသောအကြံ

အခါတပါး၌ ဗုဒ္ဓမြတ်စွာသည် ကောသမ္ဗီပြည်မှာ ဝါကပ်တော်မူသည်။ ဒါယကာ ဒါယိကာမတို့က ကျောင်းသို့လာကြသည်။ "ဗုဒ္ဓမြတ်စွာ အဘယ်မှာနည်း။ အရှင်သာရိပုတ္တရာ အဘယ်မှာနည်း၊ အရှင်မောဂ္ဂလာန်၊ အရှင်အာနန္ဒာ၊ အရှင် အနုရုဒ္ဓါ၊ အဘယ်မှာနည်း" အစရှိသည်ဖြင့် အားလုံးသော မထေရ်တို့ကို မေးကြသည်။ ဒေဝဒတ်ကိုကား မေးသူမရှိချေ။

မင်းမျိုးမှ အတူတူ ရဟန်းပြုလာသူချင်း ဖြစ်ပါလျက် ငါ့အပေါ် အသိမလုပ်ကြဟု ထင်ပေါ် ကျော်ကြားချင်သော စိတ်ဖြင့် အဇာတသတ် မင်းသားငယ်ကို ချဉ်းကပ် ဖြားယောင်းသည်။ အဇာတသတ်က သူ့ကို ကြည်ညိုလာသောအခါ

ရာဇဂြိုဟ်ပြည်၌ နေပြီးလျှင် အစီအစဉ်ချမှတ်သည်။ မိမိက ဘုရားကိုသတ်၍ ဘုရားနေရာကို ယူမည်။ အဇာတသတ်က ဖခင်ကိုသတ်၍ မင်းလုပ်ဖို့ ဖြစ်သည်။

ဗုဒ္ဓအပေါ် ရန်ငြိုးဖွဲ့ခြင်း

အဇာတသတ်မင်းသားကို အမှီပြု၍ ဒေဝဒတ်သည် ဘုန်းတန်ခိုးကြီးထွားလာသည်။ လာဘ်လာဘ ပေါများလာသည်။ ဤသည်ကို မာန်တက်ပြီးလျှင် ဘုရားထံ ဝင်ရောက်၍ ဤသို့ လျှောက်ထားသည်။

"ဗုဒ္ဓမြတ်စွာဘုရား....ကိုယ်တော် အရှင်မြတ် သက်တော်ရွယ်တော် ကြီးပါပြီ၊ ကိုယ်တော်၏ တပည့်သံဃာအားလုံးကို တပည့်တော်အား အပ်နှင်းပါ"ဟု တောင်ပန်လျှောက်ထားသောအခါ၌ ဗုဒ္ဓမြတ်စွာက လက်မခံပဲ ခြိမ်းခြောက် မောင်းမဲငေါက်ငန်းလွှတ်လိုက်သည်။ ထိုအချိန်မှစ၍ ဗုဒ္ဓမြတ်စွာအပေါ် စိတ်အနာကြီး နာပြီးလျှင် အာဃာတ ရန်ငြိုးဖွဲ့ထားသည်။

သတ်ရန်လုံ့လပြုခြင်း

အဇာတသတ်မင်းသားကို ခမည်းတော်သတ်ဖို့ တိုက်တွန်း၍ သူကိုယ်တိုင်က ဗုဒ္ဓမြတ်စွာကို သတ်ဖို့စီစဉ်သည်။ လေးသမားတို့ကို ဗုဒ္ဓမြတ်စွာထံလွှတ်၍ သတ်စေသည်။ ထိုအကြံမအောင်မြင်၍ သူကိုယ်တိုင် ဂိဇ္ဈကုဋ်တောင်ပေါ်တက်ပြီး ကျောက်လုံးကြီးကို လှိမ့်ချ၍ သွေးစိမ်းရှင်ရှင် တည်စေခြင်းဖြင့် လောဟိတုပ္ပါဒကံကြီးကိုပြုသည်။ ထိုနောက် နာဠာဂီရိဆင်ကို အရက်မူးအောင်တိုက်၍ ဗုဒ္ဓမြတ်စွာထံ လွှတ်လေသည်။

ထိုအချိန်မှစ၍ ဒေဝဒတ်သည် လာဘ်လာဘ ဆုတ်ယုတ်လာလျက် သံဃာသင်းခွဲမှု၊ သံဃဘေဒကံကြီးကို လွန်ကျူးသည်။ ထိုနောက် ဒေဝဒတ်သည် မကျန်းမမာ ရောဂါဝေဒနာ စွဲကပ်လာသည်ဖြစ်၍ ကိုးလပတ်လုံး နေရာမှ မထနိုင်ပဲရှိရာ သေကာနီးသော ကာလ၌ သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးသော ဗုဒ္ဓမြတ်စွာအထံသို့ သူ့ဆန္ဒဖြင့် လာသေးသော်လည်း ဗုဒ္ဓမြတ်စွာကို မဖူးလိုက်ရပဲ သရဏဂုံမျှ ဆောက်တည်၍ မြေမျိုခြင်းကို ခံလိုက်ရသည်။

ဒေဝဒတ်ခံရပုံ

ဒေဝဒတ်သည် မြေကြီးအတွင်းသို့ သက်ဝင်၍ အဝီစိမဟာငရဲ၌ ဖြစ်ရသည်။ "မတုန်မလှုပ်သော ဗုဒ္ဓမြတ်စွာ၌ ပြစ်မှားသည်၏အဖြစ်ကြောင့် မတုန်မလှုပ်သာလျှင် ဖြစ်လျက် ခံစေသတည်း"ဟု ယူဇနာတရာရှိသော အဝီစိငရဲကြီး အတွင်း၌ ယူဇနာတရာလောက်အမြင့်အစောက်ရှိသော ကိုယ်ခန္ဓာရှိသည်ဖြစ်၍ ဖြစ်ရသည်။ ဦးခေါင်းသည် နားရွက်စွန်း တိုင်အောင် အထက်သံပြားအမိုး၌ စူးဝင်နေသည်။ ခြေတို့သည် ဖမျက်တိုင်အောင် အောက်အဖို့ဖြစ်သော သံမြေပြင်သို့ စူးဝင်နေသည်။ ထန်းပင်လုံး ပမာဏရှိသော သံတံကျင်သည် အနောက်နံရံမှထွက်၍ ကျောက်ကုန်း၏ အလယ်ကို ဖောက်ခွဲစူးဝင်ပြီးလျှင် ရင်ဖြင့်ထွက်ပြီး၍ အရှေ့နံရံသို့ စူးဝင်လေသည်။

တချောင်းသော သံတံကျင်သည် တောင်ဖက်နံရံမှထွက်၍ လက်ျာဖက်ကို ဖောက်ပြီး စူးဝင်၍ လက်ဝဲနံဘေးဖြင့် ထွက်ပြီးလျှင် မြောက်ဖက်နံရံသို့ စူးဝင်လေသည်။ တချောင်းသော

သံတံကျင်သည် အထက် သံပြားအမိုးမှထွက်၍ ဦးထိပ်ကို ဖေါက်ခွဲစူးဝင်ပြီးမှ အောက်အဖို့မှ ထွက်ပြီးလျှင် အောက်အဖို့ သံမြေသို့ဝင်လေသည်။ ဤသို့ဖြင့် ဒေဝဒတ်သည် မတုန်မလှုပ် ခံနေရ၍ ဤယခုအချိန်၌ အဝီစိငရဲသက်ဖြင့် ရက်ပိုင်းတောင် မရသေးပဲ နာရီပိုင်းမျှသာ ရှိပါသေးသည်။

ဒေဝဒတ်ရဟန်းပြုရကျိုး

ဒေဝဒတ်သည် သာကီဝင်မင်းမျိုးမှ ရှင်ရဟန်းပြုလာသော သူ ဖြစ်သည်သာမက ယသော်ဓရာ၏မောင်အရင်းဖြစ်၍ ဗုဒ္ဓ မြတ်စွာ၏ ယောက်ဖတော်ဖြစ်သည်။ညီအကိုဝမ်းကွဲလည်းတော် သည်။ မူလက စေတနာကောင်းဖြင့် ရဟန်းပြုလာသူ ဖြစ် သောကြောင့် ဈာန်အဘိညာဉ် တန်းခိုးနှင့်ပြည့်စုံသူဖြစ်သည်။ သံဃာသင်းခွဲအံ့ဟု စိတ်အကြံဖြစ်ရာ အချိန်မှစ၍ ဈာန်အဘိ ညာဉ်တန်ခိုး ကွယ်ပျောက်သွားခြင်း ဖြစ်သည်။ ရဟန်းသံဃာ ကို တပည့်တော်အား အပ်နှင်းတော်မူပါဟု လျှောက်ထား သောအခါ ဗုဒ္ဓမြတ်စွာက ခြိမ်းခြောက် မောင်းမဲ၍ ပယ်ရှား တော်မူလိုက်သောအခါတွင် စိတ်နာလုံးမသက်သာသဖြင့် ဗုဒ္ဓ မြတ်စွာအပေါ်၌ ရန်ငြိုးဖွဲ့၍ ဗုဒ္ဓမြတ်စွာထံပါးမှ ဖယ်ခွာ ထွက်သွားသည်။

သွေးနက်များအန်ခြင်း

ဒေဝဒတ်သည် ပညာနုံ့သော ဝဇ္ဇီတိုင်းသား ရဟန်း ငါးရာကို ခေါ်ဆောင်၍ ဂယာသီသအရပ်သို့ သွားသည်ရှိ သော် ဗုဒ္ဓမြတ်စွာ ကြားသိတော်မူ၍ ထိုရဟန်းတို့ကို ပြန်၍ ခေါ်ဆောင်ခြင်းအကျိုးငှါ အဂ္ဂသာဝကနှစ်ပါးကို စေလွှတ်

တော်မူလိုက်သဖြင့် တဖန်ပြန်၍ ခေါ်သွားသည့်အခါ၌ ကိုယ်လက်ဆန့်ပြောင်း လျှောင်းနေဆဲအခါ ဖြစ်သည်။ ရဟန်းငါးရာ ပြန်ပါသွားသည်ကို မသိလိုက်ပဲ အိပ်ငိုက်၍နေရာ တပည့်ကျော် ကောကာလိက,က "ထတော်မူလော့၊ ငါ့ရှင်ဒေဝဒတ်" ဟု ရင်ဘတ်၏အလယ်ကို ဒူးဖြင့်တိုက်၍ နှိုးလိုက်ရာဝယ် များစွာခံခက် နှလုံးသားတို့ ကွဲအက်မတတ်ဖြစ်၍ ထိုအရပ်၌ပင် လျှင် ပါးစပ်ခံတွင်းမှ ပူပြင်းသော သွေးနက်တို့သည် အန်ထွက်လာကြကုန်သည်။

ဘုရားထံ အပို့ခိုင်းခြင်း

သွေးအန်သော ဝေဒနာကလည်း မသက်သာ၊ သံဃာသင်းခွဲသောကံနှင့် ဗုဒ္ဓမြတ်စွာကို သွေးစိမ်းတည်အောင်ပြုသောကံနှစ်ခုကလည်း တဖြည်းဖြည်း နှိပ်စက်၍ ကိုယ်လက် ပိန်ကြုံခွန်အားကုန်လို့မချိ၊ကိုးလတို့ပတ်လုံး နွမ်းရိခွေယိုင် အခြေမခိုင်ဖြစ်လာသောအခါမှသာ သတိရ၍"ဘုရားထံသို့ ငါ့ကိုအရောက်ပို့ပါ"ဟု တပည့်များကို အခါခါ တောင်းပန်၍ တပည့်အပေါင်းတို့က ညောင်စောင်းငယ်ဖြင့် တင်ယူဆောင်ပို့ လာရာ ဇေတဝန် ကျောင်းတော်၏အနီး လေးထောင့်ကန်၌ အမောဖြေအံ့သောငှာ ခေတ္တချထားသည်။။

မြေသို့ ချလိုက်သည်နှင့်

ညောင်စောင်းကို ချထားသောအခါ၌ ညောင်းညာသည့်အတွက် ခြေနှစ်ဖက်တို့ကို မြေထက်၌ ချမိလိုက်သည်နှင့် တပြိုင်နက် ယူဇနာပေါင်း နှစ်သိန်းလေးသောင်းအထုရှိသော မဟာပထဝီ မြေကြီးသည် ရှစ်သောင်းလေးထောင် နှစ်ပြန်ဆောင်

သော မြင့်မိုရ်တောင်မင်းကို ဆောင်ကြဉ်းထားရ သည့်ထက် အလျားတလံ၊ အနံ့တထွာ ပမာဏသာ ကိုယ်ကာယရှိသော သံဃာဘေဒ, လောဟိတုပ္ပါဒဟူသော ဝန်လေးလှသော ဂရုကံ နှစ်ပါးကို ကြံအားပြုရက်သူကို ဆောင်ရွက်ရခြင်းသည် အလွန် ပင် ဝန်လေးသည်ဟု မဆိုသော်လည်းဆိုသကဲ့သို့ မိမိအပေါ် ၌ မတည်စေပဲ အဝီစိငရဲသို့ အရောက်အပေါက်ပို့၍ တဖြည်း ဖြည်း ခြေမျက်စိမှစ၍ မြေမျိုလေတော့သည်။

နောက်ဆုံး ပူဇော်ကန်တော့ခြင်း

ဒေဝဒတ်သည် မြေမျို၍ မေးရိုးထိသောအခါ မိမိကိုယ်၌ ထင်ရှားရှိသော အရိုး,အသားတို့ဖြင့် ဘုရားမြတ်စွာအား ဖြစ် မှားမိသော အပြစ်တို့မှ ပြေငြိမ်းခြင်းအလို့ငှာ မာန်ကိုလျှော့၍ ဤသို့ဆိုပြီး ကန်တော့သည်။

"နတ်တကာတို့ထက်မြတ်သော ဝိသုဒ္ဓိနတ် ဖြစ်တော်မူသော လူတို့အား တရားဟော၍ ဆုံးမတော်မူတတ်သော ထက်ဝန်း ကျင်ကို မြင်စွမ်းနိုင်သော ပညာစက္ခုရှိတော်မူသော တရာသော ဘုန်းလက္ခဏာ ရှိတော်မူသော မြတ်သောပုဂ္ဂိုလ် ဖြစ်တော် မူသော ထိုမြတ်စွာဘုရားကို ဤအရိုးတို့ဖြင့် ဤအသက်တို့ဖြင့် ကိုးကွယ် ဆည်းကပ်ခြင်းသို့ ရောက်သည်ဖြစ်ပါ၏"။

ကန်တော့ဝန်ချပြီးလျှင် မြေထဲသို့ဝင်၍ အဝီစိငရဲ၌ ကျက် ရသည်။ ဤသို့ မာန်ကိုလျှော့၍ ကန်တော့ဝန်ချမည့်အရာကို မြင်တော်မူ၍ ဗုဒ္ဓမြတ်စွာသည် ဒေဝဒတ်ကို ရဟန်းပြုပေးခြင်း ဖြစ်သည်။ "ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာတစ်သိန်းထက် ကာလ၌ ဒေဝဒတ်သည် အဋ္ဌိဿရမည်သော ပစ္စေကဗုဒ္ဓါ ဖြစ်လတံ့"

ဟူ၍ ဗျာဒိတ်စကား မိန့်ကြားတော်မူပြီး ဖြစ်သည်။ ဒေဝဒတ်သည် ရဟန်းမပြုသော်လည်း ဂရုကံကိုကားပြုမည်သာ ဖြစ်သည်၊ မည်သူမျှ မတားမြစ်နိုင်၊ ရဟန်းပြုခြင်းကြောင့်သာ ဆိုအပ်ခဲ့ပြီးသောဘဝမှ ထမြောက်ရန်အကြောင်းကို ရရှိခြင်း ဖြစ်ပေသည်။ ဓမ္မ။ဋ္ဌ၊ ၁။၉၄၊၉၅။

၃၁။ မောနေယျအကြောင်း

မောနေယျအကျင့်ဟူသည် အလွန်မွန်မြတ်သောအကျင့်ဖြစ်သည်။ ဘုရားတဆူသာသနာမှာ မောနေယျအကျင့်ကို ကျင့်သူတဦးသာ ရှိမြဲဖြစ်သည်။ ဂေါတမဗုဒ္ဓမြတ်စွာ၏ သာသနာမှာ မောနေယျအကျင့်ကို ကျင့်သူကား အရှင်နာလက ဖြစ်သည်။ အရှင်နာလက၏ ရှေးအကြောင်းကို ကျမ်းဂန်တို့၌ ဤသို့ဆို ထားသည်။

အတိတ်မှအရိပ်

ပဒုမုတ္တရ အမည်ရသော ဗုဒ္ဓမြတ်စွာ၏ လက်ထက်တော်အခါ၌ မောနေယျအကျင့်ကိုကျင့်သော ရဟန်းတပါးကိုမြင်၍ ထိုမောနေယျအကျင့်ကို လိုလားအားကျ၍ ဆုတောင်းမှုပြုပြီးလျှင် ကမ္ဘာတစ်သိန်းကာလပတ်လုံး အရှင်နာလကအလောင်း

လျှာသည် ကုသိုလ်ကောင်းမှု အမျိုးမျိုးကိုပြုကာ ပါရမီတို့ကို ဖြည့်လျက် အားထုတ်ခဲ့သည်။

လက်ထက်တော်အခါ

ဂေါတမ ဗုဒ္ဓမြတ်စွာ၏ လက်ထက်တော်အခါ၌ အရှင်နာလက အလောင်းလျှာသည် ကာဠဒေဝီလရသေ့ကြီး၏ ညီမဖြစ်သော မန္တာနီပုဏ္ဏေးမ၏ သားဖြစ်လာသည်။ ဗုဒ္ဓမြတ်စွာ ဓမ္မစကြာတရားဟောကြားတော်မူပြီးနောက် (၇)ရက်မြောက်သောနေ့၌ အဆိုပါ အရှင်နာလကသည် မိမိပန်ဆင်ထားသည့် ဆုအတိုင်း မောနေယျအကျင့်မြတ်ကို ကျင့်လိုသည်ဖြစ်၍ ဗုဒ္ဓမြတ်စွာအား ဤသို့လျှောက်ထားသည်။

မောနေယျအကျင့်ကို ဟောပါ

"သံသရာ၏ ဟိုမှာဘက်ဖြစ်သော ကမ်းတဘက်သို့ လှမ်းတက် ကူးမြောက်တော်မူပြီးသော အရှင်မြတ်ဘုရား....အိမ်ရာမထောင် ရဟန်းဘောင်၌ ကျင့်ဆောင်အားထုတ်ကာ ဆွမ်းခံသောအလုပ်ဖြင့် ရှိသေကြိုးနှစ်စွာ ကျင့်နေသော တပည့်တော်အား အလျင်အမြန် နိဗ္ဗာန်ရကြောင်း ကောင်းမြတ်သော မောနေယျပဋိပတ် အကျင့်မြတ်ကို ကောင်းစွာဟောကြားတော်မူပါဘုရား။

မောနေယျအကျင့်ကို ဟောခြင်း

အိုချစ်သား နာလက....ထိုထိုသော မြို့ရွာနယ်ပယ်၌ ဒေါသအမျက် ချောင်းချောင်းထွက်၍ ရိုက်နှက်သတ်ပုတ်လာသောသူနှင့် ကြည်ဖြူ ရိုကြိုး၍ ရှိခိုးလာသောသူ၊ ဤအကြမ်း,အနု

နှစ်ဦးသောသူ၌ အမုန်းအချစ်ကို မပွားများပဲ ညီညွတ်စွာသောစိတ်ကို ထားရပေမည်။ ယုတ်စွာ့အဆုံး စိတ်နှလုံးဖြင့် ပြစ်မှားခြင်းအမှုကိုလည်း မပြုလုပ်သင့်၊ ခြေဖျားထောက်၍ မြင့်မောက်ခြင်းကိုလည်း အရှင်း ပယ်ရပေမည်။

ထိုမှတပြာ ဥပမာအားဖြင့် တောမြိုင်တခုလုံးကို တဟုန်းဟုန်းတောက်လောင်သော မီးအလျှံနှင့်တူကြသည့် ငါးဝအာရုံကာမဂုဏ်တို့သည် လိုက်စားမွေ့လျော် အပျော်ကျူးကြသော အရှုံးအမိုက် သတ္တဝါတသိုက်ကို ရှို့မြှိုက် ဖျက်ဆီးတတ်ကြသည်။ လောကကြီးတခွင်၌ အသွင်နှုနယ်၍ အနွယ်အားဖြင့် အောက်တန်းစားဖြစ်သော အမျိုးသမီး အများတို့သည် ရဟန်းတော် အရှင်မြတ်များကို အသွင်ခြတ်တပြာ ချိုသာသောစကား လျှုစရာကလေးများဖြင့် ဖြားယောင်း လှည့်ပတ် သွေးဆောင်တတ်ကြသည်။ ထိုတောမီးပမာ လွန်စွာတောက်လောင်တတ်သော အမြတ်မဟုတ် အမျိုးသမီးယုတ်တို့သည် အသင်ချစ်သားကို ဖြားယောင်း ဖျက်ဆီးမှု မပြုပါစေကုန်လင့်၊ ဖျက်ဆီး ဖြားယောင်းခြင်းကို မခံရအောင် သတိပြု၍ ရှောင်ကြဉ်ပါလေ အသင်ချစ်သား....။

အိုချစ်သား နာလက....နှစ်ဦးနှစ်ဖက် နှစ်သက် မြူးခုန်သော မေထုန်အကျင့်မှလည်း ထောက်ချင့်သော သတိဖြင့် ရှောင်ကြဉ်လော့၊ ရူပါရုံ သဒ္ဒါရုံ,ဂန္ဓာရုံ,ရသာရုံ, ဖောဋ္ဌဗ္ဗာရုံတည်ဟူသော အာရုံငါးပါး ကာမဂုဏ်တရားတို့ကို ရှောင်

F 8 ရှား ပယ်စွန့်ပြီးလျှင် ရန်သူဖြစ်သော သတ္တဝါတို့နှင့်လည်း

မဆန့်ကျင်၊ အကျွမ်းဝင်သော သတ္တဝါတို့၌လည်း တပ်မက်စွဲလမ်းခြင်း မရှိပဲ ချစ်ခြင်း မုန်းခြင်းတို့ နှလုံးမသွင်း ရှောင်ကြဉ်လေ့။

မောနေယျအကျင့်ဖြင့် အမြင့်ဆုံးနိဗ္ဗာန်သို့ မြန်းကြလိုသော ချစ်သား နာလက....ကိလေသာ ပြောထူ၍သဘော မဖြူသော ပုထုဇဉ် ပုဂ္ဂိုလ်သည် သက်နီး, ဆွမ်း,ကျောင်း,ဆေး လေးပါးသောပစ္စည်းရပ်၌ ကပ်ငြိစွဲလမ်း၍ အမြဲတမ်း တောင့်တလျက် မရသေးသည်ကိုပင် လိုချင်တပ်မက်သောဣစ္ဆာ၊ ရပြီးသည်ကိုပင် မယိုမဖိတ်လိုချင်စိတ် ဟူသော လောဘ၊ ဤနှစ်ဌာန အယုတ်တရားကို ပယ်ရှားစွန့်လွှတ် ပြီးလျှင် အရာရာတွင် ဆင်ခြင်ကြည့်ရှုနိုင်သော ပညာစက္ခုဖြင့် ငါဘုရား ဟောကြားသော မောနေယျတရားကို အားပါးစိုက်၍ ကျင့်ထိုက်၏။ ယင်းသို့လျှင် ပညာစက္ခုဖြင့် ကြည့်ရှုကျင့်ကြံသောသူသည် အပါယ်ငရဲသို့ ဆွဲဆောင်တတ်သော မိစ္ဆာဇီဝဖြစ်ကြောင်း မကောင်းသော ပစ္စည်းဝတ္ထု တပ်မက်မှုကို အမြစ်မှခွာ၍ ကူးမြောက်နိုင်ရာသည်။

ချစ်သား နာလက....မောနေယျအကျင့်ကို ကျင့်လိုသူသည် ဝမ်းဗိုက်ကို မကားစေပဲ အစားအသောက်ကို နိုင်းချိန်ပြီးလျှင် လိုချင်သောတရားကို နည်းပါးအောင် ပြုရသည်။ လျှပ်ပေါ်လော်လီ စိတ်မတည်ခြင်းကိုလည်း ရှောင်ကွင်း ပယ်ခွါရသည်။ ပစ္စည်းဥစ္စာ အရာရာကို အာသာမငင် လိုချင်မက်မောခြင်းမရှိရာ၊ တဏှာစိတ်ဖြင့် မွတ်သိပ်ဆာလောင်ခြင်းကို မဖြစ်စေပဲ

ကိလေသာ တည်းဟူသော အပူအပင်ကို ဖြူစင် ငြိမ်းချမ်းအောင် ကမ္မဋ္ဌာန်းအလုပ်ကိုသာ အားထုတ်ရသည်။

အရှင်နာလက ကျင့်ခြင်း

ဤသို့ စသည်ဖြင့် ကောင်းစွာဟောကြားအပ်သော မောနေယျအကျင့်ကို အရှင်နာလကသည် ကျင့်လေ၏။ အရှင်နာလကသည် ဗုဒ္ဓမြတ်စွာ ဟောကြားသည့်အတိုင်း လိုက်နာမှတ်သား၍ နောက်ထပ်မမေးပဲ အားပါးတရ ရှိခိုးဦးချပြီးလျှင် တောအုပ်တခုသို့ ဝင်သွားသည်။ နောက်ထပ်တရားမနာခြင်း၊ နောက်ထပ်မမေးတော့ခြင်း ဟူသော အလိုနည်းခြင်း ဂုဏ်နှင့်ပြည့်စုံသော အရှင်နာလကသည် တောအုပ်တခု၌ နှစ်ရက်မနေခြင်း၊ သစ်တပင်၌ နှစ်ရက် မကြာခြင်း၊ ရွာတရွာ၌ နှစ်ရက်ဆွမ်းမခံခြင်း အကျင့်ဖြင့် တတောမှတတော၊ သစ်ပင်တပင်မှ သစ်ပင်တပင်၊ ရွာတရွာမှ ရွာတရွာသို့ လှည့်ပတ်ကာ ခြိုးခြံသော အကျင့်ရှိသည်ဖြစ်၍ (၇)လ ကျင့်သုံးလျှင် အရဟတ္တဖိုလ်ကို မျက်မှောက်ပြု၍ ရဟန္တာအဖြစ်သို့ရောက်သည်။

ပရိနိဗ္ဗာန်စံခြင်း

အရှင်နာလကသည် မိမိ၏အသက် ကုန်တော့မည်ကို သိ၍ ရေချိုးတော်မူပြီးသော် သင်းပိုင်,ကိုယ်ရုံ, ဒုကုဋ်,ခါးပန်းတို့ကို ကောင်းစွာ ဖုံးလွှမ်းဝတ်ရုံလျက် ဘုရားရှိရာကို မျက်နှာပြုပြီးလျှင် တခုသော ဆေးဒါန်း မြင်းသီလာတောင်ကို မှီတော်မူကာ ဦးခေါင်းအထက်၌ လက်အုပ်ကို ထား၍ ရပ်လျက်ပင်လျှင် ပရိနိဗ္ဗာန် စံတော်မူသည်။ အရှင်နာလက ပရိနိဗ္ဗာန်စံရာသို့ ဗုဒ္ဓမြတ်စွာကိုယ်တိုင် ကြွလာ၍ သံဃာတော်အပေါင်း

ခြံရံလျက် သာသနာတော်၌ ထူးကဲသော ပုဂ္ဂိုလ်အဖြစ် မှတ်တမ်းတင်ကာ အရှင်နာလက၏ ဥတုဇရုပ်ကလပ်ကို ဖုတ်ကြည်းသင်္ဂြိုဟ်တော်မူ၍ ဓာတ်တော်ကို စေတီတည်စေတော်မူသည်။

မောနေယျမှတ်ချက်

မောနေယျအကျင့်ကို ကျင့်သူသည် ဥက္ကဋ္ဌ၊ မဇ္ဈိမ၊ မန္ဒဟူ၍ (၃)မျိုးရှိရာတွင် ဥက္ကဋ္ဌအဖြစ် ကျင့်သူသည် (၇)လ အသက်ရှည်သည်။ မဇ္ဈိမအလယ်အလတ်ဘန်းစား ကျင့်သူသည် (၇) နှစ် အသက်ရှည်သည်။မန္ဒအညံ့ဆုံး ကျင့်သူသည် (၁၆)နှစ် အသက်ရှည်သည်။ ဤအရှင်နာလကသည် ဥက္ကဋ္ဌကျင့်သူ ပုဂ္ဂိုလ်ဖြစ်၍ ဤဂေါတမ ဗုဒ္ဓမြတ်စွာ သာသနာ၌ တဦးတည်းသော မောနေယျအကျင့်ကို ကျင့်သောပုဂ္ဂိုလ်မွန် ပုဂ္ဂိုလ်မြတ်အဖြစ် သာသနာတခွင်၌ မှတ်တမ်းဝင်လျက် ရှိသည်။ (သုတ္တနိပါတ်၊ အဋ္ဌကထာ၊ နာလကသုတ္တ)။

၃၂။ လောကစောင့်တရား ၄ ပါး

မိမိသန္တာန်၌ ဖြစ်သော စိတ်, စေတသိက်, ရုပ်ဟူသော နိယကဇ္ဈတ္တဖြစ်သော ဇာတိ စသည်လျှင် သမုဋ္ဌာန်ရှိသော တရားသည်လည်းကောင်း၊ မိမိလျှင် အကြီးအမှူး ရှိသော တရားသည်လည်းကောင်း၊ ရှက်ခြင်းသဘော၌ ကောင်းစွာ တည်သောတရားသည်လည်းကောင်း၊ ရိုသေထိုက်သောသူ၏ စကားကို ရွေးရှုနာခြင်း၊ ဝန်ခံခြင်းနှင့်တကွဖြစ်သော ရိုသေခြင်းလက္ခဏာရှိသော တရားသည်လည်းကောင်း ၊ လောကကို ထိန်းသိမ်း စောင့်ရှောက်တတ်သော လောကပါလ အမည်ရသော တရားသည်လည်းကောင်း၊ ဟိရိမည်၏။

တရား (၄) ပါး

၁။ ဇာတ်ကိုဆင်ခြင်၍ ဟိရိကို ဖြစ်စေနိုင်ခြင်း၊ ၂။ အရွယ်ကိုဆင်ခြင်၍ ဟိရိကိုဖြစ်စေနိုင်ခြင်း၊ ၃။ ရဲရင့်သည့် အဖြစ်ကို ဆင်ခြင်၍ ဟိရိကို ဖြစ်စေနိုင်ခြင်း၊ ၄။ များသော အကြားအမြင်ရှိသည်ကို ဆင်ခြင်၍ ဟိရိကို ဖြစ်စေနိုင်ခြင်း။

ဇာတ်ကိုဆင်ခြင်၍

ဤကဲ့သို့ မကောင်းမှု ဒုစရိုက်ကို ပြုခြင်းမည်သည် ဇာတ်နှင့် ပြည့်စုံသောသူတို့၏ အမှုလုပ်ငန်းမဟုတ်၊ ယုတ်သောအမျိုးရှိကုန်သော တံငါ,မုဆိုး စသော သူတို့၏အမှုလုပ်ငန်းသာဖြစ်ချေသည်။ “ငါလိုဇာတ်နှင့် ပြည့်စုံသောသူအား ဤမကောင်းမှုဒုစရိုက်ကို ပြုခြင်းငှာမထိုက်ပါတကား” ဟု ဇာတ်ကိုဆင်ခြင်

၍ သူ၏အသက်ကိုသတ်ခြင်း အစရှိသော ဒုစရိုက်အမှုကို မပြုပဲ နေသောသူသည် လောကစောင့် ဟိရိကို ဖြစ်စေသည်ဟု ဆို လိုသည်။

အရွယ်ကို ဆင်ခြင်၍

ဤကဲ့သို့ မကောင်းမှုဒုစရိုက်ကို ပြုခြင်းမည်သည် ငယ်ရွယ်၍ အကြောင်းအကျိုးကို မသိရှာသော ကလေးငယ်တို့သည် ပြု အပ်သော အမှုလုပ်ငန်းသာ ဖြစ်ချေသည်။ “ငါလို ကြီးရင့် သောအရွယ်၌ တည်သောသူအား ဤမကောင်းမှု ဒုစရိုက်ကို ပြုခြင်းငှာ မထိုက်ပါတကား”ဟု အရွယ်ကို ဆင်ခြင်၍ သူ၏ အသက်ကို သတ်ခြင်း အစရှိသော ဒုစရိုက်အမှုကို မပြုပဲနေသော သူသည် လောကစောင့် ဟိရိကို ဖြစ်စေသည်ဆိုလိုသည်။

ရဲရင့်သည်ကို ဆင်ခြင်၍

ဤကဲ့သို့ မကောင်းမှု ဒုစရိုက်ကို ပြုခြင်းမည်သည် အား နည်းသောဇာတ်ရှိသောသူတို့၏ အမှုလုပ်ငန်းသာ ဖြစ်ချေ သည်။ ရဲရင့်သောသူတို့၏ အမှုလုပ်ငန်းမဟုတ်ချေ။ “ငါလို ရဲရင့်သည့်အဖြစ်နှင့် ပြည့်စုံသောသူအား ဤမကောင်းမှု ဒုစ ရိုက်ကို ပြုခြင်းငှါ မထိုက်ပါတကား”ဟု ရဲရင့်သည်၏အဖြစ်ကို ဆင်ခြင်၍ သူ၏အသက်ကို သတ်ခြင်းအစရှိသော ဒုစရိုက်အမှု ကို မပြုပဲနေသောသူသည် လောကစောင့် ဟိရိကို ဖြစ်စေသည် မည်သည်။

ဗဟုသုတရှိသည်ကို ဆင်ခြင်၍

ဤကဲ့သို့ မကောင်းမှုဒုစရိုက်ကို ပြုခြင်းမည်သည် မိုက်ကန်းသော တဏှာတ်ထိုး တယူသန် လူမိုက်မှန်သမျှတို့၏ အမှုလုပ်ငန်းသာ ဖြစ်ချေသည်။ ပညာဉာဏ်ရှိသောသူတို့၏ အမှုလုပ်ငန်းမဟုတ်ချေ။ "ငါလို ပညာအဆင်ခြင်ရှိ၍ အကြားအမြင် ဗဟုသုတရှိသူအား ဤမကောင်းမှုဒုစရိုက်ကို ပြုခြင်းငှာ မထိုက်ပါတကား"ဟု များသော အကြားအမြင်ရှိသည့်အဖြစ်ကို ဆင်ခြင်၍ သူ၏အသက်ကို သတ်ခြင်း အစရှိသော ဒုစရိုက်အမှုကို မပြုပဲနေသောသူသည် လောကစောင့် ဟိရီကို ဖြစ်စေသည် မည်သည်။

တိုက်တွန်းချက်

ဤယခုပြခဲ့ပြီးသော ဓမ္မသင်္ဂဏီအဋ္ဌကထာ ဓမ္မုဒ္ဒေသဝါရ၌လာသော ဟိရီကို ဖြစ်စေနိုင်ပုံသဘောကို ဆင်ခြင်၍ ဗုဒ္ဓသာသနာဝင် ရဟန်းရှင်လူအပေါင်းတို့သည် မိမိ၏ဇာတ်ကိုလည်းကောင်း၊ မိမိ၏အရွယ်ကိုလည်းကောင်း၊ မိမိ၏ ရဲရင့်သည်၏အဖြစ်ကိုလည်းကောင်း၊ မိမိ၏အကြားအမြင်ဗဟုသုတရှိသည်၏အဖြစ်ကိုလည်းကောင်း၊ဆင်ခြင်တိုင်းထွာ၍ မကောင်းမှုဒုစရိုက်တရားဆိုးတို့ကို ရှောင်လွှဲကာ လောကစောင့် ဟိရီးတရား မိမိကိုယ်၌ အမြဲတည်အောင် အားထုတ်နိုင်ကြစေရန် စိတ်ရင်းစေတနာ ကောင်းမွန်လှစွာဖြင့် တိုက်တွန်း နှိုးဆော်လိုက်ရသည်။

၃၃။ ဗိလုံးငှက်နှင့် သိန်းငှက်

ဤလောက၌ ရဟန်းဖြစ်စေ လူဖြစ်စေ မိမိကျက်စားသင့်သောအရပ်၌သာ ကျက်စားသင့်သည်။ နယ်လွန်ကျက်စားမိချေသော် အသက်သော်လည်း ဆုံးရှုံးတတ်သည်။ အသက်အန္တရာယ် မဖြစ်သော်လည်း ဒုက္ခအဖုံဖုံ တွေ့ကြုံဆုံစီးတတ်သည်။ ရန်သူလက်၌ အညှဉ်းဆဲခံရတတ်သည်။ မိမိကျက်စားနေကျနေရာဖြစ်ခဲ့သော် ငယ်သောသတ္တဝါဖြစ်သော်လည်း ကြီးသောသတ္တဝါကို အနိုင်ယူကာ အောင်ပွဲခံရတတ်သည်။ ငယ်သောသတ္တဝါ၊ ကြီးသောသတ္တဝါသည် လိုရင်းပဓာနမဟုတ်။ ပညာဉာဏ်ဖြင့် ဆင်ခြင်တိုင်းထွာတတ်သော အသိဉာဏ်ရှိလျှင် မိမိထက်ကြီးသော ရန်သူသတ္တဝါကိုပင်သော်လည်း အနိုင်ရတတ်သည်။

ဖြစ်ပုံသာဓက

ဗိလုံးငှက်သည် သတ္တဝါအငယ်စားဖြစ်၍ တောင်သူ လယ်သမားတို့ လယ်ထွန်ရာ ထွန်ချေးခဲအောက်၌ အသိုက်အအုံပြုလျက် သားသမီး ဇနီးမောင်နှံ ပျော်ရွှင်စွာ နေထိုင်သော ငှက်မျိုး ဖြစ်သည်။ ဘဝတခု၌ ဘုရားအလောင်းတော်သည် ထိုဗိလုံးငှက်မျိုး၌ဖြစ်၍ အိမ်ထောင်ဦးစီး အကြီးနာယကအဖြစ်ဖြင့် သားသမီး ဇနီးတို့ကို အစာရှာကျွေးလျက် သာယာသော အိမ်ထောင်ကို ဖန်တီးကာ နေထိုင်သည်။

သိန်းငှက်ဆိုသည်ကား ဗီလုံးငှက် စသော သတ္တဝါအငယ်စားတွေကို အနိုင်ကျင့် ညှဉ်းဆဲ နှိပ်စက်လေ့ရှိသော သတ္တဝါမျိုး ဖြစ်သည်။ ဒေဝဒတ်အလောင်းသည် သိန်းငှက်မျိုး၌ဖြစ်၍ တောအုပ်တခု၌ နေထိုင်သည်။

ဗီလုံးငှက်ကို ထိုးသုတ်

တနေ့သောအခါ၌ ဗီလုံးငှက်သည် မိမိစားကျက်ကိုကျော်လွန်ကာ တခုသော အရပ်၌ အစာရှာနေ၏။ သိန်းငှက်သည် မိမိသဘာဝအတိုင်း ဗီလုံးငှက်ကို ထိုးသုတ်လေ၏။ ဗီလုံးငှက်က ဤသို့ဆို၏။ "ငါကိုက ကံနည်း၏၊ ကျက်သရေစုံး၏။ ငါနှင့်မဆိုင်သော အရပ်၌ ကျက်စားမိ၏။ ကိုယ့်နေရာ၌သာ အကယ်၍ ကျက်စားလျှင် ဤသိန်းငှက်၏အထိုးအသုတ်ကို မခံရ၊ ငါ့နေရာသာဆိုလျှင် စစ်ပွဲတောင်ဖြစ်နိုင်၏"။

သိန်းငှက်သည် ဗီလုံးငှက်စကားကိုကြား၍ အတော်စိတ်ဆိုးသွား၏။ ဒေါသအမျက် ချောင်းချောင်းထွက်ကာ "....ဟဲ့ ဗီလုံးငှက်....သင့်နေရာဆိုတာ ဘယ်မှာလဲ၊ ငါ့ကိုပြစမ်း၊ ငါ့ကို မထေလေးစား မပြောစမ်းနဲ့"ဟု သိန်းငှက်က ဆိုသည်။ "ငါ့နေရာဆိုသည်ကား ထွန်းချေးခဲ၊ လယ်ထွန်ရာဌာနပဲ"ဟု ဗီလုံးငှက်က ပြန်ပြောလိုက်သောအခါ သိန်းငှက်သည် မိမိ၏ အစွမ်းအားကို သိပြီးဖြစ်၍ ဗီလုံးငှက်ကို "သင်သွားလိုရာသွား၊ ဘယ်နေရာမှာရောက်ရောက် ငါ့လက်မှ မလွတ်နိုင်"ဟု ပြောကာ လွှတ်ပေးလိုက်သည်။

စစ်ပွဲပမာ နည်းကြရာ

ဗီလုံးငှက်သည် ထွန်ချေးခဲပေါ်တက်၍ "ဒမြသဖွယ် အလှန်ကျယ်သည့်ဟဲ့....သိန်းငှက် ယခုလာခဲ့"ဟု စစ်တိုက်ဖိုစိန်ခေါ်လိုက်သည်။ သိန်းငှက်သည် အတော်ကလေး ဒေါသထွက်ကာ မိမိ၏အားအစွမ်းကို ယုံကြည်၍ အတောင်နှစ်ဖက်တို့ကို ပြင်းစွာခါလျက် ဗီလုံးငှက်အထံသို့ အဆောတလျင် ထိုးသုတ်ရန် လာလေ၏။

ဗီလုံးငှက်သည် ရန်သူကြီး မိမိထံသို့ လာမှန်းသိ၍ ထွန်ချေးခဲအောက် ဝင်သွားလေ၏။ သိန်းငှက်သည်ကား အဟုန်ကို မတားဆီးနိုင်ဖြစ်ပြီးလျှင် ရင်အုပ်ကို ထွန်ချေးခဲဖြင့် ပြင်းထန်စွာ ဆောင့်မိလေ၏။ ထွန်ချေးခဲနှင့် ဆောင့်မိသော ဒဏ်ချက်ဖြင့် နှလုံးကွဲပြီးလျှင် မျက်စိထွက်ကာ အသက်ကုန်ခြင်းသို့ ရောက်ရသည်။

ထိုက်စွအတွက် ဘုရားဟော

"ချစ်သားတို့....ဤသို့ တိရစ္ဆာန်တို့သည်သော်လည်း မကျက်စားသင့်သောအရပ်၌ ကျက်စားမိ၍ ရန်သူလက်သို့ရောက်ကုန်သေး၏။ ကျက်စားသင့်သောအရပ်၌ ကျက်စားခဲ့သည်ရှိသော် ရန်သူတို့ကိုလည်း နှိမ်နင်းနိုင်ကုန်၏၊ သို့အတွက် သင်တို့သည်လည်း မကျက်စားသင့်သော သူတပါး စားကျက်၌ မလှည့်လည် မကျက်စားကုန်လင့်၊ မကျက်စားသင့်သော သူတပါးစားကျက်၌ ကျက်စားသော သင်တို့အား ကိလေသာမာရ်သည် နှိပ်စက်ခွင့်ကို ရလိမ့်မည်။ မကျက်စားသင့်သော

အရပ်ဆိုသည်ကား ရူပါရုံ စသော အာရုံငါးပါး ကာမဂုဏ် တရားဖြစ်သည်။

ချစ်သားတို့.... အစာရှာအံ့သောငှါ တောအုပ်၏ အစွန်း၌ တည်သော ဗိလုံးငှက်ကို သိန်းငှက်သည် အားအစွမ်းဖြင့် ထိုးသုတ်ရန် အလို့ငှါ ကျလေသည်ရှိသော် အားအစွမ်းဖြင့် လျင်မြန်စွာ ရောက်သည်သာတည်း။ ထိုအကြောင်းကြောင့် သိန်းငှက်သည် သေခြင်းသို့ ရောက်လေ၏။

အောင်ပွဲခံခြင်း

ထိုသိန်းငှက် သေခြင်းသို့ ရောက်လေသော် ဗိလုံးငှက်သည် ထွန်ချေးတုံး မြေစိုင်ခဲကြားမှ ထွက်၍ အမှန်အားဖြင့် "ငါသည် ရန်သူ၏ ပျက်စီးခြင်းကို မြင်ရ၏"ဟု နှလုံးထား၍ ဝမ်းမြောက်ဝမ်းသာ ဥဒါန်းကျူးရင့်လေ၏။

"ဘေးမှ လွတ်ခြင်း၏ အကြောင်းဖြစ်သော ဉာဏ်နှင့် ပြည့်စုံသော ထိုငါသည် အဖဥစ္စာဖြစ်သော ကျက်စားသင့်သော အရပ်၌ မွေ့လျော်သည်ရှိသော် ရန်သူမှ ကင်းလွတ်သည်ဖြစ်၍ မိမိ၏ ရောဂါကင်းသည်၏အဖြစ်ဟု ဆိုအပ်သော အစီးအပွား ကို ကောင်းစွာ မြင်ရခြင်းကြောင့် ဝမ်းမြောက်ရ၏"

ကောက်ချက် ဥပဒေသ

ဗိလုံးငှက်သည် မိမိစားကျက် မဟုတ်သော သူတပါးစားကျက်၌ သွားလာကျက်စားမိသောကြောင့် သိန်းငှက်၏ ထိုးသုတ်ခြင်းကို ခံရ၏၊ သင်စာရှုသူ မမှမိတ်ဆွေတို့ သည်လည်း မိမိ၏စားကျက်ကို ကျော်လွန်၍ ကျက်စားမိငြားအံ့၊ တဘာ

လောဘအလိုလိုက်၍ နယ်လွန်၍ကျူးလွန်မိကြသည်။ ဗီလုံးငှက်ကဲ့သို့ ထိုးသုတ်ညှဉ်းဆဲခြင်းကို ခံရမည်မှာ ကေန်မလွဲဖြစ်သည်။

သိန်းငှက်သည် ဆင်ခြင်တိုင်းထွာတတ်သော ဉာဏ်ပညာမရှိပဲ လုံ့လဝီရိယကို အတိုင်းအဆမရှိ အသုံးချမိ၍ သေကြေပျက်စီးရ၏။ သင်စာရှုသူ ဓမ္မမိတ်ဆွေ တို့သည်လည်း ဆင်ခြင်တိုင်းထွာတတ်သော ဉာဏ်ပညာမရှိပဲ လုံ့လဝီရိယကို အလွဲသုံးစား ပြုလုပ်ကြသည်။ သိန်းငှက်ကဲ့သို့ သေကြေပျက်စီးရမည်သာ ဖြစ်သည်။

ဗီလုံးငှက်သည် ဘုရားအလောင်းတော် ဖြစ်သည်အားလျော်စွာ ရန်သူလက်မှ အသက်ထွက်လုဆဲဆဲ၌ မိမိဉာဏ်ပညာဖြင့် ရန်သူလက်မှ လွတ်မြောက်စေလျက် မိမိလည်း အသက်ချမ်းသာ၍ ရန်သူလည်း အလိုလိုပျက်စီးရသည်။ သင်စာရှုသူ ဓမ္မမာမက သူတော်စင်တို့သည်လည်း ဗီလုံးငှက်ကဲ့သို့ ဉာဏ်ပညာရှိရန် ရန်သူလက်မှ လွတ်မြောက်ရန် မိမိ၌ အန္တရာယ်မကျရောက်ရန် စီမံဖန်တီးသင့်ကြသည်။ ဒုကနိပါတ်, သကုဏဂ္ဃိဇာတ်။

"အနေသင့်စွာ အရာသင့်တုံ ထွန်ချေးပုံမျှ ခိုလှုံငယ် ဆုံးငှက်ဗီလုံးလျက် ကြုံးပအားကြိုး တောင်ဟုန်ကိုး၍ သုတ်ထိုးကြောက်ဖွယ် သိမ်းရန်ကျယ်ကို ကာကွယ်နိုင်စွာ အရေးသာ၏ အရာတော်သင့် အခွင့်တော်ဘိ မိမိဌာန ဝိသယ၌ လုံ့လအားသန် တထောင်ခံက အရံတသောင်း ဆောင်ခဲ့တောင်းဟု သူဟောင်းရှေးက မိန့်ကြစကား အစဉ်ကြား၏။" မဃဒေဝလင်္ကာ။ အပိုဒ်၊ ၂၀၅။

၃၄။ ချို့ဖြောင့်ပုဂ္ဂိုလ် ဖြစ်ဖို့လို

ဤလောက၌ အက္ခရာ(၃)မျိုး ရှိသည်။ ကျောက်၌ ရေးထွင်းသော အက္ခရာ၊ မြေကြီး၌ ရေးသောအက္ခရာ၊ ရေထဲ၌ ရေးသောအက္ခရာ ဟူ၍ သုံးမျိုးရှိရာတွင် ကျောက်၌ရေးထွင်းသောအက္ခရာသည် လေကြောင့်လည်း ရုတ်တရက် မပျက်စီးနိုင်၊ ရေကြောင့်လည်း ရုတ်တရက် မပျက်စီးနိုင်သည်သာ ဖြစ်သည်။ မြေ၌ရေးထားသော အက္ခရာသည်ကား လေကြောင့်လည်း အဆောတလျင် ပျက်စီးနိုင်၍ ရေကြောင့်လည်း အလျင်အမြန် ပျက်စီးနိုင်သည်။ ကြာမြင့်စွာ မတည်တံ့နိုင်ဟု ဆိုလိုသည်။ ရေထဲ၌ရေးထားသော အက္ခရာသည်လည်း လျင်မြန်စွာ ပျက်စီး၍ ရှည်ကြာစွာ မတည်တံ့နိုင်သည်သာ ဖြစ်သည်။

ပုဂ္ဂိုလ် (၃) ယောက်

အက္ခရာ သုံးမျိုး သုံးစားရှိသလို ပုဂ္ဂိုလ်လည်း သုံးမျိုးသုံးစား ရှိသည်။ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် အမြဲမပြတ် အမျက်,ဒေါသ ထွက်တတ်သည်။ ထိုပုဂ္ဂိုလ်၏သန္တာန်၌ ဒေါသသည် ကာလကြာမြင့်စွာ **ကိန်း**အောင်း တည်နေတတ်သည်။ ဤပုဂ္ဂိုလ်မျိုးသည် ကျောက်၌ ရေးထွင်းသော အက္ခရာနှင့်တူသော ပုဂ္ဂိုလ် ဖြစ်သည်။

ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် အမြဲမပြတ် အမျက်ဒေါသထွက်တတ်သည်။သို့သော်ငြားလည်း ထိုသူ့သန္တာန်၌ဖြစ်သော ဒေါသသည် ကြာမြင့်စွာ ကိန်းအောင်း တည်နေ

သည်မဟုတ်ပဲ ခဏမျှသာ ဖြစ်တတ်သည်။ ဤပုဂ္ဂိုလ်မျိုးသည် မြေကြီး၌ ရေးထားသော အက္ခရာနှင့်တူသော ပုဂ္ဂိုလ်ဖြစ်သည်။

ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ရုန့်ရင်းသော စကားဖြင့် ဆိုသော်လည်း ဆက်စပ်တတ်၊ နှီးနှောတတ်၊ သဘောတူတတ်သည်။ ကြမ်းကြုတ်သော စကားဖြင့် ဆိုပြန်လျှင်လည်း ဆက်စပ်၍သာ၊ နှီးနှော၍သာ သဘောတူ လက်ခံတတ်သည်။ မနှစ်သက်ဖွယ်သော စကားမျိုးဖြင့် ဆိုခဲ့ပြန်သော်လည်း ဆက်စပ်နှီးနှော၍ မဖြစ်လျှင် ဖြစ်သောနည်းဖြင့် သဘောတူ လက်ခံသည်သာ ဖြစ်သည်။ ဤပုဂ္ဂိုလ်မျိုးသည် ရေထဲ၌ ရေးသော အက္ခရာနှင့်တူသော ပုဂ္ဂိုလ်ဖြစ်လေသည်။ တိက အင်္ဂုတ္တိုရ်၊ လေခသုတ်။

ခွဲခြားသိစရာ

အဆိုပါ ပုဂ္ဂိုလ်သုံးမျိုးတို့တွင် မိမိသည် မည်သည့် ပုဂ္ဂိုလ် အမျိုးအစားမှာ ပါဝင်၍ မည်သည့်ပုဂ္ဂိုလ်နှင့် တူနေသည်ကို မိမိအသိဆုံးဖြစ်သည်။ ဒေါသတရားသည် မကောင်းသော အဖြစ်ကို ရဟန်းရှင်လူတိုင်း သိရှိထားသော်လည်း လက်တွေ့ မိမိ မလိုလားအပ်သောကိစ္စ ကြုံတွေ့သောအခါ၌ မထိန်းသိမ်းနိုင်သည်က များသည်။ ဒေါသသည် အကြောင်းအကျိုးကို မသိတတ်။ ဒေါသကပ်၍ လွှမ်းမိုးနေသော သူသည် အမှားပေါင်း အမြောက်အမြားကို ပြုလုပ်မိတတ်သည်။ ပုထုဇဉ် ပုဂ္ဂိုလ်များ ဒေါသဖြစ်သည်ကား မဆန်းပါ။ သောတာပန်၊ သကဒါဂါမ် အရိယာများတောင် မပယ်သတ်နိုင်ရှာကြ။ အနာဂါမ် ဖြစ်ပြီး

သော်သာ ဒေါသကို အပြတ်အသတ် ပယ်နိုင်သည် မဟုတ်ပါလား။

တို-ကောက်

အချို့ပုဂ္ဂိုလ်သည် စိတ်တိုလွယ်၏။ စိတ်ကောက်လွယ်၏။ မပြောပလောက်သော အသေးအဖွဲ့ကိစ္စဖြင့်လည်း စိတ်တိုတတ်၏။ မိမိမနှစ်သက်သည်ကို တွေ့ကြုံသောအခါ၌ အပြင်ထုတ်၍ မပြောသော်လည်း စိတ်ကောက်နေတတ်၏။ ထိုကဲ့သို့ တို-ကောက်ပုဂ္ဂိုလ်မျိုး မဖြစ်အောင် ပြုပြင်နေထိုင်သင့်သည်။

တို-ဖြောင့်

အချို့ ပုဂ္ဂိုလ်သည် သူ၏ ပင်ကိုယ်သဘာဝအလျောက် စိတ်တိုတတ်သော သဘောရှိသော်လည်း အတွင်းစိတ်သဘောထားကား ဖြူစင်၏။ ကိစ္စတစုံတခု တွေ့ကြုံသောအခါ၌ စိတ်တိုသော်လည်း ပင်ကိုယ်စိတ် သဘောထားကား ကောင်းစေလို ဖြစ်ထွန်းစေလို အကျိုးကို လိုလားသော သဘောရှိ၏။ ထိုကဲ့သို့ ပုဂ္ဂိုလ်မျိုးသည် တို-ဖြောင့် ပုဂ္ဂိုလ် စာရင်းဝင်ဖြစ်လေသည်။

ချို-ဖြောင့်

အချို့ပုဂ္ဂိုလ်သည် မည်သည့်အကြောင်းကိစ္စမျိုးနှင့် တွေ့ကြုံသည်ဖြစ်စေ မျက်နှာရွှင်ချိုလျက် ရှိ၏။ မကောင်းသော စကား, မနှစ်သက်သောစကားကို မည်သည့်ပုဂ္ဂိုလ်က ပြောကြား ပြောကြား မျက်နှာအနေအထား မပြောင်းလဲပဲ အမြဲရွှင်ချိုလျက်သာ ရှိ၏။ စိတ်နေစိတ်ထားလည်း ဖြောင့်စင်း၏။ ကောင်းစေလို, ဖြစ်ထွန်းစေလို, အကျိုးလိုလားသော စိတ်ထား

သဘောထားလည်း ရှိ၏။ ထိုကဲ့သို့သော ပုဂ္ဂိုလ်မျိုးသည်ကား အများကလိုလားသော ချို့ဖြောင့်ပုဂ္ဂိုလ်အဖြစ် မှတ်တမ်းတင်သင့်သည်။

ပြုပြင်နေထိုင်ကြ

ကျောက်၌ရေးထွင်းသော အက္ခရာနှင့်တူသော ပုဂ္ဂိုလ်သည် ဒေါသခြံရံနေသောကြောင့် ထိုပုဂ္ဂိုလ်ကဲ့သို့ မဖြစ်သင့်ပေ။တို–ကောက် ပုဂ္ဂိုလ်သည်လည်း ထိုသဘောပင် ရှိသောကြောင့် မသင့်လျော်ပေ။

မြေကြီး၌ရေးထားသော အက္ခရာနှင့်တူသော ပုဂ္ဂိုလ်သည်လည်း ကြာမြင့်စွာ ဒေါသမကိန်းသော်လည်း စိတ်တိုတတ်သော သဘောထားရှိသောကြောင့် အလွန်ကြီး မကောင်းလှပေမယ့် သင့်လျော်သော ပုဂ္ဂိုလ်ဖြစ်၍ အနည်းငယ် ချီးမွမ်းသင့်သော ပုဂ္ဂိုလ် ဖြစ်သည်။ တို–ဖြောင့် ပုဂ္ဂိုလ်လည်း ဤသဘောပင် ဖြစ်သည်။

ရေထဲ၌ ရေးသော အက္ခရာနှင့်တူသော ပုဂ္ဂိုလ်နှင့် ချို–ဖြောင့် ပုဂ္ဂိုလ်နှစ်ယောက်သည်ကား ချီးမွမ်းသင့်၊ လက်ခံသင့်၊ စံပြုသင့်၊ အတုယူသင့်သော ပုဂ္ဂိုလ် ဖြစ်သည်။ နောက်ဆုံး ရေထဲ၌ရေးသော အက္ခရာနှင့်တူသော ပုဂ္ဂိုလ်၊ ချို–ဖြောင့် ပုဂ္ဂိုလ်ဖြစ်အောင် ပြုပြင်နေထိုင်ကြရန် သင့်လျော်ကြောင်းကို ရေးသားလိုက်ရသည်။

၄၅။ သုံးပွင့်ဆိုင် ကာမ အမှား

ကာမကိစ္စသည် သတ္တဝါအငယ်စား ပိုးလောက်အစရှိသော တိရစ္ဆာန်များ၌ လည်းကောင်း၊ သတ္တဝါအကြီးစား ဆင်၊ နွား၊ ကျွဲစသော တိရစ္ဆာန်များ၌လည်းကောင်း၊ လူနတ်တို့၌ လည်းကောင်း၊ အသီးသီး ရှိကြသည်ချည်းသာ ဖြစ်သည်။ အဟိတ်တိရစ္ဆာန်တို့၌ အသိဉာဏ်မရှိကြ၍ အထူးအပြစ်ဆိုစရာ မရှိသော်လည်း လူတို့၌ကား အပြစ်ဆိုစရာရှိသည်။

မိမိ ကာမပိုင် အချင်းချင်း ကာမကိစ္စ၌ အပြစ်ပြောဖွယ် မလိုသော်လည်း ကာမပိုင်မဟုတ်သောသူတို့ မှားယွင်းကြခြင်း ကား အပြစ်ကြီးလှသည်ဖြစ်၍ ရှောင်ကြဉ်သင့်ကြသည်။ရှောင် ကြဉ်နိုင်အောင် ကြိုးစား၍ လက်တွေ့အကောင်အထည် ဖေါ် သင့်သည်။ မြန်မာနိုင်ငံ ဗုဒ္ဓသာသနာဝင်များအနေဖြင့် မောင် နှမ အချင်းချင်း၊ အမိနှင့်သား အရင်းချင်း အိမ်ထောင်ပြုမှု မရှိသလောက် ဖြစ်သည်။

ဗုဒ္ဓမြတ်စွာ လက်ထက်တော်အခါက သားဖြစ်သူက အမေ အရင်းနှင့် ညီမအရင်းကို မယားကြီး မယားငယ်အဖြစ် ပေါင်း သင်းသော အကြောင်းအရာ သုံးပွင့်ဆိုင် ဇာတ်လမ်းတခု ရှိခဲ့ ဘူးသည်။ ကြက်သီးထလောက်သော ကိစ္စဖြစ်သည်။ အမှား တကာအမှား မြောက်မြားစွာအနက် ထိပ်တင်လောက်သော အမှားဖြစ်သည်။ သူတို့သုံးဦးစလုံး အမှားတွေ့ကြပြီး သိရှိရ သည့်နောက်၌ သံသရာကို အတော်ငြီးငွေ့ စိတ်ပျက်ပြီး ရဟန်းပြု သွားကြသည်။

သုံးပွင့်ဆိုင် ဇာတ်လမ်း

အဝတ်အထည်ကောင်း ပေါ်ထွက်ရာ သာဝတ္ထိပြည်ကြီး၌ ကုန်သည်တဦး၏ဇနီးမှာ နံနက် မိုးသောက်ယာမ်၌ ပဋိသန္ဓေကိုယ်ဝန်တည်သည်။ ထိုဇနီးသည် အမျိုးသမီးသည် မိမိကိုယ်ဝန်တည်သည့်အဖြစ်ကို အမှတ်တမဲ့ဖြစ်၍ မသိရှာပေ။ ထိုအမျိုးသမီး၏ လင်ဖြစ်သူ ကုန်သည်သည် မိုးလင်းချိန်တွင် လှည်းတို့၌ ကုန်ပစ္စည်းတို့ကို တင်၍ တောင်ရံ ငါးလုံး ပိတ်ဖုံး ကာခိုရာဇဂြိုဟ်မြို့သို့ ကုန်ရောင်းရန် ရည်ရွယ်၍ ထွက်သွားလေသည်။

လင်ယောကျ်ားထွက်သွား၍ မကြာမြင့်မီ ထိုအမျိုးသမီး၏ ကိုယ်ဝန်သည် ရင့်၍ ထင်ရှားလာသည်။ ထိုအခါ လင်ယောကျ်ား အမေက "ငါ့သားသည် ကြာမြင့်စွာက ခရီးထွက်သွား၏။ ယခု သင့်မှာ ကိုယ်ဝန်တည်၏။ နင်ဟာ ကွယ်ရာမှာ အခြားယောကျ်ားနှင့် မှားယွင်း၍ ကျင့်၏"ဟု ဆိုသည်။ ထိုအခါ ချွေးမက "မေမေရယ်၊ ကျွန်မခင်ပွန်းသည် လင်ယောကျ်ားမှတပါး အခြားယောကျ်ားနှင့် မဖေါက်ပြားဘူးပါ"ဟု ပြောရှာသည်။ ဤသို့ပြောသော်လည်း ယောက္ခမသည် ယုံကြည်မှုမရှိသည်ဖြစ်၍ လင့်တမျက်နှာသာ ရှိသောအမျိုးသမီးခမျာ အိမ်မှနှင်ချလိုက်သည်၊

ထွက်သွားရရှာ သူ့ခမျာ

လင်သားကိုသာ အားကိုးနေရရှာသော အမျိုးသမီးသည် ယောက္ခမက အိမ်မှနှင်ချသဖြင့် ပြန်လှန်မပြောဝံ့ရှာပဲ လင်သားကို တွေ့လိုတွေ့ငြားရှာဖွေယင်း သွားလေသော် အစဉ်အားဖြင့် ရာဇဂြိုဟ်မြို့သို့ ရောက်လေသည်။ ရာဇဂြိုဟ်မြို့သို့ ရောက်-

သောခဏာ၌ပင် ကမ္ဘာလေလှုပ်ရှား၍ လမ်းအနီးရှိ ဇရပ်တဆောင်သို့ ဝင်ပြီးလျှင် လက်သည်မပေါ် သူနာပြုကင်းစွာဖြင့် တယောက်တည်း သားဖွားခြင်းကိစ္စကို ပြုရရှာသည်။

ထိုအမျိုးသမီးသည် သားယောကျ်ားကလေးကို ဖွားမြင်၍ ခိုကိုးရာမဲ့သူတို့ တည်းခိုရာဇရပ်၌ ကလေးကို သိပ်ထားခဲ့ပြီး ရေရှာရန် အပြင်သို့ထွက်သွားသည်။ ရာဇဂြိုဟ်မြို့နေ ကုန်သည်တဦးသည် ထိုခရီးဖြင့် လာရာ ဇရပ်ပေါ်၌ သူငယ်ကလေးကို မြင်၍ "မိခင်စွန့်ပစ်ထားသော ကလေးငယ်ကလေးပါလား၊ ငါ့သားအဖြစ် မွေးမြူရမှာပဲ" ဟု နှလုံးသွင်း၍ ထိုကလေးကို ယူသွားပြီးလျှင် နို့ထိန်းလက်သို့အပ်ပြီး မွေးမြူသည်။

ဒမြဗိုလ်ကြီး ချစ်ဇာနီး

ကလေးမိခင်သည် ရေဆေးကြောခြင်းကိစ္စကို ပြုပြီး၍ ရေကို ဆောင်ယူပြီးလျှင် ပြန်လာသည် ရှိသော် ထားခဲ့သောသားငယ်ကို မတွေ့ရ၍ ပူဆွေးမှုသောကဖြင့် နှိပ်စက်အပ်သည်ဖြစ်၍ ငိုကြွေးလျက် ရာဇဂြိုဟ်မြို့တွင်း မဝင်မူ၍ စိတ်ကတောက်ကတက်ဖြစ်ကာ ခြေဦးလှည့်ရာသွားလာနေထိုင်သည်။ တနေ့မှာ သွားယင်း သွားယင်း တောနက်ထဲရောက်သွားရာ ဒမြဗိုလ်ကြီးတဦးသည် တသားမွေးပြီး၍ တသွေးလှနေသော အမျိုးသမီးကိုတွေ့ရှိ၍ တပ်မက်ချစ်ခင်မှုရှိပြီး မယားအဖြစ် သိမ်းပိုက်သည် ထိုအမျိုးသမီးသည် ဒမြဗိုလ်ကြီးနှင့် ပေါင်းသင်း၍ သမီးတယောက်ကို ဖွားမြင်သည်။

လင်ဆိုးမယား တဖားဖား

တနေ့သ၌ ဒမြဗိုလ်ကြီး ၏ချစ်ဇနီးသည် သမီးငယ်ချီလျက် ကျီစယ်နေစဉ် လင်ဒမြဗိုလ်ကြီးနှင့် ရန်ဖြစ်လေရာ၊ အရိုက် အနှက်ခံရသည်။ ကလေးငယ်ကို ရိုက်မိမှာစိုး၍ ရုတ်တရက် ပစ်ချလိုက်ရာ ပုခက်စွန်းဖြင့် ဦးခေါင်းကို ထိခိုက်မိ၍ ဒဏ်ရာ အနည်းငယ် ရရှိသွားသည်။ ထိုအမျိုးသမီးသည် ဒမြဗိုလ်ကြီး ၏အနိုပ်အစက်ကို အမြဲခံရ၍ ကြောက်လန့်သဖြင့် ရာဇဂြိုဟ် မြို့သို့ ထွက်ပြေးသည်။ ရာဇဂြိုဟ်မြို့မှာပဲ လုပ်ကိုင်စားသောက် နေထိုင်သည်။

သူတို့တွေ့ကြခြင်း

ဇရပ်ပေါ်မှာ ပျောက်ဆုံးသွားသော သားသည် ပထမ အရွယ်၌တည်၍ လူလားမြောက်ပြီး ရာဇဂြိုဟ်မှာနေလေရာ ထို အမျိုးသမီးကို တွေ့လေလျှင် ခင်မင်မှုဖြစ်ပြီး တယောက်နှင့် တယောက် မျက်စိအောက်မှ အပျောက်မခံနိုင် ဖြစ်ပြီးလျှင် လူသိထင်ရှား လက်ထပ် ထိမ်းမြားလိုက်ကြသည်။ ရာဇဂြိုဟ်မှာပဲ ဇနီးမောင်နှံ ပျော်ရွှင်စွာ လုပ်ကိုင် ဆောင်ရွက်နေထိုင်ကြသည်။ နှောင်သောအခါ ဇနီးနှင့်လင် အသက်ချင်း ကွာခြားလွန်း၍ လင်၏ ပြောဆိုချက်ဖြင့် အရွယ်တူ ဒမြဗိုလ်ကြီး၏ သမီးနှင့် မယားကြီးက သဘောထားကြီးစွာဖြင့် လက်ထပ်ထိမ်းမြားပေး ပြန်သည်။

ဇာတ်ကြောင်းပြန် ပက်လက်လန်

လောကကြီးမှာ လူသားဖြစ်ရသည်မှာ ဆန်းကြယ်၏။ အ ဝိဇ္ဇာခေါ် မသိမမြင် တွေဝေမှု မောဟ ဖုံး ကွယ်ထားသဖြင့်

သွေးသား အရင်းချင်း တကျော့အရင်းတည်ပြီး သုံးပွင့်ဆိုင် ဇာတ်လမ်းကို ခင်းကျင်းနေကြသည်။ အမေနှင့် သမီး လင်တူ မယားဖြစ်၍ ပေါင်းသင်းနေထိုင်ကြရာ၊ တနေ့သ၌ မယားကြီး က မယားငယ်ဆံထုံးကိုဖြေ၍ သန်းရှာပေးနေစဉ် ဦး‌ခေါင်း၌ အမာရွတ်ကို တွေ့မြင်လေသော် "ဤမိန်းကလေးဟာ ငါ၏ သမီးကလေးများ ဖြစ်နေသလား" စိတ်ထဲမှာ ကြံစည်မိပြီး မေးကြည့်သည်။ သားအမိနှစ်ယောက် အကြောင်းစုံကို သိရှိပြီး နှစ်ဦးသား ဖက်၍ငိုနေကြသည်။ ဖြစ်ရလေတယ် သမီးရဲ့၊ ဖြစ် ရလေတယ် အမေရဲ့ဟု ပြောဆိုပူဆွေးပြီး ဇာတ်ကြောင်းပြန် နေကြသည်။

ဤအချိန် လင်သားဖြစ်သူသည် အခြားရောက်နေသည်။ ပြန်လာ၍ ဖြစ်ကြောင်းကုန်စင် သိရသောအခါ "နင်တို့က တော်သေးတာပေါ့၊ အမေနဲ့အတူမနေရပေမယ့် အဖေရင်းနဲ့ အတူနေရသေးတာပဲ၊ ငါတို့မှာတော့ အမေကိုလည်း ဘယ်နေ မှန်းမသိ၊ အဖေကိုသည်း မဲသလား၊ဖြူသလားမသိ၊ ဇရပ်ပေါ် မှာမွေးပြီး ပစ်ထားခဲ့တာတဲ့၊ ဟောဟိုကဇရပ်ကြီးဟာ ငါရဲ့ ဖွားဖက်တော်ဇရပ်ကြီးပဲ"ဟု သူ့ရဲ့အဖြစ်ဇာတ်လမ်းကို သူသိ သမျှ ပြောပြလိုက်သည်။ "အမယ်လေးသားရဲ့ ဇရပ်ပေါ်မှာ ပစ်ခဲ့တာ အမေပါပဲ"ဟု အမေက ပြောပြီး သုံးပွင့်ဆိုင်ဇာတ် လမ်းအတွက် အလွမ်းသယ်ကြသည်။

သူတို့သုံးဦးသားသည် သူတို့၏ ကာမအမှားအပေါ် အပြစ် မြင်၍ ပြင်းပြစွာ ထိတ်လန့်မှု သံဝေဂဖြစ်ပြီးလျှင် သားအမိ သုံးယောက်စလုံး ရဟန်းပြုကြသည်။

ဂင်္ဂါတီရိယမာတာ ထေရီမ၏ သံဝေဂ ဂါထာ

အမိနှင့်သမီးဖြစ်ကြသူ နှစ်ယောက်သောငါတို့သည် လင်တူမယားဖြစ်ကြရကုန်၏။ ငါတို့အား မဖြစ်စဘူး ထူးထူးကဲကဲ ကြက်သီးမွေးညှင်းထခြင်းကို ဖြစ်စေတတ်သော ထိတ်လန့်မှု သံဝေဂ ဖြစ်ခဲ့၏။

ကာမဂုဏ်တို့သည် စက်ဆုတ်ဖွယ် ရှိကုန်၏။ မစင်မကြယ် နံရှာဖွယ်ဖြစ်၍ မကောင်းသောအနံ့ ရှိကုန်၏။ များစွာသော ကိလေသာတည်းဟူသော ဆူးငြောင့်ရှိကုန်၏။ ယင်းသို့သဘော ရှိသော ကာမဂုဏ်၌ သားအမိ ငါတို့သည် သား့မောင်ဖြစ်သော လင်တူမယားဖြစ်ခဲ့ကြကုန်၏။

ထိုငါတို့သည် ကာမဂုဏ်၌အပြစ်ကိုမြင်၍ ကာမဂုဏ်မှ ထွက်မြောက်ခြင်းကို ဘေးကင်းသောအားဖြင့် ရှုပြီးလျှင် ရာဇဂြိုဟ် ပြည်၌ပင် လူ့ဘောင်မှထွက်၍ ရဟန်းဘောင်သို့ ရဟန်းပြုခဲ့ကြပြီ။ ။ထေရီဂါထာ မြန်မာပြန်၊ ၂၁၆။

ဂင်္ဂါတီရိယထေရ်

ဂင်္ဂါတီရိယထေရ်သည် သံသရာ၌ အတော်ငြီးငွေ့ စိတ်ပျက်ပြီးလျှင် စိတ်အနာကြီးနာ၍ ဂင်္ဂါမြစ်ကမ်း၌ ထန်းရွက် သုံးရွက်ဖြင့် မိုး၍ တဲတခုထိုးပြီးလျှင် လုံးဝစကားမပြောပဲ တရားကိုသာ အားထုတ်သည်။ ဆွမ်းခံသော သပိတ်မှာလည်း သူသေကောင်အတွက် ပေးသော အိုးခွက်သဖွယ် ဖြစ်၏။ ညစ်နွမ်းသော ပံ့သကူသင်္ကန်းကိုသာ ဝတ်သည်။ ဆွမ်းခံသွားရာ မာတုဂါမတယောက်က "ဒီကိုယ်တော်ဟာ တို့ရွာကို ဆွမ်းခံ

နေတာကြာပြီ၊တခါမှလည်းစကားမပြောဘူး၊ အဆွံ့အ,အများ ဖြစ်နေရော့လား၊ စုံစမ်းဦးမှပဲ” ဟု နွားနို့ဘော့ကို သပိတ် ပြည့်ရုံမျှမက ပိုလျှံသွားအောင် လောင်းလှူပြီး အကဲစမ်းရာ “တော်ပြီနှမ”ဟူသော စကားတခွန်းကို မပြောမဖြစ်၍ ပြော လိုက်ရသည်။

ရဟန္တာဖြစ်ပြီ

“ငါသည် ဂင်္ဂါမြစ်ကမ်း၌ ထန်းရွက်သုံးလက်တို့၏ ကုဋီ ငယ်ကို ပြုအပ်ပြီ၊ ငါ၏သပိတ်သည် သူသေကောင်အတွက် စွန့်အပ်သော ခွက်သဖွယ် ရှိ၏။ ငါသည် မြေမှုန့် အလိမ်း လိမ်းကပ်ငြိသော သင်္ကန်းကိုဆောင်၏။ နှစ်,နှစ်တို့၏အတွင်း၌ ငါသည် “တော်ပြီနှမ”ဟူသော စကားတခွန်းကို ပြောမိ၏။ သုံးနှစ်အတွင်း၌ အဝိဇ္ဇာတည်းဟူသော ပင်စည်ကို ဖျက်ဆီး အပ်ပြီ။ ထေရဂါထာ ပါဠိ။ ၂၄၈။

၃၆။ ခိုင်ရွှေဝါဖူး လတန်ခူး

"လတန်ခူးပေမို့ အလှထူးပါဘိ မြမြဖူးရယ်တဲ့ ခိုင်ရွှေဝါ၊ တကယ်တမ်းသာဖြင့် ဘယ်ပန်းသော် စံမတူဘူး။ နန္ဒမူဖန်ဂူထိပ်မှာလ ပစ္စေကာ ချွေးတော်သိပ်ရတယ်၊ အေးရိပ်သာ. ယာ၊ တနှစ်တွင် သည်တလပေပ၊ တလတွင် တရက်ထဲ ခက်ခဲတဲ့ရက်ဗုဒ္ဓါ၊ ပွင့်ရှာကြစုံမြိုင်တွင်း၊ မြူမင်းလွှင်ထန်၊ ကြူသင်းတာချိန်ယံမတော့၊ ရွှေဝတ်ဆံ ငုံတံညွှာကက်ကယ်နဲ့၊ ခါသကြံန်ဂိမ္ဗာန်ရောက်ပြန်တော့၊ သိရသရေ ထိန်ဝေလို့တောက်တဲ့ပြင်၊ လှမ်းတလျှောက်သင်းပါဘိ၊ ဆန်းသလောက် မလင်းနိုင်ဘူ၊ ပန်းပိတောက်မင်း"(ဦးကြော့)။

တန်ခူးလ ခါသကြံန်အချိန်၏ ပန်းချီကို ဖေါ်ပြပါ လေးချိုးကဗျာဖြင့် စာဆိုတော် ဦးကြော့က စုံစုံလင်လင် ခြယ်သထားရာ တန်ခူးလ၏ ဗသုသုတရှာမိုးသူတို့အဖို့ အလွန်တရာ တန်ဖိုးရှိလှပါပေသည်။

ခိုင်ရွှေဝါ ပိတောက်ပန်း

ပီတာ ပုပ္ဖွာ၊ ရွှေသော ဝါသော အပွင့်ရှိသော၊ သာလော ရုက္ခော၊ သစ်ပင်တည်း။ ဣတိ။ ထို့ကြောင့်။ ပီတသာလော၊ ပီတသာလမည်၏။ ပီတသာလော၊ ခိုင်ရွှေဝါ ပိတောက်ပင်။ အဘိဓာန် စာကိုယ်ဋီကာ။ ။ပိတောက်ပန်း ခေါ်ဝေါ်ခြင်းကား အထက်ပါ မာဂဓဘာသာကိုစွဲ၍ ခေါ်ဝေါ်သည်ဟု မှတ်သင့်သည်။ ၊အဆိုတရပ်မှာ။ ။ယောရုက္ခော၊ အကြင်သစ်ပင်သည်။ ပသန္နာနံ၊ မြင်သောသူတို့အား ဝါ၊ ကြည်လင်

သောသူတို့အား။ တောသေတိ၊ နှစ်သက်စေတတ်၏။ ဣတိ၊ ထို့ကြောင့်။ သောရက္ခော၊ ထိုသစ်ပင်သည်။ ပတောသော ၊ ပိတောက်မည်၏။ ။ယခုကာလ ရဟန်းရှင်လူတို့၏ ပါးစပ်ဖျား၌ ခေါ်ဝေါ်နေသည့် စကားသံနှင့် ညီညွတ်သယောင်ယောင် ရှိသည်။ ကျမ်းဂန်၌မရှိ။ ဤသည့်တန်ခူးလ၌ ခိုင်ရွှေဝါ ပိတောက်ပန်းသာမက ကန့်ကော်,ရင်ခတ် သရဖီ စသော ပန်းမာလာတို့သည်လည်း ဖူးပွင့်လာကြသည်။

မိဿရာသီ

မေသာ၊ ဟူသော ကမ္ဘာဦးကာလ ခေါ်ဝေါ်ကြသော မာဂဓ မူလဘာသာတွင် သေရကို ဣသရပြု၍ မိဿရာသီဝေါဟာရ ဖြစ်ပေါ်လာသည်။ မေသာသဒ္ဒါသည် ဆိတ်သတ္တဝါကို ဟောသည်။ ဆိတ်တို့ကြိုက်နှစ်သက်သော ရာသီ,**ဆိတ်**နှင့်တူသော အဆင်းရှိသော ရာသီဟူ၍ ရာဇမတ္တန်ကျမ်း၌ ဆိုသည်။ ဤသည့် တန်ခူးလ၌ ရာသီအားဖြင့် မိဿရာသီ ဖြစ်ကြောင်း မှတ်သားသင့်ပေသည်။

စိတြနက္ခတ်

တစ္စကာသဒိသတ္တာ၊ သစ်ရွေး သမား, လက်သမားနှင့် တူသည်ဖြစ်၍ ဝိစိတ္တံ၊ အထူးသဖြင့် ဆန်းကြယ်သော ဖလံ၊ အကျိုးစီးပွားကို။ဒဒါတိ၊ ပေးတတ်၏။ဣတိ၊ ထို့ကြောင့်။ စိတ္တာ၊ စိတြနက္ခတ် မည်၏။ အထူးသဖြင့် ဆန်းကြယ်သော အကျိုးစီးပွားကို ပေးတတ်သောကြောင့် စိတြနက္ခတ်မည်သည်ဟု အဘိဓာန် ဋီကာ၌ ဆိုသည်။ ဤသည့် တန်ခူးလ၌ စန်းယှဉ်သော စိတြနက္ခတ်သည် လုံးရေ ၁–လုံးရှိ၍ ပုလဲသန္တာန် ရှိသည်။

တန်ခူးနှင့် တာကူး

"တန်းခူးရာသီ တိုင်ခဲ့ပြီ၊ ဆန်းထူးဝါနီ လှိုင်ခဲ့ပြီ၊ သွန်းမြူး ဖြာစီအိုင်ခဲ့ပြီ"ဟု "ပုရစ်ဖြာစီ" ချီရတုတွင် မင်းဇေယျရန္တမိတ် စာဆိုတော်သည် တန်းခူးနှင့် ကာရန်သုံးချက်ညီအချ စပ်ဆိုရေးသားထားသည်။

အတန်းအဆင့်သို့ ဆွတ်ခူးမိခြင်းကိုပင် တန်းခူးဟု ဆိုလိုသည်။ မှန်လှသည်၊ တပေါင်းလ ဟူသော မိန်ရာသီ ကုန်ဆုံးသဖြင့် မိဿရာသီ ဟူသော အဦးအစ အာဒိနဝင်း၏ ဝိလိဏ္ဍ တည်းဟူသော အဆင့်အတန်းသို့ လှမ်း၍ခူးမိခြင်းပင် ဖြစ်လေသည်။ ထို့ကြောင့် "တန်း"မှာ မိဿရာသီ၏ အစဖြစ်သော အဆင့်အတန်း "ခူး"မှာ နေမင်းဟူသော တနင်္ဂနွေဂြိုဟ်၏ ဝင်ရောက် ဆွတ်ခူးမိခြင်းပင် ဖြစ်လေသည်။

"တာအကူးပေမို့ – သာကြူးငယ်သိန်လွန်သည်" စသော ဖိုးသူတော်ဦးမင်းရေး၊ လေးချိုးကြီးတွင် တာကူး အတာကူးတို့၏ အနက် နှစ်ကူးဖြစ်၍ တာကူးလ အတာကူးလတို့၏ အနက် နှစ်ကူးလ ဖြစ်လေသည်။ ထို့ကြောင့် "တာ"အရ နှစ်ကိုယူ၍ နှစ်ကူးလကို တာကူးလဟုလည်း အချို့ခေါ်ဝေါ်သုံးစွဲကြသည်။ တန်းခူး–တမျိုး–တာကူးတမျိုး နှစ်မျိုး မှတ်သားသင့်သည်။

မဟာသင်္ကြန်အခါ

မာဃမပါဠိ–သင်္ကန္တ၊ သင်္ကန္တပါဠိ–သင်္ကြန္တ၊ သင်္ကန္တပုဒ်ကို ခွဲကြံလျှင် သံ–က–ရ–အန္တ သံသဒ္ဒါ ဦးခေါင်းဟော။ ကရ၊ သဒ္ဒါပြုလုပ်ခြင်းဟော၊ အန္တ–သဒ္ဒါအဆုံးဟောဖြစ်၍ သင်္ကန္တရာဇ်

ဦးခေါင်းအဆုံးသို့ ပူခြင်းပင် ဖြစ်လေသည်။ ထို့ကြောင့် တပေါင်းလ ကုန်ဆုံးသဖြင့် ဦးခေါင်းနှင့်တူသော တန်ခူးလသို့ နေမင်း ပြောင်းရွှေ့သည်ကို သင်္ကြန်ကျသည်ဟု ခေါ်ဝေါ်မှတ်သားရပေသည်။ တန်ခူးလ၌ သင်္ကြန်ပွဲများ တပြည်လုံးကျင်းပကြ၍ အောက်မြန်မာနိုင်ငံ ပဲခူး ရွှေမော်ဓောဘုရားပွဲ၊ အထက်မြန်မာနိုင်ငံ အလောင်းစည်သူမင်းကြီး၏ စည်သူရှင် ဘုရားပွဲ တန်ခူးလ၌ နှစ်စဉ်ကျင်းပမြဲ ဖြစ်သည်။

တော်ဝင်သင်္ကြန်ဖြစ်ဖို့ရန်

ဗုဒ္ဓသာသနာဝင် ပြည်ထောင်စု မြန်မာနိုင်ငံသူ နိုင်ငံသားတို့သည် ရှေးရှေးသော လူကြီးများ၏ နှစ်သစ်ကူးသင်္ကြန်အခါတော် နေ့ကြီးရက်ကြီများ၌ လုပ်ရိုးလုပ်စဉ် ထုံးကို နှလုံးမူရန်သင့်လျော်သည်သာမက မကောင်းသည်ကိုကြဉ်ပယ်၍ ကောင်းသည်ကို ပြုပြင်ပြောင်းလဲကာ အကောင်အထည်ဖော်ရန် အချိန် ကျရောက်နေသည်ကို သတိမူကာ ပြုပြင်သင့်ကြသည်၊

ရှေးကသင်္ကြန်

ရှေးလူကြီးများသည် ကိုယ်တွင်းရှိ အညစ်အကြေး များ ကင်းစင်ရန် နှစ်သစ်သို့ မပါစေရန် ရေချိုးခြင်း၊ ခေါင်းလျှော်ဆေးကြောခြင်း၊ သပြေခက်ကို နံ့သာရေတွင်နှစ်၍ ခွင့်ပန်ကာ ပက်ဖျန်းခြင်း စသည်များကို ပြုခဲ့ကြသလို အကုသိုလ် အညစ်အကြေးများ ကင်းစင်ရန်အတွက် အလှူဒါန စွန့်ကြဲလှူဒါန်းခြင်း၊ ဥပုသ်သီလ စောင့်သုံးခြင်း၊ တရားအားထုတ်ခြင်း၊ ဘုရား ဆင်းတုများကို ရေသပ္ပါယ်ခြင်း၊ သန့်ရှင်းရေး စသည်များကို ပြုလုပ်ကြသည်။

ရှေးလူငယ်များသည်လည်း ရှေ့ဆောင်နွားလား အဖြောင့် သွားက နောက်နွားတသိုက် အဖြောင့်လိုက်၏– ဆိုသော ဆို ရိုးစကားနှင့်အညီ လူကြီးမိဘတို့၏ခြေရာကို နင်းသောအားဖြင့် အတုယူကာ ပျော်ပွဲရှင်ပွဲ ဆင်နွှဲသကဲ့သို့ ကုသိုလ်ပွဲကိုလည်း အရယူကြလေသည်။ ထို့ကြောင့် ရှေးက လူကြီး လူငယ်များ ဆင်နွှဲခဲ့သော သင်္ကြန်သည် ယဉ်ကျေးသော တော်ဝင်သင်္ကြန်ဖြစ် ခဲ့သည်။ အမရာ ကိန္နရီ မဒ္ဒီ သမ္ဘုလ တော်လေးဝ ဆိုသည်မှာ ရုပ်အဆင်းလှပခြင်းရှိသောကြောင့် တော်ဝင်ဆိုသည်မဟုတ်ပဲ အကျင့်စာရိတ္တကောင်းမွန် ဖြူစင်၍ အချင်းရှိသောကြောင့် သာ တော်ဝင်ဟုဆိုသလို စာရိတ္တမပျက် ယဉ်ကျေးသိမ်မွေ့စွာ နွှဲပျော်သည့်သင်္ကြန်ဖြစ်မှသာ သင်္ကြန်တော်ဟု ဆိုသင့်ကြောင်း သိသင့် သိထိုက်လေသည်။

ကာယိန္ဒြေကို ထိန်းကြ

ကမ္ဘာလောကကြီးအလယ်မှာ မြန်မာတို့ဂုဏ်သိက္ခာ မငယ်ရ လေအောင် မြန်မာ့နှစ်သစ်ကူး သင်္ကြန်အတွက် ဂုဏ်တက်ဖွယ် ဖြစ်သော ပျော်ရွှင်မှုမျိုးကို ကြိုးစားရှာဖွေ ပြုလုပ်သင့်ကြပေ သည်။ လွန်ခဲ့ပြီးသောနှစ်များက သတင်းစာများ၏ အဆိုအရ လူ့တော်သလင်းပွဲဟုပင် ကင်ပွန်းတပ်ခဲ့ကြပြီး တောင်ပြုံးနတ်ပွဲ နှင့် နှိုင်းထားရာ၌ ကာယိန္ဒြေ စောင့်စည်းမှုမရှိပဲ အမျိုးသား ဂုဏ်သိက္ခာ၊ အမျိုးသမီးဂုဏ်သိက္ခာ ကျဆင်းစေတတ်သော အ ကျင့်မျိုးသည် အယုတ်မာဆုံး အဆိုးဆုံးဖြစ်သည်ဟုဖော်ပြထား သည်ကို တွေ့လိုက်ရသည်။

ဤသို့သော အကျင့်ယုတ်ကို ဆက်လက် ကျင့်သုံးခြင်းသည် လူမျိုးတို့၏ဂုဏ်ကို အထိခိုက်ဆုံး ဖြစ်သည်သာမက ရှက်စရာ အကောင်းဆုံး မျက်နှာငယ်စရာ အကောင်းဆုံး စိတ်ထိခိုက်စရာ အကောင်းဆုံး ဖြစ်ပေသည်။ မိမိတို့၏ အမျိုးဂုဏ်ကို မိမိတို့ ကိုယ်တိုင်က မစောင့်ရှောက် မထိန်းသိမ်းလျှင် မည်သူကလာ၍ စောင့်ရှောက် ထိန်းသိမ်းလိမ့်မည်နည်း။ နှဖူးပေါ် လက်တင် ဆင်ခြင်စဉ်းစားကြည့်လျှင် အင်မတန် ဝမ်းနည်းစရာ ကောင်း လှပေသည်။

ယဉ်ကျေးစွာ ရေကစားပါ

မိမိဂုဏ်သိက္ခာ၊ ဆွေမျိုးသားချင်း ဂုဏ်သိက္ခာ၊ တိုင်းပြည် ဂုဏ်သိက္ခာ တိုးတက်လာစေနိုင်သော သပြေခက်နှင့် နံ့သာရေ ပက်ဖျန်းခြင်း ၊အသာအယာ ညှာတာစိတ်ဖြင့် မေတ္တာရှေ့ထား ကာပက်ဖျန်းခြင်း၊ ခွင့်ပန်ပြီးလျှင် အခွင့်ရရှိပြီးမှ ပက်ဖျန်းခြင်း စသော ယဉ်ကျေးသောအမူအရာကို ထင်စွာပြလျက် ပျော်ရွှင်ပွဲ ဆင်နွှဲကြမည်ဆိုပါလျှင် ကမ္ဘာလောကကြီး အလယ်မှာ မြန်မာ နိုင်ငံ၏ မဟာသင်္ကြန်မင်္ဂလာသည် ဂုဏ်ငယ်စရာ အကြောင်းမရှိ ပဲ ကမ္ဘာ့နိုင်ငံအသီးအသီးက ချီးကျူးအံ့သြရပြီးလျှင် ထင်ရှား ကျော်ကြားကာ စံနမူနာယူရလောက်သော နှစ်သစ်ကူးမင်္ဂလာ အခါကြီး ဖြစ်လာနိုင်စရာ အကြောင်းရှိပေသည်။

ဆုတောင်းပတ္ထနာ

ဤယခုနှစ်သင်္ကြန်သည်(၁၃၂၉)ခု နှစ်ဟောင်းမှ(၁၃၃၀) ပြည့် နှစ်သစ်သို့ကူးပြောင်းသော မင်္ဂလာရှိသော မဟာသင်္ကြန်

အခါကြီးဖြစ်၍ တိုင်းပြည် သာယာဝပြောရန်၊ ဆန်ရေစပါး ပေါများရန်၊ ဘေးအန္တရာယ်ကင်းရှင်းရန် စိတ်မှန်း၍ ယဥ်ကျေးလျက် တော်ဝင်သော ရှေးလူကြီးများ၏ အစဥ်အလာကို ထိန်းသိမ်းနိုင်သော ရေဖျန်းခြင်း မဟာသင်္ကြန် မင်္ဂလာပွဲကြီးကို ဆင်နွှဲနိုင်ပါစေဟု ဆုတောင်းပတ္ထနာ ပြုလိုက်ရပါသည်။

နှစ်သစ်၌ပြုပြင်စရာ

မြန်မာတို့၏ ဘိုးဘွားပိုင် မြန်မာသက္ကရာဇ်သည် နှစ်စဥ် ကူးပြောင်း၏။ ကူးပြောင်းသော အချိန်အခါ၌ မဟာသင်္ကြန် မင်္ဂလာပွဲကို နှစ်စဥ်ကျင်းပ၏။ ကျင်းပပြီးလျှင် နှစ်သစ်ဆန်းလေတော့သည်။ ကုန်လွန်ခဲ့ပြီးသော နှစ်ဟောင်း အချိန်အခါ၌ ပုထုဇဥ် ပုဂ္ဂိုလ်များဖြစ်၍ မသိမလိမ္မာ အဆင်ခြင်ဉာဏ်မရှိ နေခဲ့မိကြစေကာမူ နှစ်သစ်ဆန်းသော အခါ၌ကား လူသစ် စိတ်သစ်ဖြစ်စေပြီးလျှင် အကုသိုလ် ကာယကံ, ဝစီကံ, မနောကံ ဟူသော လူ့ကျင့်ဝတ်ကို ပျက်ယွင်းစေတတ်သော ဒုစရိုက် တရားဆိုးတို့ကို အမြစ်ပြုတ်အောင် မဖြတ်နိုင်သေး သော်လည်း မိမိစိတ်ကို ဆောက်တည်၍ စွန့်ပယ်နိုင်သမျှ စွန့်ပယ်ပြီးသည့်နောက် ကုသိုလ်ကာယကံ, ဝစီကံ, မနောကံတည်းဟူသော လူ့စည်းကမ်း လူ့ကျင့်ဝတ် ခေါ်သော သုစရိုက် တရားကောင်းတို့ကို သတိတရားရှေ့ထား၍ ဖြည့်ကျင့်အားထုတ်သင့်ပေသည်။

နောက်ကြောင်းပြန်ဆင်ခြင်

"တနှစ်၊ သို့မဟုတ် ၁၂-လ၊ သို့မဟုတ် ၃၆၅-ရက် အတွင်း၌ အကုသိုလ်တရား ဖြင့်သာ အချိန်ကုန်လွန်စေသော ရက်ပေါင်း

အဘယ်မျှရှိသည်၊ ကုသိုလ်တရားဖြင့်သာ အချိန်ကုန်လွန်စေသော ရက်ပေါင်းအဘယ်မျှရှိသည်ဟု နောက်ကြောင်းပြန်၍ ဆင်ခြင်သင့်ပေသည်။ လွန်ခဲ့သော နှစ်အတွင်းမှာတော့ သားကျွေးမှု၊ မယားကျွေးမှု စသော မလွဲမရှောင်သာသော အလုပ်များဖြင့်သာ အချိန်ကုန်လွန်ခဲ့၏။ လာလတံ့သောနှစ် အတွင်းမှာတော့ ဒီလိုချည်း နေထိုင်၍ မဖြစ်သေး။ ဘုရားဝတ်ပြုခြင်း၊ တရားစာပေ ရွတ်အံသရဇ္ဈာယ်ခြင်း၊ ဘာဝနာတရား ပွားများခြင်း၊ သံဃာ့ဝေယျာဝစ္စ ဆောင်ရွက်ခြင်း စသော ကုသိုလ်တရားတိုးပွားစေနိုင်သော အလုပ်များကိုလည်း ကြိုးစားပြုလုပ်မည်" ဟု သန္နိဋ္ဌာန်ချ ဆုံးဖြတ်၍ လက်တွေ့ အကောင်အထည်ဖော်ကာ ဆင်ခြင်ပြုပြင်သင့်ကြသည်။

အရင်း၊ အရှုံး၊ အမြတ်

ရှေးဦးစွာ မိမိကိုယ်ကို ပြုပြင်သင့်သည်ကို ပြုပြင်၍ ဆင်ခြင်တိုင်းထွာ နေတတ်ရသည်။ မိမိကိုယ်ကို တရားရှိသောပုဂ္ဂိုလ်တစ်အောင် ဖန်တီးနေထိုင်ရသည်။ မိမိအကုသိုလ်ပြုလျှင် မိမိပဲဖြ အကုသိုလ်အကျိုးကို ခံစားရသည်။ သား, မယား, ဆရာထိုပည့် အဘယ်သူတယောက်မျှ ကူညီခံစားခွင့် မရှိချေ။ ကွယ်လွန်သော အခါမှာလည်း တယောက်တည်းသာ ခွဲခွာသွားရမြဲဖြစ်သည်။ အဖော်ခေါ်နိုင်ခွင့်မရှိ၊ ထိုက်သည်အားလျော်စွာ ကုသိုလ်အကြောင်း အထောက်အပံ့များ၍ လူသားအဖြစ် ပြန်ရလျှင် "အရင်း" ပေါ်သည်ဟု ဆိုနိုင်သည်။ အကုသိုလ် အကြောင်း အထောက်အပံ့များ အားအလွန်ရှိ၍ အပါယ်ကျလျှင် "အရှုံး" ထွက်သည်ဟု ဆိုရသည်။ လူသားဘဝထက် သာလွန်

သော ကုသိုလ်အထောက်အပံ့ရ၍ နတ်ပြည်, ဗြဟ္မာပြည်ရောက် လျှင် "အမြတ်" ထွက်သည်ဟု အဆိုရှိသည်။

"ကိုယ့်ကိုယ်ကိုယ့်အကြောင်း၊ ကိုယ်ကောင်းအောင် ဆင်ခြင်၊ ကိုယ့်အမှု ကိုယ်ပြုပြင်တယ်။ ကိုယ်တွင်းတွင်တရား၊ ကိုယ့်ရှင်နှင့် ကိုယ်သာ၊ ကိုယ့်ဆရာမှတ်ကြအများ၊ ကိုယ်ပြုတဲ့ အကုသိုလ်ကို၊ ကိုယ်သာလျှင် ခံစား၊ ဘယ်သမီး ဘယ်သား၊ ဘယ်မယားမကူလာ၊သေသောခါ အဖေါ်နည်းလို့၊တယောက်တည်း သွားရမည့်တာ၊ ခုဘဝ လူဖြစ်လာတယ်၊ ရှေးသမ္ဘာ အကြောင်း၊ ကောင်းလှလို့အရတော် ရှုံးစေနှင့်နော်၊ နောက်ဘဝအရင်းပေါ်အောင် ခုကနော် အားထုတ်ကြလေး"

အထက်ပါ စလေဆရာဦးပုည၏ တေးထပ်ကဗျာ စာသွားအတိုင်း နောက်ဘဝ လူ့အဖြစ်ရပြီး အရင်းပေါ်အောင် ကြိုးစားအားထုတ်သင့်ကြသည်။

ခန္ဓာကိုယ် ဇရပ်အို

စာရှုသူ ဓမ္မအဆွေတော်များနှင့်တကွ ဝေနေယျ သတ္တဝါ အများတို့သည် ခေတ္တခဏ သာလာယံဇရပ်အိုနှင့်တူသော ခန္ဓာကိုယ်မှာ တည်းခိုနေကြသည်။ တနေ့နေ့၌ ကိုယ့်ဝန်ကိုယ်ထမ်း ကိုယ့်လမ်းကိုယ်သာအသီးအသီးသွားကြရမည် ဖြစ်သည်။လမ်းကောင်းသွားရအောင် နေရာကောင်းရောက်အောင် ယခုကပင် ကြိုတင်၍ ကုသိုလ်ရရာရကြောင်းကို နည်းလမ်းရှာဖွေ ပြုလုပ်သင့်ကြပေသည်။

သင်္ကြန်အခါ ဆုမွန်

ဘဝ ဘဝါ သံသရာ၌ လုံးချာလည်မဖြစ်ရလေအောင် မိမိနှင့် ထိုက်တန်သလောက် ဒါန, သီလ, ဘာဝနာ တို့ကို ကြိုးစားအားထုတ်၍ နေ့စဉ်နေ့စဉ် မိမိတို့၏စိတ်ကို ကြည်လင်စေပြီးလျှင် လိုချင်တတ်သော သဘောရှိသော လောဘ၊ အမျက်ထွက်တတ်သော သဘောရှိသော ဒေါသ၊ တွေဝေတတ်သော သဘောရှိသော မောဟတို့ကို မိမိသန္တာန်၌ မကပ်ရောက်အောင် စိတ်ဖြင့် အမိဋ္ဌာန်၍ စွန့်ပယ်နိုင်ပြီး ပစ္စုပ္ပန်၌လည်း ကောင်းမွန်တင့်တယ်၊ တမလွန်ဘဝ၌လည်း ကောင်းမွန် တင့်တယ်စေနိုင်သော ကိုယ်ကျင့်တရား ကောင်းစွာရရှိရေးကို အလေးပြုကြရန် သင်္ကြန်အခါ၌ ဆုမွန်ကောင်း တောင်းလိုက်ရသည်။

အစဉ်အလာကောင်းထိန်းသိမ်း

ယနေ့သည်ကား နှစ်ဟောင်း ကုန်ဆုံး၍ နှစ်သစ်သို့ ကူးပြောင်းဖို့အတွက် မဟာသင်္ကြန်ကျသောရက် ဖြစ်ချေသည်။ မာဃပေါ်၌၊ သင်္ကန္တမှ ဆင်းသက်လာသောကြောင့် သင်္ကြန်ဟုခေါ်နေကြ၏။ သင်္ကန္တ-ကို သဒ္ဒါနည်း အားဖြင့် ပုဒ်ခွဲလိုက်သော်၊ သိ-သံ၊ကရ၊အန္တ။ သိ-သဒ္ဒါ ဦးခေါင်းဟော ကရသဒ္ဒါပြုလုပ်ခြင်းဟော၊ အန္တသဒ္ဒါ အဆုံးဟော၍ သင်္ကာရာဇ် ဦးခေါင်းအဆုံးသို့ ပြုခြင်းဖြစ်သည်။ ထို့ကြောင့် တပေါင်းလကုန်ဆုံးသဖြင့် ဦးခေါင်းနှင့် တူသော တန်ခူးလသို့ နေမင်းပြောင်းရွှေ့သည်ကို သင်္ကြန်ကျသည်ဟု ခေါ်ဝေါ်မှတ်သားရပေသည်။ ။ပုရာဏဝသတော နဝဝဿဿ သင်္ကမနံ သင်္ကန္တံ။

ဟူသည်နှင့်အညီ နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းခြင်း သည်ပင် သင်္ကြန်ကျသည် ဟူ၍လည်း ဆိုကြသည်။

ရှေးခေတ်သင်္ကြန်

မြန်မာနိုင်ငံ အင်းဝဆင်ဖြူရှင် မင်းတရားကြီး လက်ထက် တွင် အဝေးရောက် စော်ဘွားစော်ခံတို့နှင့်တကွ အာဏာစက် ပြန့်နှံ့ရာ မြို့ရွာနယ်ပယ်တို့မှ ရောက်လာသမျှ အရာရှိအရာခံတို့၏ အကန်တော့ကို ခံယူခြင်း၊ အင်္ဂါ(၄)ပါးရှိသော လက်နက်ကိုင် စစ်တပ်တို့၏ ပျပ်ဝပ်အလေးပြုသည်ကို ကြည့်ရှုစစ်ဆေးခြင်း၊ သင်္ကြန်အခါ ငြိမ့်ညောင်းသာယာစွာ တီးမှုတ်သောတူရိယာသံ တို့ကို နာခံတော်မူခြင်း၊ သင်္ကြန်ကျသည့် အချိန်ကို အမြောက် ပစ်၍ အထိမ်းအမှတ်ပြုခြင်း၊ ပဏ္ဍားတော်များက ငွေခရုနှင့် ဇေယျတု-ဇေယျတု သဗ္ဗမင်္ဂလံ-ဟု ခြိမ့်ခြိမ့်ညံအောင် ရွတ်ဆို ခြင်းအားမြင့် သင်္ကြန်ပွဲသဘင်ဆင်ယင်သည့်အကြောင်းကို "ဆင် ဖြူရှင်ဘုရားနှင့် နှစ်ပါးတို့စံစဉ်၊ ယမားရို့ ကဒဏ်ဆင်သည် သင်္ကြန်တွင်ဆိုစို့၊ ဝေနီးရောက်လျှော့မကျန်သည်၊ ကန်တော့ခံ ထွက်သည့်ခါမို့၊ တပ်တော်မြတ်အထူးဆင်၊ ဦးကင်တော်တင် လို့၊ မြူးရှင်ပျော်သွင်မချို့၊ မင်စဖို့ရှုပါ၊ အခါတော်အမှန် ရောက်လျှင်လ၊ သင်္ကြန်အမြောက် သွင်းဆက်ပဏ္ဍာ၊ ဗြဟ္မာပြည့် နက်စွာ၊ လှည့်လကျာ်ငွေခရုယ်နှင့် ဇေယျတုတြွင်းသံ၊သောင်း ခြိမ့်ခြိမ့်ညံ၊ မှုစိုးထမ်းတပ်တွေခြံသည်၊ နတ်ဝေယံမာဃသို့လေး" ဟု ရှေးခေတ်သင်္ကြန်အစဉ်အလာကို ထိုခေတ်စာဆိုတော်တဦး က သရုပ်ဖေါ်ထားသည်။

မန္တလေးခေတ်၌လည်း ရွှေကြိုးသတ်မှတ်အင်သော ရွှေမြို့တော် လေးပြင်လေးရပ်အတွင်း၌ ၁။ သေရည်သေရက်သောက်စားခြင်း၊ ၂။ သားကြီး ငါးကြီးပေါ်ခြင်း၊ ၃။ ခိုက်ရန်ဒေါသဖြစ်ခြင်း၊ ၄။ လောင်းကစားခြင်း၊ ၅။ အရောင်းအဝယ်လုပ်ခြင်း စသည်တို့ကို ဘုရင့်အမိန့်တော်ဖြင့် အထူးတားမြစ်ပိတ်ပင်စေသည်။

၁။ ဥပုသ်သီလ ဆောက်တည်ခြင်း၊ ၂။ ရတနာသုံးပါးတို့အား လှူဒါန်းပူဇော်ခြင်း၊ ၃။ မိဘ,ဆရာ, သက်ကြီးတို့အား ပူဇော်ကန်တော့ခြင်း၊ ၄။ ဗလိနတ်စာ ပူဇော်ပသခြင်း၊ ၅။ မင်း,မိဖုရားများ အကန်ပေါ့ခံခြင်း၊ ၆။ အမွှေး,အထုံ,နံ့,သာရည်တို့ဖြင့် ယဉ်ကျေးစွာ ရေကစားခြင်း။ ၇။ ကျွဲ,နွား,ကြက်,ငှက်တို့ကို အသက်ဘေးမှ လွတ်ခြင်း၊ ၈။ ဦးခေါင်းဆေးခြင်း စသော ကောင်းမှုမင်္ဂလာတို့ဖြင့် နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းကြလေသည်။

ယခုခေတ် သင်္ကြန်

ယခုခေတ် သင်္ကြန်သဘောကို အကျယ်မရေးလိုသော်လည်း လွန်ခဲ့သော(၁၀)နှစ်ခန့်က မျက်မှောက်ခေတ် ကဗျာဆရာတဦး ရေးသားခဲ့သော ကဗျာကိုသာ ထုတ်ပြလိုက်သည်။ "ရှေးမူတွေချို့ကြပေါ့၊ တို့ဗမာ့သင်္ကြန်၊ ပျို့စရာ့ ကမြင်းသန်တယ်၊ ခင်းမဟန်ထွေပြား၊ မိုးချုပ်စ တော၁ဝဂနိုင်မှာ ဂေါ်ကာမြိုင်ကျသည့် အလှား၊ ယဉ်ကျေးမှုသရုပ်ကွာတယ်၊ မဟုတ်ထာအမှား၊ ယုတ်တမာစကားနဲ့၊ တရားမဲ့ကြွေးကြော်၊ နှုတ်ဝင်ငြိမ်မစဲပုံက၊ ဇိန်အမြဲဟစ်လို့သာအော်၊ ဖြစ်ရချက် ရေးမလျော်တယ်၊ ရှေးသ

ရော်ကာလက၊ ဗမာများမျိုးနွယ်ဂုဏ်ဝါ၊ ညှိုးဖွယ်ကြုံလာ၊ သကြံန်မှုအလေ့မသမာကို၊ ယနေ့အခါ ပယ်ကြစို့လေး”

ယခုခေတ်သင်္ကြန်၏ မြန်မာယဉ်ကျေးမှုနှင့် ဆန့်ကျင်သော အစဉ်အလာဟောင်းတို့ကို စွန့်ပယ်ရန် ရေးသားထားပေမယ့်၊ ထူးမခြားနားပဲ သရုပ်ပျက်သင်္ကြန်ကိုသာ ဆင်နွှဲနေကြသဖြင့် မြန်မာယဉ်ကျေးမှု ထိန်းသိမ်းလိုသူများ အနေဖြင့် ယခုခေတ် သင်္ကြန်ကိုပြုပြင်ရန် လိုနေသေးသည်ဟု ဆိုချင်ဟန်ရှိသည်။

ကောင်းသောအစဉ်အလာ

အထက်အောက် မြန်မာနိုင်ငံ အချို့အရပ်၌ သင်္ကြန်မင်္ဂလာ အခါဝယ် ဆရာမိဘတို့အား ကန်တော့ခြင်း၊ ဗုဒ္ဓမြတ်စွာ အား ရေသပ္ပါယ်ခြင်း၊ သဘောတူရာ စုပေါင်း၍ ကျောင်းကန် ဘုရားအတွင်း သန့်ရှင်းရေးလုပ်ခြင်း၊ ရေတွင်းများကို တွင်း ချေးဆည်ခြင်း၊ ရဟန်းခံပွဲ, ရှင်ပြုပွဲကျင်းပခြင်း၊ သံဃဒါန ဆွမ်းဆန်စိမ်းလောင်းလှူခြင်း၊ ဥပုသ်သီလ စောင့်သုံးခြင်း၊ ကျွဲ,နွား,ကြက်,ဝက်တို့ကို ဘေးမဲ့လွှတ်ခြင်း၊ သက်သတ်လွတ် စား၍ သတ္တဝါအားလုံးကို မေတ္တာပို့ခြင်း၊ ဘုရားဖူးသွားခြင်း တရားနာခြင်း စသည်တို့ကို ဗုဒ္ဓသာသနာဝင်များ ဖြစ်ကြသည် အားလျော်စွာ လုံးပန်းကြိုးကုတ် အားထုတ်နေသူများလည်း ရှိကြသေးသဖြင့် စိတ်သက်သာခွင့် အနည်းငယ်ရသလိုလိုရှိသော် လည်း အပျော်အပါး အမော်အကြွား မတော်မတရားပြုသူ တွေ များနေသည်ဖြစ်၍ မြန်မာ့ယဉ်ကျေးမှု ရှေးအစဉ်အလာ သင်္ကြန်မင်္ဂလာအခါပွဲ တိမ်ကောသွားမည်ကိုလည်းကောင်း၊ သ ရုပ်ပျက် သင်္ကြန်သာ ကြွင်းကျန်ရစ် နေမည်ကို လည်းကောင်း၊

အလွန် စိုးရိမ်မိပေသည်။ မြန်မာ့ ယဉ်ကျေးမှု အစဉ်အလာ ကောင်းမြတ်သော သင်္ကြန်မင်္ဂလာအခါပွဲ မတိမ်ကောရန်နှင့် သရုပ်ပျက်သင်္ကြန်ကို တွန်းလှန်ပယ်ဖျက်နိုင်ရန် လိုအပ်ကြောင်းကို ရေးသားလိုက်ရသည်။

"ပန်းကံ့ကော် ဖူးငုံပွင့်၊ ထူးကြုံတင့်မာသာ၊ မြူးဟုန်ဆင့်သာယာတယ်၊သင်္ကြန်ခါချိန်တွင်း၊ ပြည်ထောင်စု ရန်ဘေးကွာအောင်၊ အမှန်တွေးကာ ရေသွန်းပွဲကျင်း၊ ရာသီမြတ် မိဿနွယ်စိတြကြယ်ရောင်လင်း၊ သုံးဆယ်စီနေ့ညသွင်းပါလို့၊ ညီမျှခြင်းနာရီ၊ ရက်ရာဇာပူးနှင့် ကျွေးပေမို့၊ ကြွက်,နဂါး စွန့်ပစ်သွေဖီ၊ အနောက်ရပ်ဒိသာဆီကို၊ လှည့်ပါပြီ နတ်နဂါးရယ်က၊ သုံးဖဝါးထွန်းသည့်ခါမှာ မွန့်တည့်ကာလာ၊ တန်ခူးလ ဖွဲ့မဟာကို ခွဲ့ကာသာ မှတ်ကြဖို့လေး"

၃၇။ ကဆုန်လသိမှတ်ဖွယ်

"မြူခြေငယ်ဝှန်းပါလို့၊ နေဝန်းငယ်စက်ရှိန်၊ တောက်လောင်ငယ်ထိန်သည်၊ ဖန်သူရိန်တေဇာကြောင့် ပူဗျာပါကဲတဲ့လကိုလေး။ ။ရာသီပြိဿ မဟေသီတည်း ရွှေညီခလို့ ပန်းမြစကားဝါ ဝိသာခါနှင့် တာရာခြံရံ စန်းငွေယုန် ဖန်သည့်နှယ် ဆဒ္ဒန်ဝိုင့်ဘွေဘုံမှာ လှူကဆုန်ညောင်ရေပွဲပေမို့ သဲလှတယ်လေး"

ဤသည့်ကဆုန်လ၌ နေမင်းသည် အလွန်အထူး ပူပြင်း၍ ရာသီအားဖြင့် ပြိဿရာသီ။စကားဝါ ပန်းမာလာများ ဖူးပွင့်ကြသည်။ ဝိသာခါနက္ခတ်နှင့် စန်းယှဉ်၍ ညောင်ရေသွန်းပွဲတော် ကျင်းပသည်။ သို့ဖြစ်ခြင်းကြောင့် မဟာအတုလမင်းကြီးသည် ဖေါ်ပြပါ လွမ်းချင်းကဗျာဖြင့် နောက်လာ နောက်သားများ မှတ်သားမိကြစေရန် စာပန်းချီ ခြယ်မှုန်းခဲ့ခြင်း ဖြစ်လေသည်။

ကဆုန်

ယောမာသော၊ အကြင်လသည်။ ကံဥဒကံ၊ ရေကို။ဆိန္ဒတိ၊ ဖြတ်တတ်၏။ ဣတိ၊ထို့ကြောင့်။ သောမာသော၊ ထိုလသည်။ ကဆိန္ဒ ၊ ကဆုန်မည်၏။ ကန်,ချောင်း,ဆည်,မြောင်း,ထုံး, အင်း,အိုင့်တို့၌ ရေပြတ်ရေစစ်သောလ ဖြစ်ခြင်းကြောင့် ကဆုန်မည်၏ဟု ပညာရှိတို့ ကြံဆကြလေသည်၊

ကဆုန်၏အနက်ကို ရေသွန်းသည်၊ ရေလောင်းသည်၊ ရေသွန်းလ၊ ရေလောင်းလ ဟု မသွယ်မဝိုက် တိုက်ရိုက်ကောက်ယူ

သော် ကဆုန်လ၌ မြန်မာလူမျိုးတို့ ကျင်းပသော ညောင်ရေသွန်းပွဲတော်နှင့် ဆီဆိုင်ပတ်သက်လှသဖြင့် သာလွန်၍ သင့်တန်ရာသည်။

ဗြိသဘရာသီ

ဗလဘော၊ ဗြိသ။ တာပုရိ၊ ဗြိသ။ ပသု၊ ဗြိသ။ ဥက္ခဂေါ၊ ဗြိသ။ သောရဘေယျ၊ ဗြိသ။ ဟူ၍ ဗြိသရာသီ ပရိယာယ်(၅)ပုဒ်ကို ရာဇမတ္တဏ်ကျမ်း ရာသီအဘိဓာန၌ ဆိုထားသည်။ ထို(၅)ပုဒ်သည် နွားဟောပရိယာယ်ချည်း ဖြစ်သည်။ နွားတို့ကြိုက်နှစ်သက်သောရာသီ၊ နွားနှင့်တူသော အဆင်းရှိသောရာသီဟု ဆိုလိုသည်။ ပြိသ၊ ဗြိသ၊ နှစ် ဝါဒရှိရာတွင် ဦးဖိုးလတ်၏ သီချင်းပဒေသာ၌ ပြိသဟုဆိုသည်။ လေှသင်းအတွင်းဝန်၏ ဝေါဟာရလီနတ္ထဒီပနီ၌ ဗြိသဟု ဆိုသည်။

ဝိသာခါနက္ခတ်

ဝိသဒိသံ၊ မတူသော။ ဖလံ၊ အကျိုးကို။ ခနတိ၊ တူးဖြိုတတ်၏။ ဣတိ၊ ထို့ကြောင့် ဝိသာခါ၊ ဝိသာခါမည်၏။ ဝါ၊ တမျိုးကား။ ယဿ၊ အကြင်နက္ခတ်အား။ ဝိဝိဓာ၊ အထူးထူး အပြားပြားကုန်သော။ သခါမိတ္တာ၊ အဆွေခင်ပွန်းတို့သည်။ အတ္ထိ၊ ရှိကုန်၏။ ဣတိ၊ ထို့ကြောင့်။ ဝိသာခါ၊ ဝိသာခါမည်၏။ ဤသို့ အဘိဓာန်ဋီကာ၌ ဆိုထားသည်။ ထိုဝိသာခါနက္ခတ်သည် ပတ်ဝိုင်းသဏ္ဌာန်၊ (၁၄)လုံးရှိသည်။ ထိုဝိသာခါနက္ခတ်ကို သက္ကာနီမည်သော သိကြားမင်း၊ မိဖုရား သုဇာတာ အစိုးရကြောင်းကို ရာဇမတ္တဏ်ကျမ်း၌ ဆိုသည်။

စကားပန်း

စမွေယျော၊ စကားပင်။ စမွကော၊ စကားပင်ဟု အဘိဓာန်၌ ပရိယာယ်နှစ်ပုဒ်လာသည်။ ပထမကာလေ၊ ရှေးဦးစွာသော ကာလ၌။ စမ္ပါနဂရေ၊ စမ္ပါနဂိုရ်ပြည်၌။ ဇာတော၊ ဖြစ်သည် တည်း။ ဣတိ၊ ထို့ကြောင့်။ စမွေယျော၊ စကားပင်မည်၏။ဣတ္ထိ ပုရိသာနံ၊ ပန်ဆင်သောယောကျ်ား မိန်းမတို့အား။ စမ္ပံ ဝိလာသံ စမ္ပယ်တင့်တယ်ခြင်းကို။ ကရောတိ၊ ပြုတတ်၏။ ဣတိ၊ ထို့ကြောင့်။ စမွကော၊ စကားပင်မည်၏။ စကားပင် ဟူသော ဝေါဟာရသည် မာဂဓဘာသာမှ ဆင်းသက်လာသည်ဟု မှတ်သားသင့်သည်။

ကဆုန်လ၌ ဖူးပွင့်သော ထိုစကားပန်းသည် စကားဝါ၊ စကားဖြူ၊ စကားနီ၊ စကားစိမ်း၊ တရုပ်စကားဖြူ၊ တရုပ် စကားဝါ၊ တရုပ်စကားနီဟူ၍ (၇)မျိုးရှိသည်။ ရှေ့(၃)မျိုးသည် ရာသီအလိုက်ပွင့်၍ နောက်(၄)မျိုးသည် (၁၂)ရာသီလုံးပင်ပွင့် လေသည်။

ရာသီအလိုက် ညောင်ရေ

ဗောဓိပင်ကို ညောင်ရေ သွန်းလောင်း၍ ပူဇော်ခြင်းသည် ယခုလက်ထက်မှ အသစ်ထွင်သော ပေါ်ပင်ကိစ္စ မဟုတ်ချေ။ ဗုဒ္ဓမြတ်စွာ သက်တော်ထင်ရှား ရှိတော်မူစဉ်ကလည်း အာနန္ဒာ မထေရ်စိုက်သော အာနန္ဒာ ဗောဓိပင်ကို နံ့သာ,ကရမက်, အခိုး,အထုံ စသည်တို့ဖြင့် မြတ်စွာဘုရားကိုယ်စား နတ်လူတို့ ပူ ဇော်ကြသည်။

ဗုဒ္ဓမြတ်စွာ လက်ထက်တော်၌သာ ပူဇော်သည်မဟုတ်သေး။ ရှေးလွန်လေပြီးသော အတိတ်ကာလ၌လည်း ကလိင်္ဂတိုင်း ဒန္တပူရမြို့၌ ကာလိင်္ဂ မင်းသည် မဟာဗောဓိပင်ကို ပူဇော်ခြင်း အမျိုးမျိုးဖြင့် ပူဇော်ကြသည်ဟု ကာလိင်္ဂဗောဓိဇာတ်၌ လာသည်။

ယခုလက်ထက်အချိန်၌ကား ဗုဒ္ဓမြတ်စွာ ဗောဓိပင်နှင့် ရွှေပလ္လင်၌ သစ္စာလေးပါးတရားကို သိမြင်၍ ဘုရားဖြစ်တော်မူရာ မဟာသက္ကရာဇ် ၁၄၈-ခုနှစ် ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ကို ရည်ရွယ် မြော်မှန်း၍ ဤကဆုန်လပြည့်နေ့၌သာလျှင် ညောင်ရေသွန်းပွဲတော်ကို မြန်မာနိုင်ငံ ဗုဒ္ဓသာသနာဝင်များ ပြုလုပ်လျက် ရှိလေသည်။

အညွန့်တလူလူနှင့် တက်သစ်စ လူငယ်ကလေးများကို ကြီးသောသူတို့က နားလည်အောင် သွန်သင်ပြောပြ၍ ဤကဲ့သို့သော ဘာသာရေး ညောင်ရေသွန်းပွဲတော်များကို မပျောက်မပျက်အောင် ထိန်းသိမ်းစေကာ ဘာသာရေး၌စိတ်ပါဝင်စားမှုရှိအောင် ပုံသွင်း ပေးကြရန် စေတနာကောင်းဖြင့် တိုက်တွန်းလိုက်ရသည်။ ။ ပွဲခါညောင်ရေ၊ သွန်းကြစေ၊ ဆုချွေပတ္ထနာ။

ဗောဓိညောင်ရေ

နှစ်စဉ် ကဆုန်လပြည့်နေ့သို့ ရောက်တိုင်း မိမိတို့တိုင်းပြည်သို့ သာသနာတော် ရောက်လာသည့်အချိန်မှစ၍ ဘုရားရှင်၏ ဂုဏ်တော် ကျေးဇူးတော်တို့ကို ရည်ညွှန်းပြီးလျှင် ဗောဓိညောင်ပင်၌

ညောင်ရေတော် သွန်းလောင်းကြမြဲ ဖြစ်သည်ဟု ထိပ်မှာသံမှို နှက်သကဲ့သို့ စွဲမြဲယုံကြည်ချက် ရှိကြလေသည်။

ထုံးဟောင်းသာဓက

ဟိုရှေးရှေးတုန်းက ကလိင်္ဂတိုင်း ဒန္တပုရမြို့ဝယ် ကာလိင်္ဂမင်း ထီးဖြူအုပ်ချုပ် တရားနှင့်အညီ မင်းလုပ်သည်။ ထိုမင်းသည် အလုံးစုံသော စကြာဝဠာတိုက်၌ စကြာမင်းအဖြစ်ကို ခံယူပြီးလျှင် တနေ့သောအခါ၌ (၃၆)ယူဇနာရှိသော ပရိသတ်ဖြင့် ခြံရံလျက် ကိုယ်လုံးဖြူသော ကေလာသတောင်ထွတ်နှင့်တူသော ရတနာဆင်ဖြူကို စီးတော်မူ၍ ကြီးစွာသော ကျက်သရေ၏ တင့်တယ် စံပယ်ခြင်းဖြင့် မယ်တော်ခမည်းတော်တို့၏ အထံသို့ သွားတော်မူလေသည်။

ထိုသို့သွားသောအခါ ခပ်သိမ်းကုန်သော ဘုရားရှင်တို့၏ မာရ်ငါးပါးကို အောင်မြင်တော်မူရာ ရတနာပလ္လင်တော် ဖြစ်သော မြေတို့၏ ချက်မအချာ မဟာဗောဓိမဏ္ဍိုင်၏ အထက် အဖို့၌ ထိုမင်း၏ ရတနာဆင်ဖြူတော်သည် မသွားဝံ့ပဲဖြစ်နေသည်။ မင်းသည် အဖန်တလဲလဲ သွားစေသော်လည်း ရတနာဆင်ဖြူတော်သည် မသွားဝံ့သည်သာ ဖြစ်လေသည်။

"ချစ်သားရဟန်းတို့.... ကာလိင်္ဂ အမည်ရှိသော စကြာမင်းသည် တရားနှင့်အညီ မြေ၌တည်ရှိသော လူအပေါင်းကို ဆုံးမ၏။ တန်ခိုးကြီးသော ရတနာဆင်ဖြူတော်ဖြင့် ဗောဓိမဏ္ဍိုင်၏ အနီးသို့ ရောက်လေ၏" ဟု အထက်ပါစကားနှင့် စပ်၍ ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူလေသည်။

ထိုအခါ ကာလိင်္ဂမင်း၏ ပုရောဟိတ်သည် မင်းနှင့်အတူ သွားသည်ဖြစ်၍ "ကောင်းကင်၌ ပိတ်ပင်ခြင်း မရှိပါပဲလျက် အဘယ်ကြောင့် မင်းကြီးသည် ရတနာဆင်ဖြူတော်ကို နှင်ခြင်းငှာ မတတ်နိုင်သနည်း" ဟု ကောင်းကင်မှ ဆင်းသက်၍ စုံစမ်းလျှင် ခပ်သိမ်းသော ဘုရားရှင်တို့၏ မာရ်ငါးပါးကို အောင်မြင်တော်မူရာ ရတနာပလ္လင်ဖြစ်သော မြေတို့၏ အချက်အချာ ဖြစ်သော မြေအဖို့ကို မြင်လေသည်။

"အရှင်မင်းမြတ်....မြက်နွယ်တို့သည် ဤမြေအရပ်၌ လကျာရစ်အားဖြင့် လည်ကုန်၏။ ဤအရပ်သည် မြေ၏ချက်မဖြစ်ပါ၏။ သဗ္ဗညုတဉာဏ်၏ ကြည်လင်ရာဖြစ်ပါ၏။ ဤသို့ အကျွန်ုပ်တို့သည် ဗေဒင်ကျမ်း၌ ကြားဘူးပါကုန်၏။ အရှင်မင်းမြတ်.... သမုဒ္ဒရာအဆုံးရှိသော မြေဆီ, မြေလွှာ, မြေသြဇာ၏ တည်ရာဖြစ်သော အလုံးစုံသောသတ္တဝါတို့ကို ဆောင်သောမြေ၌ ဤအရပ်သည် သဗ္ဗညုတဉာဏ်တော်၏ ကြည်လင်ရာ ဖြစ်ပါ၏။ သက်ဆင်းတော်မူ၍ ရှိခိုးဦးချတော်မူပါဘုရား" ဟုပုရောဟိတ်အမတ်ကြီးက သံတော်ဦးတင်လေသည်။

ကာလိင်္ဂမင်းသည် ဘုရားအလောင်း ပုရောဟိတ်ပုဏ္ဏားကို "သင်သည်ပင်လျှင် ခပ်သိမ်းသောတရားကို သိသော, မြင်သော ဘုရားဖြစ်လေသလော" ဟု မေးတော်မူသည်။ ပုရောဟိတ်ပုဏ္ဏားသည် မင်းကြီး၏စကားကိုပယ်၍ ဘုရားရှင်၏ ဂုဏ်တော်တို့ကို ချီးမွမ်းကာ သံတော်ဦးတင်လေသည်။ "အရှင်မင်းမြတ်....အကျွန်ုပ်တို့သည် လောကီသဒ္ဒါကျမ်းတို့ဖြင့် သိပါကုန်၏။ သုတဗုဒ္ဓမည်ကုန်၏။ သဗ္ဗညုဘုရား မဟုတ်ပါကုန်။ သဗ္ဗညုဘုရား

ရှင်တို့သည် အလုံးစုံသော တရားကို သိတော်မူကုန်၏။ ဘုရားရှင်တို့သည် လက္ခဏာအားဖြင့် သိတော်မူကုန်၏။ အကျွန်ုပ်တို့သည် အာဂုံအတတ်၏ အစွမ်းဖြင့်သာလျှင် သိကုန်၏။ ဘုရားရှင်တို့သည် အလုံးစုံသောတရားကို သိကုန်၏”ဟု ဘုရားရှင်၏ ဂုဏ်တော်ကို ချီးမွမ်း၍ သံတင်ဦးတင်လေသည်။

ကာလိင်္ဂမင်းသည် ဘုရားရှင်၏ ဂုဏ်ကျေးဇူးတို့ကို ကြားရလျှင် နှစ်သက်ဝမ်းမြောက်ခြင်းသို့ ရောက်သည်ဖြစ်၍ အလုံးစုံသော စကြဝဠာတိုက်၌ နေကုန်သော သူတို့ကို များစွာသော ပန်းနံ့သာကို ဆောင်စေလျက် မဟာဗောဓိမဏ္ဍိုင်၌ (၇)ရက်ပတ်လုံး မဟာဗောဓိအား ပူဇော်ခြင်းကို ပြုစေသည်။

ဤဖော်ပြခဲ့သော ထုံးသာဓက တေရသနိပါတ် ကာလိင်္ဂဗောဓိဇာတ်ကို ထောက်ထား၍ ဗုဒ္ဓမြတ်စွာမပွင့်မီ ရှေးအခါကာလ၌လည်း မဟာဗောဓိကို ပူဇော်ကြသည်။ ယခု အချိန်၌သည်း မြန်မာနိုင်ငံအရပ်ရပ်၌ ဗောဓိပင်ကို ညောင်ရေသွန်း၍ ပူဇော်ကြသည်။ ဤကျမ်းစာရှင်တို့၏ ဇာတိနေရပ်ပခုက္ကူခရိုင်ရေစကြိုနယ်၊ စည်သာကျေးရွာ၌လည်း ဦးဖိုးရ–ဒေါ်သက်၊ ဦးကံ–ဒေါ်ဖွားရှင် တို့သည် ပြုပြင်အပ်သော ဗောဓိပင်ဝယ်၊ ၁၃၁၇–ခုနှစ်မှ အစပြု၍ နှစ်စဉ် အမျိုးသမီး, အမျိုးသား၊ (၁၅၀)ကျော်တို့သည် ဗုဒ္ဓမြတ်စွာ၏ ဂုဏ်တော်,ကျေးဇူးတော်တို့ကိုရည်သွန်း၍ ညောင်ရေတော် သွန်းလောင်းကာ ကုသိုလ်ယူကြသည်။

ဗုဒ္ဓမြတ်စွာ သဗ္ဗညုတဉာဏ်တော်ကို ရရှိတော်မူရာ မဟာဗောဓိမဏ္ဍိုင် သဖွယ်ဖြစ်သော ဘုရားရှင်တို့၏ အသုံးအဆောင်

ဖြစ်၍ ပရိဘောဂစေတီ တိုက်သော မဟာဗောဓိပင်၌ ညောင်ရေတော်သွန်းလောင်းခြင်း၊ အခွန့်ရှည်စွာတည်နေခြင်းငှာ ရည်သန်နှလုံးသွင်းရှိသဖြင့် လွန်ခဲ့ပြီးသော ၁၃၂၂-ခုနှစ် ကဆုန်လပြည့်နေ့မှ အစပြု၍ ဗုဒ္ဓဓမ္မလောကစာစောင် ကဆုန်လပြည့်ထုတ်(၂၀၀)ကို ဓမ္မဒါနအဖြစ်ဖြင့် ညောင်ရေ သွန်းလောင်းသူတို့အား ဝေငှ၍ အားပေးကူညီခဲ့သည်။

ဤကဆုန်လပြည့်

၁။ ကဆုန်လပြည့်၌ ဂေါတမဗုဒ္ဓမြတ်စွာသည် နိယတဗျာဒိတ်ကို ခံယူရရှိတော်မူသည်။ ၂။ ၎င်းနေ့၌ပင် မီးရှူးသန့်စင် ဖွားမြင်တော်မူသည်။ ၃။ ၎င်းနေ့၌ပင် သဗ္ဗညုဘုရားစင်စစ် ဧကန်ဖြစ်တော်မူသည်။ ၄။ ၎င်းနေ့၌ပင် ရွှေပြည်နိဗ္ဗာန် ဝင်စံတော်မူသည်။ ၅။ ၎င်းနေ့၌ပင် မဟာဗောဓိညောင် ဗုဒ္ဓဟောပင်ကို ညောင်ရေတော် သွန်းလောင်းပူဇော်ကြသည်။

ဤသို့ထူးခြားသော အချက်အလက်များနှင့် ကိုက်ညီသောကြောင့် ကဆုန်လပြည့်နေ့ကို နေ့ထူးနေ့မြတ်အဖြစ် အသိအမှတ်ပြုကြသည်။

ဗောဓိညောင်ရေသွန်းကျိုး

၁။ တာဝတိံသာ နတ်ပြည်၌ အကြိမ်ပေါင်း (၈၀) နတ်ဖြစ်ရခြင်း ။ ၂။ ကမ္ဘာတသိန်းအတွင်း၌ အပါယ်သို့မလားရခြင်း။ ၃။ စကြဝတေးမင်းအဖြစ် အကြိမ်(၁၀၀) ဖြစ်ရခြင်း။ ၄။ အမိဝမ်းတွင်း၌ ပဋိသန္ဓေနေသည့်အခါ အပြင်မှ အာရုံအမျိုးမျိုးကို မြင်ရခြင်း၊ ၅။ ဖွားမြင်သည့်အခါ နံ့

သာဆီမီးအပေါင်း တသိန်းသည် လူမထွန်းရပဲ အလိုအလျောက် တောက်ပခြင်း။ ၆။ ဤကမ္ဘာ နောက်ဆုံးပွင့်မည့် အရိမေတ္တေယျ ဘုရားရှင်ကို ဖူးတွေ့ရခြင်း။

ရှေးသာဓက ထင်ရှားပြ

ဝိပဿီဘုရားရှင်၏ လက်ထက်တုန်းက ရှေးဘုရားရှင်တို့ထံ ဆုပန်လာခဲ့သော အမျိုးသား တယောက်သည် သာသနာ၌ ရဟန်းပြု၍ ဝတ်ကြီးဝတ်ငယ်ဖြင့် သာသနာကို အထူးတလည် တင့်တယ်စေခဲ့သည်။ တနေ့သောအခါ လူပေါင်းများစွာတို့ ဗောဓိပင်ကို ပူဇော်နေသည်ကို မြင်၍ သဒ္ဓါပသန္နဖြစ်ပြီးလျှင် များစွာသော ပန်းပွင့်တွေနှင့် နံ့သာရေတို့ကို ယူစေ၍ ညောင်ရေသွန်းလောင်း ပူဇော်လေသည်။

ထိုအမျိုးသားသည် ဗောဓိပင်ကို ညောင်ရေသွန်းလောင်း ပူဇော်ရသော ကောင်းမှုကြောင့် နတ်ပြည်မှာဖြစ်၍ ခြောက်ထပ်သော ကာမာဝစရ နတ်ပြည် စည်းစိမ်တို့ကို ခံစားပြီးလျှင် ငါတို့ ဂေါတမဗုဒ္ဓမြတ်စွာ လက်ထက်တော်အခါ၌ အမျိုးသား ဖြစ်၍ သာသနာ၌ ရဟန်းပြုပြီးလျှင် မကြာမြင့်မီ ရဟန္တာ အဖြစ်သို့ ရောက်၍ ဗောဓိသိဥ္စက မထေရ်ဟု ထင်ရှားကာ ပရိနိဗ္ဗာန် ဝင်စံရသည်။ (ခုဒ္ဒ။အပဒါန်။၄။၂။၁၁၂)

မြန်မာနှင့် ဗောဓိညောင်ရေ

မြန်မာနိုင်ငံ အင်းဝခေတ်၊ ရွှေဘိုခေတ်တို့၌ ဗောဓိပင်ကို ညောင်ရေသွန်းလောင်းပွဲ ပြုလုပ်ကြသည်ကို ထိုခေတ် စာဆိုတော်များက မှတ်တမ်းတင်ခဲ့သည်။ "ကဆုန်လကား လောက

ထွတ်ထား ဘုရားသခင် ရွှေပလ္လင်ထက် ရွှေပင်ရောင်တောက် ညောင်တော်အောက်ဝယ် ပေါက်သည့်ကိုမူ အကြောင်းယူ၍ မဥ္ဇူလှုရာ ပန်းတကာကို မြူတာတကောင်း မဟာတောင်းဝယ် သွန်းလောင်းရေပြည့် ဖြိုးမျှထည့်လျက် ပတ်လှည့်ညာကြေ ရှင်တော်မေ့ကို ရိုသေသဘင် ပွဲကြီးယင်၍ ကြည်လင်သဒ္ဓါ ငြိမ်းကြောင်းရှာသည်.... အခါညောင်ရေ သွန်းတည့်လေး။ ပွင့်လင်းစည်သည်.... ရွှေပြည်ရွှေဝန်းတည့်လေး။ ။ ဟူ၍ အင်းဝခေတ် စာဆိုတော် ဆည်သည်ရှာစား ဦးအောင်ကြီးက စာဖွဲ့ခဲ့သည်။ ရွှေဘိုခေတ် လက်ဝဲသုန္ဒရအမတ်ကြီးကလည်း "ပွဲခါညောင်ရေ သွန်းမြဲပေတည့် ရိုသေသဒ္ဓါ ထုံးစဉ်လာဖြင့် မဲဇာရပ်သူ တောင်းဆုယူသည် ရွှေဂူတော်နှင့် ရှုတိုင်းတင့်သား။ ။စသည်ဖြင့် ညောင်ရေသွန်းပွဲနှင့်စပ်၍ စာပန်းချီခြယ်သခဲ့သည်။

ယခုခေတ်ညောင်ရေပွဲ

မြန်မာနိုင်ငံအစိုးရတို့က ဤကဆုန်လပြည့်နေ့ကို ရုံးပိတ်ရက်အဖြစ် သတ်မှတ်ပေးရုံမျှမက သားသတ်ရုံများကိုပင် ပိတ်စေ၍ သတ္တဝါများ အသက်ကို ခွင့်လွှတ်စေခဲ့သည်။ ဤကဲ့သို့ ဂုဏ်ထူးဝိသေသနှင့် ပြည့်စုံသော နေ့ရက်မြတ်၌ ဗုဒ္ဓသာသနာဝင်များအနေဖြင့် ဒါနပြုခြင်း၊ သီလဆောက်တည်ခြင်း၊ ဘာဝနာပွားခြင်းတို့ကို ကိုယ်စီကိုယ်ငှ အသီးအသီးပြုကြ၍ ဘုရားဖူးခြင်း၊ တရားနာခြင်း၊ တရားဆွေးနွေးခြင်း၊ အစရှိသည်တို့ကို ပြုသင့်ပေသည်။

ဗုဒ္ဓမြတ်စွာသည် ဤသည့်ဗောဓိပင်နှင့် ရွှေပလ္လင်မှာ သစ္စာလေးချက် မေ့နက်ကို ကွက်ကွက်ကွင်းကွင်း သိမြင်၍ သဗ္ဗညု ဘုရားအဖြစ်သို့ရောက်တော်မူခဲ့၏။ ဤသည့် ဘုရားဖြစ်တော်မူရာ ဗောဓိညောင်ပင်ကို ညောင်ရေသွန်းလောင်းကြသည်။ ဤကဲ့သို့ ဗောဓိပင်ကို ညောင်ရေသွန်းလောင်းရသော စေတနာဘို့ကြောင့် ဘုရားရှင်ကိုယ်တော်မြတ်နှင့် ပစ္စေကဗုဒ္ဓါ သာဝက များ သိမြင်အပ်ပြီးသော သစ္စာလေးပါးတရားကို သိမြင်ကြ၍ ထိုအရှင်များ ဆောင်းမိုးအပ်သော အရဟတ္တဖိုလ် တည်းဟူသော ထီးဖြူကို ဆောင်းမိုးရပြီးလျှင် ရာဂ၊ ဒေါသ၊ မောဟ စသော (၁၁)ပါးသော ကိလေသာမီးတို့၏ ငြိမ်းအေးရာ နိဗ္ဗာန်တည်းဟူသော အောင်ပွဲသဘင်သို့ ဝင်ရောက်ကြရပါလို၏ဟု ဆုတောင်းပတ္ထနာပြုလျက် ဗောဓိညောင်ပင်ကို ညောင်ရေသွန်းလောင်းသင့်ကြောင်းကို စေတနာဖြင့် သတိပေးတိုက်တွန်း နှိုးဆော်လိုက်ရပေသည်။

"ဗုဒ္ဓဟော ညောင်ရေသွန်း၊ နောင်ရေထွန်း ရည်မြော်၊ ပြောင်စေညွန်း ပူဇော်သည်၊ လျှူကောင်ရော်ဝပ်စင်း၊ ဖူး၊ ငုံ၊ ပွင့် စကားဝါငယ်၊ သာယာစွာ မွှေ့နံ့ကြိုင်သင်း၊ ယှဉ်နက္ခတ် သိစရာ၊ ဝိသာခါထွန်းလင်း၊ ရာသီခါ ပြိဿတင်းပေမို့ ကျေး တသင်းပျော်စွာ၊ ပူးနှင့် ဆင် ပြိဿဒါးရယ်နဲ့၊ ကြွက်နဂါး မှတ်ကြရာဇာ၊ နေ့ချိန်ကာဒုတ္တိသာ၊ ညဉ့်ချိန်ခါ ဌဝိသရယ်နှင့် နာရီပြထွန်းသိလစ်ပင်၊ မွန်းတည့်နှစ်တွင်၊ နဂါးလှည့်နောက် ချပ်ခွင်ဝယ်၊ မှတ်ကျောက်တင် သိကြဖို့လေး။ ။

၃၈။ နယုန်မှာ စပယ်မွှေး

“နတ်စည်ငယ်ရှမ်းပါလို့၊ ခြိမ့်မှမ်းငယ်သံစုံ၊ က,မြူးငယ်ခုန်သည်၊ လနယုန် သည်ချိန်မို့၊ မြူတိမ်လွှာ ဆိုင်းပြန်တော့တယ်လေး။ ။ရာသီငယ် မေထုန ဆယ့်နှစ်လမို့၊ဇေဠ္ဌပြောင်ရှိန်၊ တောက်လောင်ငယ်ထိန်သည်၊ ရာဇိန္ဒနတ် ပို့ဌကတ်မှာမပြတ်ကယ်ထွက်စံ၊ စာညီလာခံသောခါ၊ ဗိုလ်ခြံတဲ့ရွှေလယ်မှာ၊ ငွေစပယ်ဖြူမလေးက၊ မွှေးလှတယ်လေး”။

နယုန်လ၏ စာပန်းချီကို အထက်ပါ လွှမ်းချင်းကဗျာဖြင့် မဟာ အတုလမင်းကြီး ခြယ်မှုန်းထားရာ မှတ်သားဖွယ်ရာ အချက်အလက်စုံလင်လှသဖြင့် ဗဟုသုတရှာမှီးသူတို့ လက်မလွှတ်သင့်သော ကဗျာဟု ဆိုရမည်ပင် ဖြစ်လေသည်။

နယုန်-နံယုန်

မိန်းမ, ယောကျ်ားနှစ်ပါးစုံကို ဟောသော “နရယုဂ” သဒ္ဒါပျက်၍ နယုန်ဖြစ်ဟန်ဖြင့် ဝေါဟာရလီနတ္ထဒီပနီကျမ်း၌ ဆိုသည်။ နံယုန်တွင် နံ၏အနက် အချိန်ကာလဟော၊ ယုန်၏ အနက်စီးကျ၊ ယိုကျ၊ ရွာကျဟော ဖြစ်ပေရကား၊ နံယုန်ပုဒ် တခုလုံး၏ အနက်ကို မိုးရွာချိန်၊ မိုးကျချိန်ဟု ဖြောင့်တန်းစွာ အနွတ္ထအမည်ဖြင့် အနက်ယူသော် သဘာဝကျမည် ဖြစ်လေ့သည်။

“တန်ခူး ကဆုန်၊ လနမျုန်၊ ဖုန်ဖုန်လွှင့်မြူလိမ်း” ဟူသော “ဘုန်းမီးတက်လျှံ” ချိမှန်စီသတ်ပုံ၌ မှန်စီကျောင်း ဒုတိယ ရှင်ပုညကာမိဆိုထားသဖြင့် “နမျုန်”ဟု တမျိုးမှတ်သား ထိုက်လေသည်။

မေထုန်ရာသီ

ဇိတုမော၊ ဇမေထုန်။ မိထုနံ၊ မေထုန်။ နရယုဂေ ါ၊ မေထုန်။ ။ မေထုန်ပရိယာယ်(၃)ပါး၊ ရာဇမတ္တဏ်ကျမ်း၌ ဆိုသည်။ ထိပုမဒွယံ၊ မိန်းမ ယောကျ်ား နှစ်ယောက်တို့၏ အစုံသည်။ မိထုနံ၊ မေထုန်မည်၏ဟု အဘိဓာန်၌ ဆိုသည်။ 'ထိုမေထုန်ရာသီကား ယောကျ်ား မိန်းမငယ်တို့ ကြိုက်နှစ်သက်သော ရာသီဖြစ်သည်။ ယောကျ်ား မိန်းမငယ်တို့နှင့် တူသော အဆင်းရှိသော ရာသီဟု ဆိုလိုသည်။

ဇေဋ္ဌနက္ခတ်

သဗ္ဗာသံ၊ ခပ်သိမ်းသော နက္ခတ်တို့ထက်။ ဂုဏေဟိ၊ ဂုဏ်ကျေးဇူးတို့ဖြင့်။ ဝုဒ္ဓတ္တာ၊ ကြီးသည်၏အဖြစ်ကြောင့်။ ဇေဋ္ဌာ၊ ဇေဋ္ဌ မည်၏။ ထိုဇေဋ္ဌ နက္ခတ်သည်ကား နက္ခတ်တကာတို့ထက် ဂုဏ်ကျေးဇူး အကြီးဆုံး နက္ခတ် ဖြစ်လေသည်။ နားတောင်းသဏ္ဍာန် (၃)လုံးရှိ၍ ၎င်းနက္ခတ်၏ အစိုးရ အရှင်သခင်ကား သိကြားမင်း ဖြစ်လေသည်။

စပယ် မုလေး

ဤသည့် နယုန်လ၌ ပန်းတကာတို့ထက် အမြတ်ဆုံးပန်းဟု ခေါ်ဆို သမုတ်ကြသော စပယ်ပန်းနှင့် မုလေးပန်း တို့သည် သူတို့အချိန်ရာသီ ရောက်လာပြီမို့၊ စီရရီ ဖူးငုံ ပွင့်လျက် နမ်းချင့်စဖွယ်၊ တင့်တယ်လှပ မိမိတို့သဘာဝကို မွှန်းမံခြယ်သ အလှကျက်သရေ ဆောင်ရွက်ကြလေကုန်တော့သည်။

စာပြန်ပွဲသဘင်

စပယ်နံ့ မုလေးနံ့ ပြန့်သင်းသော နယုန်လ၌ မင်းတုန်းမင်း သီပေါမင်း အရှင်နှစ်ပါးတို့၏ လက်ထက်တော်၌ သုဓမ္မာဇရပ်ဝယ် စာပြန်ပွဲသဘင် ဆင်ယင်ကျင်းပကြလေသည်။ ပြည်ထောင်စု မြန်မာနိုင်ငံ လွတ်လပ်ရေးခေတ်၊ ၁၉၅၃၊ ခရစ်သက္ကရာဇ် ၁၃၁၄၊ ကောဇာ မြန်မာသက္ကရာဇ်တိုင်အောင် နှစ်စဉ် နယုန်လ၌ပင် အစိုးရမင်းတို့ ကြီးမှူးသော စာပြန်ပွဲသဘင်ကို ဆင်ယင်ကျင်းပကြလေသည်။

မဟာသမယသုတ်နှင့် နယုန်

မဟာသမယသုတ် ဒေသနာကို ဤယခုရောက်ဆဲ နယုန်လ၌ ဗုဒ္ဓမြတ်စွာဟောကြားတော်မူခဲ့သည်ဟု အဆိုရှိသည်။ ဤမဟာသမယသုတ်ကို နတ်ဗြဟ္မာတို့သည် အလွန်ကြည်ညိုလေးစားကြကုန်သည်။ မဟာသမယသုတ်ကိုသာ ကြည်ညိုလေးစားကြသည် မဟုတ်သေး။ အဘယ်သူသည် မဟာသမယသုတ်ကို ရွတ်ဖတ် သရဇ္ဈာယ်ပါအံ့နည်းဟု မြော်ကိုး တောင့်တလျက် ရှိကြသည်။ မဟာသမယသုတ်ကို လေးစားကြသလို ရွတ်ဖတ် သရဇ္ဈာယ်သော သူကိုလည်း လေးစားကြသည်၊ ကြည်ညိုကြသည်ဟု အဋ္ဌကထာ၌ ဆိုသည်။ ထိုအဋ္ဌကထာအဆိုကို ထောက်၍ "နတ်ချစ်သုတ္တန်ဒေသနာ" ဟု ခေါ်ဆိုထိုက်လေသည်။

မဟာသမယသုတ်ကို ကြားနာရသော အရပ်သို့ တန်ခိုးကြီးသော နတ်တို့သည် မပြတ်လာရောက်ကြကုန်သဖြင့် လူတို့အား နှိပ်စက်တတ်သော မြေဘုတ်ဘီလူး စသော တန်ခိုးနည်းသော နတ်ဘီလူးတို့အဝေးသို့ ဖဲ့သွားကြရကုန်သည်။ ဗုဒ္ဓမြတ်

စွာ ဤမဟာသမယသုတ်ကို ဟောတော်မူပြီးသည့် အဆုံး၌ ကုဋေတသိန်းသောနတ်ပြဟ္မာတို့သည် ရဟန္တာဖြစ်ကြ၍ သောတာပန်, သကဒါဂါမိ်, အနာဂါမိ်အဖြစ်တို့ကား မရေတွက်နိုင်လောက်အောင် များလှကုန်သည်။ ဤနယုန်လ၌ပင် ပခုက္ကူ သီဟိုဠ်ရှင်ဘုရားပွဲ၊ မြင်းခြံ နှစ်ကျိပ်ရှစ်ဆူဘုရားပွဲ၊ ပန်းအိုင် ရွှေမုဋ္ဌောဘုရားပွဲများကို ကြီးကျယ်ခမ်းနားစွာ နှစ်စဉ် ကျင်းပမြဲ ဖြစ်သည်။

မဟာသမယသုတ်အကြောင်း

ဗုဒ္ဓမြတ်စွာသည် သက္ကတိုင်း ကပိလဝတ်မြို့ မဟာဝုန်တော၌ သီတင်းသုံးတော်မူစဉ် ဤမဟာသမယသုတ် ဒေသနာကို ဟောကြားတော်မူသည်။ မဟာသမယသုတ် ဒေသနာတော်ကို မဟောကြားမီ မကြာမြင့်သောကာလ၌ အရဟတ္တဖိုလ်သို့ ရောက်ကြသော သာကီဝင်မင်းသား ရဟန္တာငါးရာ ခြံရံလျက် သီတင်းသုံးတော်မူခိုက် ဖြစ်လေသည်။

ထိုကဲ့သို့ ရဟန္တာငါးရာ ခြံရံလျက် ဗုဒ္ဓမြတ်စွာ သီတင်းသုံးတော်မူခိုက်၌ တသောင်းသောစကြဝဠာမှ နတ်ပြဟ္မာအပေါင်းတို့သည် မကြာသေးမီကာလ၌ ရဟန္တာဖြစ်ကြသော ငါးရာသော ရဟန်းတို့နှင့် ဗုဒ္ဓမြတ်စွာကို ချီးကျူးပူဇော်ခြင်း၊ ကန်တော့ခြင်းအကျိုးငှာ လာရောက်ကြသည်။

အချို့သော နတ်ပြဟ္မာတို့မှာ "ဗုဒ္ဓမြတ်စွာသည် တန်ခိုးကြီးသော နတ်ပြဟ္မာတို့၏ အမည်အနွယ်တို့ကိုသာ ဟောနိုင်လတံ့၊ တန်ခိုးနည်းပါးသော နတ်ပြဟ္မာတို့၏ အမည်အနွယ်

တို့ကို ဟောတော်မမူနိုင်တန်ရာ”ဟု အကြံအစည်ဖြစ်ကြသည်။ ထိုနတ်ဗြဟ္မာတို့၏ အကြံအစည်ကိုသိ၍ ဗုဒ္ဓမြတ်စွာသည် “အလုံးစုံသော နတ်ဗြဟ္မာတို့၏ အမည်အနွယ်တို့ကို ဟောတော်မူအံ့”ဟု ကြံစည်တော်မူသည်။

မေးနိုင်သူမရှိ

မဟာသမယသုတ်ကို သူတပါးတို့ မေးအပ်သော ပုစ္ဆာ၏အစွမ်းဖြင့် ဟောတော်မူခဲ့သော် သင့်တန်ရာ၏ဟု သိတော်မူငြားသော်လည်း စရိုက်၏အစွမ်းဖြင့် သင့်တင့်အောင် ဗုဒ္ဓမြတ်စွာကိုပုစ္ဆာမေးနိုင်သော ပုဂ္ဂိုလ်ကား ရှားပါးပါဘိ၏။ ရဟန္တာငါးရာလည်း မတတ်နိုင်၊ ရှစ်ကျိပ်သော သာဝကများလည်း လက်မှိုင်ချရ၏။ အဂ္ဂသာဝက နှစ်ပါးလည်း အရှုံးပေးရ၏။ သိကြား၊ သုယာမ စသော နတ်များလည်း ဗုဒ္ဓမြတ်စွာကို ပုစ္ဆာမမေးဝံ့ရှာကြ၊ ပစ္စေကဗုဒ္ဓါလည်း ဗုဒ္ဓမြတ်စွာနှင့် ယှဉ်ပြိုင်၍ ပုစ္ဆာမထုတ်နိုင်ရှာ။ ဗုဒ္ဓမြတ်စွာတဆူနှင့် ဗုဒ္ဓမြတ်စွာတဆူသာ ဖြေနိုင်ရာ၏။ ဤကမ္ဘာအတွင်း၌ ဘုရားနှစ်ဆူလည်း ပြိုင်၍ပွင့်ရိုးထုံးစံမရှိ၊ နောက်ဆုံး၌ ကိုယ်တော်မြတ်၏ နိမ္မိတရုပ်ပွားတဆူ ဖန်ဆင်း၍ မေးမှု၊ဖြေမှုကိုပြု၍ ဟောကြားတော်မူရတော့သည်။

မေး၊ဖြေ ဟောကြားပုံ

ဖန်ဆင်းအပ်သော နိမ္မိတဗုဒ္ဓမြတ်စွာသည် ထိုင်နေတော်မူလျက် ဗုဒ္ဓမြတ်စွာ၏ ဗောဓိပလ္လင်၌ ကိလေသာ ပယ်ခြင်းကို ချီးမွမ်း၍ အောက်ပါအတိုင်း မေးပါတော့သည်။

"ကြီးသော ပညာရှိသော ဩဃလေးပါးကို လွန်မြောက်တော်မူပြီးသော နိဗ္ဗာန်တည်းဟူသော ကမ်းတဖက်သို့ ရောက်တော်မူပြီးသော ကိလေသာတို့မှ ငြိမ်းတော်မူပြီးသော လောကဓံ ရှစ်ပါးတို့သည် ချောက်ချားတုန်လှုပ်စေခြင်းငှာ မတတ်နိုင်သည်ဖြစ်၍ မြဲမြံတည်တံ့သော စိတ်ရှိတော်မူသော သဗ္ဗညုမြတ်စွာဘုရားကို ငါမေးပါ၏။ ဝတ္ထုကာမတို့ကို ပယ်နုတ်၍ အိမ်ရာတည်ထောင် လူတို့ဘောင်မှထွက်၍ ထို ရဟန်းသည် လောက၌ ကောင်းစွာ အဘယ်သို့လျှင် နေရာပါအံ့နည်း။ လိမ်းကျံခြင်းမရှိသည်ဖြစ်၍ လောကကို လွန်ရာပါသနည်း။ ဤသို့ ရွတ်ဆိုမေးမြန်းသည်။

ထိုအခါ ဗုဒ္ဓမြတ်စွာသည် "နတ်ပြဟ္မာတို့၏ စိတ်ခံ့သည်၏ အဖြစ်ကို ဖြစ်စေခြင်းငှာ လာကုန်သော နတ်ပြဟ္မာ အားလုံးတို့၏ အမည့်အနွယ်တို့ကို ဟောတော်မူအံ့"ဟု ကြံ၍ "အာစိက္ခိဿာမိ ဘိက္ခဝေ"အစရှိသော မဟာမယသုတ် ဒေသနာကို ဟောတော်မူသည်။

အကျိုးနှင့် နှိုးဆော်ချက်

ဤသို့ နိမိတ ရုပ်ပွားတဆူ ဖန်ဆင်း၍ ဘုရားနှစ်ဆူနှင့် ဟောရသော ဤမဟာသမယသုတ်ဒေသနာကို ယခုလို နယုန်လပြည့်နေ့ရောက်တိုင်း ရွတ်ဖတ်သရဇ္ဈာယ်မှု ပြုလျှင်လည်းကောင်း၊ နေ့စဉ်နေ့တိုင်း ရွတ်ဖတ်သရဇ္ဈာယ်မှု ပြုလျှင်လည်းကောင်း၊ နတ်ပြဟ္မာများ ချစ်ခင်ခြင်း၊ ဘေးရန်မရောက်အောင် စောင့်ရှောက်ခြင်း၊ စိတ်တည်ကြည်ခြင်း စသောအကျိုးကို ရနိုင်သည်ဖြစ်၍ ဗုဒ္ဓသာသနာဝင် သူတော်စင်

ဓမ္မမိတ်ဆွေများ ရွတ်ဖတ်သရဇ္ဈာယ်မှုကို ပြုကြရန် နှိုးဆော်တိုက်တွန်းလိုက်ရပေသည်။

“မြန်မာ့ရိုးရာ ဆယ့်နှစ်ဖြာလ၊ တတိယတွင်၊ လပြည့်ခွင်၌၊ ဘုန်းရှင်များစွာ၊ တို့ဆရာသည်၊ မဟာသမယ၊ သုတ်ခြောက်ဝကို၊ ထုတ်ဟာမြွက်ကြား၊ ဟောမိန့်ထား၏၊ ကိုယ်စားနိမ္မိ၊ ဖန်ဆင်းဘိ၍၊ ဟော၏ပေါ်ထုတ်၊ နတ်ချစ်သုတ်ကို၊ ဗုဒ္ဓမြတ်စွာ၊ ယုံကြည်ကာဖြင့်၊ မကွာနေ့ညဉ့်၊ ရွတ်ဆိုသင့်သည်.... တိုးမြင့်လာဘ်ရွှင်ဆေးပါတည်း”။

“ပန်းစပယ် ငုံဖူးပွင့်၊ ကြုံထူးတင့်မာသာ၊ ဂုဏ်ထူးမြင့် ဘဂဝါသည်၊ ဒေသနာမြွက်ကြား၊ နတ်ချစ်သုတ် ဓမ္မကွန်ကို၊ ဟောမိန့်ဟန် သိကြစေသား၊ စာပြန်ပွဲနယုန်တွင်၊ တဂုဏ်တင် ပြုငြား၊ မေထုန်လျှင် ရာသီထားပါလို့၊ နက္ခတ်ကားဇေဋ္ဌာ၊ နေ့နာရီ သုံးဆယ့်လေးငယ်နှင့်၊ ညဉ့်ချိန်ပေး နှစ်ဆယ့်ခြောက်သာ၊ ခြသေ့မင်း ရက်ရာဇာဝယ်၊ တွက်ချက်ကာ ဂဠုန့်ကျား မတော့၊ ပြဿဒါး မများထောက်ဆို၊ နဂါးမြောက်ကို။ ဘဖဝါး မွန်းတည့်လိုသည်၊ ညွန်းသည့်ဆို မှတ်တမ်းကွဲ့လေး....”

၃၉။ ဝါဆိုအကြောင်း

"ကိုးခွင်ငယ်မှိုင်းပါလို့၊ မြင်တိုင်းမှာတဲ့မဲ့ညို၊ လဲ့လဲ့ငယ်စို၊ ယုဂန္ဓိုရ်တောင် မဟာက၊ ပြုဗ္ဗာသဋ္ဌထွန်းတဲ့လကိုလေး။ ဆင်တာရာငယ်၊ရာသီကာရကဋ်၊ နရိန္ဒာလဲ၊ ညာတောင်နတ်နှင့်၊ ဖိုလ်မြတ်ကယ် နိဗ္ဗူ၊ အောင်ဆုယူလို့၊ ရှစ်ဖြူရိပ်စံ၊ ပဥ္ဇင်းတော်ခံသောအခါ၊ ရေလျှံတဲ့ဝါဆိုမှာ၊ ပုန်းညက်ညို မာလာမင်းက၊ သင်းလှတယ်လေး"။

ဤသည့် ဝါဆိုလနှင့် ပတ်သက်သော သိစရာအဖုံဖုံတို့ကို လုံးစုံများစွာ ပညာလိုလား၊ နောင်လာနောက်သား ဗဟုသုတရှာဖွေသူများ အလွယ်တကူသိစေနိုင်ရန် ကဗျာထိပ်သီး မဟာအတုလမင်းကြီး စပ်ဆိုရေးသားခဲ့ခြင်း ဖြစ်လေသည်။

ဝါဆိုဝေါဟာရ

ဝါဆိုလ ဟူသော ဝေါဟာရမှာ ပုဂံပြည် အနော်ရထာမင်းစောလက်ထက် အရှင်မဟာဒဿီမည်သောအရှင်အရဟံရောက်ပြီး၍ ပရိယတ္တိသာသနာ စာပေကျမ်းဂန် ထွန်းကားလာရာမှ ရဟန်းသံဃာတော်တို့ ဝါဆိုဝါကပ်ပြုတော်မူကြသောကြောင့် "ဝါဆိုလ"ဟု မြန်မာဘာသာ ရေးသားကြလေသည်။ ရှေးယခင်အချိန်က ခေါ်တွင်လာသောဝေါဟာရမဟုတ်တန်ရာဟု ခန့်မှန်းရသည်။ ။နွေတာလ။ ။ ရှေးဝေါဟာရမှာ နွေတာလ–ဟူ၍လည်းကောင်း၊ နွယ်တာလ–ဟူ၍ လည်းကောင်း၊ ခေါ်ဝေါ်ရေးသား အသိအမှတ်ပြုကြဟန်ရှိသည်။ ဝါဆိုလ ပြည့်နေ့၊ နွေဦးတုရာသီကုန်ဆုံး၍ အတိတ် ဖြစ်သောကြောင့်

လည်းကောင်း၊ အဆုံးအဖျား အပိုင်းအခြား ရောက်သော ကြောင့်လည်းကောင်း၊ နွေတာလ-ဟု ခေါ်ဝေါ်ရေးသား ကြလေသည်။ နွေတာလပင် ကာလရှည်လျား၍ "နွယ်တာ လ"ဖြစ်လာဟန်တူသည်။

ဝါဆို ကရကဋ်

ဝါဆိုအဘိဓာန်မှာ (ဝါ-ပါဠိ၊ ဝါသ—နေခြင်း၊ မြန်မာ ဆိုရှတ်)ရဟန်းတော်များ မိုးသုံးလအတွင်း ကျောင်း၌နေပါ မည်ဟု ရှတ်ဆိုသောလဟု ဆိုလိုသည်။ ရှတ်ဆိုပုံမှာ ဣမသ္မိံ ဝိဟာရေ ဣမံတေမာသံ ဝဿံ ဥပေမိ၊ ဣမသ္မိံ ဝိဟာရေ၊ ဤကျောင်းတိုက်၌။ ဣမံတေမာသံ၊ ဤဝါတွင်း သုံးလပတ်လုံး။ ဝဿံ ဥပေမိ၊ ဝါဆိုပါ၏ ဟူ၍ ဖြစ်သည်။

ကုလိရော၊ ကြကဋ်။ ကက္ကဋကော၊ ကြကဋ်။ အမ္ဗုဇော။ ကြကဋ်။ ပရိယာယ် သုံးပါးရှိ၍ ပုဇွန်ဟောသည်၊ အမ္ဗုဇ၊ တွင် အံသဒ္ဒါကြေ၍ ဗုဇ-ကိုပင် ကာလကြာသောကြောင့် ဗုဇွန် (ပုဇွန်) ခေါ်သည်ဟု ယူဆရန်ရှိသည်။ ကရကဋ်ကား ကက္ကဋကပါဠိမှ ဆင်းသက်လာသည်။ ထိုရာသီကား ပုဇွန် ကြိုက်နှစ်သက်သော ရာသီ၊ ပုဇွန်အဆင်းနှင့်တူသော ရာသီ၊ ဟူ၍ ရာဇမတ္တဏ်ကျမ်း၌ ဆိုသည်။

ပြုဗ္ဗာသဠ်နက္ခတ်

ပြုဗ္ဗာသဠ္ဌော၊ ပြုဗ္ဗာသဠ်။ ဇလာဝှာယော၊ ပြုဗ္ဗာသဠ်။ ပရိယာယ်နှစ်ပုဒ်။ ပြုဗ္ဗာသဠ်တွင် ဋ္ဌအက္ခရာပေါ် တံခွန် တင်ပြီးလျှင် ပြုဗ္ဗာသဠ်ခေါ်သည်၊ သူရင်းငှား ကိုယ်ခစား

တို့၏ တုတ်,တောင်ဝှေး သဏ္ဌာန် ရှိသောကြောင့် အာသဠ၊ နက္ခတ်မည်၏။ ပုဗ္ဗကို ရှေ့မှသွင်း၍ ပြုဗ္ဗာသဠ္ဍ ခေါ်သည်။

ပုန်းညက်ပန်း

ပုန္နာဂေါ၊ ပုန်းညက်။ ကေသရော၊ ပုန်းညက်။ ပရိယာယ် နှစ်ပုဒ်ရှိ၍ ပုန္နာဂ၊တွင် န–အက္ခရာကို၊ ည–ပြု၍ မြန်မာ ဘာသာဖြင့် ပုန်းညက်ဟု ခေါ်ဝေါ် ရေးသားကြလေသည်။ ဝါဆိုလ၌ ကရကဋ်ရာသီ၊ ပြုဗ္ဗာသဠ္ဍ နက္ခတ်နှင့်ယှဉ်၍ ပုန်း ညက်ပန်း ဖူးပွင့်သည်။

ဗုဒ္ဓမြတ်စွာ ဆောင်ရွက်ချက်

၁။ ဝါဆိုလပြည့် ကြာသပတေးနေ့၊ သန်းခေါင်ယာမ် တွင် အလောင်းတော်မြတ်သည် မယ်တော် မာယာဝမ်း၌ ပဋိသန္ဓေ တည်နေ ကိန်းဝပ်တော်မူသည်။

၂။ ဝါဆိုလပြည့် တနင်းလာနေ့တွင် သက်တော် ၂၉–နှစ် ရှိသော အလောင်းတော်အား နတ်ဝတ်နတ်တန်ဆာများကို နတ်သားများက ဆက်သရလေသည်။

၃။ ဝါဆိုလပြည့် တနင်းလာနေ့တွင် ကိသာ ဂေါတမီ နှမငယ်အား တသိန်းတန် ဘယက်ကို အလောင်းတော် မင်း သားက ဆုချပေးသနားသည်။

၄။ ဝါဆိုလပြည့် တနင်းလာနေ့ည သန်းခေါင်ယာမ်တွင် ယသော်ဓရာ မိဖုရားနှင့် ရာဟုလာ ရင်သွေးတော်ကို စွန့်ပစ်၍ တောထွက်တော်မူလေသည်။

၅။ ဝါဆိုလပြည့် တနင်္ဂနွေနေ့ညဥ့်ပင် တောထွက်တော်မူသော အလောင်းတော်အား ယုတ်မာစိတ်ထား မာရ်နတ်သားက တောမထွက်ရန် ဟန့်တားသည်။

၆။ ဝါဆိုလပြည့် စနေနေ့ည နေဝင်စအံ့ချိန်တွင် ၃၅-နှစ်အရွယ်ရှိ ဗုဒ္ဓမြတ်စွာသည် ဓမ္မစကြာတရားကို ပဥ္စဝဂ္ဂီငါးဦးတို့အား ဟောကြားတော်မူသည်။

၇။ ဝါဆိုလပြည့် စနေနေ့ည ဓမ္မစကြာတရား ဟောကြားပြီးချိန်တွင် ဗောဓိ ဘိက္ခုရဟန်းအဖြစ် ခွင့်ပြု၍ ရတနာသုံးပါး ပြည့်စုံလေသည်။

၈။ ဝါဆိုလပြည့်နေ့ သက်တော် (၄၁)၊ ဝါတော်(၆) ဝါရပြီးသော ဗုဒ္ဓမြတ်စွာသည် တိတ္ထိတို့ကို နှိမ်နင်းခြင်းငှာ ရေမီးအစုံအစုံသော တန်ခိုးပြာဋိဟာကို ပြတော်မူသည်။

၉။ ဝါဆိုလပြည့်နေ့ည တန်ခိုးပြာဋိဟာ ပြပြီးသည့် အဆုံး၌ တာဝတိံသာနတ်ပြည်သို့ ကြွတော်မူ၍ အဘိဓမ္မာတရားကို ဟောကြားခြင်းငှာ သတ္တမဝါကပ်တော်မူသည်။

ဤသည့် ဂုဏ်ထူး(၉)ချက်နှင့်ပြည့်စုံသော ဝါဆိုလပြည့်နေ့၌ ဒါနပြုခြင်း၊ သီလဆောက်တည်ခြင်း၊ ဘာဝနာ ပွားများခြင်းတို့ကို ပြုနိုင်ကြပါစေဟု ဆုမွန်ကောင်းတောင်းလိုက်ရသည်။

ဝါဆိုလပြည့် ထူးခြားသည့်နေ့

ဗုဒ္ဓမြတ်စွာ အလောင်းလျာသည် မဟာသက္ကရာဇ်(၆၇)ခု ဝါဆိုလပြည့် ကြာသပတေးနေ့ ဥတ္တရာသဠ် နက္ခတ်နှင့် စန်းယှဉ်သော သန်းခေါင်ယာမ်အချိန်တွင် ကပိလဝတ်ပြည်ကြီး

အရှင် ဘုရင် သုဒ္ဓေါဒနမင်းကြီး၏ တောင်နန်းစံမဟေသီ မဟာမာယာဒေဝီ မိဖုရားကြီး ဝမ်းကြာတိုက်၌ ကိန်းပိုက် သန္ဓေတည် နေတော်မူသည်။

ဗုဒ္ဓမြတ်စွာ အလောင်းတော်သည် မဟာသက္ကရာဇ် ၉၇–ခု ဝါဆိုလပြည့် တနင်းလာနေ့ ဥတ္တရာသဠ်နက္ခတ်နှင့် စန်းယှဉ်သော သန်းခေါင်ယာမ် အချိန်တွင် ဖွားဖက်တော် ဆန္ဒ အမတ်ကို အဖော်သဟဲပြု၍ တောထွက်တော်မူသည်။

ဘုရားဖြစ်ပြီးစ သက်တော် ၃၅–နှစ်ရှိ ဗုဒ္ဓမြတ်စွာ သည် မဟာသက္ကရာဇ် ၁၀၃–ခု ဝါဆိုလပြည့် စနေနေ့ ညနေတွင် ကောဏ္ဍည၊ ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနာမ်၊ အဿဇိ ဟူသော ပဉ္စဝဂ္ဂီ ငါးဦးတို့အား ဓမ္မစကြာတရားဦးကို ဟောကြားတော်မူသည်။

ဘုရားဖြစ်ပြီး၍ သက်တော် ၄၁–နှစ်၊ ဝါတော် ၆–ဝါ ရရှိသော ဗုဒ္ဓမြတ်စွာသည် မဟာသက္ကရာဇ် ၁၀၉–ခု ဝါဆိုလပြည့်နေ့၌ တိတ္ထိတို့ကို နှိမ်နင်းခြင်းငှာ ရေမီး အစုံအစုံသော တန်ခိုးပြာဋိဟာတို့ကို ပြပြီးလျှင် တာဝတိံသာ နတ်ပြည်သို့ ကြွ၍ အဘိဓမ္မာတရားကို ဟောကြားလျက် နတ်ပြည်၌ဝါကပ် တော်မူသည်။

ထိုအကြောင်းခြင်းရာ အထူးကို ရှေးခေတ် စာဆိုများက တည်၊ ထွက်၊ စက်၊ ဖြာ၊ ဘိဓမ္မာ၊ နွယ်တာလပြည့်၊ ဆုံသည့်နေ့၊ မမေ့မှတ်သင့်ပါဟု ဥဒါန်းထိုးကာ မှတ်တမ်းတင်ကြသည်။

ဓမ္မစကြာဒေသနာ

ဝါဆိုလပြည့် စနေနေ့ညနေ နေဝင်၍ အရှေ့လောကဓာတ်မှ လပြည့်ဝန်း ထွက်ပေါ်လာသော အချိန်တွင် ဟောကြားတော်မူသော ဓမ္မစကြာ တရားဒေသနာ၌ ကောင်းကျိုးမဖြစ် ဆိုးညစ်ယုတ်မာ၍ ရွာသူရွာသားတို့၏ ဥစ္စာဖြစ်သော လကျ်ာလမ်းစဉ်ခေါ် ကာမဝတ္ထု အယုတ်တရားစုကို လည်းကောင်း၊ မိမိကိုယ်ကို ပင်ပန်းညှဉ်းဆဲစေသောတိတ္ထိတို့၏ ဥစ္စာဖြစ်၍ အကျိုးစီးပွားနှင့် မစပ်သော လက်ဝဲလမ်းစဉ်ခေါ် အယုတ်တရားစုကိုလည်းကောင်း ပယ်စွန့်ရမည့် တရားနှစ်ပါးအနေဖြင့် ဟောကြားတော်မူသည်။

သစ္စာလေးပါးကို မြင်နိုင်၍ ကောင်းသောအယူ ဟူသော သမ္မာဒိဋ္ဌိ၊ အပြစ်ကင်း၍ သန့်ရှင်းစင်ကြယ်စွာ ကြံဖန်ခြင်းဟူသော သမ္မာသင်္ကပ္ပ၊ ဝစီဒုစရိုက် လေးပါးကိုတို့ အကုန်အစင် ပယ်ဖြတ်နိုင်၍ ကောင်းသောစကားဟူသော သမ္မာဝါစာ၊ ကာယဒုစရိုက် သုံးပါးတို့ကို အစဉ်ပယ်ဖြတ်နိုင်၍ ကောင်းသော အမှုဟူသော သမ္မာကမ္မန္တ၊ မကောင်းသော အသက်မွေးမှုတို့ကို အကုန်အစင် ပယ်ဖြတ်နိုင်၍ ကောင်းသော အသက်မွေးမှုဟူသော သမ္မာအာဇီဝ၊ ပြင်းပြင်းထန်ထန် အားထုတ်ခြင်းဟူသော သမ္မပ္ပဓာန်ကိစ္စရှိသော သမ္မာဝါယာမ၊ မှန်ကန်စွာ အောက်မေ့ခြင်းဖြင့် သတိပဋ္ဌာန် ကိစ္စရှိသော သမ္မာသတိ၊ စိတ်ကို ကောင်းမွန်စွာအာရုံ၌ ထားခြင်းဟူသော ဈာန်လေးပါးနှင့်ယှဉ်သော သမ္မာသမာဓိဟူသော မဇ္ဈိမပဋိပဒါကျင့်စဉ် ပွားစေအပ်သော ဘာဝေတဗ္ဗဓမ္မနှင့် တကွ အကြောင်းနှင့်

အကျိုး ယှဉ်တွဲထားသော စုံတွဲနှစ်ခုပါဝင်သည့် လောကကြီး သည် ဒုက္ခဘုံကြီးဖြစ်၏ဟူ၍ လည်းကောင်း၊ ထိုသည့်ဒုက္ခသည် တဏှာကြောင့် ဖြစ်၏ဟူ၍လည်းကောင်း၊ ထိုတဏှာကို နှိမ်နင်း၍ သန့်ရှင်းစင်ကြယ်သောကျင့်စဉ်ကိုကျင့်လျှင် တဏှာကင်းစင် လွင့်ပျောက်ပြီးလျှင် နိရောဓသစ္စာ ဟူသော နိဗ္ဗာန်ကို မျက် မှောက်ပြုနိုင်၏ ဟူ၍လည်းကောင်း ဟောကြားတော်မူသည်။

ဝါဆိုကြောင်းရင်း

ဗုဒ္ဓမြတ်စွာ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတွင် ဝါတော် ၂၀-မြောက် သီတင်းသုံးနေထိုင်တော်မူစဉ် တပည့်ရဟန်း သံ ဃာတို့ ဝါဆို ဝါကပ် ပညတ်တော်မူချက် မရှိသေးသဖြင့် ဆောင်း၊ နွေ၊ မိုးဟူသော ဥတုသုံးပါးလုံး၌ ဒေသစာရီလှည့်လည် သွားလျက်သာ ရှိကြသည်။

ဗုဒ္ဓသာသနာဝင် ဒါယကာ၊ ဒါယိကာမ တို့က "ယခုလို မိုးတွင်းရာသီ အချိန်အခါ၌ တိရစ္ဆာန် ကျေးငှက်တို့ပင်လျှင် အသိုက်အမြုံတွင်းမှမထွက်ပဲ နေထိုင်ကြပါလျက် ဗုဒ္ဓမြတ်စွာ၏ သားတော် ရဟန်းသံဃာတို့သည် နုပျိစည်ကား၍ စိမ်းစိုသော မြက်သစ်ပင် အခင်းသီးနှံတို့ကို နင်းချေဖျက်ဆီး၍ တမျိုး၊ ပန်း ပွင့်၊ ပန်းဖူး၊ အညွှာက်၊ အရွက်များကိုမှီခိုလျက် တည်ရှိကြသော နူးညံ့သိမ်မွေ့သော ပိုးမွှား သတ္တဝါငယ်ကလေးများကို နင်း ချေလျက်တဖုံ ဥတုသုံးပါးမရှောင် သွားလာနိုင်ကြကုန် တုံဘိ ၏"ဟု ကဲ့ရဲ့ပြစ်တင် ပြောဆိုကြသည်။

ထိုအခါ မဟာကရုဏာတော်ရှင် ဘုရားသခင်က "ငါဘုရား သာသနာတော်ထမ်း ရဟန်းသံဃာ မည်သည် ဝါဆို လပြည့်

ကျော် တရက်နေ့၌ ဤကျောင်းတိုက်၌ ဤဝါတွင်း သုံးလ ပတ်လုံး ဝါကပ်၍နေထိုင်ပါမည်ဟု ဝါဆို၍ အဆိုပါနေ့မှအစ ပြု၍ သီတင်းကျွတ်လပြည့် အတွင်း ဝါတွင်းသုံးလပတ်လုံး အ ကြောင်းကိစ္စမရှိပဲ မည်သည့် အရပ်ဒေသသို့မျှ မသွားလာကြ မူ၍ ကောင်းမွန်စွာ နေထိုင်ကြကုန်လျက် ပရိယတ္တိ၊ပဋိပတ္တိဓမ္မ ကိုသာ ကြိုးစားအားထုတ်ကြရမည်”ဟု ဝါဆိုဝါကပ်ကို ခွင့်ပြု ပညတ်တော်မူသည်။ ထိုအချိန် ထိုအခါမှစ၍ ပေါရာဏ သုံးစွဲ လာသော မြွယ်တာ၊နွယ်တာ၊နွေတာဟူသော လသုံးစွဲမှုပျောက် ၍ ဝါဆိုဟူသော ဝေါဟာရဖြစ်ပေါ်လာသည်။

ဗုဒ္ဓသာသနာဝင်များ တာဝန်

ဗုဒ္ဓသာသနာဝင်များ အနေဖြင့် ဖော်ပြပါ ဂုဏ်ထူးနှင့် ပြည့်စုံသော ဝါဆိုလပြည့်နေ့၌ ဗုဒ္ဓမြတ်စွာ၏ ဂုဏ်တော်ကို ရည်မှန်း၍ ဓမ္မစကြာပါဠိကို ရွတ်ဖတ်သရဇ္ဈာယ်ခြင်း၊ ဗုဒ္ဓမြတ် စွာအား ဝါဆိုပန်းမာလာ၊ ဝါဆိုဖရောင်းတိုင်၊ အမွှေးတိုင် တို့ဖြင့် ပူဇော်ခြင်း၊ ဗုဒ္ဓမြတ်စွာ၏ သာသနာအစဉ်ကို ထိန်း သိမ်းစောင့်ရှောက်သော ရဟန်းသံဃာများအား ဝါဆိုသင်္ကန်း ဝါဆိုသင်္ကန်းတို့ဖြင့် ချီးမြှောက်လှူဒါန်းခြင်း၊ သက်ကြီးဝါ ကြီး လူရှင်တို့အား ကန်တော့ခြင်း၊ အဋ္ဌင်္ဂဥပုသ်သီလကိုစောင့် သုံးခြင်း၊ တရားနာခြင်း၊ဘုရားဖူးခြင်းစသောမြန်မာ့ယဉ်ကျေးမှု အစဉ်အလာကောင်းတို့ကို ကြိုးစား အားထုတ်သင့်ကြောင်း ကို ရေးသားလိုက်ရသည်။

“ညာပျိုလှ၊ ဝါဆိုလချိန်ခါတွင်၊ ရောင်မျိုးစုံ ရနံ့လှမ်း၊ ပန်းကိုင်ယှင်၊ သုံးလူ့ရှင်၊ ဦးတင်လို့ လှူဒါန်း၊ သံသရာ တို

အလှည့်တွင်လှ၊ ဘေးမဲ့ကာ ကင်းစင်လို့၊ အလင်းဝင် နိဗ္ဗာန်မြို့ကိုကွယ်၊ ရောက်ဖို့စိတ်မှန်း”။

၄၀။ ဝါဆိုသက်န်း

“အမျိုးသမီးတို့၏ သင်္ကန်းအလှူသည် အဖိုး ကိုးကုဋေထိုက်တန်သော မဟာလတာ တန်ဆာကို ဝတ်ဆင်ရခြင်း ဖြင့် အရဟတ္တဖိုလ် ဟူသော ဘဝပန်းတိုင်သို့ ဆိုက်ရောက်စေနိုင်၏။ အမျိုးသားတို့၏ သင်္ကန်းအလှူသည် “ရဟန်း....လာလော့”ဟု ဗုဒ္ဓမြတ်စွာ ခေါ်တော်မူလိုက်သည်နှင့် တပြိုင်နက် တန်ခိုးဖြင့်ပြီးသော ပရိက္ခရာရှစ်ပါးကိုလွယ်လျက် ရဟန်းအဖြစ် ရရှိပြီးလျှင် နိဗ္ဗာန်ပြည်ခွင်သို့ စံဝင်စေနိုင်၏။”

ဤကား သာမညသင်္ကန်းအလှူ၏ အကျိုးသာ ဖြစ်သည်။ ဝိသေသသင်္ကန်းကို လှူဒါန်းသော သူသည်ကား ထူးသော သာလွန် မွန်မြတ်သော အကျိုးကို ရစေနိုင်သည်။ ဝိသေသ သင်္ကန်းဆိုသည်ကား ကထိန်ခေတ်မှာ လှူဒါန်းသော ကထိန်သင်္ကန်း၊ ဝါဆိုခါနီးမှာ လှူဒါန်းသော ဝါဆိုသင်္ကန်းများပင် ဖြစ်ချေသည်။

ဗုဒ္ဓမြတ်စွာ ဝါတော်(၂၀) အတွင်းမှာ ရဟန်းများသုံးဆောင်သော သင်္ကန်းသည်ကား ပံ့သကူလ မြေမှုန့်အလိမ်းလိမ်းကပ်သော စျေးနီး, လမ်းမ,သုသာန် စသော အရပ်မှာ သူတ

ပါးမလိုချင် မခင်တွယ်၍ စွန့်ပစ်အပ်သော အဝတ်စုတ်ဖြင့် ချုပ်စပ်အပ်သော သင်္ကန်းပင် ဖြစ်ချေသည်။ ယခုကာလ၌ တန်ဆောင်မုန်းလပြည့် ပတ်ဝန်းကျင်ဝယ် ပုဂ္ဂိုလ်ကို မရည်ညွှန်းပဲ စွန့်ပစ် လှူဒါန်းသော သင်္ကန်းလည်း ပံ့သကူသင်္ကန်းပင် ဖြစ်သည်။

ဝါဆိုသင်္ကန်းအစ

ဗုဒ္ဓမြတ်စွာ ဝါတော်(၂၀)ပြည့်သောအခါဝယ် မာဃဓ တိုင်း ရာဇဂြိုဟ်ပြည် ဝေဠုဝန်ရွှေကျောင်း၌ ကိန်းအောင်း မွေ့လျော် သီတင်းသုံး နေထိုင်တော်မူသောအခါ ဆေးဆရာ ဇီဝက တောင်းပန်လျှောက်ထားချက်အရ ဒါယကာ, ဒါယိကာမတို့ လှူဒါန်းသော သင်္ကန်းကို ခွင့်ပြုတော်မူသောအချိန်မှစ၍ ဝါဆိုသင်္ကန်း ဖြစ်ပေါ်လာရသည်။ ဝါဆိုသော ရဟန်းသံဃာတို့အား ထိုက်သောကြောင့် ဝါဆိုသင်္ကန်း၊ ဝါဆိုသော ရဟန်းသံဃာတို့၏ ဥစ္စာဖြစ်သောကြောင့် ဝါဆိုသင်္ကန်းဟု ခေါ်ဆိုရသော ဤသည့်ဝါဆိုသင်္ကန်းကို အာဝါသိက ရဟန်းများအနေဖြင့် ဝါဆိုလဆန်း(၅)ရက်နေ့မှစ၍ ဝါဆိုသင်္ကန်း မေးမြန်းနိုးဆော်ခြင်း ပြုရမည် ဟူသော အဆိုအရ ဝါဆိုလဆန်း(၅)ရက်နေ့မှစ၍ ဝါဆိုသင်္ကန်းအဖြစ်ဖြင့် လှူဒါန်းလျက်ရှိကြသည်။

လှူဒါန်းပုံ

"အရှင်ဘုရားတို့သည် ဤဝါဆိုသင်္ကန်းကို ဝတ်ရုံ၍ ဝါဆိုတော်မူကြပါဘုရား၊ ဤဝါဆိုသင်္ကန်းကို ဝတ်ရုံပြီး ဆွမ်းခံ

တော်မူကြပါဘုရား၊ ဤဝါဆိုသင်္ကန်းကို ဝတ်ရုံ၍ ပရိယတ္တိသာသနာကိစ္စ၊ ပဋိပတ္တိသာသနာကိစ္စတို့ကို ပြုတော်မူကြပါဘုရား”

အရှင်ဘုရားတို့မှာ ဤဝါဆိုသင်္ကန်းကို ဝတ်ရုံ၍ ပရိယတ္တိ, ပဋိပတ္တိ အားထုတ်လိုက်ရသဖြင့် အသိဉာဏ် ဗဟုသုတ တိုးပွားပြီးလျှင် မဂ်ဖိုလ်၏အခြေခံအားကြီးသော အထောက်အပံ့ရရှိ၍ နိဗ္ဗာန်ကို မျက်မှောက်ပြုကြရသော အတိုင်း၊ ဝါဆိုသင်္ကန်း လှူဒါန်းကြသော ဘုရားတပည့်တော်, တပည့်တော်မတို့သည်လည်း ရဟန္တာယောကျ်ား, ရဟန္တာမိန်းမအဖြစ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုကြရပါစေသား အရှင်ဘုရား”ဟု ဆုတောင်းခြင်းအမှုကိုပြု၍ လှူဒါန်းသင့်ကြသည်။

ဝါဆိုလနှင့် ဝါဆိုသင်္ကန်း

ဝါဆိုလနှင့် ဝါဆိုသင်္ကန်းသည် ဒွန်တွဲလျက်ရှိသည်။ မူလက ရဟန်းတော်များ ဝါဆိုဝါကပ်မပြုပဲ အရပ်တပါးသို့ အချိန်မရွေး သွားလာလျက်ရှိရာ ဗုဒ္ဓမြတ်စွာက ဝါဆိုလဆုတ် (၁)ရက်နေ့မှစ၍ သီတင်းကျွတ် လပြည့်အတွင်း မိမိနေမြဲကျောင်းမှ အခြားအရပ်သို့ အကြောင်းမရှိပဲ မသွားရဟု ပညတ်တော်မူသောအခါ၌ ဝါဆိုဝါကပ်ပြုကြသည်။ ထိုကဲ့သို့ ဝါဆိုဝါကပ်ခွင့် ပြုတော်မူသော အချိန်မှစ၍ ဝါဆိုသင်္ကန်းဖြစ်ပေါ်လာရခြင်း ဖြစ်သည်။

ရှေးကနှိုးဆော်ရ၏

ဗုဒ္ဓမြတ်စွာ လက်ထက်တော်၌ ဝါလနီးကပ်လာလျှင် ပါဠိသင်ယူရန်ဌာန၊ ကမ္မဋ္ဌာန်း စီးဖြန်းလိုသော ရဟန်းက ကမ္မဋ္ဌာန်း

စီးဖြန်းပွားများရန် လျော်ကပ်သော ဌာနအတွက် အသီး အသီး ဝါဆိုကျောင်းရှာမှီးကြသည့် အာဂန္တုက ရဟန်းတော်များရှိကြသည်။ ထိုအာဂန္တုက ရဟန်းတော်များအတွက် ကြွလာလျှင် အဆင်သင့်ဖြစ်စေရန် ကျောင်းသုတ်သင်ခြင်း၊ ဝါဆိုသကၤန်း မေးမြန်းခြင်း၊ နှီးဆော်ခြင်း အစရှိသည်ကို အာဝါသိက လက်ရှိရဟန်းတော်များက စီစဉ်ကြရသည်။

ဝါဆိုသင်္ကန်း မေးမြန်း နှီးဆော်မှုပြုသင့်သော်လည်း နှစ်စဉ်နှစ်တိုင်း အမြဲလှူဒါန်းသော ဒါယကာ, ဒါယိကာမတို့ကိုသာ နှီးဆော်သင့် မေးမြန်းသင့်သည်။ မေးမြန်းခြင်း နှီးဆော်ရခြင်း၏အကြောင်းမှာ တရံတခါ တိုင်းပြည်သာယာ ဝပြောသောအခါ၌ လှူဒါန်းနိုင်ကြပေမဲ့ တိုင်းပြည် သာယာဝပြောမှုမရှိသောအခါ၌ လှူဒါန်းနိုင်မည် မဟုတ်ကုန်၊ ထိုအခါ ကျောင်းသံဃာနှင့် ဝါဆိုသင်္ကန်း ကိုက်ညီမှုမရှိပဲ ဖြစ်တတ်သည်။ သို့အတွက် ကြိုတင်မေးမြန်း နှီးဆော်ထားရသည်။

ယခုခေတ် မနှီးဆော်ကြရ

ဤယခုခေတ်၌ကား ဝါဆိုသင်္ကန်းနှင့်စပ်၍ ရဟန်းတော်များ နှီးဆော်ရသည်ကို မတွေ့ရဘူးပေ။ ဒါယကာ,ဒါယိကာမများသည် သာသနာတော်ကို ချစ်မြတ်နိုးကြသည် အားလျော်စွာ အချိန်အခါတန်လျှင် သူ့အခါနှင့်သူ လှူဒါန်းကြစမြဲဖြစ်သည်။ သားရှင်ပြုလျှင် သင်္ကန်းလှူသည်၊ ရဟန်းခံလျှင် သင်္ကန်းလှူသည်။ ဝါဆိုလဆန်းလျှင် ဝါဆိုသင်္ကန်း လှူသည်။ ကထိန်ခေတ်ဆိုလျှင် ကထိန်သင်္ကန်းလှူသည်။ သူတို့ဘက်က ဖူလုံကြသည်။ ရဟန်းတော်များဘက်ကလည်း သင်္ကန်း

လျှု ဒါယကာ, ဒါယိကာမများကို ကျေးဇူးတုံ့ပြန်သောအား ဖြင့် ပရိယတ္တိစာပေ သင်ကြားပို့ချမှု၊ ပဋိပတ္တိမဂ်ဖိုလ် ရရန် ကျင့်ကြံအားထုတ်မှုကို အထူးသတိပြုကာ ပြုလုပ်သင့်, ပြုလုပ် ထိုက်သည်။

ဝါဆိုသင်္ကန်း၊ ပန်း၊ ဖယောင်းတိုင်

ဝါမဆိုမီ ကြိုတင်၍ မိမိသဒ္ဓါ အစွမ်းရှိသလောက် သာသ နာ့တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ကြသော ရဟန်းသံဃာ တော်များအား ဝါဆိုသင်္ကန်းလှူဒါန်းကြ၍ ရဟန်းသံဃာတော် များ၏ ဆရာတဆူဖြစ်သော ဗုဒ္ဓမြတ်စွာအား ဝါဆိုပန်း, ဝါ ဆိုဖယောင်းတိုင်,ဝါဆိုသင်္ကန်း လှူဒါန်းကြပြီးလျှင် လက်ရှိ ချမ်းသာထက် သာလွန်သော ချမ်းသာသုခ ဟူသမျှကို ဘဝ တိုင်း ရရှိကြလျက် ချမ်းသာတကာ့ချမ်းသာ ဟူသမျှတွင် မည် သည့်ချမ်းသာနှင့်မျှမတူသော အငြိမ်းစား ပင်စင်စားချမ်းသာ ကို ရယူနိုင်ကြပါစေဟု ဆုမွန်ကောင်း တောင်းလိုက်ရသည်။

"ဂုဏ်ထူးပို ဝါဆိုလ၊ ပုဏ္ဏမဒိနာ၊ ကြုံသမျှ ဇိနာမှာ၊ မိမာတာတိုက်ခန်း၊ သန္ဓေမြတ်ခိုလှုံတွယ်သည်၊ ဗိုလ်ပုံလယ် မြင့်မြတ်တင့်လျှမ်း၊ မင်းအဖြစ်ယသော်ခွာ၊အနော်မာကြွလှမ်း၊ အတော်ကြာ လုံ့လစွမ်းဖြင့်၊ ဗုဒ္ဓလမ်းဖွေရှာ၊ ဝဂ္ဂီရှင် အမျူး ထားပါလို့၊ အဦးတရားဟောပြစကြာ၊ သုံးလူ့မြတ်ဘဂဝါ သည်၊ ပြာဋိဟာ ပြလတ်လို့၊ သရက်မြတ် ပင်ခြေတခွင် ရေ မီးစုံလင်၊ လပြည့်နေ့ ဂုဏ်အင်ကို၊ အစုံပင်မှတ်ပါစို့လေး"။

◆◆◆◆

၄၁။ ဝါခေါင်သိစရာ

"မျှော်ယောင်သာ ပမ်းတော့တယ်၊ သောင်ကမ်း ဝယ် ပြည့်လျှံ၊ နဒီငယ်ခြံသည်၊ ပြည့်မင်းစံရွှေဘုံက၊ အကုန်ထူးတဲ့ လကိုလေး။ ။ရာသီသိပ်ငယ်၊ နေမိန္ဒရ ဝါခေါင်လမို့၊ တောင်မျှားထွတ်စွန်၊ သရဝဏ်လည်း၊ ရောင်ဝှန်တေဇာ၊ ပန်း ခတ္တာနှင့်၊ ခိုင်ညှာပွင့်ကြူ၊ တိုင်းပြည်သူတို့၊ လူ့ုစာရေးတံ၊ သဘင်စုံခံဆဲမို့၊ လွမ်းရန်ဖွဲ့သည်ချိန်ကို၊ ဒေဝရိန်ပဇ္ဇုန်မှူးက၊ မြူးလှတယ်လေး"။ ။မဟာအတုလမင်းကြီး။

ဤသည့် ဝါခေါင်လအချိန်၌ ရောဝတီ သလ္လာဝတီ စသော မြစ်မျှား၌ ရေမျှား ကမ်းနှုဖူးပေါ် ရောက်အောင် ပြည့်လျှံနေ သဖြင့် "မျှော်ယောင်သာပမ်းတော့တယ်" စသော လွမ်းချင်း ကဗျာဖြင့် မဟာအတုလမင်းကြီး စပ်ဆိုရေးသားခဲ့ခြင်း ဖြစ် ပေမည်။

ခတ္တာပန်း၊ သရဝဏ်

ခြသေ့်ရုပ်ဖြင့် ပြသော သိပ်ရာသီအချိန် ရောက်လာပြီဆိုမှ ဖြင့် ဖူးပွင့်ဖို့ရန် ရာသီအချိန်ကို စောင့်ကြိုနေကြသော ခတ္တာ ပန်းမာလာတို့သည် လန်းလန်းဖြာလျက် သူတို့ထာဝန်ဝတ္တရား ကို ဆောင်ရွက်သည့်အနေဖြင့် အသရေအထူးတင့်ကာ ဖူးပွင့် လာကြပါတော့သည်။ မြင်းမိုရ်တောင်ကို ပတ်၍ တည်သော နေမိန္ဒရအမည်ရသည့် တောင်မျှားထွတ်စွန် ထက်ကောင်းကင်၌ သရဝဏ်နက္ခတ်တာရာ (၃)လုံးသည် မြားသဏ္ဍာန် တည်နေ

လျက် လက်လက်ဝေဆာ ဖိုးရွှေလစန္ဒာကို အံတုသည့်အလား ထင်ရှားတောက်ပြောင် လဝါခေါင်၏ကျက်သရေကို ဆောင်ကာ ဝါခေါင်၏အသွင်ကို ပေါ်လွင်စေပါသည်။

စာရေးတံပွဲ

ခတ္တာပန်း မာလာ ပွင့်လန်းဖြာလျက် သရဝဏ် နက္ခတ် စန်းယှဉ်လတ်သော ဤသည့်ဝါခေါင်လ၌ မြန်မာဘုရင်များ လက်ထက်တော်အခါတွင် တိုင်းသူပြည်သား လူအများတို့ စု ပေါင်းတိုင်ပင်ကာ စာရေးတံပွဲသဘင် မဟာကို ဆင်ယင်ကာ ကျင်းပခဲ့ကြသည်ကို မဟာအတုလမင်းကြီး မှတ်တမ်းတင်ထား သဖြင့် မှတ်သားသိရှိရပါသည်။

အလှမ်းအဆွေးပိုစံရာ

ဝါခေါင်လသည် မိုးတွင်းလ ဖြစ်သည်အားလျော်စွာ အောက်အရပ်ဒေသများ၌ နေ့မစဲ ညမစဲ အမြဲတမ်းလောက် ရွှေမိုးတွေညို့ညို့မှိုင်းကာ ရွာသွန်းချသဖြင့် အလွမ်းအဆွေး ရှိသူများအဖို့ “မိုးလောင်ရာလေပင့်”ဆိုသော စကားအတိုင်း ဤသည့် ဝါခေါင်လတခို၌ ငိုချင်သလိုလို–ဟိုလွမ်းရတော့မလို လို၊ သည်လွမ်းရတော့မလိုလို၊ အဆွေးအလွမ်း ပိုစေပါသည်။

ထို့ပြင် “ခွဲဝေမှတ်ရာ၊ နှစ်ကောဇာတင်၊ အတာပြောင်း တက်၊ နောက်တရက်က၊ စ၍တွက်ချိန်၊ ပြက္ခဒိန်ဝယ်၊ သုဒ္ဓိန်ပွား ကြွယ်၊ ရာ့လေးဆယ်လျှင်၊ပြည့်ကယ်သောအခါ၊နံကာခေါ်ထ၊ ဝါခေါင်လ၌၊ လင်းစရောင်ဝါ၊ အရုဏ်လာဝယ်၊ ကြဉ္ဇာ်ကာ မွေ့ထိပ်၊တည့်လာရိပ်၍၊ ဖျောက်ဆိပ်မွန်းမတ်၊မည်သတတ်ရှင့်” ဆိုသောမဃဒေဝ လင်္ကာလာသည့်အတိုင်း ကောဇာသက္ကရာဇ်

တွင် · အတာ ပြောင်းတက်သည့် နောက်တရက်မှစ၍ ရေတွက် သော်၊ ရက်ပေါင်း(၁၄၀)ပြည့်သော နံကာလ (၀၁)ဝါခေါင် လ၏ တရက်ရက်ကို သုဒ္ဓိနိရက်ဟု သတ်မှတ်ကာ ဖျောက်ဆိပ် မှန်းတည့်သည်ဟု အသိအမှတ်ပြုကြပါသည်။ ဖျောက်ဆိပ်မှန်း မတိမ်းမီ ကောက်ကြီးစိုက်၍ ဖျောက်ဆိပ် မြေမလူးမီ မှုရင်း ကြဲရမည်ဟုလည်း မဃဒေဝ၌ ဆိုထားသည်။ သာသနာတော်ခွင်၌ အလွန်ထင်ရှားသော ပထမသံဂါယနာတင်ပွဲကြီးကိုလည်း ဤ သည့်ဝါခေါင်လ၌ပင် ကျင်းပခဲ့ကြသည်။

"စာရေးတံ စဉ်လာပွဲ၊ ဆင်ကာနွဲ့ ဤဝါခေါင်၊ ယဉ်စွာပဲ ရှည်ကြာအောင်၊ ရည်ကာဆောင်လျှဒါန်း။ ခတ္တာပန်း ရာသီ ခါ၊ ညာညီစွာဖူးပွင့်ကြိုင်လန်း · ခြသေ့ရုပ်သိပ်ရာသီ၊ ချိန်ခါဆီ တင့်ဆန်း၊ နေ့နာရီစတုတ္ထိမှန်းလျှင်၊ ညဉ့်ဂဏန်း ဆဗ္ဗိ၊ သ ရဝဏ် နက္ခတ္တမတော့၊ ဝင်းပပ မြားသဏ္ဍာန်ချီ၊ မောင်နှံငှက် တူယှဉ်မှီကာ ကူတွန်မြည်ရှင်မြူးလို့၊ ရင့်ကျူးလျက်တစာစာ၊ ကမ်းထက်လူးလာ၊ နဒီမြစ် ကမ်းပြည့်ကာငယ်၊ လွှမ်းသည့်အရာ မှတ်တမ်းကွဲ့လေး"။

၄၂။ ယင်းမာသင်း တော်သလင်း

“ရေယဉ်စန်းငယ်နှင့်၊ သောင်ကမ်းငယ်ပြည့်လျှံ၊ မြစ်လုံးငယ်ညံသည်၊ လှော်တက်သံ မြိုင်မြိုင်နှင့်၊ လှေပြိုင်ကျင်းတဲ့လကိုလေး။ ။ကန်ရာသီငယ်၊ ခါမှီသင့်စွာ၊ မွေအာကာမှာ၊ ပြုဗ္ဗာပရပိုဒ်၊ ကြက်ညီနောင် တောင်တဝိုက်က၊ ရေလိုက်ကယ် သဘင်၊ စံစံပယ်ရွှင်သောခါ၊ မြိုင်ခွင်လုံးကန္တာမှာ၊ ရွှေယင်းမာ ပန်းတော်မင်းက၊ သင်းလှတယ်လေး”။ မဟာအတုလမင်းကြီး။

တော်သလင်းလဖွဲ့ကို မဟာအတုလမင်းကြီးရေးသား၍ မှတ်တမ်း တင်ထားသည်။ “တော်သလင်း မြစ်တွင်းသင်ဖြူးခင်း” ဆိုသော မြန်မာရှေးသုံး စကားအလာနှင့်လျော်ညီစွာ မြစ်ရေများသည် အထက်မြင့်ရာမှ အောက်နိမ့်ရာသို့ ဤသည့် တော်သလင်းလ အချိန်၌ ကမ်းလုံးပြည့်မျှ စီးသွားကာ သူတို့တာဝန်ကို ဆောင်ရွက်လျက်ရှိပါသည်။

ရာသီဥတု မိုးကောင်းကင်သာယာကြည်လင် ထွန်းတောက်မြဲဖြစ်သောကြောင့် ရှေးမြန်မာဘုရင်တို့သည် တော်သလင်းလ၌ လှေပြိုင်ပွဲသဘင် ဆင်ယင်ကျင်းပတော်မူကြပါသည်။ ရာသီဥတု သာယာကြည်လင်လျက် မိုးရာသီအခါတပါးတို့၌ မှေးမှိန်ပျောက်ကွယ်၍ နေတတ်သော သူရိယခေါ် ရှင်နေမင်းသည်လည်း ထွန်းလင်းတောက်ပမြဲဖြစ်သည်ကို မှတ်သားထားတတ်သော မြန်မာလူမျိုးတို့သည် “တော်သလင်းနေ ပုစွန်သေ” ဟု ဆိုရိုးပြု သုံးစွဲခဲ့ကြပါသည်။ ရာသီအားဖြင့်လည်း သမီးကညာ ရုပ်ဖြင့်ပြသော ကန်ရာသီ ဖြစ်သည်အား လျော်စွာ ကညာဟူ

သော ကမ္ဘာဦးကာလ မူလမာဂဓဘာသာတွင် ည–အက္ခရာကို န–အက္ခရာ ပြု၍ တံခွန်လွှားတပ်ပြီးလျှင် ကန်ရာသီဟု ခေါ် ဝေါ် သုံးစွဲခဲ့ကြပါသည်။

ယင်းမာကြိုင်သင်း တော်သလင်း ဆိုသော ဆိုရိုးစကား အတိုင်း နက္ခတ်အားဖြင့် ပုဗ္ဗာပရပိုဒ်နက္ခတ်နှင့် စန်းယှဉ်သော တော်သလင်းလရာသီ ရောက်လာပြီ ဆိုမှဖြင့် မွှေးကြိုင် ယဉ် ဆန်း ရနံ့လွှမ်းသော ယင်းမာပန်းတို့သည် လန်းလန်းဝေဖြာ ကျက်သရေမင်္ဂလာနှင့် ပြည့်စုံလျက် ရဂုံမြို့အတွင်းမှာ ထုံကြိုင် ပြန့်သင်းစေကာ ဖူးပွင့်ကြပါသည်။

သစ်ဆင်းလပန်းချီ

တော်သလင်းလကို သစ်ဖောင်, ဝါးဖောင်များ စုန်ဆင်း သည်ဖြစ်၍ မြစ်တွင်း၌လည်း ရေများကမ်းပြည့်လျက် သာယာ ငြိမ်သက်စွာ စီးဆင်းသောကြောင့် သစ်ဖောင်, ဝါးဖောင် များ စုန်ဆင်းလေ့ရှိသည်ကိုစွဲ၍ "သစ်ဆင်းလ" ခေါ်သည်ဟု လေ့သင်းအတွင်းဝန်မင်း၏ ဝေါဟာရလီနတ္ထဒီပနီကျမ်း၌ ဆို ထားပါသည်။

အတာပြောင်းသော နောက်တရက်မှစ၍ ရေတွက်သော် ၁၅၄–ရက်ကျသော ယင်းမာပန်းပွင့်သော တော်သလင်းလ တရက်ရက်၌ ကန်ဆင်းခေါ် ဖျောက်ဆိပ် မွန်းလွဲရက် အဖြစ် သတ်မှတ်၍ နှမ်းကြဲကာ လ,မှတ်ရမည်ဟု မန်လည်ဆရာတော် ကြီး မိန့်မှာခဲ့ပါသည်။ "ရာငါးဆယ့်လေး၊ မဝေးသချာ၊ ပဒို ကြာနှင့်၊ ယင်းမာထုံသင်း၊ တော်သလင်း၌၊ ကန်ဆင်းခေါ်မြဲ၊

ဖျောက်ဆိပ်လွဲဟု၊ နှမ်းကြဲကာလ၊ဟူကုန်ကြ၏”။ ။မဃဒေဝ လင်္ကာသစ်။

ဗုဒ္ဓသာသနာဝင်တို့၏ ဘာသာရေးရှုဒေါင့် အားဖြင့် ဤသည့် တော်သလင်းလ၌ ယမိုက်အဘိဓမ္မာ ကျမ်းနှင့် ပဋ္ဌာန်း အဘိဓမ္မာရှေ့ပိုင်းကို ဗုဒ္ဓမြတ်စွာ တာဝတိံသာနတ်ပြည်ဝယ် ဟောတော်မူချိန် ဖြစ်သည်အား လျော်စွာ ယမိုက်ကျမ်းကို ရွတ်ဖတ်သရဇ္ဈာယ်ကာ ဗုဒ္ဓမြတ်စွာကို ပူဇော်သင့်ကြသည်။

“ရှေးစဉ်လာဓလေ့မြတ်၊ မမေ့အပ်ဤခါ၊ ရှေးမင်းမြတ် ရာဇာသည်၊ လှေနာဝါပြိုင်ကျင်း၊ ငုံအာပွင့် ရွှေယင်းမာငယ်၊ သေသည့်င်းလာမွှေးနံ့ကြိုင်သင်း၊ သဏ္ဍာန်ရုပ်သွင်အပြင်၊ ကညာ ခင် ပုံသွင်း၊ ရာသီတွင်ကြုံလေခြင်းမို့၊ ဆုံတွေ့လျှင်း ကန်မှာ၊ နက္ခတ်ကြယ်ပြုဗ္ဗာမင်းရယ်က၊ ထွန်းပဝင်းတင့်လျက်ရောင်ဖြာ၊ နဂါးကြွက်ရက်ရာဇာငယ်၊ ပူး၍ဆင်မှာပြဿဒါးမို့၊နတ်နဂါး အရှေ့ဝယ်၊ ဦးခေါင်းလှည့်တယ်၊ သစ်ဆင်းလရှုဖွယ်ကို၊ လူ့နယ်တခို မှတ်ပါစို့လေး”။

၄၃။ သီတင်းကျွတ်ပန်းချီ

"လှိုင်လှိုင်သာ သင်းတော့တယ်၊ ကန့်မင်းငယ်နန္ဒာ၊ လျှံဝင်းငယ်ဖြာသည်၊ ပွင့်ရွှေကြာ မှိုင်မှိုင်နှင့်၊ ကြိုင်ကြိုင်သင်းတဲ့ လကိုလေး။ ။တူရာသီငယ်၊ အဿဝဏီကြယ်မြတ်၊ ကျီးမင်းသိန့်လဲ၊ ရောင်ရှိန်လျှပ်လို့၊ သုဒဿကယ်နန်းလို၊ မီးမြင့်မိုရ်နှင့်၊ ဝါဆိုကင်းလွတ်၊ သီတင်းကျွတ်မို့ ဘုံထွတ်ကယ်ဥကင်၊ ပွင့်စံပယ်ရှင်သော ခါ၊ တိုင်းခွင်ကြီးအောင်ချာမှာ၊ ဆီမီး ဝါထိန်ထိန်ဝင်းလို့၊ လင်းလှတယ်လေး"။ မဟာအတုလမင်းကြီး။

တူရာသီ ရွှေကြာ

တုလော၊ တူရာသီ။ ယုက၊တူရာသီ။ ဓဋ္ဌာ၊ တူရာသီ၊ တောလိ၊တူရာသီ။ ဝဏိဇ္ဇာ၊ တူရာသီ။တုလာဓရော၊ တူရာသီ။ ။ဟု တူရာသီပရိယာယ် ၆-ပါးရှိသည်ဟု ရာဇမတ္တဏ်ကျမ်း ရာသီအဘိဓာန်အပိုင်း၌ ဆိုထားသည်။ ထိုပရိယာယ် ၆-ပါးကား စဉ်းချိန်၏ပရိယာယ်၊ ချိန်ကိုစွဲသော ကုန်သည်ပရိယာယ်တည်း။ မြန်မာဘာသာမှာ တုလာသဒ္ဒါတွင် လာကျေသည်။ ချိန်ကိုကိုင်စွဲသော ဆေးသည်, ကုန်သည်တို့ကိုက်နှစ်သက်သောရာသီ၊ ချိန်ကိုင် ဆေးသည်,ကုန်သည်တို့နှင့်တူသောရာသီဟုဆိုလိုသည်။ တုလာ၊ တူရာသီသည်။ တောလိ၊ချိန်ကိုင်စွဲသော ယောကျ်ားသဏ္ဌာန်ရှိ၏ဟု ဇောတိသတ္တကျမ်း၌ဆိုသည်။

သီတင်းကျွတ်လ တခို၌ ကြာညို၊ ကြာဖြူ၊ ကြာပဒုမ္မာ စသော ကြာမျိုးငါးပါးတို့သည် ကုဏ္ဍလာ ရေအိုင်အတွင်း၌ ကြိုင်သင်းလျက် ဖူးကြ,ပွင့်ကြလေကုန်သည်။ ဤသည့် သီ

တင်းကျွတ်လည်၍ အဿဝဏီ နက္ခတ်နှင့် စန်းယှဉ်ပြီးလျှင် ရက်ရာဇာခေါ် ရက်မြတ်ခြင်သော် အင်္ဂါနေ့ဖြစ်သည်။ ပြဿဒါးခေါ် ရက်ယုတ်မာ၊ တနင်္ဂနွေ့တနင်းလာဖြစ်သည်။အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာများခြင်း၊ ခွန်အားကြီးခြင်း အကျိုးလေးပါးကို ဖြစ်ထွန်းစေနိုင်သော ဘိုးဘွားပူဇော်ပွဲကို သီတင်းကျွတ်လည်၍ မြန်မာနိုင်ငံ ဗုဒ္ဓသာသနာ့ဝင်များအနေဖြင့် ဗုဒ္ဓသာသနာ့ဝင် ပီသစွာ ပြုကြမြဲဖြစ်သည်။

အစဉ်အလာမီးထွန်းပွဲ

သုံးလူ့ထွတ်ထား မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးသည် လွန်ခဲ့သော နှစ်ပေါင်း (၂၅၄၁)ခုနှစ်ခန့် အချိန်ကာလ၌ မယ်တော်ဖြစ်ခဲ့ဘူးသော သန္တုဿိတ နတ်သား အမှူးရှိသော နတ်ပြဟ္မာအပေါင်းတို့အား ဝါတွင်းသုံးလပတ်လုံး အဘိဓမ္မာ ဒေသနာတော် အမြိုက်ဆေးကို တိုက်ကျွေးတော်မူပြီးသည့် အဆုံးဝယ် ယခု သီတင်းကျွတ်လပြည့်နေ့လို နေ့ထူး နေ့မြတ်၌ လူ့ပြည်သို့ သက်ဆင်းတော်မူခဲ့သည်။

ဤအစဉ်အလာကို အကြောင်းပြု၍ နှစ်စဉ် ဗုဒ္ဓဘာသာ မြန်မာနိုင်ငံ၌ ဗုဒ္ဓမြတ်စွာကို ရည်မှန်း၍ မီးပူဇော်ပွဲကျင်းပခဲ့ကြသည်။ ယခုလက်ထက်မှ အသစ်အဆန်းပြုပြီး တီထွင်ကျင်းပသည်မဟုတ်ပဲ အစဉ်အဆက်အားဖြင့် သာသနာ သက္ကရာဇ် ၂၃၅–ခုနှစ် သောဏမထေရ်၊ ဥတ္တရမထေရ်တို့ မြန်မာနိုင်ငံသို့ သာသနာပြုကြွတော်မူရာ သထုံပြည် သီရိဓမ္မာသောကမင်း လက်ထက်မှအစပြု၍ မန္တလေး ရတနာပုံနေပြည်တော် သီပေါမင်း လက်ထက်တိုင်အောင် သာသနာပြုမင်း အဆက်ဆက်တို့သည်

သီတင်းကျွတ်လပြည့်နေ့ကို "အဘိဓမ္မာ အခါတော်နေ့" အဖြစ်ဖြင့် သတ်မှတ်၍ တိုင်းသူပြည်သားတို့နှင့်တကွ သီတင်းကျွတ်လပြည့်နေ့တိုင်း မီးထွန်းပွဲကြီးကို ကြီးကျယ်ခမ်းနားစွာကျင်းပခဲ့ကြသည်။

အင်္ဂလိပ်အစိုးရမင်းတို့ အုပ်ချုပ်ချိန်၌လည်း ထိုက်သည်အားလျော်စွာ မီးထွန်းပွဲကို ပြုလုပ်ခဲ့ကြသည်။ ယခုလွတ်လပ်ရေးရပြီးခေတ်၌လည်း နိုင်ငံပိုင်အစိုးရမင်းများ ဦးစီး၍ သီတင်းကျွတ်လပြည့်နေ့ကို ရုံးပိတ်ရက်အဖြစ် သတ်မှတ်ကာ မီးထွန်းပွဲကို ကြီးကျယ်ခမ်းနားစွာ ကျင်းပလျက် ရှိကြသည်။

မီးပူဇော်ခြင်း အကြောင်းရင်း

မိမိတို့ နှစ်စဉ်ပြုလုပ်သော မီးထွန်းပူဇော်ပွဲ၏ အစစ်အမှန်သဘောတရားများ စိတ်သန္တာန်အတွင်း၌ ထင်မြင်လာအောင် ပူဇော်နိုင်ရန် တနိုင်ငံလုံး တောရော မြို့ပါ ဆီမီးပူဇော်သူ ဗုဒ္ဓသာသနာဝင် သူတော်စင်များ စိတ်ထားတတ်ရန် ရည်ညွှန်း၍ အနည်းငယ် ရေးသားလိုက်ရသည်။

ဗုဒ္ဓမြတ်စွာသည် အဘိဓမ္မာတရားကို ဟောကြားပြီး သီတင်းကျွတ်လပြည့်နေ့တွင် တာဝတိံသာနတ်ပြည်မှ လူ့ပြည်သို့ ဆင်းကြွတော်မူသည်။ စောင်းတန်းသုံးသွယ် ဖန်ဆင်းပြီးလျှင် အလယ်လမ်း ပတ္တမြားစောင်းတန်းဖြင့် ဗုဒ္ဓမြတ်စွာကြွတော်မူ၍ လက်ဝဲဘက် ရွှေစောင်းတန်းဖြင့် ကာမာဝစရ နတ်ပြည်ခြောက်ထပ်နတ်များ၊ လက်ျာ ငွေစောင်းတန်းဖြင့် သုဒ္ဓါဝါသ စသော ဗြဟ္မာကြီးများ လိုက်ပါပို့ဆောင်ကြသည်။

ဗုဒ္ဓမြတ်စွာ၏သပိတ်တော်ကို သိကြားမင်းကိုယ်တိုင် ကိုင်ယူလျက် မဟာပြဗ္ဗာကြီးက သုံးယူဇနာရှိသော ထီးဖြူကြီးကို ဆောင်းမိုး၍ လိုက်ပို့သည်။ သုယာမနတ်မင်းက စာမရီသားမြီးယပ်ကို ကိုင်လျက် ပဉ္စသိခနတ်သားက သုံးဂါဝုတ်ပမာဏ ရှိသော ဥသျှစ်သီးမှည့်ကဲ့သို့ ဝါဝင်းသော အဆင်းရှိသော စောင်းကြီးကိုပိုက်၍ ဗုဒ္ဓမြတ်စွာအား ပူဇော်သည့်အနေဖြင့် တီးမှုတ် ပူဇော်လျက် လိုက်ပို့သည်။

ဤသို့ နတ်ပြည်မှ လူ့ပြည်သို့ သက်ဆင်းတော်မူချိန် အခိုက်အတန့်ကာလကို ရည်ရွယ်မြော်မှန်း၍ အဆက်ဆက် မီးပူဇော်ပွဲ ကျင်းပခြင်း ဖြစ်သည်။ ဤသဘောကို စိတ်ထဲမှာ ထင်မြင်လာအောင် ဆင်ခြင်ပြီး ပူဇော်နိုင်လျှင် ပိုမို၍ အကျိုးဖြစ်ထွန်းနိုင်သည်။

အကျိုးသက်ရောက်အောင်

အကျိုးသက်ရောက်မှုရှိအောင် ဖော်ပြပါအကြောင်းအရာကို စိတ်သန္တာန်မှာ တရေးရေးထင်စေပြီးလျှင် ပူဇော်ကြစေချင်သည်။ ပျော်ပွဲသဘောမျိုးဖြင့် အစစ်အမှန်သဘောအရာကို မသိပဲလျက် မီရှူးဖလာ အမှုမဲ့အမှတ်မဲ့ ပူဇော်ခြင်းသည်ကား အကျိုးရသင့်သလောက်မရပဲ ဖြစ်တတ်သည်။ "သူတို့တိုက်အိမ်, သူတို့ရပ်ကွက်, သူတို့ကျေးရွာက ခတ်မီးလုံး, ဆီမီးခွက်(၁၀၀) ပူဇော်လျှင် ငါတို့တိုက်အိမ်, ငါတို့ရပ်ကွက်, ငါတို့ကျေးရွာက သူတို့ထက်သာအောင်(၂၀၀)ပူဇော်မည်"အစရှိသော အပြိုင်အဆိုင် အားကျ ဂုဏ်ပြိုင်ပြုလုပ်ခြင်းမျိုးကိုကား ရှောင်ရှားသင့်ကြသည်။ ယခုမျက်မြင် ပကာသနမှုထက် စေ

တနာသန့်သန့်ဖြင့် အစစ်အမှန် ပူဇော်ခြင်းက သာလွန်နိုင်သည်။
သို့အတွက် ပကာသနဂုဏ်ပြိုင်မှုတွေကို ပယ်ရှား၍ အကျိုးရှိအောင် ပူဇော်ကြစေလိုသည်။ ဤသို့ အကျိုးသက်ရောက်အောင် ပူဇော်နိုင်ကြမှသာလျှင် ပစ္စုပ္ပန်မှာလည်းကောင်းစား၊ သံသရာမှာလည်း ကောင်းစားမည်ဖြစ်ကြောင်းကို စေတနာကောင်းဖြင့် အချိန်မီတိုက်တွန်း နှိုးဆော်လိုက်ရသည်။

ပဝါရဏာပွဲ

"အရှင်ဘုရားတို့....တပည့်တော်သည် သံဃာတော်ကို ဖိတ်ပါ၏။ အရှင်ဘုရားတို့သည် မြင်သဖြင့်လည်းကောင်း၊ ကြားသဖြင့်လည်းကောင်း၊ ယုံမှားရှိသဖြင့်လည်းကောင်း၊ တပည့်တော်ကို သနားသောအားဖြင့် ဆုံးမတော်မူကြပါ ဘုရား၊ အပြစ်ကိုရှု၍ ကုစားပါမည်ဘုရား" ဤသို့ သီတင်းကျွတ်လပြည့်နေ့၌ ရဟန်းသံဃာတပါးနှင့်တပါး အချင်းချင်း ဖိတ်မန္တကပြုသောပွဲသည် ပဝါရဏာပွဲ ဖြစ်သည်။

သုံးလူ့ထွတ်ထား သဗ္ဗညုမြတ်စွာဘုရားသည်လည်း "ချစ်သား ရဟန်းတို့....ငါဘုရားသည် စကားအစပ် လက်စဖြတ်၍ သတ်မှတ်စဉ်လာ ပဝါရဏာကို ထင်စွာပြတော်မူအံ့။ ယခုအခါ၌ သင်ချစ်သားတို့ကို ဖိတ်တော်မူ၏။ သင်ချစ်သားတို့သည် ငါဘုရား၏ စိုးစဉ်းအနည်းငယ်သော ကိုယ်၌ဖြစ်သော အပြစ်ကိုလည်းကောင်း၊ နှုတ်၌ဖြစ်သော အပြစ်ကိုလည်းကောင်း ကဲ့ရဲ့ကြကုန်သလော့"ဟု ဖိတ်တော်မူသည်။

အရှင်သာရိပုတ္တရာသည် လက်အုပ်ချီမိုး ရှိခိုး၍ သဗ္ဗညုမြတ်စွာဘုရား၏ ကာယကံပြစ်, ဝစီကံပြစ်ကို မကဲ့ရဲ့ပါကြောင်း

လျှောက်ထားပြီးလျှင် မိမိလည်း မြတ်စွာဘုရား ပဝါရဏာပြုကာ ဖိတ်တော်မူသည့် အလား ဖိတ်မန့် လျှောက်ထားသည်။ ရဟန်းငါးရာတို့သည်လည်း မြတ်စွာဘုရားထံ အထက်ပါအတိုင်း ဖိတ်မန့်ကာ ပဝါရဏာပြုကြသည်ဟု သဂါထာဝဂ္ဂသံယုတ်၊ ဝဂ္ဂီသသံယုတ်၊ ပဝါရဏာသုတ်၌ လာသည်။

ဗုဒ္ဓမြတ်စွာနှင့် အရှင်သာရိပုတ္တရာ စသော ရဟန်းငါးရာတို့၏ ဖိတ်မန္တက ပြုသော ပဝါရဏာသည် ကိလေသာတို့မှ စင်ကြယ်တော်မူကြသော သူတော်စင်တို့၏ ပဝါရဏာ ဖြစ်ခြင်းကြောင့် ဝိသုဒ္ဓိပဝါရဏာဟု ဆိုရမည် ဖြစ်သည်။ ယခု လက်ထက် ရဟန်းသံဃာတို့၏ ဖိတ်မန္တကပြုကြသော ပဝါရဏာသည်ကား ကိလေသာတို့မှ မစင်ကြယ်သော ပုထုဇဉ်တို့ ပဝါရဏာ ဖြစ်ခြင်းကြောင့် ဝိသုဒ္ဓိ ပဝါရဏာဟု မဆိုနိုင်ပဲ သာမည ပဝါရဏာဟုသာဆိုနိုင်သည်။

ဤယခု ပဝါရဏာပွဲသည်ကား ဗုဒ္ဓမြတ်စွာ လက်ထက်တော်မှ အစပြု၍ ရေတွက်လျှင် (၂၅၅၂)ကြိမ်မြောက် ပဝါရဏာပွဲ ဖြစ်သည်။ နှစ်စဉ်မီးထွန်းပွဲကိုလည်းကောင်း၊ ပဝါရဏာပွဲကိုလည်းကောင်း၊ တိမ်ကော ပပျောက်၍ မသွားရလေအောင် ထိန်းသိမ်းစောင့်ရှောက် ဆင်ယင်ကျင်းပနိုင်စေရန် ဆုတောင်းရေးသားလိုက်ရသည်။

"တူရာသီ ကျွတ်သတင်း၊ ထွတ်သနင်းမြတ်စွာ၊ ဝါလွတ်ကင်းချိန်အခါ၊ ဝတီ°သာ ကြွဆင်း၊ သက်ဃာပြည်ထခို၊ ကြည်ညိုသူပွဲမြက်ခင်းကျင်း၊ ဆီမီးပန်းတူ ပျော်စွာငယ်၊ ပူဇော်ကာဝပ်စင်း၊ ကုဏ္ဍလာအိုင်အတွင်းဆီက၊ ကြိုင်သင်းလျက်ငွေကြာ၊

နှစ်စဉ်သာ၊ ဘိုးအဘွားတို့ကို၊ အကျိုးများ စုပေါင်းပူဇော်၊ ခြင်္သေ့မြတ်ရက်ရာဇော်၊ ကျွားတဖြာ ဂဠုန်မင်းမှာတော့၊ တဖုံသွင်းသတ်မှတ်သားဖွယ်၊ ပြဿဒါးကွယ်၊ အဿဝဏီနက္ခတ်ကြယ်သည်၊ ဆက်စပ်တယ်စန်းယှဉ်ရဲ့လေး"။

၄၄။ တန်ဆောင်မုန်းစာပန်းချီ

"မိုးဝသန် ကုန်ဆုံးလို့၊ တန်ဆောင်မုန်းပြိစ္ဆာ၊ ဖဝါးလေး စွန်းကာငယ်၊ ကြတ္တိကာ ကြယ်မင်း၊ ခဝဲပွင့်မာလာငယ်၊ သည်ချိန်ခါ မွေးထုံပျံ့သင်း၊ ဗာဟ္ဂ ံသည္ဆိုနာရီမှာ၊ အင်္ဂဝိသာ နေ့သွင်း၊ မြောက်လေပြေ ဆော်ညှင်းလို့၊ အမင်းမင်းရာဇာ၊ ဥာတ်ကထိန် ခါသမယကိုလ၊ များဒါနပြုကြမြဲသာ၊ ဆယ့်ရှစ်လုံး ပါဒ်သူညာမှာ၊ သံသရာနှောင်အရေးကိုလ၊ ထောက်တွေးကြံဆင်ခြင်၊ ကင်းလွတ်ကြောင်းအင်၊ မြတ်ပုညကောင်းခွင်မှာ၊ နှစ်အစဉ်ပွဲပေရှင့်လေး"။

ဤသို့ဖြင့် တန်ဆောင်မုန်း စာပန်းချီကို စလေ့ဆရာကြီးဦးပုည က တေးထပ်တပုဒ်ဖြင့် စုံစုံလင်လင် ရေးဆွဲကာ သီကုံးထားခဲ့သည်။

"ရတုကာလာနံ၊ ဥတုကာလ ခါသမယတို့တွင်။ သရဒံ၊ တန်ဆောင်မုန်းလသည်။ ပဓာနံ၊ မြတ်၏။" ဤသို့ စတုရင်္ဂဗလ အမတ်ကြီးက ဆိုထားသည်။

ဆီးနှင်း၊ မြူ၊ တိမ်၊ သူရိန်၊ မီးခိုး အညစ်အကြေး ငါးမျိုးမှ ကင်းစင် ဈောက်ပ၊ ပဏာရလျက် အလှကျက်သရေ သက်လက် ဝေသော ပြည်သူတွေ တ၊ ရသည့် ဖိုးရွှေလသည် တန်ဆောင် မုန်းလ သရဒဥတု ခ ါသမယ၌ အလွန်တရာ ထွန်းလင်းတောက် ပြောင်၍ တန်ဆောင်မုန်းလ၏ ဂုဏ်သရေကို ဆောင်ပါသည်။

မိုးဥတုဆုံး တန်ဆောင်မုန်း

မိုးဥတု ကုန်ဆုံး၍ တန်ဆောင်မုန်းလ ဆောင်းဥတုကူးလေ ပြီဆိုမှဖြင့် ကင်းပုစွန်၊ ကင်းမြီးကောက်တို့ နှစ်သက်သဘောကျ သော အချိန်အခါ ဖြစ်သည်အားလျော်စွာ ရာသီအနေအား ဖြင့် ကင်းမြီးကောက်ရုပ်ဖြင့် သရုပ်ပြသော ဗြိစ္ဆာရာသီ ဖြစ်၍ မွန်းတည့်အနေအားဖြင့် (၄)ဖဝါးစွန်း၍ စောရနက္ခတ်နှင့် စန်းယှဉ်သော ကြတ္တိကာ ကြယ်မင်းသည် တန်ဆောင်မုန်းလ၌ အထူးသဖြင့် ထွန်းလင်းတောက်ပလျက် ရွှေလကို အံတုသည့် နှယ် ရှုကြည့်ချင်စဖွယ် ရှိပါသည်။

ရာသီအချိန်ကို စောင့်မြော်ငံ့လင့်နေကြသော (၁၂)ရာသီ ပန်းမာလာတို့တွင် အပါအဝင် ဖြစ်သည့် လှပထိန်ဝါ ခဝဲပန်း အဖြာဖြာတို့၏ မြေကြီးပေါ်၌လည်းကောင်း၊ တစုံတခုသော သစ်ပင်ခြုံနွယ်ပေါ်၌လည်းကောင်း၊ အနွယ်ချင်းယှက်ကာ ဖူး ပွင့်လာကြသည်မှာ ကြည့်မဆုံး၊ ရှုမဆုံး လတန်ဆောင်မုန်း၌ အတင့်တယ်ဆုံး၊ ကျက်သရေအရှိဆုံးဟု ဆိုရမည်ပင် ဖြစ်ပါ သည်။

ပွဲအမျိုးမျိုး

တန်ဆောင်မုန်းလ၌ ညဉ့်နာရီ (၁၂)နေ့နာရီ(၁၂)ဖြစ်၍ ဗုဒ္ဓမြတ်စွာ ဝါတော်(၂၄)သက်တော် (၅၉) လွန်ခဲ့သော နှစ်ပေါင်း (၂၅၂၆)ခုနှစ် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်တွင် ခင်းကျင်းခဲ့သော ကထိန်သင်္ကန်းကပ်လှူပွဲကို အစဉ်အလာပြု၍ နှစ်စဉ်ကထိန်သင်္ကန်းကပ်လှူပွဲကို ပြုလုပ်အားထုတ်ကြပါသည်။

ထို့ပြင်တန်ဆောင်တိုင် မီးထွန်းပွဲ၊ မသိုးသင်္ကန်း ကပ်လှူပွဲ၊ ဒဟာနီ မီးနတ်အားပူဇော်ပွဲ၊ ကျီးမန်းပွဲ၊ အမျိုးသားအောင်ပွဲ၊ ပါတော်မူနေ့၊ ကြတ္တိကာနက္ခတ်သဘင်ပွဲ စသောအားဖြင့် အမျိုးမျိုးရှိရာ ယခုအခါ အချို့ပွဲသာ ပြုလုပ်ကြပါသည်။

လက်ဆောင်ပေးရာ

"သီရိလျှံကြွေ့၊ လပြည့်နေ့၏၊ ချမ်းမြေ့သာယာ၊ ညဉ့်အခါတွင်၊ ရောဂါဘယ၊ ဆေးစွာပအောင်၊ ပွင့်လှခိုင်ချီ၊ မဉ္ဇူရီဟု၊ ဝါစီညွှန်းနှုး၊ ရွှေရည်ဖူးကို၊ ဆီလူးနှမ်းဆား၊ ပြည်သူများတို့၊ သုံးစားသဘင်၊ ပွဲကြီးယင်သော်" ဟု စာဆိုတော်ဦးတိုင်းက ပဌာစာရီ ပျို့သစ်၌ ဆိုထားသည်အား လျော်စွာ မဉ္ဇူရီ ဟူ၍လည်းကောင်း၊ နတ်ပန်းမဉ္ဇူ ဟူ၍လည်းကောင်း ခေါ်ဝေါ်ကြသော မဲဇလီဖူးကို ဆီ, နှမ်း, ဆားတို့ဖြင့် လက်သုတ်ပြု၍ စားသုံးသော် ရောဂါဘယ ကင်းစင်သည်၊ အန္တရာယ် ကင်းသည်။

လူ့ပြည်၌ အလှယ်တကူ ယူငင်သုံးဆောင်နိုင်သော နတ်ပန်းမဉ္ဇူခေါ် မဲဇလီပန်းတွင် အပင်စောင့် နတ်မင်းကြီး ထံ

တန်ဆောင်မုန်းလပြည့်နေ့ညတွင် ဆေးပင်စောင့် နတ်အပေါင်း အခစားဝင်ချိန် ကြုံကြိုက်၍ ထက်မြက်ထူးရှလှသော ပန်းဟု ဂုဏ်တင်ကာ ယင်းပန်းကို အမြတ်တနိုး မင်္ဂလာလက်ဆောင် ပေးကြသော အစဉ်အလာရှိပါသည်။ တန်ဆောင်မုန်း လပြည့် နေ့ည သန်းခေါင်အချိန်၌ မဲဇလီပင်၌ ဆေးပေါင်းခသည် ဖြစ်၍ မဲဇလီအရွက်၊ အပွင့်ကို ဆေးဖော်စပ်ကြပါသည်။ တဦး သည် တဦးအား မဲဇလီပန်းဖြင့်ပေါက်၍ ကစားကြပါသည်။ အိမ်ဦး၌လည်း မင်္ဂလာယူရန် စိုက်ပျိုးကြသောထုံးရှိပါသည်။

ဖျောက်ဆိပ်မြေလူး

အတာပြောင်းသော နောက်တရက်မှ စ၍ ရေတွက်သော် ၂၂၅-ရက်ကျသော တန်ဆောင်မုန်းလ မိုးဥတုအဆုံး သရဒ ဥတု အချိန်အခါ၌ ကထိန်ပွဲ ကျင်းပ၍ နေဝင်တောင် ထိပ်၌ ဖျောက်ဆိပ် မြေလူးသည်ဟု မန်လည်ဆရာတော်၏ မဃဒေဝ လင်္ကာ၌...."ထိုပြင်နောက်မှာ၊ နှစ်ရာကျော်ငြား၊ နှစ်ဆယ် ငါး ဖြင့်၊ ရက်ပွားရောက်ထွန်း၊ ဆုံးစွန်ဝဿ၊ သရဒဟု၊ မိုးလကုန်ဆဲ၊ ကထိန်ပွဲနှင့်၊ ရိုးရဲထွန်းပြောင်၊ နောက်တောင် ထိပ်ထက်၊ ဖျောက်ဆိပ်မြေလူး"ဟု လောကရေးရာ, ဓမ္မရေးရာ အတွက် မိန့်ဆိုခဲ့ပါသည်။

အထက်တွင်ဖော်ပြခဲ့သော ဂုဏ်အပေါင်းတို့နှင့်ပြည့်စုံသော တန်ဆောင်မုန်းလ သရဒဥတု အခါသမယ၌ မကောင်းသော အပြုအမူတို့ကိုပယ်ရှားကာ မိမိတို့၏ကိုယ်ရေးကိုယ်တာ နောင် သံသရာရေးအတွက် မိမိနောက်သို့ အရိပ်ပမာ အစဉ်လိုက်မည့်

ရိက္ခာကောင်း ရိက္ခာမြတ် ရိက္ခာမွန်တို့ကို စုဆောင်းနိုင်ကြပြီးလျှင် တဘဝထက်တဘဝ ပါရမီရင့်ကျက်ပြီးသကာလ နိဗ္ဗာန်တည်းဟူသောအငြိမ်းစားပင်စင်စား ချမ်းသာမြတ်ကိုရရှိအောင် အားထုတ်နိုင်ကြရန် ဆုမွန်ကောင်း တောင်းရင်း တိုက်တွန်းနှိုးဆော်လိုက်ရသည်။

၄၅။ ကထိန်နှင့်စပ် သိမှတ်ဖွယ်ရာ

ဗုဒ္ဓမြတ်စွာ သက်တော် ၅၉၊ သိက္ခာတော် ၂၄-ဝါ အရ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေထိုင်တော်မူစဉ် ပါဝေယျကတိုင်းသား ဘဒ္ဒဝဂ္ဂီ ညီနောင်သုံးကျိပ်တို့ကို အကြောင်းပြု၍ ကထိန်ကိုခွင့်ပြုတော်မူသည်။ သိက္ခာတော် ၂၄-ဝါအရ ကထိန်ပညတ်သည် ဟူရာ၌ ခိုင်လုံသော ကျမ်းအကိုးအကား မတွေ့သေးပါ။

ဘုရားအစရှိသော သူတော်ကောင်းတို့ ချီးမွမ်းအပ်သောကြောင့်လည်းကောင်း၊ မြဲမြံတည်တံ့ အရှည်ခံ့သော အနက်သဘောကြောင့် လည်းကောင်း ကထိန်မည်သည်။ ဝတ်စရာသင်းပိုင်၊ ရုံစရာကောသီ၊ပခုံးတင် ဒုကုဋ်သင်္ကန်းကြီး ဤသင်္ကန်းသုံးထည်တွင် တထည်ထည်ဖြင့်သာ ကထိန်ခင်းနိုင်သည်။

သံဃာဝိကဖြစ်မှုသာ

ကထိန်ခင်းမည့်သင်္ကန်းကို လှူသောအခါ အရှင်သာရိပုတ္တရာ အစရှိသော အရိယာ သံဃာများနှင့်တကွ သမ္မုတိ ယခုလက်ရှိ တသာသနာလုံးရှိ သံဃာများကို ရည်မှန်းစိတ်ညွတ်ပြီး "ဣမံ ကထိနစီဝရံ သံဃဿ ဒေမ"ဟုဆို၍ လှူရသည်။ "ဤကထိန်လျာ သင်္ကန်းကို သံဃာတော်အား လှူပါကုန်၏"ဟု မြန်မာဘာသာဖြင့် ဆို၍လည်း လှူနိုင်သည်။

ကထိန်ဒါယကာ ဒါယိကာမများအနေဖြင့် သံဃာကိုမညွတ်မူ၍ ကျောင်းတိုက်ဆရာတော်ကြီး၊ တိုက်အုပ်ဘုန်းကြီး၊ စာချဘုန်းကြီး အစရှိသည်ဖြင့် မိမိတို့ကြည်ညိုရာပုဂ္ဂိုလ်ကို စိတ်ညွတ်၍ ကထိန်လျာသင်္ကန်းကို လှူသည်ဖြစ်အံ့။ထိုပုဂ္ဂိုလ်စွဲလှူသော သင်္ကန်းဖြင့် ကထိန်ခင်းသော်လည်း ကထိန်အောင်မြင်မှု မဖြစ်ပဲ သာမညသင်္ကန်းအလှူသာ ဖြစ်နိုင်သည်။

ကထိန်ခေတ်နှင့်ကထိန်လက်ခံပုံ

သီတင်းကျွတ် လပြည့်ကျော် ၁-ရက်နေ့မှစ၍ တန်ဆောင်မုန်း လပြည့်နေ့အတွင်း တလသည် ကထိန်ခင်းနိုင်ရာ ခေတ်ကာလ ဖြစ်သည်။ ထိုကထိန်ခေတ်တွင်လည်း တကျောင်းမှာ တခါသာ ခင်းခွင့်ရှိသည်။ ကထိန်လက်ခံသော ကျောင်းတိုက်ပိုင် ဆရာတော်ကြီးများအနေဖြင့် မိမိတို့၏ ကာယပယောဂ, ဝစီပယောဂ မပါစေပဲ သံဃာအားကျေးဇူးချေးလောက်သော ကထိန်ခင်းမှုကိုသာ လက်ခံခွင့်ရှိသည်။

သံဃာအား လာဘ်လာဘ အာနိသင် နည်းပါးနေဧချင်မှုလလက်ခံထားသော ကထိန်ခင်းမှုကို ပယ်ဖျက်၍ အကျိုး

အာနိသင် များပြားသော ကထိန်ခင်းမှုကို လက်ခံနိုင်ခွင့်ရှိသည်ကိုလည်း သိရှိထားဖို့ လိုမည်ထင်သည်။ မူလ လာဘ်လာဘနည်းပါးသောကထိန်လှူသူနှင့် နောက်ပေါ်ပေါက်လာသော လာဘ်လာဘ အာနိသင်များသော ကထိန်လှူသူအချင်းချင်း ပူးပေါင်းစေ၍လည်း ခင်းကောင်းသည်။ အချင်းချင်းညီညွတ်မှု အရေးကြီးသည်။

ကထိန်ခံပုဂ္ဂိုလ်နှင့် ခင်းပုံ

ကထိန်ခံ ပုဂ္ဂိုလ်သည် ကထိန်ခင်း**မည့်** ကျောင်းတိုက်၌ ပုရိမဝါဆိုပြီးလျှင် ဝါကျိုးဝါပျက်မဖြစ်စေမူ၍ သီတင်းကျွတ်လပြည့်နေ့၌ ချမ်းမြေ့သာယာ မဟာပဝါရဏာပြုပြီး သင်္ကန်းပါးရှားသော ပုဂ္ဂိုလ်ဖြစ်ရပေသည်။ **သင်္ကန်း** ပါးရှားသော ပုဂ္ဂိုလ် ကထိန်ခင်းမည့် ကျောင်းတိုက်တွင်း၌ မရှိမှသာလျှင် ထေရ်ကြီးဝါကြီးပုဂ္ဂိုလ်အား ဝိနည်းဒေသနာတော်နှင့် အညီ ကထိန်သင်္ကန်းကို ပေးရသည်။

ကထိန်ခံ ပုဂ္ဂိုလ်သည် သိမ်အပြင် သံဃာမျက်မှောက်တွင် **သင်္ကန်း**ကြီးဖြစ်အံ့ ၊မူလ **သင်္ကန်း**ကြီးဟောင်းကို ပစ္စုဒ္ဓိုရ်ပြုပြီးလျှင် ကထိန်ခင်းမည့်သင်္ကန်းကြီးကို ကိုင်၍ "ဣမာယ သံဃာဋိယာ ကထိနံ အတ္ထရာမိ" ဟုဆို၍ ကထိန်ခင်းရ၏။ "ဤ**သင်္ကန်း**ကြီးဖြင့် ကထိန်ကိုခင်းပါ၏" ဟု ဆိုလိုသည်။ ကထိန်ခင်းစဉ် သံဃာ အနည်းဆုံး ၅-ပါးရှိရသည်။ **သံဃာ**မပြည့်လျှင် အခြားကျောင်းမှ ဂဏပူရဏ သံဃာပင့်ရသည်။

အပြင်မှာကထိန်လှူသော်

ယခုခေတ် ရန်ကုန်စသောမြို့ကြီး၌ ကထိန်ခင်းမည့်ကျောင်း တိုက်၌ ကထိန်သင်္ကန်းကိုမလှူပဲ မိမိတို့အသင်းတည်ရာ ဓမ္မာရုံ အသင်းတိုက်စသည်တို့၌ ကထိန်သင်္ကန်းကို လှူဒါန်းကြသည်။ ကထိန်လှူမှုကို အတွင်းအပြင် ဘယ်ဌာနမှာပြုပြု ခင်းမှုသာ လိုရင်းဖြစ်သည်။ သို့သော် အပြင်လှူရာ၌ ကျောင်းတိုက်အမည် ကိုသုံးသပ်၍ လှူဒါန်းစေသင့်သည်။

ကထိန်လှူသူအကျိုးငါးပါး

၁။ အနာမန္တစာရော၊ မပန်ကြားဘဲ ဆွမ်းစားလည်းအာပတ်မသင့် အဆိုးအတားမရှိ မိမိဘာသာ သွားချင်ရာသွားလာနိုင်ခြင်း။

၂။ ဘာရနိက္ခေပေါ၊ ဝန်ထုပ်မပါပေါ့ပါးစွာဖြင့် ကိလေသာညွန် တဏှာဝန်ကို အဆုံးစွန့်ပစ်ချရခြင်း။

၃။ ဗဟုဝတ္ထိကော၊ ခေါမ, ရောမ, ကောဋုမ္ဗရ အဝတ် နတ်ဝတ် နတ်ပုဆိုး ပိုးဖဲကမ္ဗလာ ဒုဂုဒရာတို့များစွာ ပြည့်စုံ ဝတ်စား၍ မကုန်နိုင်ခြင်း။

၄။ အနေက ဘောဇနလာဘီ၊ ဘောဇဉ် အရသာ နတ် သြဇာနှင့် နတ်သုဒ္ဓါအဖုံဖုံ စားသောက်၍မကုန်နိုင်ခြင်း။

၅။ နာဒိန္နာဒါန ဘောဂဝေါ၊ မိမိက မပေးလျှင် မိစ္ဆာ ချည်မျှင်ကလေး တခုကိုမျှ ခိုးဝှက်တိုက်ဖျက်၍ လည်းကောင်း၊ အနိုင်အထက်ပြုကာ သိမ်း၍လည်းကောင်း မယူနိုင်သောပစ္စည်း ဥစ္စာရှိခြင်း။

ရှစ်လုံးဖွဲ့ကဗျာ

၁။ ဖြစ်ရာဘဝ....ကိုယ်ကချည်းသာ၊
အစိုးရခြင်း....ကျိုးရင်းအလာ။
ချုပ်ချယ်မရှိ....သွားဘိလိုရာ၊
ရန်ဘေးမှ....ဝေးရအစဉ်ပါ။

၂။ သူကြွယ်စိတ္တ....မှတ်ကြပမာ၊
ရောက်ရာဒေသ....များလှရိက္ခာ။
ပြဟ္မာလူနတ်....မြင့်မြတ်ပူဇာ၊
လျင်မြန်ငြား....ပေါ့ပါးကိုယ်ခန္ဓာ။

၃။ အကိုးရမင်း....လှူခြင်းပမာ၊
ဘောဇဉ်ငါးဝ....ပေါလှများစွာ။
သုံးဆောင်လှူဒါန်း....ရှင်လန်းဝမ်းသာ၊
စွန့်ကြဲရ....စာဂကျိုးထဖြာ။

၄။ ချမ်းသာကြွယ်ဝ၊....မေဏ္ဍကပမာ၊
ဥစ္စာစပါး....ပေါများရတနာ။
ရွှေငွေမောက်....စိန်ကျောက်တဖြာ၊
ပေါပြည့်မှု....တခုအကျိုးလာ။

၅။ နန္ဒိယမင်း....ထင်လင်းပမာ၊
အထည်အဝတ်....ပေါလတ်စုံစွာ။
တန်းဆာထူးဆန်း....ဆင်မြန်းကိုယ်မှာ၊
ဆိုးဘဝ....ဝင်ရနိဗ္ဗူတာ။

နွယ်နီပန်း၊ တင့်ဆန်းပါတဲ့ ဥတ်ကာထိန်။ မြတ်သံဃာ ရည်ကာမှန်း၊ လှျူဒါန်းခုချိန်။ မည်မမှိန်၊ ဂုဏ်သိရ်ဖြင့်ကြီးမား။ ယိုးမှားစရာ အဆင့်လွန်၍၊ ကျိုးငါးဖြာ အသင့်အမွန်ပေမို့၊ မြင့်တံခွန် ကထိန်ပွဲကို၊ နွဲကြစို့လား။ ။

"ဤရာသီမလွဲတမ်း၊ ခဝပန်းထိန်ဝါ၊ စွန့်ကြဲခန်းချိန်ခါ၊ ကထိန်လျှာဒါန၊ အောင်ရွှေမြို့ပြည်နိဗ္ဗူကို၊ ရည်စိတ်တူ ခင်းကျင်းလှူကြ၊ ဆောင်းအစ မြောက်လေဝင်၊ ဗြိစ္ဆာခွင်ကာလ၊ နိဗ္ဗာန်တွင် မျှော်ဆလို့၊ ပူဇော်ကြမိဌာန်၊ တန်ဆောင်တိုင်စဉ်လာပွဲကို၊ ထင်စွာပဲပြုကြကေန်၊ သာမည်သုတ်ဓမ္မံကို၊ ဖွင့်ထုတ်ပြန် ဟောလတ်မို့၊ ဇာတသတ်မင်းမြတ်ရာဇာ၊ ချဉ်းကပ်ဆရာ၊ တန်ဆောင်မုန်း ပုဏ္ဏမာကို၊ ဂုဏ်အလာ ဖော်ညွှန်းရဲ့လေး"။

၄၆။ နတ်တော်သဘင် ရှုခင်းပြင်

"ရှုလေတိုင်းကိုတဲ့၊ ဝေမှိုင်းငွဲ့ဖြာ၊ လေညှင်းငယ်လာသည်၊ ဖေါ်မပါတူမစုံလို့၊ ရွှေလွှာခြုံ အေးပြန်တော့တယ်လေး။ ။ ဆယ့်နှစ်ဖြာငယ်၊ ရာသီနေ့၊ ရွှေဟသ်ာလည်း၊တာရာပြုလို့၊ဇေယျပြဟ္မာ၊ ဟေမန္တာမို့ ၊ မဟာပိန္နဲ၊ နတ်မင်းပွဲမှာ၊ ကျွေးမြဲပူဇော်၊ လနတ်တော်ကို၊ ရှုမြော်တိမ်ဆီ၊ မိဂသီလည်း၊ ခါညီမွန်းလည်၊ ထွန်းရောင်ခြည် ခြယ်သောခါ၊ နယ်ရွှေဝဥကင်မှာ၊ ဂမုန်းအင်သဇင်မင်းက၊ သင်းလှတယ်လေး"။

ယခုတင်ပြသော မဟာအတုလမင်းကြီး၏ လွှမ်းချင်းကဗျာသည် နတ်တော်လနှင့်ပတ်သက်၍ အလွန်အဆီအသားပါသည်ဟု ဆိုရမည်ဖြစ်သည်။ ဂမုန်းပန်းနှင့်သဇင်ပန်းနံ့ ကြိုင်သင်းလှသော နတ်တော်လ၌ ဟေမန္တ ဆောင်းရာသီဝင်ကာ အေးမြလာပြီဖြစ်၍ ရာသီအားဖြင့် လေးရုပ်ဖြင့်သရုပ်ပြသော ဓနုရာသီ၊ နက္ခတ်အားဖြင့် သမင်ဦးခေါင်း(ဝါ)လိပ်ခေါင်းသဏ္ဌာန် ၃-လုံး အရေအတွက်ရှိသော မိဂသီ၊ နာရီအားဖြင့် နေ့နာရီ ၂၆၊ ညဉ့်နာရီ၃၄--ရှိ၍ နေ့နာရီထက် ညဉ့်နာရီက ၈-နာရီ ပိုလွန်နေသည်။

မဟာပိန္နဲ

အောင်ခြင်းနှင့်ပြည့်စုံသော လောကကို ဖန်ဆင်းနိုင်သော တန်ခိုးနှင့် ပြည့်စုံသည်ဟု ဆိုသော ဗြဟ္မာမင်းကြီးကို လည်းကောင်း၊ ပုဏ္ဏားတို့ကိုးကွယ်သော လူ့ကိုယ် ဆင်ဦးခေါင်းနှင့် ပညာရေးကို စောင့်ရှောက်တတ်သည်ဆိုသော မဟာဝိနာ

ယကခေါ် မဟာပိန္နဲ နတ်ကိုလည်းကောင်း ပူဇော်ပသသော အစဉ်အလာ ထုံးတမ်းရှိသောလလည်း ဖြစ်ချေသည်။

နတ်တော်သဘော

ပုပ္ပါးတောင်၌ ကနားနှင့်တည်သော မောင်တော် မဟာဂိရိနတ်နှင့် နှမတော် တောင်ကြီးရှင်နတ်၊ ထိုနတ်မောင်နှမတို့အား ရှေး၌ပူဇော်ပသသော လဖြစ်သောကြောင့် နတ်တော်လ (နတ်–အကြီးအကဲ အရှင်သခင်၊ တော်–မြင့်မြတ်ကြီးကဲ၊ မြင့်မြတ်သူ၊ ကြီးကဲသူ) ခေါ်ဆိုရကြောင်းကို အဆိုတရပ်က ပြလေသည်။

ထိုလ၌ နတ်တော်ဟုခေါ်သော နတ်ကိုပူဇော်ပသရသောကြောင့် နတ်တော်လအမည်တွင်၍ မည်သည့်နတ်အား နတ်တော်ဟုခေါ်၍ ထိုနတ်အား ပူဇော်ပသရသဖြင့် နတ်တော်လတွင်ကြောင်းကို ဝေါဟာရလိနတ္ထဒီပနီကျမ်း၌ နှစ်မျိုးပင် ဆိုထားသည်။ နတ်တော်လတွင်သည်မှာ ထိုလတွင် မဟာပိန္နဲနတ်အား ပူဇော်ပသရသောကြောင့်ဟု ပထမဆို၍ မဟာဂိရိနတ်မောင်နှမအား ပူဇော်ပသရသောကြောင့်ဟု ဒုတိယ ဆိုပြန်သည်။ ထိုအဆိုနှစ်ရပ်အနက် ဒုတိယအဆိုသည်သာ ထုံးတမ်းစဉ်လာ ရာဇဝင်အရ ကျနမှန်ကန်သည်ဟု ဆိုသင့် ဆိုထိုက်သည်။

ဦးကုလား မဟာရာဇဝင်ကြီး၌ "ဥဇနာမင်းကြီးသည် နတ်တော်လ ရောက်လတ်သော် မင်းတကာတို့သည် ပုပ္ပါးတောင်တော်သို့ တက်မြဲဖြစ်သောကြောင့် အစဉ်အတိုင်းပုပ္ပါးတောင်သို့ တက်တော်မူလေ၏။" ဟူ၍လည်းကောင်း၊ မှန်းနန်းရာဇဝင်

တော်ကြီး၌ "ဥဇနာမင်းကြီးလည်း နတ်တော်လ ရောက်လတ်သော် မင်းတကာတို့ ပူပွါးတောင်သို့ တက်မြဲဖြစ်၍ မဟာဂိရိနတ်မောင်နှမကို ပူဇော်အံ့သောငှာ တက်လေလျှင် ဆိတ်ထိန်းကမ်းဖြူရွာမှာ မြတ်လေးတပင်၌ ပန်းသုံးမည် ပွင့်သည်ကိုကြား၍ ရှုစားတော်မူမည်ဟု ဝင်လေသော် ပန်းသီတံ နှင့်ပန်းစိုက်၍နေသော မိန်းမငယ်ကိုမြင်လျှင် မြတ်သောအဆင်းနှင့် ပြည့်စုံသသူဖြစ်သောကြောင့် ယူတော်မူလေ၏''ဟူ၍လည်းကောင်း ဆိုသည်ကိုထောက်သဖြင့် နတ်မောင်နှမအား မင်းနှင့်တကွ ပြည်သူအပေါင်းတို့ နှစ်စဉ်နှစ်တိုင်း ပူဇော်ပသ ကြရသည်မှာ နတ်တော်လဖြစ်ကြောင်း သိသာထင်ရှားသည်။

အထူးမှတ်သားစရာ

ဟံသာဝတီ ဆင်ဖြူရှင်လက်ထက်ရောက်သောအခါ ပူပွါးနတ်တို့အား နှစ်စဉ် ကြက်, ဝက် ဆိတ်, နွားတို့၏အသက်ဖြင့် ပူဇော်ပသခဲ့ကြသောဓလေ့ကို သာသနာတော်နှင့် ဆန့်ကျင်လှသဖြင့် တားမြစ်ပိတ်ပင်ခဲ့လေသည်။ ထိုအခါမှစ၍ ပူပွါးနတ်တော်တို့အား သတ္တဝါတို့၏ အသက်ဖြင့် ပူဇော်ပသခဲ့သောအလေ့ ကွယ်ပသွားပြီးလျှင် မင်းတို့သည်လည်း နတ်တော်လကျရောက်သောအခါ မဟာပိန္နဲနတ်ကိုသာ ရထားတင်ဆွဲငင်စေ၍ ပူဇော်ပသလေသည်။

သို့ဖြစ်သောကြောင့် ဒုတိယ အင်းဝခေတ်လောက် ကျမှစီကုံးဖြစ်ပေါ်လာသော ဤဆောင်းပါးအစ ရာသီဖွဲ့နှင့်တကွတဆယ့်နှစ်ရာသီဖွဲ့တို့တွင် နတ်တော်လနှင့်စပ်သော ကဗျာတို့၌ ပူပွါးနတ်တို့အား ပူဇော်ပသသည့်အကြောင်းမပါပဲ မဟာ

ပိန္နဲနတ်ကို ပူဇော်ပသကြောင်းသာ ပါဝင်လေတော့သည်။ သို့သော် နတ်တော်ဆိုရာ၌ မဟာပိန္နဲကို စွဲ၍မဆို၊ ပုပ္ပါးနတ်တော်တို့ကိုသာ စွဲ၍ဆိုခေါ်ကြောင်း အထူးမှတ်သားသင့်သည်။

လွှတ်လပ်ပြီးခေတ်

လွတ်လပ်ရေးခေတ်၏ နတ်တော်လ၌ စာဆိုတော်နေ့အဖြစ် သတ်မှတ်ကာ စာပေ၊ လက်ာ၊ ပျို့ကဗျာနှင့် ပတ်သက်သော ဟောပြောပွဲများပြုလုပ်၍ ရှေးစာဆိုတော်ကြီးများကို ဂုဏ်ပြုကြသည်သာမက မြန်မာနိုင်ငံအနှံ့အပြား မြို့နယ်များသို့သွား၍ စာပေဝါသနာရှင်များ စုပေါင်းပြီးလျှင် စာပေအကြောင်း၊ ကဗျာအကြောင်းတို့ကို ဟောပြောကြသည်။

ဘာသာရေးအားဖြင့် နတ်တော်လ၌ တိပိဋကရေအာဂုံပြန်ရေးဖြေပွဲ၊ အဘိဓမ္မာစာမေးပွဲများကို၊ အစိုးရကကြီးမှူး၍ ကျင်းပရုံမျှမက ပထမပြန် ငယ်၊ လတ်၊ ကြီး၊ အကျော်အောင်သူများနှင့် ဓမ္မာစရိယစာချတန်းအောင် ပုဂ္ဂိုလ်တို့အား ဆုနှင်းသဘင်ပွဲကိုလည်း ကျင်းပလျက်ရှိကြသည်။

"ပန်းသဇင်ဖူးပွင့်၊ ထူးတင့်တဲ့ရာသီ၊ မှူးလွင့်လျက်အခါညီ၊ ကျလာပြီမြူနှင်း၊ ဆောင်းရတု အေးလာဖုံငယ်၊ ကွေးကာခြုံချမ်းမှုထုန်ပြင်း၊ စာဆိုနေ့ပွဲသဘင်ကို၊ မြဲဆင်ယင် ပြည်တွင်း၊ ပိန္နဲရှင်ထိုနတ်မင်းကိုလ၊ ဝပ်စင်းလို့တင်ချီ၊ လိပ်ခေါင်းဟန်သတ်မှတ်ပြပါလို့၊ နက္ခတ္တထွန်းပမိဂသီ၊ လေးရပ်ဖြင့်သရုပ်ချီသည်၊ သမုတ်ပြီနေ့တဲ့၊ နေ့အစုနာရီမှာ၊ ဆဗ္ဗ သလာ၊ သုံးသယ်လေး ညဉ့်ခါသာသည်၊ နတ်တော်မှာ မှတ်ကြောင်းကွဲ့ လေး"။

၄၇။ ပြာသို မှတ်ဖွယ်

"မြောက်လေပြေ ဆော်သွေးလို့၊ အေးလှတဲ့ လပြာသို၊ နှင်းကစိုစို၊ မြခွာညို ပင်ပျိုထက်ပွင့်ဖူး၊ ဥဩတွန်သံသာလို့၊ ရွှေလင်းပြာ ကူပုံဆန်းတယ်၊ လွမ်းချက်ကထူး"။

ကဗျာ့ပါရဂူ ကဗျာ့ဝိဒူပုဂ္ဂိုလ်ကျော်တို့ ကဗျာဉာဏ်ကွန့်မြူးကာ စာဖွဲ့လောက်သော ပြာသိုလ၌ကား မြောက်ပြန်လေညှင်းကလေးတသွေးသွေး တိုက်ခတ်လေပြီဖြစ်သောကြောင့် ပုလဲဥကလေးများပမာ ငွေနှင်းကလေးများ တဖွေးဖွေး ကျဆင်းလျက် တစိမ့်စိမ့် အေးမြလျက်ရှိချေပြီ။

နှင်းတဖွဲဖွဲကျ၍ အေးမြသော ပြာသိုလ၌ ရာသီမှန်ပွင့်ကြသော ခွာညိုပန်းတို့သည်လည်း ပြာသိုလဆန်းလာပြီ ဆိုမှဖြင့် စိမ်းစိုသော အညှာတံကလေး၊ ဖြူလွှင်သော ဝတ်ဆံကလေး၊ ပြာလဲ့သော ဖူးခွံဖူးဖတ်ကလေးတို့ဖြင့် ဖူးပွင့်လာကြပေပြီ။

ရွှေလင်းပြာနှင့် ရွှေဥဩတို့သည်လည်း အချိန်ရာသီတိုင်း ကူကြ တွန်ကြသည်မဟုတ်။ သူတို့အချိန်မကျ၍ မကူမတွန်ကြပေမဲ့ ဤပြာသိုလ၌ကား အချင်းချင်း ဖိုသံ့မသံပေးကာ ဘာသာဘာဝ ပျော်မြူးကြလျက် ကူကြတွန်ကြလေတော့သည်။

ပြာသိုသဘာဝ

မြန်မာဘာသာ ပြာသိုလခေါ်သည်မှာ အမရကောသ အဘိဓာန်ကျမ်း သဂ္ဂဝဂ်တွင်။ ။ပုဿာယုတ္တာ ပုဏ္ဏမာသီ ပေါသီ။ ။ပုဿာယုတ္တာ၊ ဖုဿျနက္ခတ်နှင့်ယှဉ်သော။ ပုဏ္ဏမာသီ၊

လပြည့်နေ့သည်။ ပေါသီ၊ပြောသိမည်၏။ ။ဟူ၍လာသည်။ ရာဇမတ္တဏ်ကျမ်း၌လည်း"ပေါသိ"ပြာသိုလဟု အနက်ဆိုသည်။ ထိုပေါသီကိုပင် သက္ကတအလို ရရစ်နှင့် ပြောသီဖြစ်သည်။ ထို ပြောသီပင် ကာလရှည်ကြာ၍ မြန်မာဘာသာ ပြာသိုလခေါ် ဝေါ်ကြသည်ဟု ယူဆရသည်။

ယုတ္တိတမျိုးမှာ ဇွ္ဓာ၊ ဤပြာသိုလ၌။ ပရံအတိရေကတရံ၊ လွန်ကဲစွာ၊ သီတလံ၊ အအေးသည်။ ဟောတိ၊ဖြစ်၏။ ဣတိ၊ ထို့ကြောင့်၊ ပြာသို၊ ပြာသိုမည်၏။ ။အဆိုအရ လွန်ကဲစွာ အေးမြသော ပြာသိုလဟု မြန်မာဘာသာခေါ်သည်ဟု ကြား ဘူးသည်။ ကျမ်းဂန်၌ ခိုင်လုံစွာမရှိချေ။

ပျားဖယောင်းလ

ပြာသိုလကို ပျားဖယောင်းများစု၍ အရဆုံးလ ဖြစ်သော ကြောင့် ဖယောင်းလ၊ ပျားဖယောင်းလဟု ခေါ်ဆိုကြသေး သည်။ အကြောင်းကိုဖော်ပြရသော် ရှေးပဝေဏီ ကာလမှစ၍ ယခုတိုင်အောင် တောကြီး တောင်ကြီးတို့၌ မှီတင်းနေထိုင်ကြ သောသူတို့သည် ထိုပြာသိုလတွင် ပျားဖယောင်းကို စုဆောင်း ကြသည်။ ထိုပြာသိုလ၌သာ အများဆုံး စုဆောင်း ရနိုင်ကြ သည်။

ပျားဖယောင်း အမြောက်အများ ထွက်သော ယောနယ်၊ အထက်ချင်းတွင်းနယ်၊ ချင်းတောင်နယ်စပ်တို့၌ ဤအတိုင်းမှန် ကြောင်းကို ကောင်းစွာ စုံစမ်းသိရှိခဲ့ဘူးသည်။ ရှေးပုဂံခေတ် ၌ကား ယခုခေတ်ကဲ့သို့ မီးထွန်းရန်ပစ္စည်းကိရိယာများ မပေါ များ မလွယ်ကူရကား ပျားဖယောင်းကိုသာ မှီခိုအားထားရာ

ရှိသဖြင့် ပျားဖယောင်းကို ရှာဖွေရယူရေးသည် အလွန်တရာ အရေးကြီးလှသည်။

မကာရရာသီ

ပါဏိဘာကွစာော၊ သတ္တဝါတို့ကို ဖမ်းစားခြင်းငှါ။ မုခံ၊ ခံတွင်းကို။ ကိရတိ၊ ဖြန့်တတ်ဖွင့်တတ်၏။ ဣတိ၊ ထို့ကြောင့်။ မကာရော၊ မကာရမည်၏။ အာဒိနှာ၊ အာဒိသဒ္ဒါဖြင့်။ ဇလ မနုဿာဒယော၊ ရေသူ စသည်တို့ကို။ အာချာ၊ ဟောအပ် ကုန်၏။

မကာရရာသီမှာ ရေသား မကာရ်းနှင့်တူသော ရာသီ၊ မကာရ်းတို့ နှစ်သက်သော ရာသီဟု ဆိုလိုသည်။ မကာရ ရာသီ အရုပ် ရှေ့ထက်ဝက်မှာ သမင်မျက်နှာ၊ နောက်ထက်ဝက်မှာ မကာရ်းသဏ္ဍာန်ရှိသည်ဟု ရာဇမတ္တဏ်ကျမ်း၌ ဆိုသည်။ ဇာတိ သတ္တကျမ်း၌ကား သမင်မျက်နှာသဏ္ဍာန်ရှိသည်ဟု ဆိုသည်။

မကာရ်းဆိုသည်မှာ မကာရပုဒ်တွင် (ရ)အက္ခရာကို တံခွန် တင်၍ မြန်မာဘာသာ မကာရ်းဖြစ်သည်။ ကစ္စည်းသဒ္ဒါကြီး ဒေါမဃေစသုတ်၌ ကုလူပကော၊ ကုလူပဂေါ ပုဒ်ကဲ့သို့(က) နှင့် (ဂ)သည် ကာရီ,ကာရိယ ဖြစ်ခြင်းကြောင့်၊ မကာရကို စွဲ၍ အာသရနှင့် မြန်မာဘာသာ မကာရ်းဟု ခေါ်သည်။

ကုမ္ဘရာသီ

ကြိယာနိ၊ အမှုကိစ္စတို့ကို။ ပေါသေတိ၊ ပြုစုကျွေးမွေး တတ်,ပွားစေတတ်၏။ ဝါ၊ တနည်းကား။ အသို၊ ထိုနက္ခတ်၌။ ပေါသေန္တိ၊ မွေးကျွေးတတ်,ပွားစေတတ်ကုန်၏။ ဣတိ၊ ထို့ ကြောင့်။ ဖုသော၊ ဖုဿမည်၏ဟု အဘိဓာန်ဋီကာ၌ ဆို၍

ပ–ကို ဖွ,ပြု၍ ဖုသျှ ခေါ်ဝေါ်ကြသည်။ ထိုဖုသျှ နက္ခတ်မှာ ဇီဝခေါ်သော ကြာသပတေးဂြိုဟ်နတ်မင်း အစိုးရကြောင်း အရှင်ဖြစ်ကြောင်း ရာဇမတ္တဏ်ကျမ်း၌ ဆိုသည်။

"ဖူးပွင့်ငုံ ခွာညိုလျှ၊ ပြာဆိုလ မာသာ၊ စာဆိုပြအလာကို၊ အရာရာထည့်သွင်း၊ မကာရခါဆီမှာ၊ ရာသီခါ အေးမြလေ ခြင်း၊ ဖုသျှမှတ် ကြယ်တာရာငယ်၊ သွယ်ဖြာကာထွန်းလင်း၊ ရက်ရာဇာကြွက်မင်းနှင့်၊ နဂါးသွင်းတဖုံ၊ ပူးနှင့်ဆင် အမှတ် ထားပါလို့၊ ပြဿဒါးရှောင်ကြလုံးစုံ၊ သုံးဆယ့်ခြောက်ညဉ့်ခါ ကြုံလျှင်၊ နေ့မှာတုံ နှစ်ဆယ့်လေးရယ်နဲ့၊ အချိန်ပေးနာရီပါ၊ မွန်းတည့်ဆခါ၊ ဟောမန္တဆောင်းအလာကို၊ ပေါင်းသဟာ မှတ် စမ်းကွဲ့လေး"။

၄၈။ တပို့တွဲ ပေါက်လဲငုံစီ

"ထန်းရည်နှင်း ပေါင်းကင်းတဲ့လဲငုံ၊ ဆက်ရက်ကယ်သာရ ကာနှင့်၊ ရော်ရွက်ဝါ တမာနု၊ လွမ်းသူ့ပုပ်ပုံ၊ စရိုက်ကယ်လှုံ၊ ပင်မြုံ့မြင့်သိုက်နန်း၊ ထွက်စီးငယ်ဝှန်၊ ကျောက်စက်ကယ် ရေ တံခွန်နှင့်၊ ဟောမဝန် သာယာနုပါဘိ၊ ယွန်းလုနွေဆန်း"။ ။ (စာဆိုတော် ဦးကြင်ဥ)

ထန်းရည်နှင်းသောလ

တပို့တွဲလ၌ ထန်းသမားတို့သည် ထန်းပင်များပေါ်သို့ တက်ပြီးလျှင် ထန်းဖူး ထန်းခိုင်နှင့်တကွ ပတ်လည်ရှိ ထန်းလက်

တို့အား ထန်းရည်ကောင်းစွာထွက်၍ ထန်းရည်ခံရာ၌ လွယ်ကူစေဖို့ရန် အောက်သို့ ကိုင်းညွှတ် ဆွဲဆိုင်းလာအောင် ခြေထောက်ဖြင့် နင်းနှိပ်ချရသော အခြင်းအရာရှိကုန်၏။

ယခုကာလ၌ အများအားဖြင့် ထန်းရည်နင်းသည်ဟု ခေါ်ဝေါ်ကြသည်။ ထိုကဲ့သို့ ထန်းရည်နင်းသော တပို့တွဲလ၌ ရာသီအလိုက် ဖူးပွင့်ကြသော ပေါက်ပန်းမာလာ အဖြာဖြာနှင့် နီတျာတျာအသွေးဖြင့် ရှုမြင်သူငေးလောက်သော လဲပန်းကလေး (ဝါ)လက်ပံပန်းကလေး အဖြာဖြာတို့သည် သာယာလှပ သူတို့အချိန်ကျပြီမို့ တခဏချင်း ဖြစ်ပေါ်လာကြရသည်။

ပေါက်ပန်း, လဲပန်းဖူးငုံသောအချိန်ရာသီ၌ ဆက်ရက်,သာရကာ ကျေးငှက်များစွာတို့ ဘာသာဘာဝ ပျော်မြူးရွှင်ပြကြလျက် တမာပင်၌ အရွက်ဟောင်းများ ရင့်ရော်ကာ အရွက်နုများ ဖြစ်ပေါ်လာပြီးလျှင် နောက်ပိုင်း၌ ဆက်ရက်,သာရကာ ကျေးငှက်များစွာတို့ သူတို့စရိုက်အား လျော်စွာ မြင့်မားသော သစ်ပင်ထက် အသိုက်အအုံ မြန်နန်းဂေဟာ၌ စံမြန်းရှာကြလေတော့သည်။

တမာလည်းနု ကျေးလည်းဥ

"တမာလည်းနု ကျေးလည်းဥ"သောတပို့တွဲလ၌ ကျောက်ရေတွင်း, ကျောက်ရေကန်တို့၌ ရေတံခွန်တို့သည် ထွက်မှုစီးဆင်းမှု နှစ်ခုကို ပြုလျက် ဟိမဝန္တာတောသဖွယ် တင့်တယ်သာယာ နွေရတုချိန်ခါကို ငံ့လင့်ကာ ဆောင်းရတုချိန်အခါကို ကုန်လွန်စေတော့မည် ဖြစ်ပေသည်။ ဆောင်းရတု ကုန်ခါနီးသော ဘပို့တွဲလ၌ ရာသီအားဖြင့် "အိုး"ရုပ်ဖြင့် သရုပ်ပြ

သော ကုံရာသီ၊ စန်းယှဉ်နက္ခတ်အားဖြင့် မာဃကြယ်၊ ပွဲတော် အားဖြင့် ထမင်းနဲ ယာဂုပွဲတော်ဟု အသိအမှတ်ပြုကြသည်။

ကုံရာသီ

ရာဇမတ္တဏ်ကျမ်း၌ ဟန္နောဂေါ၊ ကုံရာသီ။ဃဋ္ဋော၊ ကုံရာသီ။ ကုမ္ဘော၊ ကုံရာသီ ဟူ၍ ပရိယာယ်(၃)ပါး လာသည်။ ကုမ္ဘဿ၊ကုံရာသီ၏။ ရူပံ၊အရုပ်ကား။ပုရိသဿ၊ ယောကျ်ားအ၏။ ခန္ဓေ၊ ပခုံး၌၊ ကရိတ္တော၊ ရေမရှိသော။ ဂန္ဓော၊ နံ့သာရည်ဖြင့် ပြည့်သော။ ဃဋ္ဋသော၊ အိုးရုပ်တည်း ဟူ၍ လည်း ဆိုသည်။

ဇောတိသတ္တကျမ်း၌လည်း ကုမ္ဘော၊ ကုံရာသီကား။ ဃဋ္ဋီ၊ အိုးထမ်းယောကျ်ားသဏ္ဌာန် ရှိ၏ဟု ဆိုသည်။ ကုံရာသီ ခေါ်ခေါ်ကြသည်မှာ အိုးဟော ကုမ္ဘသဒ္ဒါတွင် (ဘ)အက္ခရာကို ချေ၍ မြန်မာဘာသာ ကုံရာသီခေါ်သည်။အိုးထမ်းယောကျ်ား သဏ္ဌာန်သဘောနှင့် တူသော ရာသီဟု ဆိုလိုသည်။

မာဃနက္ခတ်

ကာရိယတ္ထိကေဟိ၊ အကျိုးစီးပွားကို လိုသောသူတို့သည်။ မဟီယတေ၊ ပူဇော်အပ်၏။ ဣတိ၊ထို့ကြောင့်။ မာဃာ၊ မာဃနက္ခတ်မည်၏။ ဟဿ၊ ဟအက္ခရာ၏။ဃော၊ ဃကြီးပြုသည်။ ဟောတိ၊ဖြစ်၏။ အကျိုးစီးပွားကို လိုသူတို့၏ ပူဇော်ရာဟု မြန်မာလို အဓိပ္ပါယ်ရသည်။ ထိုမာဃနက္ခတ်သည် လုံးရေ(၄)လုံးရှိ၍ သံကောက်သဏ္ဌာန် ရှိသည်။ ထိုနက္ခတ်မှာ ပိတာရာနတ်မင်း အစိုးရအရှင်ဖြစ်ကြောင်းကို ရာဇမတ္တဏ်ကျမ်း၌ ဆိုသည်။

ထမင်းနဲ ယာဂုပွဲတော်

တပို့တွဲလ၌ ရာသီမာသ၏ ခေတ်ကြိုက်ကိုလိုက်၍ ဝါယော ခေတ်ကြိုက်သည်ဟု ဆေးကျမ်း ခေတ်ကျမ်းတို့၌ ဆိုသည်။ ထို အဆိုကို အစဉ်အလာပြု၍ တပို့တွဲလ၌ ထမင်းနဲ့ယာဂုပွဲတော် ကျင်းပခဲ့ကြသည်။ အေးချမ်းမှုလည်း မလွတ်သေး၊ အပူရှိန် လည်း မကင်းသေးသည်သာမက လူတို့၏ အစားအစာတို့သည် ကြေလွယ်သည်။ ပါစက ဝမ်းမီး တေဇောခေတ် ကောင်းမွန် လှသည်ဖြစ်သောကြောင့် တပို့တွဲလ၌ ကောက်ညှင်းထမင်းနဲ့ပွဲ ထိုးမြဲအစဉ်အလာ ပွဲတော် ပြုလုပ်ပြီးလျှင် ရတနာသုံးပါးအား လှူဒါန်းခြင်း၊ မိဘရိုးရာနတ်ကို တင်မြှောက်ခြင်း၊ မိတ်ဆွေ တို့ကို ဖိတ်၍ကျွေးမွေးခြင်းကို ပြုကြသည်။

တပို့တွဲဝေါဟာရ

တပို့တွဲလကို တောင်သူလယ်ယာကိုင်းကျွန်းလုပ်သူတို့ တံ ပိုးဆွဲထားသည်ကို အစွဲပြု၍ တံပိုးဆွဲလဟု ဆိုလိုသည်။ ကံပိုးဆွဲ မှ ကာလကြာညောင်း၍ တပို့တွဲ ဖြစ်လာသည်။

တပံ သူရိယာ တပဿာနံ၊ နေပူရာ နေရောင်ပျံ့ရာအရပ်သို့။ ခါဝယတိ ပလာယတိ၊ ပြေးသွားစေတတ်၏။ ဣတိ၊ ထို့ ကြောင့်။ တပို့ဿ၊ တပို့ဿ မည်၏။ နေပူရာ နေရောင်ပျံ့ရာ အရပ်သို့ ပြေးသွားစေတတ်သောကြောင့် တပို့ဿလ ခေါ် သည်။ ဿမှ နှစ်ရှည်လများဖြစ်လာ၍ တွဲဖြစ်လာသည်။ ။မူလ အဆို ကြေးနီကန်ဆရာတော်။ နောက်နည်း အမရကောသ အဘိဓာန်။

ဩဝါဒ ပါတိမောက်အခါတော်

မာဃ နက္ခတ်နှင့် ယှဉ်သော တပို့တွဲလပြည့်နေ့၌ အင်္ဂါ (၄)ပါးနှင့် ပြည့်စုံသော ဂေါတမဗုဒ္ဓ၏ သာဝက အစည်းအဝေးကြီးမှာ ဗုဒ္ဓမြတ်စွာသည် ဩဝါဒပါတိမောက်ကို ပြတော်မူသည်။ ။မာဃပုဏ္ဏမာယ၊ မာဃနက္ခတ်နှင့်ယှဉ်သော တပို့တွဲလပြည့်နေ့၌။ စတုရင်္ဂိကသန္နိပါတေ၊ လေးပါးသော အင်္ဂါရှိသော သာဝက အစည်းအဝေး၌။ ပါတိမောက္ခံ ဥဒ္ဒိသော၊ ဩဝါဒပါတိမောက်ကို ပြခြင်းသည်။ဟောတိ၊ဖြစ်၏။ ဗုဒ္ဓ။ ဋ္ဌ။ ၃၅၂။

အင်္ဂါ (၄) ပါး

၁။ မဟာသက္ကရာဇ် ၁၀၃–ခုနှစ် တပို့တွဲလပြည့်နေ့တွင် မာဃနက္ခတ်နှင့်ယှဉ်သော လပြည့်ဥပုသ်နေ့ ဖြစ်ခြင်း။ ၂။ ထိုနေ့တွင် ရာဇဂြိုဟ်ပြည်ကြီးအနီး ဝေဠုဝန် ကျောင်းတော်ကြီး၌ ရဟန္တာ ၁၂၅၀–တို့သည် တစုံတဦးက မပင့်မဖိတ်ပဲ မိမိတို့သဘောအားဖြင့် ပထမအကြိမ် သန္နိပါတ အစည်းအဝေးကျင်းပခြင်း။ ၃။ အစည်းအဝေးလာကြသော ရဟန်းများမှာ သောတာပန်, သကဒါဂါမ်, အနာဂါမ်နှင့် သုက္ခဝိပဿကရဟန္တာ အလျဉ်းမပါ၊ ဆဠဘိည ရဟန္တာချည်းသာ ဖြစ်၍ ထိုရဟန္တာများမှာလည်း ဦးထိပ်ထက် ဓားတင် ဆံပင်ရိတ်ဖြတ်လျက် ရဟန်းဘောင်သို့ ရောက်ရှိပြီးမှ ရဟန္တာဖြစ်ကြသူများမဟုတ်ပဲ အားလုံးဧဟိဘိက္ခု ရဟန္တာချည်းသာဖြစ်ကြခြင်း ။၄။ ထိုနေ့၌ အရှင်သာရိပုတ္တရာ ရဟန္တာဖြစ်၍ ထိုအရှင်နှင့် အရှင်မဟာမောဂ္ဂလန် တို့အား အဂ္ဂသာဝက ဌာနန္တရ

အရာ ပေးတော်မူပြီးလျှင် ဝေဠုဝန်ကျောင်း၌ ဗုဒ္ဓမြတ်စွာ ကိုယ်တိုင် ဩဝါဒပါတိမောက်ကို ပြတော်မူခြင်း။

ဩဝါဒ ပါတိမောက်ဂါထာ

၁။ တိတိက္ခာဟု ဆိုအပ်သော သည်းခံခြင်းသည် မြတ်သော ဆန့်ကျင်ဘက်ဖြစ်ကုန်သော တရားတို့ကို ပူပန်စေတတ်သော အကျင့်မည်၏။ ဗုဒ္ဓမြတ်စွာ,ပစ္စေကဗုဒ္ဓါ, သာဝကတို့သည် ဝါန ဟူ၍ ဆိုအပ်သော တဏှာမှ ထွက်မြောက်ရာ နိဗ္ဗာန်ကို သန္တ,ပဏီတ,နိပုဏ,သိဝ, ခေမ အစရှိသော အလုံးစုံသော အခြင်းအရာအားဖြင့် မြတ်၏ဟူ၍ ဆိုကုန်၏။ တပါးသောသူကို သတ်ခြင်းငှာ အလေ့ရှိသောသူသည် နှင်ထုတ်အပ်သော မကောင်းမှုကို နှင်ထုတ်သော ရဟန်းမည်သည် မဖြစ်နိုင်၊ တပါးသောသူကို ညှဉ်းဆဲတတ်သောသူသည် ငြိမ်းစေအပ်ကုန်ပြီးသော မကောင်းမှုတို့ရှိသော ရဟန်းသည် မဖြစ်နိုင်။

၂။ အလုံးစုံသော မကောင်းမှုကို မပြုခြင်းလည်းကောင်း၊ စတုဘူမက ကုသိုလ်ကို ပြည့်စုံစေခြင်းလည်းကောင်း၊ အရဟတ္တဖိုလ်ဖြင့် မိမိစိတ်ကို ဖြူစင်စေခြင်းလည်းကောင်း၊ ဤအလုံးစုံသော မကောင်းမှုကို မပြုခြင်း၊ စတုဘူမက ကုသိုလ်ကို ပြည့်စုံစေခြင်း၊ အရဟတ္တဖိုလ်ဖြင့် မိမိစိတ်ကို ဖြူစင်စေခြင်းသည် ဗုဒ္ဓမြတ်စွာတို့၏ အဆုံးအမတော် မည်၏။

၃။ နှုတ်ဖြင့် တစုံတယောက်သောသူကို မညှဉ်းဆဲခြင်းလည်းကောင်း၊ ပါတိမောက္ခသံဝရသီလ၌ စောင့်ရှောက်ခြင်းလည်းကောင်း၊ ဆွမ်း၌ ခံခြင်း,သုံးဆောင်ခြင်းတို့၏ အစွမ်းဖြင့် အတိုင်းအရှည်ကို သိတတ်သော သူ၏အဖြစ်လည်းကောင်း၊

လူတို့မှ ဆိတ်ငြိမ်သော အိပ်ရာနေရာကို မှီဝဲခြင်းလည်းကောင်း၊ ဝိပဿနာ၏ အခြေဖြစ်သော လေးပါးသော သမာပတ်စိတ်ဟု ဆိုအပ်သော မြတ်သောစိတ်၌ အဖန်တလဲလဲ အားထုတ်ခြင်း လည်းကောင်း၊ ဤအလုံးစုံသည် ဗုဒ္ဓမြတ်စွာတို့၏ အဆုံးအမ တော်မည်၏။

ဤကား မဟာသက္ကရာဇ် ၁၀၃–ခုနှစ် တပို့တွဲလပြည့် နေ့၌ ဗုဒ္ဓမြတ်စွာ ပြတော်မူသော ဩဝါဒပါတိမောက်ဂါ ထာတော် ဆုံးမခြင်းဖြင့် ညွှန်ပြအပ်သော စောင့်ရှောက်တတ် သံသရာမှ လွတ်မြောက်စေတတ်သော စကားတော်ဖြစ်သည်။

ဤဩဝါဒပါတိမောက်(၃)ဂါထာတို့ကို သင်တို့ ငါတို့၏ ကျေးဇူးရှင် ဂေါတမဘုရားရှင်သာမဟုတ် ဂင်္ဂါဝါဠု သဲစု မက ပွင့်တော်မူကြသော ဘုရားရှင်များသည်လည်း ဩဝါဒ ပါတိမောက်အဖြစ်ဖြင့် ရွတ်ဆိုကာ ပြတော်မူကြသည်။

အသက်ရှည်ကုန်သော ဘုရားရှင်တို့သည်ကား သာသနာ ကုန်ဆုံးသည်တိုင်အောင် ဤဩဝါဒ ပါတိမောက်ကို ပြတော် မူသည်။ အသက် တိုကုန်သော ဘုရားရှင်တို့သည် ဝါတော် (၂၀) ဟူသော ပထမဗောဓိအတွင်း၌သာလျှင် ဤဩဝါဒ ပါတိမောက်ကို ပြတော်မူကြသည်။ သိက္ခာ ပညတ်တော်မူရာ အခါမှစ၍ ဩဝါဒ ပါတိမောက် ပြမှုကို ရုပ်သိမ်း၍ အာဏာ ပါတိမောက်ကိုသာ ပြကြသည်။ အာဏာပါတိမောက်ကိုကား ဘုရားရှင်တို့ မပြမူ၍ သာဝကများသာ ဖြစ်ကြသည်။

ဗုဒ္ဓမြတ်စွာ ကိုယ်တော်မြတ်တိုင်း တပို့တွဲလပြည့်နေ့၌ ဩ ဝါဒ ပါတိမောက်ကို ပြကြသည်ဖြစ်ရာ ယခု တပို့တွဲလပြည့်

နေ့ဥ္လည်း ဩဝါဒပါတိမောက် အခါတော်နေ့ ကျင်းပပြီး ဗုဒ္ဓမြတ်စွာများအား ပူဇော်သောအနေဖြင့် ဆင်နွဲနိုင်ကြစေရန် ဆုမွန်ကောင်း တောင်းလိုက်ရသည်။

"ကံုရာသီ နွာရည်ရွှဲ တပို့တွဲမာသာ၊ ထမင်းနဲရာသီစာကို၊ စဉ်အလာ သုံးစား။ ကြယ်မာဃရောင်ယှက်ဖြာကယ်၊ ပြောင်လျက်သာ ထွန်းပလေသ်ား၊ ဖေါက်နှင့် လဲ တင့်ထူးကြုံ၊ ပွင့်ဖူးငုံငွါးငွါး၊ ရှောင်ကြဉ်ရန် ဂဠုန်, ကျားမှာလ၊ ပြဿဒါးနေ့ပါ၊ ရက်ရာဇာ သီဟာကြွက်ရယ်နဲ့၊ ညီညာလျက် မွန်းတည့်ပဥ္စာ၊ သုံးဆယ့်လေး ညဥ့်ကာလာ၊ နေ့အခါ ဆဗ္ဗိသပေမို့၊ နာရီပြအချိန်တော်၊ မှန်းဆဖို့နေ၁်၊ နံ့သာမီးလှျုကော်ရော်သည်၊ ဇမ္ဗူပေါ်ထင်ရှားရဲ့လေး"။

◆◆◆◆

၄၉။ ရာသီခါကောင်း လတာပေါင်း

"မြိုင်ခြေငယ်သင်းပါလို့၊ အင်ကြင်းငယ်ရွှေဖိ၊ ဝတ်မှုန်ငယ်စီသည့်၊ မြနဒီသောင်တခို်က၊ မောင်မယ်ညို မြူးပြန်တော့တယ်လေး။ ။ရာသီမိန်ငယ်၊ ဂိမှာန်ရက်ပြောင်း၊ လတပေါင်းမို့၊ ရွှက်ဟောင်းကြေကာ၊ ဥတ္တရာနှင့်၊ ကြယ်မှာဘဒြပိုဒ်၊ လေးချက်ချိန်ကို၊ တိမ်ခြေဆိုက်လို့၊ စရိုက်ကယ်ဖွေရှာ၊ ကိုတံငါလည်း၊ ဘာသာဒေါင်ဒင်၊ ပျော်မြူးသာ ရွှင်တော့တယ်၊ သဘင်လခါမီကို၊ သဲစေတီ ငွေသောင်ကမ်းက၊ လွမ်းလှတယ်လေး"။ (မဟာအတုလမင်းကြီး)

ဂိမှာန မာသေ၊ နွေလေးလတွင်။ ပဌမသို့ ဂိမ္ဟ၊ အစဦးစွာ

ဖြစ်သော နွေလဉ်။ ဖုဿိတဂ္ဂေ၊ ပွင့်သော အဖျားရှိသော။ ဝနပ္ပဂုမ္ဗေ၊ တောအုပ်သည်၊ သသိရိကေ ယထာ၊ ကျက်သရေရှိသကဲ့သို့။ (ခုဒ္ဒက၊ သုတ္တနိပါတ်ပါဠိ၊ ရတနသုတ်) တပေါင်းလ သာယာဟန်ကို နိဗ္ဗာန်သို့ ရောက်စေတတ်သော ပရိယတ္တိတရားတော်နှင့် ပမာနှိုင်းဆ၍ လောကသုံးပါးအတွက် ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူသည်။

ဂါထာ ခြောက်ဆယ်ပျို့၌လည်း "ပျော်မှုရှင်မှု၊ မြော်ကြည့်ရှု၍၊ရတုကောင်းစွာ၊ဤအခါကား၊ သာသည်ညွှင်းညွှင်း၊ မြောက်လေကြွင်းနှင့်၊ ဆီးနှင်းမကုန်၊ ပူဟုန်မသည်း၊ ပျံ့ပျံ့ဖြည်းသား၊ တိမ်မြည်းမဆိုင်၊ပြည်အိုင်ရိုက်ကြူး၊မင်းလွှင်မြူးသား၊ နွေဦးသရစ်၊ အခါဖြစ်၍၊ ရှင်ချစ်ဘုရား၊ သုံးလူ့ဖျားလျှင်၊ ဖဝါးစက်တော်"ဟု ရှင်အုံးညိုခေါ် မဟာထေရ်က တပေါင်းလ ရတုရာသီ ကောင်းသည့်အတွက် ရှင်တော်မြတ်ဘုရား ဒေသစာရီ ကြွချီတော်မူကြောင်းကို စပ်ဆို သီကုံးထားလေသည်။

တပေါင်း

တပံ အာတပံ၊ ပူသော နွေဥတုရာသီသို့။ ဩဂဏ္ဌန္တော၊ သက်ဆင်းလျက်။ ဂစ္ဆတိ၊ သွားတတ်၏။ ဣတိ၊ ထို့ကြောင့်" တပေါင်း၊ ဟာပေါင်းလမည်၏။ ။ ပူသော နွေဥတုရာသီသို့ သက်ဆင်းလျက် သွားတတ်သောကြောင့် တပေါင်းလ မည်သည်ဟု ဆိုလိုသည်။ အဘိဓာန်–တပေါင်း။ ထန်းချက်သည်၊ ထန်းရည်ကိုကျို၍ ထန်းလျက်ချက်သည်၊ ထန်းချက်လ" ထန်းရည်ကိုကျို၍ ထန်းလျက်ချက်သောလ ဟူ၍လည်း ဆိုကြသည်။

မိန်ရာသီ

မိနော၊ မိန်ရာသီ။ အနိမိသော၊ မိန်ရာသီ။ ဈသော၊ မိန်ရာသီဟု ရာဇမတ္တဏ်ကျမ်း၌ ပရိယာယ်(၃)ပါး ပြထားသည်။ မိန်ရာသီကား ဇလေ၊ရေ၌။ မိနဒွယံ၊ ငါးနှစ်ခုအရုပ်တည်း။ ဇောတိသတ္ထကျမ်း၌ကား၊ မိနံ၊မိန်ရာသီကား။ မစ္ဆာ၊ ငါး ကြင်းပွတ်သဏ္ဍာန်ရှိ၏ ဟုဆိုသည်။ မြန်မာဘာသာမှာ မိန- သဒ္ဒါတွင် န-အက္ခရာကို တံခွန်တင်၍ မိန်ရာသီဟု ဆိုလိုက်ခြင်းဖြစ်သည်။ ထိုရာသီ၌ ငါးတို့ ရွှင်မြူး နှစ်သက်ကြလေသည်။

ဥတ္တရာဘဒြပိုဒ်နက္ခတ်

ဥတ္တရဘဒ္ဒပဒါ၊ ဥတ္တရာ ဘဒြပိုဒ်နက္ခတ်။ အဟိပြနော၊ ဥတ္တရာ ဘဒြပိုဒ်နက္ခတ်ဟူ၍ ရာဇမတ္တဏ်ကျမ်း၌ ပရိယာယ် နှစ်မျိုး ပြထားသည်။ ။ ဂေါ၊ နွားကို။ ဘဒ္ဒေါ၊ ဘဒ္ဒဟူ၍။ ဝုစ္စတိ၊ဆိုအပ်၏။ တဿေဝ၊ ထိုနွား၏သာလျှင်။ ပဒါနိ၊ခြေနှင့် တူကုန်သော။ ပါဒါ၊ခြေတို့သည်။ အဿ၊ ထိုနက္ခတ်အား။ အတ္ထိ၊ရှိကုန်၏။ ဣတိ၊ ထို့ကြောင့်။ ဘဒ္ဒပဒါ၊ ဘဒ္ဒပဒမည်၏၊ ပုဗ္ဗဘဒ္ဒပဒါ၊ ပြုဗ္ဗာဘဒြပိုဒ်သည်။ ဒွေ၊နှစ်လုံး။ဥတ္တရဘဒ္ဒပဒါ၊ ဥတ္တရာ ဘဒြပိုဒ်သည်။ဒွေ၊နှစ်လုံးတည်း။ ဇနပဒ ကို ဇနပုဒ် ဆိုသကဲ့သို့ ဥတ္တရဘဒ္ဒပဒ ဟူသော မာဂဓပုဒ်ကို အဆုံး-ဒ- တွေးတွင် တံခွန်တင်၍ ဥတ္တရာဘဒြပိုဒ် နက္ခတ်ဟု ဆိုရိုးပြုကြသည်။ ဥတ္တရာဘဒြပိုဒ် နက္ခတ်လုံးရေ(၂)လုံးရှိ၍ ထိုနက္ခတ်မှာ အဟိပြုန်နတ်မင်း အစိုးရအရှင်ဖြစ်ကြောင်းကို ရာဇမတ္တဏ်ကျမ်း၌ ဆိုသည်။

ရှေးတပေါင်း ယခုတပေါင်း

အင်ကြင်းပန်းနှင့် သရဖီပန်းပွင့်သော ဤတပေါင်းလပြည့် နေ့၌ပင်လျှင် နေရောင်လရောင်များ စတင်ပေါ်ထွန်း ထွက် ပေါ်လာခဲ့ရလေသည်။ နက္ခတ်ကြယ်တာရာများသည်လည်း ထိုနေ့၌ပင် စတင်ပေါ်ပေါက်လာသည်ဟု အဆိုရှိသည်။ ရှေး ပညာရှိတို့သည် ငွေသဲသောင်ယံထဲဝယ် သဲပုံစေတီ ပွဲတော် တည်ပြီး အာကာသအရောင် ချယ်လှယ်နှောင်သော မြသွေး ရောင်ဖြာ စိမ်းလဲ့လဲ့ မြက်ခင်းသာဝယ် ပူဇော်ဖွယ်ရာတို့ဖြင့် လှူဒါန်းကော်ရော် ပူဇော်ကြသည်။

ဗုဒ္ဓမြတ်စွာသည်လည်း ခါနွေဆန်းစ တပေါင်းလဝယ် ဥဩငှက်သံ လင်းပြာသံတို့ဖြင့် သာယာလှသော ဤအချိန်ခါ၌ ကာဠုဒါယီ ပင့်လျှောက်ချက်အရ သုဒ္ဓေါဒန ခမည်းတော်၏ ဆန္ဒကို ဖြည့်သည့်အနေဖြင့် ရာဇဂြိုဟ်ပြည်မှ ကပိလဝတ်ပြည် သို့ ဒေသစာရီကြွချီတော်မူခဲ့သည်။

ယခုခေတ် တပေါင်းလ၌ ရွှေစက်တော်ဘုရားပွဲ၊ ရွှေတိဂုံ၊ ရွှေစာရံ၊အညာ သီဟတော၊ ကမ္ဘာအေး၊မော်တင်စွန်း စသော သမိုင်းဝင်ဘုရားပွဲများ ကျင်းပခြင်းအားဖြင့် ဗုဒ္ဓသာသနာဝင် မြန်မာလူမျိုးများသည် ဘာသာရေးပွဲအနေဖြင့် အသိအမှတ် ပြုလျက် ရှိကြသည်။ ထိုဘုရားပွဲများသို့ သွားကြ၊လာကြ၊ ကြည်ညိုကြသည်။

ရွက်ဟောင်းကြွေကျ၊ သံဇ ဂ

တောမြိုင်အတွင်း ပိတောက်ပန်းနံ့ တွေသင်းပြီး နွေရတု ချိန်ခါကို ကြိုလင့်သော ဥဩငှက်သံကလည်း သာယာလျက်

သစ်ပစ်ပေါ်မှ သစ်ရွက် အဟောင်းအနွမ်းတို့ကလည်း တဖြိုင်ဖြိုင်ကြွေကျနေသဖြင့် သံဝေဂရဖို့ တရားအားထုတ်ဖို့ကောင်းလှသော အချိန်ပင်ဖြစ်ပါတော့သည်။

"မြိုင်အတွင်း ကြိုင်သင်းပါတဲ့ ပိတောက်ခိုင်၊ နွေအကြိုရွှေညီညြယ်၊ တောသံဖြင့်လှိုင်။ တဖြိုင်ဖြိုင် ကြွေနိုင်ပေ့ ရွက်ဟောင်း၊ သတိသံဝေယူလို့၊ မြန်ပြေသူ တရားကပ်အောင် (သူတော်စင်တို့ရေ) ပွားလတ်ခွင့်ကောင်း"။

"ပန်းတော်ဝင် ရွှေအင်ကြင်း၊ ပင်မင်းထက်ဖူးငုံ၊ ထင်လင်းလျက် ထူးကြုံလာ၊ မြူးဟုန်ဖြာတပေါ်း၊ ထေရ်ရှင်မြတ်ကာဠုဒါ၊ သာခုခါ ချီးမွမ်းခွင့်တောင်း၊ မြတ်ဗုဒ္ဓဘဂဝါ၊ ဒေသစာ ကြွကြောင်း၊မြေခ,ရှာ သစ်ရွက်ဟောင်းတွေက၊ ကြွေကျပြောင်းစုတော၊ ရွက်,ပွင့်,ခိုင်ခက်အလက်တို့မှာ၊ အဆက်ဆက်ဖူးငုံဆင့်ဝေ၊ရာသီမြတ် မိန်အနေ၊ သိရသရေရှိလှမို့၊ တောအဝမြိုင်တခွင်၊ ညီညွံလွှင်၊ ငွေသဲပုံစေတီဆင်သည်၊ မြေမဟီတွင်သာကိန်းမို့လေး။ ။

၁၃၃၈-ခု တပေါင်းလဆုတ် (၄)ရက်

၇-၃-၇၇

၅၀။ နိဂုံးဂါထာ

ဋ္ဌတီတိဝေက သာကမှိ၊
ဖဂ္ဂုနှ ကဏှပက္ခေ–ယံ။
စတုတ္ထဒိဝသေ ဂန္ထော၊
နိဗ္ဗာယေန ဂတောနိဋ္ဌံ။

အယံဂန္ထော၊ မဃ္ဃသာရ •နာမတင့်ဆန်း ဤသည့်ကျမ်းသည်။ အဋ္ဌတီတိ ဧကသာကမှိ၊ သက္ကရာဇ် (၁၃၃၈)ခုနှစ်၌။ ဖဂ္ဂုနကဏှ ပက္ခေ၊ ဖဂ္ဂုနီနက္ခတ်နှင့် ယှဉ်သော တပေါင်းလဆုတ်ပက္ခ၌။ စတုတ္ထဒိဝသေ၊ ကျမ်းစာရှင်၏ နှစ်ငါးဆယ်မြောက် ကျသော လေးရက် တနင်းလာနေ့၌။ နိဗ္ဗာယေန၊ ဘေးရန်ကင်းလွတ်စွာဖြင့်။ နိဋ္ဌံ၊ ပြီးဆုံးခြင်းသို့။ ဂတော၊ ရောက်လေပြီ။

မဃ္ဃသာရဒီပကကျမ်း အမှတ် (၂)

မဃ္ဃဒါန ကုသိုလ်ရှင်များ။

၁။ ကိုပြေ့၊ သာကေတ ၅–ကျပ်
၂။ ဦးဥတ္တမ(ဒေါ်ခင်နွဲ့) ၅–ကျပ်
၃။ ပုသိမ်မိသားစု ၅၀–ကျပ်
၄။ ဒေါ်မြမေ ၁၀၀–ကျပ်

၅။	ဦးသုမန၊ ခရမ်း	၄၄-ကျပ်
၆။	အထည်သည်၊ ပခုက္ကူ	၄-ကျပ်
၇။	ကိုဟန်ထိ	၆၈-ကျပ်
၈။	ဦးသိရိနန္ဒ	၄-ကျပ်
၉။	ဦးဘလှအောင်	၆၀-ကျပ်
၁၀။	ဦးမောင်မောင်	၈၀-ကျပ်
၁၁။	ဦးတေဇဝန္တ	၂၅-ကျပ်
၁၂။	ဒေါ်ပု၊ ထန်းပိုးတန်း	၅၀-ကျပ်
၁၃။	ဦးပြည့်စုံ	၆-ကျပ်
၁၄။	ဦးနေမိန္ဒ တပည့်	၁၅-ကျပ်
၁၅။	ဦးသုမန၊ ခရမ်း	၅၅-ကျပ်
၁၆။	ဒေါ်ခင်နွဲ့ သမီး	၅-ကျပ်
၁၇။	ဦးကျော်စိန်၊ ခရစ်လမ်း၊	၁၀၈-ကျပ်
၁၈။	ပခုက္ကူ ကိုကျော်	၁၁၅-ကျပ်
၁၉။	အေးအေး	၁၀-ကျပ်
၂၀။	ကြည်ကြည်မြင့်၊ အမရပူရ	၁၃-ကျပ်
၂၁။	ရှင်ကုန္ဒာစရိယ	၂၅-ကျပ်
၂၂။	ဒေါ်ခင်ညွန့် လမ်း(၅၀)	၁၀၀-ကျပ်
၂၃။	ဒေါ်ရင်မေ လမ်း(၅၀)	၂၀၀-ကျပ်
၂၄။	ဘရုပ်ကင်း ဥပုသ်သည်များ(၁၃၃၉)	၅၁၅-ကျပ်
၂၅။	ဦးဥတ္တမာစာရ	၉၀-ကျပ်
၂၆။	မောင်မှင်၊ ငွေးချို	၁၀-ကျပ်
၂၇။	ဦးသိန်းမောင်	၈၀-ကျပ်

သုတေသနစာကြည့်တိုက်
[illegible]
ကမ္ဘာ့ရေးအေး၊ ရန်ကုန်။

၂၈။	ဦးတင်မောင်၊ ဒေါ်ငွေစိ	၃၀၀-ကျပ်
၂၉။	ဦးကောဝိဒ၊ ဒလ	၅၆-ကျပ်
၃၀။	စက်ဘုဦးပဥ္စင်း	၅-ကျပ်
၃၁။	ဒေါ်ကျင်မြိုင်၊ မင်းမဟော်	၁၁၀-ကျပ်
၃၂။	ဦးကောဝိဒ	၂၀-ကျပ်
၃၃။	ရင်ရင်ဝိုင်း	၂၀-ကျပ်
၃၄။	ဇေယျာအောင်	၁၅-ကျပ်
၃၅။	ကိုမြိုင်၊ ကျိုက်မဲ	၁၀-ကျပ်
၃၆။	ကိုဘသား၊ ကျိုက်မဲ	၁၀-ကျပ်
၃၇။	ကိုထွန်းဟန်၊ ကျိုက်မဲ	၁၀-ကျပ်
၃၈။	ကိုမြဒင်၊ ကျိုက်မဲ	၅-ကျပ်
၃၉။	ဒေါ်မြခင်၊ ကျိုက်မဲ	၂၅-ကျပ်
၄၀၊	စန်းစန်းသိန်း၊နန့်ခမ်း	၁၀-ကျပ်
၄၁။	ခင်မောင်ဆန်း	၅-ကျပ်
၄၂။	ဘုရပ်ကင်းဥပုသ်သည်များ(၁၃၄၀)	၄၃၆-ကျပ်
၄၃။	ဦးအောင်ဇေယျ	၂၀-ကျပ်
၄၄။	ဒေါ်ခင်ဝင်းမြင့်	၅-ကျပ်
၄၅။	ဒေါ်ခင်ထွန်း၊ ခရစ်လှမ်း	၄-ကျပ်
၄၆။	ဦးစံကြူး၊ ရေစကြို	၁၀၀-ကျပ်
၄၇။	ဦးမြဟန်၊ဒေါ်ထွားရီ	၂၀၀-ကျပ်

ဤစာအုပ်ကို ဖတ်ခြင်းအားဖြင့်—

★ လူယဉ်ကျေးဖြစ်နိုင်ခြင်း
★ အမှားအမှန်ကို ခွဲဖန်နိုင်ခြင်း
★ အကြားအမြင် တိုးပွားနိုင်ခြင်း
★ လောကရေးရာ အမြင်ကျယ်နိုင်ခြင်း
★ ယုံမှားသံသယ ကင်းစင်နိုင်ခြင်း
★ ရည်မှန်းချက်ပန်းတိုင်သို့ လှမ်းနိုင်ခြင်း

အစရှိသော အကျိုးတို့ကို မလွဲမသွေ ရစေနိုင်လိမ့်မည်။

အဖုံးရိုက်.... ချိုတေးသံ
အမှတ် ၁၆၃၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ရန်ကုန်မြို့။